
www.burmeseclassic.com



# မောင်သာမြှင့်

## ကျွန်တော်ပိုင်ဆိုင်သော အချစ်ရုပ်ကလေးတစ်ရုပ်

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်မှ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကျွန်တော်ပိုင်ဆိုင်သော အချစ်ရုပ်ကလေးတစ်ရုပ်

## (၁)

လုံး၀ ထင်မှတ်မထားသည့် ကိစ္စတစ်ခု။

ထင်မှတ်မထားသော ကိစ္စတစ်ခုသည် ယခုတော့ ထိတ်လန့်ဆန့်လှုပ်ဖွယ်ရာအဖြစ်သို့ ရောက်ရှိနေ၏။

မောဟိုက်နေသည့် ကြားမှ နွဲ့မွန်သည် နောက်ကြောင်းကို တစ်ချက် လှမ်းငဲ့ကြည့်ပြီး အံကို တင်းတင်းကြိတ်ကာ ရှေ့သို့ ခြေကုန်တင် ပြေးသည်။

မိုးကောင်းကင်တွင် ကြယ်ပွင့်ကလေးများက လင်းလက်နေ၏။ အင်းလျားကို ဖြတ်ကျော်တိုက်ခတ်လာသည့် လေအေးက ရင်ဝကို ပြေးဝင်ဆောင့်သည်။ တလိပ်လိပ် တက်နေသော ဒေါသများက ဦးနှောက်အသိတစ်ခုလုံးတွင် ပြန့်ကြဲနေ၏။

ကားမီးရောင်တန်းက ဝင်းခနဲ ထိုးကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနှင့် ယှဉ်သော အသံများ နွဲ့မွန်နှုတ်မှ ပွင့်ထွက်လာ၏။ သည်ဒေါသများသည် နွဲ့မွန်၏ ဘဝတစ်ခုလုံးနှင့်လည်း သက်ဆိုင်နေပါသည်။ အားနှင့် မာန်နှင့် ပြေးလွှားနေရသော်လည်း ခင်းတို့လက်မှ လွတ်ထွက်နိုင်မည်မဟုတ်မှန်း နွဲ့မွန် သိနေပါ၏။

စောစောက ရှိသမျှ အင်အားနှင့်တော့ တိုက်ခိုက်ခဲ့၏။ အရှိက်ကို ပိတ်ကန်ပြီး ပြေးထွက်ခဲ့သည့်အဖြစ်ကိုလည်း ပြန်တွေးမိ၏။ သည်တုန်းက သူတို့ သုံးယောက် ကြောင်နေသည်။ အခု နောက်မှာ ကျားငစဉ်းလဲ သုံးကောင်က သဲသဲမဲမဲ။

အားသွန်ပြေးရင်း နွဲ့မွန် ပတ်ဝန်းကျင်ကို သုံးသပ်သည်။ လမ်းဓာတ်မီးတိုင်မှ အလင်းရောင်က မှုန်ပျပျ။ ကိုယ့်ဝန်းကိုယ့်ခြံနှင့် နေထိုင်ကြသည်မို့ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသည်။

ဝေါခနဲ အသံနှင့်အတူ ကားက ဖြတ်ကျော်ပြီး ရှေ့မှာ ကားဘရိတ်ကို နင်းဖိ ရပ်လိုက်သည်။ ကားပေါ်မှ ကျားသုံးကောင်က အပြေးကလေး ဆင်းလာ၏။

"ဟား...ဟာ... နင် တို့လက်က လွတ်အောင် ပြေးနိုင်မှာ တဲ့လား နွဲ့မွန်ရာ"

ရယ်သံများနှင့်အတူ ရှေ့သို့ တိုးလာကြ၏။ နွဲ့မွန် နံဘေးရှိ ကုက္ကိုပင်ကြီး၏ ပင်စည်မှာ ကျောကို ကပ်လိုက်သည်။

"နင်...နင် လူယုတ်မာ ရန်ပိုင်အောင်၊ နင်လုပ်ပုံ သိပ်ယုတ်မာလွန်းတယ်"





"ယုတ်မာလွန်းတယ် ဟုတ်လား၊ ဒီမယ် နွဲ့မွန် အချစ်ဆိုတာ အစဉ်ထာဝရ သန့်စင် မနေဘူးဟ၊ တစ်ခါတလေ ယုတ်ညံ့သွားရတာပဲ"

"နင့်ကိုမှ ငါ မချစ်နိုင်ပဲ ရန်ပိုင်အောင်"

"ငါကတော့ ချစ်တယ်"

ပြောပြီး တရွေ့ရွေ့ကပ်လာ၏။

"တို့နဲ့ ပြန်လိုက်ခဲ့ နွဲ့မွန်"

"မလိုက်ဘူး၊ မလိုက်ဘူး၊ လုံးဝ မလိုက်ဘူး"

"နင် သိပ်ပြီး ခေါင်းမာနေတယ်လား"

စကားအဆုံးဝယ် ဖျောက်ခနဲအသံနှင့်အတူ ဓားသွား ဝင်းခနဲ လက်သွားသည်ကို နွဲ့မွန် မြင်တွေ့လိုက်ရ၏။ နွဲ့မွန် ထိတ်ခနဲ ဖြစ်သွားသည်။ ရန်ပိုင်အောင် ဆိုသည့် ကောင်က တဓောက်ကန်း သမား၊ ဆေးသမား။ ပြီးတော့ ရန်ပိုင်အောင် နံဘေးက ကပ်မြှောင် နှစ်ကောင်။

သူတို့နာမည် ဇော်လတ်နှင့် ကျော်မြတ်ဆိုသည်ကို နွဲ့မွန် စိတ်မဝင်စားသော်လည်း ရန်ပိုင်အောင်နှင့် ပတ်သက်ပြီး ဒီနှစ်ကောင်ကို နွဲ့မွန် မြင်ဖူးနေ၏။

"ဘယ်လိုလဲ နွဲ့မွန်၊ အချိန်ကြာတယ်၊ ငါနဲ့ ပြန်လိုက်မှာလား၊ မလိုက်ဘူးလား"

"နင့်ကို ငါ အယုံအကြည် မရှိဘူး၊ ရန်ပိုင်အောင်"

ရန်ပိုင်အောင် နွဲ့မွန်ကို ကြည့်သည့်အကြည့်က ရူးရဲ့နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်မျက်လုံးအကြည့်သည် ကောက်ကျစ်သော မြေခွေးတစ်ကောင်၏ မျက်လုံးအကြည့်မှန်း နွဲ့မွန် သိသည်။

"ရန်ပိုင်အောင်ရယ်၊ ငါ့ကို ဒုက္ခမပေးပါနဲ့၊ နင်နဲ့ ငါက မောင်နှမပါဟယ်၊ နင် ဆေးပေါက်ပြီး ကြောင်တောင်တောင်အလုပ်တွေ လျှောက်မလုပ်ပါနဲ့"

"ဘာ မောင်နှမလဲ၊ တောမှာ သွားပြော၊ နားမလည်ဘူး"

အနားကပ်လာချိန်ဝယ် ဇော်လတ်နှင့် ကျော်မြတ်က နွဲ့မွန်၏ ဘယ်နှင့် ညာမှာ အသင့်ဖြစ်နေသည်။ သူတို့၏ အသင့် အနေအထားသည် နွဲ့မွန်ကို လုပ်ကြံရန် အကွက်ချောင်းနေခြင်းသာဖြစ်၏။

"ငါ ကြမ်းကြမ်းတမ်းတမ်း မဆက်ဆံချင်ဘူး နွဲ့မွန်၊ နင် အသာတကြည် လိုက်မယ်၊ မလိုက်ဘူး ဆိုတာသာ ပြော"

"မလိုက်ဘူး၊ မလိုက်ဘူး၊ နင်ငါ့ကို မြစိမ်းခြံကြီးကို ပြန်ခေါ်သွားမှာ မဟုတ်ဘူး၊ တစ်ခြား ခေါ်သွားပြီး ပေါက်ကရ လုပ်မှာ"

နွဲ့မွန်စကားကို ဇော်ကြီးနှင့် ကျော်မြတ်တို့က ရယ်သည်။ အရယ်ကြောင့် နွဲ့မွန်က အံကြိတ်ပြီး ဆတ်ခနဲ လှည့်အကြည့်မှာ ရန်ပိုင်အောင်က နွဲ့မွန်၏ လက်ကို ဖမ်းဆုတ်ကိုင်လိုက်သည်။

"အိုး"

"ဟား...ဟား...နွဲ့မွန်ရာ နင် ငါ့လက်က ဘယ်တော့မှ မလွတ်ပါဘူးဟ၊ မြစိမ်းမှာ ဖေဖေနဲ့ မေမေရဲ့အရှိန်နဲ့ နင် ရှောင်တိမ်းလို့ ရချင်ရမယ်၊ ဒါပေမယ့် ငါ့လှည့်ကွက်ထဲကိုတော့





တစ်ချက်မဟုတ် တစ်ချက်တော့ နင် ဝင်တိုးရတာပဲ မဟုတ်လား ဟား...ဟား"

ဇော်လတ်နှင့် ကျော်မြတ်ကပါ လိုက်ရယ်သည်။

"ဟေ့ကောင်တွေ မင်းတို့က ဘာရယ်တာလဲ"

"သဘောကျလို့ပါ ရန်ပိုင်အောင်ရာ၊ မင်းလို တောကျွမ်းတဲ့ ကောင်က ဒီသမင်မ ချောချောလေးမှ အပိုင်မအုပ်နိုင်ခဲ့တာ တို့ သိပ်အံ့ဩတယ်"

"ခု မိပြီလေကွာ"

"ဟား...ဟား...ဟား"

ဆေးကြောင်သည့် မျက်နှာတွေက ဘယ်လိုမှ ကျက်သရေမရှိ၊ မှိန်ခြိုးခြိုး၊ မျက်နှာချောင်ချောင်၊ မျက်ရိုးဟောက်ပက်နှင့် ကိုယ့်အနာမာရေး အညွန့်တုံးနေကြသည်ကိုလဲ မသိကြ။

"ဆွိတီ စိတ်ချမ်းချမ်းသာသာ နေပါ"

" သူတောင်းစား"

"အို...ဆွိတီကလဲကွာ၊ ချိုမြိန်တဲ့ အနမ်းကလေးတွေကို ဆွိတီ မခံစားချင်ဘူးလား"

"လွှတ်...လွှတ်၊ ငါ့ကို လွှတ်စမ်း ရန်ပိုင်အောင်"

"မလွှတ်ဘူး ဆွိတီ၊ ခုအချစ်ကို မြောက်ဒဂုံက ဇော်လတ်တို့ အပျော်ခြံထဲ ခေါ်သွားမှာ၊ နက်ဖြန်ကျ ဆွိတီနဲ့ကိုယ် ရုံးမှာ သွားပြီး လက်မှတ် ထိုးလိုက်ကြတာပေါ့"

"နင် ဆေးအရှိန်း ကြောင်နေပြီ ရန်ပိုင်အောင်၊ နင်နဲ့ငါ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မောင်နမဟုတ်၊ ဆွိတီတွေ ဆက်တီတွေ လာမလုပ်နဲ့"

"အို…လုပ်ရမှာပဲ ဆွိတီ၊ လုပ်ကို လုပ်ရမှာပဲ"

နွဲ့မွန် ရင်မှာ ဖိုလ္လိုက်လာသည်။ ရှန်းလေကန်လေ ရန်ပိုင်အောင်၏ အကိုင်အတွယ်က ကြမ်းတမ်းလာလေဖြစ်သည်။ ရှိသမျှအင်အားကို သုံးပြီး လက်သည်းရှည်ကြီးများနှင့် ရန်ပိုင်အောင်၏ မျက်နှာကို ကုတ်ခြစ်ပစ်သည်။ အလစ်မှာ ခံလိုက်ရသဖြင့် ရန်ပိုင်အောင်၏ မျက်နှာတွင် အစင်းကြောင်းနှင့်အတူ သွေးစီးကြောင်း တန်းသွားသည်။

"ဟော့ကောင်တွေ ဘာကြောင့်ကြည့်နေရာလဲ၊ ဝိုင်းချုပ်ပြီး ကားပေါ်တင်လေကွာ"

"သိဘူးလေ၊ မင်းတစ်ယောက်ထဲ ပိုင်တယ်မှတ်လို့"

သုံးယောက်နှင့် တစ်ယောက် အင်အား ဘယ်လိုမှ မမျှ။

သူတို့က နွဲ့မွန်ကို ကြက်ကလေး၊ ငှက်ကလေးလို မြှောက်ယူလိုက်သည်။

"လွှတ်နော်၊ ငါ အော်လိုက်မယ်နော်"

"ဆွိတီရယ်၊ စောစောကလဲ အော်နေတာပဲဟာ"

ကားဆီသို့ ဆွဲခေါ်သည်။

နွဲ့မွန်ကို ကားပေါ်သို့ ပစ်တင်မည်အပြုတွင်

"ဘာတွေ လုပ်နေပြီး၊ ဘာတွေ ဖြစ်နေကြတာလဲ"

အသံက အသံစိမ်း။





မျက်နှာစိမ်းကို မြင်သည်နှင့် နွဲ့မွန်ကို မြေပေါ်သို့ ပစ်ချပြီး မျက်နှာချင်းအဆိုင်မှာ

"လူစွမ်းကောင်းကြီးသုံးယောက်က မိန်းကလေး တစ်ယောက်ထဲကို အမဲဝိုင်းဖျက်နေကြပါလား"

"အံမာ…မင်းက တို့ကို ပမာမခန့် ပြောရဲတယ်"

တဟုန်ထိုးဝင်ပြီး လက်သီးလုံးများကို ဘုံးပေါလအောသုံးလာကတည်းက ခပ်ပေါက်ပေါက် ခပ်ယောင်ယောင် ကောင်တွေမှန်း 'ကျော်စိုးပိုင်' သိလိုက်သည်။ အလင်းရောင် အားမဲ့သော အမှောင်ရိပ်တွင် အရောင်အတိမ်းကို ပင်ပင်ပန်းပန်းကြီး မလုပ်လိုက်ရ။ ရဲတင်းစွာ ဝင်ရောက်လာသော ရန်ပိုင်အောင်ကို နှာခေါင်း ဖြတ်ရိုက်ပြီး မြေပေါ်မှာ သိပ်လိုက်သည်။ ရန်ပိုင်အောင်၏ လက်မှ လွင့်စင်ကျလာသော ခလုတ်ဓားကို ရေမြောင်းထဲသို့ ကန်ထုတ်လိုက်သည်။

သည့်နောက် ကျန်နှစ်ကောင်ကို ကျော်စိုးပိုင်က ခပ်ကြမ်းကြမ်းကလေး အဝင်အထွက်ပြုပြီး တိုက်ခိုက်သည်။ ဖော်လတ်လောကကြီးနှင့် ခေတ္တခဏ အဆက်အသွယ် ဖြတ်တောက် ထားလိုက်အပြီးမှာ

"ကဲ… မင်းပဲ ကျန်တော့တယ် ကိုယ့်လူ"

"မင်း…မင်း ငါ့ကို မလုပ်နဲ့၊ ခုကိစ္စမှာ မင်း မတရားတာပဲကွ"

ကျော်မြတ်စကားကို ကျော်စိုးပိုင်က မျက်မှောင်ကြုတ်လိုက်၏။

"ငါက မတရားဘူး ဟုတ်လား၊ မင်းတို့ကကော တရားတဲ့အလုပ် လုပ်နေတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက တို့ပြဿနာပဲကွ၊ မင်းပြဿနာမှ မဟုတ်တာ"

ကျော်စိုးပိုင်က မလှမ်းမကမ်းတွင် ရပ်နေသော နွဲ့မွန်ကို ဖျတ်ခနဲ လှမ်းကြည့်သည်။

"ဘာလဲ မင်းတို့ ခေါ်လာတာလား"

"သိပ်သေချာတာပေါ့၊ ကြေးလက်ခံပြီးမှ ထွက်ပြေးလို့ တို့က လိုက်ဖမ်းပြီး ကားပေါ် တင်နေတာ"

"ခွေး...ခွေး၊ ကျော်မြတ်၊ နင် ခွေးစကား မပြောနဲ့"

အသံနှင့်အတူ နွဲ့မွန် လှုပ်ရှားမှုက သွက်သွက်လက်လက်။ ကျော်မြတ်ထံ ဖျတ်ခနဲ ပြေးသွားပြီး ပါးကို လွှဲရိုက်ချလိုက်၏။ ကျော်မြတ်က နွဲ့မွန် ရင်ဘတ်ကို လက်နှင့် ဆောင့်တွန်းပစ်လိုက်၏။ နွဲ့မွန် မြေပေါ်လဲအကျတွင် ကျော်စိုးပိုင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

ရှင်းမှတော့ အပြတ်ရှင်းပစ်တာ အကောင်းဆုံးပဲ ဆိုသည့် အတွေးနှင့် ကျော်မြတ်၏ မေ့ကြောနေရာကို လက်ဝါးစောင်းနှင့် ခပ်ဆတ်ဆတ်ကလေး ရိုက်ချပစ်လိုက်၏။ အားခနဲ တစ်ချက်သာ အော်နိုင်ပြီး မြေပေါ်သို့ ခွေညွှတ်ကျသွားသည်။

"ဆိုပါဦး ပြဿနာ"

ကျော်စိုးပိုင် နွဲ့မွန်ထံ လျှောက်လာ၏။

"တို့အကောင်းပါ၊ အကောင်းဆိုတာ မိန်းမကောင်းဆိုတာကို ပြောတာ"

ကျော်စိုးပိုင်က နွဲ့မွန်ကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။





ခင်းပသော အသားအရည်၊ ရွှန်းလက်သော မျက်ဝန်း၊ ပိရိသေသပ်သော နှုတ်ခမ်း၊ သည်အလှအပမျိုးက လမ်းပေါ်က မိန်းမတစ်ယောက်မှာ ရှိနိုင်သည့်အလှမျိုး မဟုတ်။

"သူတို့ သုံးယောက်နဲ့က ဘယ်လို ပတ်သက်နေရတာလဲ"

နွဲ့မွန်က ပင့်သက်ကို အသာမှုတ်ထုတ်၏။

"ရန်ပိုင်အောင်က တို့ အစ်ကိုပါ"

"ဘယ်သူလဲ ရန်ပိုင်အောင်ဆိုတာ"

"ယူ အရင် လက်စွမ်းပြလိုက်တဲ့သူလေ၊ ဟိုသစ်ပင်အောက်မှာ မှောက်နေတာ တို့အစ်ကိုပေါ့"

"ဟာ ဘာတွေလဲဟ"

ကျော်စိုးပိုင် မျက်လုံး ပြူးသွားရသည်။ နွဲ့မွန်၏ မျက်နှာကိုလည်း နားမလည်သလို ကြည့်နေ၏။

" ကဲပါ... တို့ ဒီနေရာက ခွာကြရအောင်၊ ခုချက်ချင်း ပြောလို့ ယူ နားလည်မှာမှ မဟုတ်ပဲ"

ကျော်စိုးမိုင် ခေါင်းမှာ ရှုပ်ထွေးချင်သလို ဖြစ်လာ၏။ နွဲ့မွန်ကို တစ်ချက်ကြည့်ပြီး မျက်လုံးက ကားဆီသို့ ရောက်သွားသည်။ ကားက ကရီနာဆလွန်း။ သော့ပေါက်တွင် ကားသော့က တန်းလန်း ကလေး ဖြစ်နေ၏။

"ကားပေါ်တက်"

"ဟင်...ကား ယူသွားမှာလား"

"ဒါပေါ့၊ ခင်ဗျားလေး ဆင်းမဲ့နေရာမှာ ကားကို ထားခဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဟာ”

“တို့ ကား မောင်းတတ်ပါတယ်”

ကျော်စိုးပိုင် စကား မဆက်။ ကားတံခါး ဆွဲဖွင့်ပြီး မောင်းခန်းမှာ ဝင်တော့ နွဲ့မွန်က နံဘေးမှာ ခပ်ကြုံ့ကြုံ့ ဝင်ထိုင်သည်။ ဘယ်လိုလူစားမျိုးလဲဟူသော အကြည့်ဖြင့်တော့ ကြည့်မိသည်။ ကျော်စိုးပိုင်ကို ကြည့်ပြီး စိတ်မှာ မယုံသင်္ကာ မဖြစ်မိခြင်း အပေါ်မှာတော့ နွဲ့မွန် ကိုယ့်ကိုယ်ကို အံ့သြ၏။ တည်ငြိမ်အေးစက်သော မျက်နှာပေါ်မှာ ကောက်ကျစ်စဉ်းလဲမှုကိုတော့ နွဲ့မွန် မတွေ့။

ကားဘီး လှိမ့်ထွက်ပြီး ကိုက်ငါးဆယ်လောက် အရောက်တွင် ဘယ်သွားမှာလဲဟု ကျော်စိုးပိုင်က မေးသည်။

“မြစိမ်းကိုပဲ ပြန်မှာ၊ ဒါပေမယ့် ယူ့ကို တစ်ခုခု စားသောက်ရင်း ကျေးဇူးတင်စကား ပြောချင်သေးတယ်”

“လက်ခံရမှာပေါ့လေ၊ ဒါနဲ့ နေပါဦး၊ မြစိမ်း ဆိုတာ ဘာလဲ၊ လူနာမည်လား”

“မဟုတ်ပါဘူး ၊ တို့ခြံကြီးရဲ့ နာမည်က မြစိမ်းတဲ့၊ တို့ဖေဖေက သူဌေးလေ”

“ဪ ဟိုက်ဘော့စ်တွေပေါ့”

နွဲ့မွန်က မဖြေ။ ကားမောင်းသည်ကို သတိထားကြည့်ပြီး ကားနှင့် မစိမ်းသူဟု နွဲ့မွန် နားလည်ထားသည်။ တစ်ချက် တစ်ချက်မှာတော့ သူ၏ အမောင်းကြမ်းတမ်းမှုကို နွဲ့မွန်ဘုရားတ, ချင်၏။ ကျော်စိုးပိုင်က ခပ်ပိပိ နှင်းဖိထားသည့် လီဗာကို





အသာလျှော့ပြီး–

“တို့ကို လှေလာနေတာလား၊ သိပ်ပြီး ကြောင့်ကျကြီးမနေနဲ့။ တို့က ရန်ဖြစ်တတ်ပေမယ့် စိတ်ယုတ်မာ မရှိဘူး။ ခုလဲ မျက်စိရှေ့မှာ ဆော်တော်အမြင်ဆိုးနေလို့ ဝင်ထိုးတာ။ ဖြစ်နေတုန်းကတော့ အမဲဖျက်တဲ့အတိုင်းပဲ၊ နိုင်ကွပ်ပြီးမှ အစ်ကိုဆိုတော့ တို့ ဘာမှန်းကို မသိတော့ဘူး”

နွဲ့မွန်က အသံကလေး ထွက်အောင် ရယ်လိုက်၏။

“ယူက အသတ်အပုတ် ကျွမ်းကျင်တယ်နော်၊ သုံးယောက်နဲ့ တစ်ယောက်ကို ယူ ဘာမှ မဖြစ်ဘူး၊ ယူက ဘာညာကွိကွတွေ တတ်သလား”

“ဘာလဲ ဘာညာကွိကွ”

“ဟင်း...ဟင်း၊ ကရာတေးတို့၊ အီကြာကွေးတို့ တတ်သလား ပြောတာပါ”

လေအေးက ကားထဲသို့ ဝေ့ခနဲ ဝင်ရောက်လာသည်။ ခရီးက ဘယ်ကို ဆက်ရမည် မသိ။ ကျော်စိုးပိုင်က မောင်းကောင်းကောင်းနှင့် ကားကို စွတ်မောင်းနေသည်။

“ကိုယ်ခံပညာ အနေနဲ့တော့ တတ်တာပေါ့။ ဒါပေမယ့် တို့စရိုက်ကိုက ငယ်ငယ်လေးကတည်းက အသတ်အပုတ်ကို သိပ် ဝါသနာပါတာ။ ရန်ဖြစ်ရင် တို့က သွေးအေးတယ်၊ လက်ရဲတယ်၊ ရဲရဲတယ်၊ ပြီးတော့ ခံလဲ ခံရဲတယ်”

“လူမိုက်ပေါ့”



www.burmeseclassic.com

www.burmeseclassic.com



"အဲသလိုလဲ မဟုတ်ဘူး၊ တို့ ဘယ်သူ့ကိုမှ ဗိုလ်မကျခဲ့ဖူးဘူး၊ မတရားလဲ မလုပ်ခဲ့ဖူးဘူး၊ ကိုယ့်ကို ထိရင်တော့ ရေမြွေ မဟုတ်ဘူး ဆိုတာ ကိုယ့်ကိုယ်ကို သိတယ်"

"ဒါနဲ့ နေပါဦး ယူ့နာမည်က ဘယ်လိုခေါ်လဲ"

"ကျော်စိုးပိုင်"

"ကျော်စိုးပိုင် တဲ့လား"

"ဟုတ်တယ်၊ ခင်ဗျားလေး နာမည်ကကော"

"နွဲ့မွန်"

"ဝမ်းသာစရာပဲ"

"ဝမ်းသာရင် ရှေ့ကခြံထဲကို ချိုးဝင်လိုက်လေ၊ တစ်ခုခု မှာစားပြီး စကားပြောမယ်"

ကျော်စိုးပိုင်က ကားကို ဘယ်ဘက်ခြံဝင်းထဲသို့ ခပ်သွက်သွက်ကလေး ချိုးဝင်သည်။

"ဒီကို လာဖူးလား"

"ဘယ်လာဖူးမှာလဲ၊ လာဖို့ကိုလဲ မမျှော်မှန်းရဲပါဘူး။ ခင်ဗျားလေးက ချိုးဝင်ဆိုလို့ ဝင်လိုက်တာ၊ ဘာဟိုတယ်မှန်းတောင် မသိဘူး"

ကားကို ကားပတ်ကင်မှာ ရပ်ပြီး ခြံဝင်းထောင့် စားပွဲဆီ လျှောက်ခဲ့သည်။ ထိုင်ဖြစ်တော့ ဝိတ်တာက ထံပါး ရောက်လာ၏။ နွဲ့မွန်က ခေါက်ဆွဲ နှစ်ပွဲ မှာသည်။

"ယူ့ကို သိပ်ကျေးဇူးတင်တာပဲ၊ ယူသာ ရောက်မလာရင်





တို့ဘဝ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာ အမှန်ပဲ"

"အစ်ကို ဆို"

အင်း...ဒီအကြောင်းတွေ ယူ့ကို ပြောလို့ လွယ်လွယ်ကူကူနဲ့ နားလည်မှာ မဟုတ်ပါဘူးလေ။ တို့ ကျေးဇူးတင်တယ်ဆိုတာကိုပဲ ယူ အသိအမှတ်ပြုပါ"

ကျော်စိုးပိုင်က ခေါင်းကို ဆတ်ခနဲ ညိတ်ပြသည်။

"ဒါနဲ့ ယူက သည်နေရာကို ဘယ်လို ရောက်လာရတာလဲ"

"အင်းလျားလမ်းက သူငယ်ချင်းတစ်ယောက်ဆီ လာတာ၊ အပြန်မှာ နွဲ့မွန်တို့ ပြဿနာဖြစ်တာကို တွေ့တာ"

"ကျော်မြတ် ဆိုတဲ့ကောင်က သိပ်မိန်းမလို မိန်းမရ နိုင်တာ"

"ဘယ်သူလဲ"

"ယူနောက်ဆုံး ဖိုက်လိုက်တဲ့ ကောင်လေ၊ တို့ကိုလည်း ခေါ်လာတယ်ဆိုပြီး စော်ကား လိုက်သေးတယ်။ မခံရပ်နိုင်လွန်းလို့ ဝါးဝင်ရိုက်လိုက်တာ။ တို့က မိကောင်းဖခင် သားသမီးပါ။ တို့ အစ်ကို ဆေးကြောင်ကြောင်နဲ့ ပေါက်တတ်ကရတွေ လုပ်လို့ တို့ အစော်ကား ခံရတာ၊ အိုလေ...ရန်ပိုင်အောင်ကိုယ်တိုင်က တို့ကို စော်ကားဖို့ ကြံစည်နေတာပါ"

မှာထားသည့် ခေါက်ဆွဲနှစ်ပွဲ ရောက်လာ၏။

"ကားက ဘယ်သူ့ကားလဲ"

"တို့ ကားပါ"

"အင်း...တော်သေးတာပေါ့။ နို့မို့ရင် ကားခိုးမှုနဲ့ အချုပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေမှာ။ ရန်ဖြစ်ရဲ၊ သတ်ပုတ်ရဲပေမယ့် အချုပ်ထဲ ဝင်ရမှာတော့ တို့က ကြောက်တယ်။ ဖြစ်လာရင် တို့နောက်မှာ ဘယ်သူမှ ဘာမှ ရှိတာ မဟုတ်ဘူး။ ပြီးတော့ တို့ က ဆင်းရဲတယ်လေ"

ကျော်စိုးပိုင်ကို မျက်လုံး လှန်ကြည့်သည်။ မျက်ခုံး၊ မျက်လုံး ကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ ယောကျ်ားကောင်းတို့တွင် ရှိအပ်သော တောင်တော်မှီအရပ်က သူ၏ ကိုယ်လုံးကိုယ်ထည်နှင့် လိုက်လျော ညီထွေသည်။ အသားအရည်က အသားလတ်ထဲမှ ဖြစ်ပြီး ကားသယောင် ထင်ရသော မေးရိုးက စိတ်ပြတ်စိတ်ဆတ် လုပ်တတ်သည့် အသွင်သဏ္ဌာန်ကို ဖော်ထား၏။

ခေါက်ဆွဲကို ဖွန်း၊ ခက်ရင်းနှင့် ကျင်လည်စွာ စားသောက်ရင်း နွဲ့မွန် အကဲခတ် ကြည့်သည်ကိုလည်း ကျော်စိုးပိုင် နားလည်သည်။ အအေးနှစ်လုံး ရောက်လာချိန်ထိ နွဲ့မွန်၏ အကဲခတ်မှုက မပြီးဆုံးနိုင်သေး။

"ယူ ဘယ်မှာ နေလဲ"

"ဘာလုပ်မလို့လဲ"

"ယူနဲ့ တို့က မိတ်ဆွေ ဖြစ်ပြီလေ၊ လိပ်စာ သိထားတော့ လမ်းကြုံရင်ပဲဖြစ်ဖြစ်၊ တမင်သက်သက်ပဲဖြစ်ဖြစ် လာလည်လို့ ရတာပေါ့"

"မသိချင်ပါနဲ့ နွဲ့မွန်ရာ"

"ဘာဖြစ်လို့လဲ ကျော်စိုးပိုင်ရ"

"တို့က ဆင်းရဲတယ်၊ တို့ ဘယ်မှာ နေတယ်ဆိုတာကို





သမ်းညွန့်ပြရင်တောင် နွဲ့မွန် လာတတ်မှာ မဟုတ်ဘူး။ တို့အိမ်က ချောင်ကျရုံတင်မကဘူး၊ ကားမှတ်တိုင်နဲ့လဲ ဝေးတယ် နွဲ့မွန်"

"တို့က လိုင်းကား မစီးတတ်ပါဘူး၊ ကိုယ်ပိုင်ကား သုံးစီးတောင် ရှိတာ"

"အဲဒီ ကိုယ်ပိုင်ကားနဲ့ လာရင်လဲ မလွယ်ဘူး နွဲ့မွန်ရ၊ ချောင်က သိပ်ကျတော့ ကား ဝင်လို့ မရဘူး။ ညဘက် မီးလွှာသိမ်းချိန်နဲ့ ဆုံရင် အနံ့အသက်က ဟောင်နေတာပဲ"

"အင်...ယူပြောတာကို နားထောင်နေရတာကိုက တော်တော် စိတ်ပျက်ဖို့ ကောင်းနေပြီ"

"ဆက်ပြောရင် ဒီထက်တောင် ပိုပြီး စိတ်ပျက်သွားဦးမယ်"

"တော်ပါတော့ ကျော်စိုးပိုင်ရာ၊ ယူ ပြောသလိုဆိုရင် ယူ့အိမ်ကို ဘယ်လိုကော်ပတာ မှားပြီး လာရှာတာတောင် တွေ့ဖို့ လွယ်မှာ မဟုတ်ဘူး"

နွဲ့မွန်စကားကို ကျော်စိုးပိုင်က ရယ်ရင်း

"တို့ ဘယ်ကို ပြန်လိုက်ပို့ပေးရမလဲ"

"တို့က ယူ့ကို ပို့ပေးချင်လို့ စောစောကတည်းက မေးနေ တာပါ။ ယူ့ကို ပြန်လိုက်ပို့ပေးပြီး တို့က တန်း ပြန်ရုံပဲ"

"နွဲ့မွန် အိမ်ပြန်ရောက်ရင်တော့ ရန်ပိုင်အောင်ကို ရင်ဆိုင် ရဦးမှာပဲ"

"သူ ဒီည မြစိမ်းခြံကြီးကို ပြန်လာဖို့မှာ မဟုတ်တော့ပါဘူး။ ဒီအကြောင်းတွေ သိရင် ဖေဖေက သူ့ကို ရက်ရက်စက်စက်



www.burmeseclassic.com

www.burmeseclassic.com



ရိုက်မှာ၊ အိမ်ကလဲ နှင်ချမှာ"

"နွဲ့မွန်တို့ဟာကလဲ အူလည်လည်ကြီး"

"မအူလည်ပါဘူးကွာ၊ အကျိုးအကြောင်း သိသွားတော့လည်း ရှင်းခနဲ၊ လင်းခနဲပါ၊ ကဲ... တို့ ပြန်ကြစို့ ကျော်စိုးပိုင်၊ တို့ဘဝမှာ သူစိမ်းယောက်ျားလေးနဲ့ ညဥ့်အတော်နက်တဲ့အထိ နေတာ ဒါ ပထမဆုံးအကြိမ်ပဲ"

ဝိတ်တာ ယူလာသည့် ဘီလ်ကို နွဲ့မွန်က ရှင်းသည်။

ကားပေါ် ရောက်သည်ထိ စကားမပြောဖြစ်ကြ။ နွဲ့မွန် ဘယ်မှာနေလဲ ဆိုသည့် အမေးကိုလည်း ကျော်စိုးပိုင် နှုတ်က မမေးဖြစ်ချေ။

လမ်းဆုံအရောက်မှာ ကျော်စိုးပိုင်က ကားရပ်ခိုင်းသည်။ နွဲ့မွန်က ကားဘရိတ်ကို အသာ နင်းဖိလိုက်၏။

"ဂွတ်နိုက် ကျော်စိုးပိုင်၊ ရန်ကုန်မြို့ကြီးက မြန်မာပြည် တစ်ပြည်လုံးနဲ့ နှိုင်းရင် အကျဉ်းလေးပါနော်၊ တစ်နေ့ ဆုံတွေ့ ကြမှာပါ"

ကျော်စိုးပိုင် ကားပေါ်မှ ဆင်းနေခဲ့သည်။ကားထွက်ခါနီး နွဲ့မွန်က သူ့မျက်နှာကို စူးစူးစိုက်စိုက် ကလေးတော့ ကြည့်လိုက်ပါ၏။

* * *

(၂)

ဘဝမှာ မေမေ၏ အပြင်းထန်ဆုံးသော ဒေါသကို ပထမဆုံး တွေ့ဖူးခြင်းလည်း ဖြစ်ပါ၏။ နံနက်ခင်း၏ လက်ဖက်ရည်ဝိုင်းတွင် မေမေ့ဒေါသ တစ်ခုသာ လွှမ်းမိုးနေသည်။

"ဒီကိစ္စကိုလဲ ဘယ်လိုမှ သည်းမခံနိုင်ဘူး ကိုအောင်၊ ဘယ်လို ဆုံးဖြတ်ရမယ်ဆိုတာ ကိုအောင် အခု စဉ်းစားပါ။ ကိုအောင် စဉ်းစားလို့ မရရင် လဲ့ရဲ့ ဆုံးဖြတ်ချက်ကို ကိုအောင် လက်ခံရမယ်"

နွဲ့မွန် ဖေဖေ့ကို လှမ်းကြည့်သည်။ ဖေဖေက ခေါင်းကို ငုံ့ချထား၏။

"သိပ်ယုတ်မာလွန်းတာပဲ ကိုအောင်ရယ်၊ လင်ပါသား ဆိုပေမဲ့ ...ဝမ်းက လွယ်မွေး ရတဲ့သွေးလို ဂရုစိုက်ခဲ့တယ်။ လိုလေသေး ...အောင် ထားခဲ့တယ်။ သမီးလေးကို ညီမလေးအရင်းလို ခင်တွယ် ...အောင် ပျောင်းဖျနားသွင်းခဲ့တယ်။ ခုတော့ ရုပ်ရှင်သွားကြည့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကို ခေါ်သွားမယ်ဆိုပြီး ခွေးကျင့်ခွေးကြံ ကြံဖို့ ကြံစည်တယ် တာသိခဲ့လို့သာပေါ့ရှင်၊ နို့မို့ရင် သမီးလေး ရေတိမ်နစ်ပြီ”

နွဲ့မွန် ပင့်သက်ကို ဖွဖွ ချသည်။ ညက အဖြစ်အပျက်ကို မေမေ့ကို တိုင်တန်းခဲ့မိသည်မှာ မှားများမှားသွားလေပြီလားလို့ နွဲ့မွန် တွေးသည်။ ညက အဖြစ်အပျက်သည် နွဲ့မွန်ကို တစ္ဆေ တစ်ကောင်လို ခြောက်လှန့်နေဆဲဖြစ်၏။

တရားခံကတော့ ရန်ပိုင်အောင်ဖြစ်သည်ဟု နွဲ့မွန် အခိုင်အမာ ဆုံးဖြတ်ထားသည်။ မနေ့ညနေက ညီမလေး ရုပ်ရှင်သွားမယ်ဟုဆိုပြီး အယုံသွင်းသည်။ မေမေ့ကို ခွင့်တောင်းသည်။ မေမေက မုန့်ဖိုး သုံးထောင် ထုတ်ပေးပြီး မောင်နှမနှစ်ယောက် ကောင်းကောင်းသွားပြီ ဟု ဆိုခဲ့သေး၏။

မြစိမ်းမှ ထွက်သည်အထိ ရန်ပိုင်အောင်၏ အကြံအစည်ကို နွဲ့မွန် မသိခဲ့သေးချေ။ သူငယ်ချင်းနှစ်ယောက်က ရုပ်ရှင်ကြည့်ချင် တယ်ပြောတယ်၊ ဝင်ခေါ်ဦးမှပဲဟု ဆိုသောအခါ နွဲ့မွန်စိတ်က သိပ်မတွေ့ချင်တော့။ သို့သော်လည်း နွဲ့မွန် ဘာမှ မပြောသာဘဲ အသာငြိမ်နေခဲ့သည်။

သည့်နောက် ပြဿနာကို ရန်ပိုင်အောင် ဖန်တီးတော့၏။ ရုန်းကန်တိုက်ခိုက်ခဲ့မှုများနှင့် ကျော်စိုးပိုင်အကြောင်းကိုပါ ဖြည့်စွက်ပြီး မေမေ့ကို တိုင်ပြောသောအခါ အမေမေ၏ မျက်လုံး မီးဝင်းဝင်း တောက်တော့သည်။ နက်ဖြန်မနက်မှ အပြတ်ရှင်းမယ် ဟုလည်း မေမေ ကြိမ်းဝါးခဲ့၏။





ယခု လဖက်ရည်ဝိုင်းတွင် မေမေက ဖေဖေ့ကို ခွဲချက် တင်တော့၏။ ရန်ပိုင်အောင်ကမူ ညကတည်းက မြစိမ်းခြံကို ပြန်မလာတော့။

“ကိုအောင် ပြင်းပြင်းထန်ထန် ဆုံးမပါ့မယ် လုံ့။ သမီး ဟိုကောင်ကော”

“ညကတည်းက ပြန်မလာဘူး ဖေဖေ”

ဖေဖေ့မျက်နှာ အိုအိုလေး ဖြစ်နေသည်ကို နွဲ့မွန် စိတ်မကောင်း။ မေမေနှင့် ဖေဖေဦးကိုကိုအောင်တို့ အိမ်ထောင်ပျက်ချင်း အကြောင်း ဆက်တုန်းက နွဲ့မွန် ဆယ်နှစ်သမီးမျှသာ ရှိသေးသည်။ မေမေကလည်း မအေတစ်ခု၊ သမီးတစ်ခု၊ ဖေဖေ ဦးကိုကိုအောင်ကလည်း ဖအေတစ်ခု၊ သားတစ်ခု။ ပထွေး ဆိုသော်လည်း ဖေဖေသည် နွဲ့မွန်ကို သမီးရင်းချာပမာ ချစ်သည်။ အလိုလိုက်သည်။ ဖခင်၏ မေတ္တာကို ပေးနိုင်သည်။ ယင်းစိတ်စေတနာများကြောင့်လည်း ဖေဖေသည် မေမေ၏ အမှတ်ပြည့်ပေးခြင်းကို ခံရပါ၏။

ဖေဖေဦးကိုကိုအောင် မေမေ့ကို မလွန်ဆန်နိုင်သည့် အကြောင်းတရားတစ်ခုလည်း ရှိသည်။ မြစိမ်းခြံကြီးနှင့်တကွ စိန်ရွှေရတနာအားလုံးသည် မေမေ၏ ပိုင်ဆိုင်မှုသာ ဖြစ်ပါ၏။ ဖေဖေ မေမေ့ဘဝထဲ ရိုးသားခြင်းနှင့် နိုင်ငံခြားပြန် အဆောင် အယောင်မျှလောက်နှင့်သာ ဝင်လာခြင်းဖြစ်သည်။ သို့သော်လည်း ဖေဖေနှင့် ပေါင်းဖက်ပြီးသည့်နောက်ပိုင်း စီးပွား ပိုတက်သည်ကိုတော့ မေမေ နွဲ့မွန်ကို ပြောခဲ့ဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင် စဉ်းစားကြည့်၊ လဲ့ဘက်က သိတတ်မှု တာဝန်တွေ ပေါ့လျော့ခဲ့ဖူးလား၊ ပညာသင် ပေးရက်နဲ့ ကိုးတန်းကို တဖုတ်ဖုတ် ကျတယ်။ သူ့စိတ် သူ့ဆန္ဒနဲ့ ကျောင်း မနေချင်တော့ဘူး။ ကျောင်းနေရမှာ ရှက်တယ် ဆိုပြီး ထွက်တယ်။ ဟော သူ့သူငယ်ချင်း အဖေက ဆန်နီဆလွန်း ရောင်းမယ် ဝယ်ချင်လှချည်ရဲ့ဆိုတုန်းကလည်း လဲ့ ငြင်းခဲ့သလား ဝယ်ပေးခဲ့တာပဲမဟုတ်လား ကိုအောင်"

"အမှန်စကားတွေ ပါလဲ့"

"ကိုအောင်နဲ့ ရုံးတက် လက်မှတ်ထိုးတဲ့နေ့က လဲ့ အမြတ်တနိုးဆင်ခဲ့တဲ့ မြကို စိန်ရံထားတဲ့ လက်စွပ်ကို ရောင်းစား သုံးဖြုန်းခဲ့တုန်းက လဲ့ စကားကို ထွေထွေထူးထူး ပြောခဲ့သလား။ ခုလုပ်ရပ်က လဲ့နေရာကနေပြီး ကိုအောင် ခံစားကြည့်ပါ"

"လဲ့ရယ်၊ သမီးလေးအတွက် ကိုအောင် အရမ်း စိတ်မကောင်း ဖြစ်ရပါတယ်။ ကိုအောင် ဒီကောင့်ကို ပြင်းပြင်းထန်ထန် သတိပေးပြီး ဆုံးမပါ့မယ်။ ဒီတစ်ခါတော့ နောက်ဆုံး မိုက်မဲမှုအနေနဲ့ ခွင့်လွှတ်ပါ လဲ့ရယ်၊ သမီး နွဲ့မွှန်"

"ရှင်"

"ဖေဖေ တောင်းပန်ပါတယ် သမီးရယ်။ ဒီကောင့်ကိုတော့ မှတ်လောက်သားလောက်အောင်ကို ဆုံးမမှ ဖြစ်မှာပါ"

"ရိုက်စေချင်တဲ့ဆန္ဒ မရှိပါဘူး ဖေဖေရယ်၊ သမီးက ဝမ်းနည်းတာနဲ့ ရှက်တာတော့ အမှန်ပါ"

"ဒါပေါ့ သမီးရယ်၊ ဒီကောင်ပြန်လာရင် ဖေဖေနဲ့ကို တွေ့မယ်"





မေမေ ပင့်သက်ချသည်ကို နွဲ့မွှန် မြင်သည်။ စိတ်ကို ထိန်းချုပ်ထားရမှန်းလည်း နွဲ့မွှန် သိပါ၏။ သည်လိုနှင့် လက်ဖက်ရည်ဝိုင်းကို စိတ်လက်မရွှင်ပျစွာ သိမ်းလိုက်ရသည်။

* * *

ဖေဖေ့ဒေါသတကြီးနှင့် ကြိမ်လုံးကိုင်ပြီး ရန်ပိုင်အောင်ကို စောင့်သည်။ ရန်ပိုင်အောင် ပေါ်မလာ။ နေလယ်ပိုင်းကမှ မေမေ နွဲ့မွှန်အခန်းထဲ ဝင်လာပြီး ညက ဖြစ်ပျက်ခဲ့သည့် အခြေအနေကို ပြန်မေးသည်။ ဆိုးဆိုးရွားရွား ဖြစ်ခဲ့သလား။ မေမေ့ကို သမီး ဘာမှ ရှက်နဲ့ ဆိုသည့်စကားကို မေမေက ထပ်ခါတလဲလဲ မေး၏။ ဘာတစ်ပေါက် မစွန်းခဲ့ပါဘူး မေမေ။ သမီး မေမေ့ကို ဘာဖြစ်လို့ အမှန်စကား မပြောဝံ့ရမှာလဲဆိုမှ မေမေ ပင့်သက်ရှည်ကြီး ချပြီး အခန်းထဲမှ ပြန်ထွက်သွား၏။

ညနေ ထမင်းစားချိန်ထိ ရန်ပိုင်အောင် ပြန်မလာ။ မေမေက သမီး မှဲ့မစွန်းခဲ့ပါဘူးဆို၍ စိတ်ကို ဖြေလိုက်ဟန်တူသည်။ ဖေဖေ့ကို ခပ်တွေတွေလေး ကြည့်ပြီး

"လာရင် ရိုက်နှက်မနေပါနဲ့တော့ ကိုအောင်၊ နားလည်အောင် သာ အတတ်နိုင်ဆုံး ပြောပြပါ"

"မဟုတ်ဘူးလဲ့၊ ဒီလိုကောင်က ပါးစပ်နဲ့ နားလည်အောင် ပြောလို့ မရဘူး။ ကြိမ်နှစ်လုံးပူးနဲ့ နှက်မှ အသိဝင်မယ်။ တော်တော်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်မာတဲ့ အောက်တန်းကျတဲ့ကောင်၊ မနေ့က ကိုအောင်ကတော ပြောသေးတယ်။ မင်းနဲ့ သမီး ရုပ်ရှင်ကြည့်မယ်ဆိုရင် ကိုလူပု လိုက်ပို့ခိုင်း၊ ရုပ်ရှင်ပြီးချိန် ပြန်လာခေါ်လိမ့်မယ်ဆိုတာကို ရပါတယ် ဖေဖေတဲ့လေ၊ ဒင်းက အကြံနဲ့မို့ ကိုလူပုကို ခေါ်မသွားတာကိုး"

ဦးလူပုသည် မြစိမ်းခြံကြီး၏ ယာဉ်မောင်းတာဝန်ခံဖြစ်သည် မေမေ့ ပထမခင်ပွန်း နှင့်မွန်ဖေဖေ ဦးမင်းမောင် ရှိစဉ်ကတည်းက မိသားစုအပေါ် သစ္စာကြီးမားခဲ့သော ဒရိုင်ဘာကြီးဖြစ်သည်။

ညနေ ခြောက်နာရီစွန်းစွန်းတွင် ခြံရှေ့မှ လူခေါ်ဘဲလ်တီးသံ ကြားရသည်။ ဖေဖေက အိမ်ဖော်ကောင်မလေး ရွှေကြည်ကို သွားကြည့်ခိုင်းသည်။ ချက်ချင်းဆိုသလို ရွှေကြည် ပြန်ရောက်လာ၏။

"လူတစ်ယောက် ဖေကြီး၊ ကိုရန်ပိုင်အောင်က လွှတ်လိုက်တာ လို့လဲ ပြောတယ်"

ဖေဖေ မေးကြောကြီးများ တင်းခနဲ ဖြစ်သွားပြီး ထိုင်ရာ ဆတ်ခနဲ ထသည်။

"ကိုအောင် သိပ်ပြီး ဒေါသမကြီးပါနဲ့၊ ရွှေကြည် အဲဒီသူငယ် တံခါးဖွင့်ပေးပြီး ခေါ်ခဲ့"

"ဟုတ်ကဲ့ မေကြီး"

ရွှေကြည် အပြေးကလေး ထွက်သွားပြီ ပြန်ရောက်လာ သောအခါ ရွှေကြည့်နောက်တွင် ရန်ပိုင်အောင်နှင့် သက်တူရွယ်တူ လူငယ်တစ်ယောက် ပါလာ၏။

"ထိုင်ပါ မောင်ရင်"





ဖေဖေက ထိုင်ခုံကို မေးဆတ်ပြရင်း ပြောသည်။ လူငယ်က နှင့်မွန်ကို မျက်လုံးဝေ့ကြည့်ပြီး ဆက်တီပေါ် ခပ်ရို့ရို့ ဝင်ထိုင်၏။ ဖေဖေ၏ အကြည့်စူးစူးဝယ် အနေကျုံ့နေမှန်း နှင့်မွန် သိသည်။

"ကိစ္စကို ဆိုပါဦးကွဲ့"

"ရန်ပိုင်အောင်က စာပေးခိုင်းလို့ပါ အန်ကယ်"

"ဒီကောင်က ခု ဘယ်မှာလဲ"

"ရန်ကုန်မြို့ထဲမှာပဲ ရှိပါတယ် အန်ကယ်၊ အကျိုးအကြောင်းကို စာထဲမှာ ပြည့်ပြည့်စုံစုံ ရေးထားတယ်လို့ ရန်ပိုင်အောင်က ပြောပါတယ်"

ရုတ်ချည်း မှုန်သွားသည့် ဖေဖေ့မျက်နှာကို မေမေက လှမ်းကြည့်သည်။ ဖေဖေက လူငယ်ထံမှ စာကို ဆွဲယူပြီး စာရွက်ခေါက်ကို ခပ်ကြမ်းကြမ်း ဖြန့်ဖတ်သည်။

"အံမာ ကြီးကျယ်လိုက်တာ တောက်"

"ဘာ ရေးထားတာလဲ ကိုအောင်"

"အမွေတောင်းတာလေ၊ သူ မြစိမ်းခြံကြီးမှာ နေလို့ မဖြစ်ပါဘူးတဲ့၊ နေချင်တဲ့ဆန္ဒလဲ လုံးဝ မရှိပါဘူးတဲ့၊ ဒါကြောင့် သူ ရသင့်ရထိုက်တဲ့ အမွေကို ပေးပါတဲ့"

"သူ ရသင့်ရထိုက်တယ်ဆိုတဲ့အမွေက ဘာလဲကိုအောင်"

မေမေ့အသံက မာသလို ထင်ရသည်။

"ဒီကောင် ရှုးကြောင်ကြောင်နဲ့ လျှောက်ရေးတာပါ ဟွန်း၊ ဟင်း ... ခွေးမသားက တော်တော်လူပါးဝတယ်၊ ဒီမယ် မောင်ရင့်



www.burmeseclassic.com

www.burmeseclassic.com



နာမည်က ဘယ်သူလဲကွဲ့"

"အာကာပါ အန်ကယ်"

"အေး…မင်းသူငယ်ချင်းကို ပြောလိုက်။ အမွေဆိုတာကို တစ်သက် မမျှော်လင့်နဲ့လို့ ပြောလိုက်။ မြစိမ်းခြံကြီးကို ပြန်ဝင်လာရင် ခြေထောက်ကို ဓားနဲ့အပိုင်းပိုင်းဖြတ်မယ်လို့ ပြောလိုက်"

ဖေဖေ့စကားကြောင့် အာကာ တွန့်သွား၏။

"သူက အတင်းကြီး ဖြစ်နေရအောင် ဒီ မြစိမ်းခြံကြီးမှာ သူ ရှာထားတာ ခြောက်ပြား ရှိသလားကွ။ ကဲ…မောင်အာကာ မင်း သွားနိုင်ပြီ။ မင်းသူငယ်ချင်းနဲ့ပတ်သက်တဲ့ အကြောင်း တစ်စုံတရာကို နောက်နောင် မြစိမ်းခြံကြီးကို ယူမလာဖို့ အန်ကယ် တောင်းပန်ပါတယ်။ မြစိမ်းခြံကြီးက လူသားတွေဟာ အကျင့်ပျက် သိက္ခာမရှိတဲ့လူကို ဘယ်လိုမှ လက်မခံနိုင်ဘူးဆိုတာကိုပါ ပြောလိုက်ပါ"

"အန်ကယ်"

"ဘာလဲကွ"

"ရန်ပိုင်အောင်က နောက်ဆက်တွဲစကား ပြောလိုက်ပါသေးတယ်"

"ဘာစကားလဲ"

"လောလောဆယ် အမွေခွဲမပေးသေးရင် လတ်တလော သုံးဖို့ ငွေသုံးသောင်း ပေးလိုက်ပါတဲ့၊ ကျွန်တော့်ကို ယုံကြည်စွာနဲ့ ပေးလိုက်ဖို့ကိုလဲ ပြောခိုင်းပါတယ်"





"ဘာကွ၊ ငွေသုံးသောင်း ဟုတ်လား၊ သုံးသောင်း မပြောနဲ့ သုံးပြားတောင် မပေးဘူး၊ ကဲ… မောင်အာကာ မင်း တိုက်ထဲကနေ ထွက်သွားတော့ကွာ၊ အန်ကယ် ဒီထက် စိတ်ဆိုးလာရင် မကောင်းတော့ဘူး"

မေမေက ဖေဖေ့လက်ကို ဆုပ်ကိုင်ထားသည်။ အာကာက ဖေဖေ့ကို မျက်လုံးရီရီဝေဝေနှင့်ကြည့်ပြီး မတ်တပ်ရပ်လိုက်သည်။

"မပေးဘူးလို့ပဲ ကျွန်တော် ပြောလိုက်မယ်"

"အေး …လုံးဝ မပေးဘူးလို့ကို ပြောလိုက်"

အာကာ ချာခနဲ လှည့်ထွက်သွားသော်လည်း ဒေါသက ဖေဖေ့ထံမှာ ကျန်ရစ်ခဲ့သည်။

"တော်တော်လူပါးဝတဲ့ကောင်၊ ဖအေတောင် မသေသေးဘူး၊ ခင်းက အမွေ လိုချင်နေတယ်"

မေမေ ခပ်တွေတွေလေး ဖြစ်နေ၏။ နွဲ့မွန်က ဖေဖေနဲ့ မေမေအတွက် သံပရာရည်နှစ်ခွက် ဖျော်ခဲ့ရန် ရွှေကြည်ကို လှမ်းပြောသည်။

"ကိုအောင်"

မေမေ့အသံက တီးတိုးဟန် ပါနေ၏။

"ဘာလဲလဲ"

"ထိန်းထိန်းသိမ်းသိမ်းတော့ လုပ်ပါ ကိုအောင်၊ ကိုအောင်တို့ သားအဖကြားမှာ လှဲ တရားခံ မဖြစ်ချင်ဘူး၊ လှဲ ရင်ထဲမှာ အရှမ်းဗမ်းနည်းနေတာပဲရှိတယ်။ လှဲ ဖြစ်စေချင်တဲ့ဆန္ဒတွေက တစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် မောင်နှမရင်းချာလို ချစ်ခင်စေချင်တယ်။ နားလည်စေချင်တယ်။ ခုတော့ ကိုအောင်ကော လှဲကော အရမ်း စိတ်ညစ်ကြရပြီ"

"အို...ဘာမှ စိတ်ညစ်စရာ မလိုပါဘူး လှဲရာ၊ သားဖြစ်ပေမဲ့ ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ ဖြတ်ပစ်ရမှာပေါ့"

မေမေ ပင့်သက်ချသည်။

နွဲ့မွန်က ရွှေကြည် ဖျော်ယူလာသည့် သံပရာရည်နှစ်ခွက်ကို ဖေဖေနှင့် မေမေ ရှေ့ချပေးသည်။ ညခုနစ်နာရီခန့်တွင် ဖေဖေနှင့်မေမေ အပြင်ထွက်သွား၏။ နွဲ့မွန် ခြံထဲ ဆင်းခဲ့သည်။

လရောင်ကို မိုးကောင်းကင်မှာ မြင်ရစပြုလာ၏။ လေပြည်တွင် နှင်းဆီရနံ့များ ပါလာသည်။ နွဲ့မွန် ခြံနောက်ဘက်ရှိ တန်းလျားဘက်သို့ လျှောက်ခဲ့သည်။ ဦးလူပုမိန်းမ ဒေါ်မေထားက နွဲ့မွန်ကို အပြုံးနှင့် နှုတ်ဆက်၏။

"ဆရာနဲ့ ဆရာကတော် အပြင်ထွက်တယ်ထင်တယ် သမီး"

"ဟုတ်တယ် အမေထား၊ ညနေက ဒေါသဖြစ်စရာတွေနဲ့ ကြုံကြိုက်လို့ စိတ်ငြိမ်းချမ်းအောင် ဖေဖေနဲ့ မေမေ ဘုရားသွားတာ ထင်ပါရဲ့"

"ဟိုကောင်လေးကိစ္စ ထင်တယ်"

ဒေါ်မေထားက ရန်ပိုင်အောင်ကို ဟိုကောင်လေးဟု ခေါ်သည်။ မြစိမ်းခြံကြီးတွင် ရန်ပိုင်အောင်ကို ကြည့်မရသည့်အထဲ၌ ဒေါ်မေထား လည်း ပါ၏။





"ဟုတ်တယ် မေထား၊ ဖေဖေဆီမှာ လူကြုံနဲ့ တစ်ဆင့် သူက အမွေတောင်းတယ်လေ"

"အံမယ်၊ ကြီးကျယ်လိုက်တာ။ သူတို့သားအဖတွေ ရှာထားတာက ချိုင့်နေတာကို"

"အော်...အမေထားရယ်၊ ဖေဖေ့ကိုတော့ မပြောပါနဲ့၊ နောက်ပိုင်း ဖြစ်ထွန်းတဲ့ စီးပွားရေးမှာ ဖေဖေ့အရည်အချင်းတွေလည်း ပါပါတယ်"

"အမေထားက သွားလေသူ ဆရာ့ကို သတိရ တမ်းတလို့ ပါကွယ်၊ သမီး စိတ်မဆိုးပါနဲ့နော်"

နွဲ့မွန်က ပြုံးပြသည်။

"အိမ်ပေါ် တက်ဦးလေ သမီး"

"မတက်တော့ဘူး အမေထား၊ ခြံထဲလျှောက်လိုက်ဦးမယ်"

ယုဇနပင်ဘက် လျှောက်ခဲ့သည်။

မိုးပြင်ကို မော့ကြည့်ရင်း အတွေးက ကျော်စိုးပိုင်ဆီ အပြေးအလွှား ရောက်သွား၏။

သတိရပါတယ် ကျော်စိုးပိုင်။

ရင်မှာလဲ ကျေးဇူးကုဋေကုဋာ အမြဲတင်လို့ နေပါတယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၃)

"တကယ့်ကို ဂဂျိဂကြောင်ကြီး ရန်ပိုင်အောင်၊ မင်းဖားသားမို့ ငါ တော်တော်ကြီးကို သည်းညည်းခံခဲ့ရတယ်"

အာကာကို ကြည့်ပြီး ရန်ပိုင်အောင် စိတ်ပျက်ချင်လာသည်။ မနေ့ကလည်း သည်ဂဂျိဂကြောင်ကြီးကိစ္စ ပြောပြီးပြီ။ ယခုလည်း ဆေးပေါက်ပေါက်နှင့် သည်ဂဂျိဟကြောင်ကြီး ကိစ္စကို ပြောပြန်၏။ အပ်ကြောင်းက အရှမ်း ထပ်နေပြီ။

"ငါက ငွေသုံးသောင်း ပေးလိုက်ပါဆိုတော့လေ မင်းအဘိုးကြီး မျက်လုံး လင်ကွင်းလောက်ကို ဝိုင်းသွားတာကွ။ သုံးသောင်း မပြောနဲ့ သုံးပြားတောင် မပေးဘူးလို့ အော်လိုက်တာများ ငါဖြင့် လန့်တောင်သွားတယ်။ မင်းအဘိုးကြီးက မင်းကို တော်တော် ရက်စက်တယ်ကွာ။ မင်းအဖေရင်းကော ဟုတ်ရဲ့လားကွ"

"ငါ့ အဖေအရင်းပါကွ"

"မင်းမိထွေးမျက်နှာကတော့ ခပ်ထန်ထန်ပဲကိုယ့်လူ၊ ငါ့ကို





ကြည့်တဲ့ အကြည့်တွေက စက်ဆုပ်ရွံရှာသလိုပဲ"

"အလကား ဟာမကြီးပါကွာ၊ ငါ့အဖေကို ဒီမိန်းမကြီး အြိုးကိုင်နေတာ၊ အဘိုးကြီးကလဲ မယားနဲ့ မယားပါသမီးကို အရေးပေးလိုက်ရတာ လွန်ပါရောပဲ"

"မတရားဘူးပေါ့ကွ"

"အေး မတရားတာကတော့ ကြာပြီ။ ငါမုန့်ဖိုး တောင်းရင်လဲ ဘယ်တော့မှ ရှောရှောရှူရှူ မပေးဘူး။ ဘာလုပ်ဖို့လဲ၊ မင်း အသုံးကြမ်းလှချည်လား ဘာလားနဲ့၊ တော်ကွာ ဒီအကြောင်းတွေ ဆက်မပြောနဲ့၊ ငါ မကြားချင်ဘူး"

အာကာက မျက်လုံး လှန်ကြည့်သည်။ ရန်ပိုင်အောင်က ဂျက်ကက်အိတ်ထဲမှ ဆေးပေါ့လိပ်တစ်လိပ်ကို ဆွဲထုတ်လိုက်၏။ ဆေးပေါ့လိပ်ကို တစ်ချက်နှစ်ချက် ဖင်ဆောင့်လိုက်ပြီး ရန်ပိုင်အောင် ဆွေခနဲ ဖြစ်သွားသည်။

အခြေအနေကတော့ တကယ့်ကို ပြောင်းလဲသွားသည်။ ငါးသုံးလုံး စီးကရက်ကို ထာဝစဉ် ညှပ်ထားသော လက်ညှိုးနှင့် လက်ခလယ်ကြားတွင် အပေါစား ဆေးပေါ့လိပ်ကလေးက နေရာ ဝင်ယူထားသည်။ အိတ်ကပ်ထဲ စမ်းကြည့်သောအခါ လက်ထဲမှာ အသေးဆုံး ငွေစက္ကူရွက် ကလေးပင် မရှိတော့။

"သူရတို့ မရှိပါလား"

"ဘယ်က ကြေးပန်းအိုးကြီး မ,လာကြသလဲ မသိဘူး၊ သွားပျော်ကြတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အာ...ဒါဟာ တို့အတွက် မျှော်လင့်ချက်ပဲ"

တအား တက်သွားသည်။ သူရတို့ ဘယ်မှာ စတည်းချသည်ကို ရန်ပိုင်အောင် သိသည်။

"တို့ ကန်တော်ကြီးရှေ့က အခန်းမှာ သွားစောင့်မယ်။ ပျောပြီးရင် ဒီကောင် ပြန်လာမှာပဲ"

"နေပါဦးကွာ၊ ဒီမှာ ငြိမ်းငြိမ်းချမ်းချမ်း နေပါရစေဦး"

"လုပ်မနေနဲ့ အာကာ၊ မင်းမျက်ခွက်က ဆေးတက်နေတဲ့ မျက်ခွက်၊ တို့ကို ဘယ်သူကမှ လိုလားတာ မဟုတ်ဘူး။ တစ်ယောက်ယောက်က ချွန်လိုက်မှ ရောဂါတက်မယ်၊ ကဲ...ထကွာ"

မထချင် ထချင်နှင့် အာကာ ထသည်။ လမ်းလျှောက်ရင်း ခပ်ယိုင်ယိုင်ဖြစ်သွားသော အာကာကို ရန်ပိုင်အောင်က အသား ထိန်းကိုင်သည်။

သူတို့ စခန်းချရာသို့ ရောက်သောအခါ ဂိုဒေါင်တံခါးကို ဖွင့်လျက်တွေ့ရသည်။

"သူရ ရောက်နေပြီ ထင်တယ်"

"တံခါးတော့ ပွင့်နေတာပဲ"

လျှောက်လာပြီး ဂိုဒေါင်ထဲကြည့်လိုက်တော့ ပက်လက် ကုလားထိုင်ပေါ်တွင် လူကြီး တစ်ယောက် အခန့်သား ထိုင်နေသည်ကို မြင်ရသည်။

"ဘယ်သူတွေလဲကွ"

အထဲမှ လှမ်းမေးသည်။





"သူရ သူငယ်ချင်းပါ။ သူရ ပြန်မရောက်သေးဘူး ထင်တယ်"

လူကြီးက ထိုင်ရာမှ ထသည်။ လူကြီး ဆိုသော်လည်း အသက်က သုံးဆယ့်ငါး ဝန်းကျင်ခန့်သာရှိမည်။ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးရေးရေးက သူ့မျက်နှာထားကို ပိုမို အကျည်းတန် ထားသည်။

"မောင်သူရ သူငယ်ချင်းတွေလား၊ ထိုင်ကြဦးကွာ၊ မင်းတို့ သူငယ်ချင်း အခုတင် ပြန်ရောက်လာမှာပါ"

ကုလားထိုင်ရှေ့ ကွပ်ပျစ်တွင် ဝင်ထိုင်သည်။ ဤဂိုဒေါင်သည် သူရကို သူ့အဖေက အပိုင်စား ပေးထားသော ဂိုဒေါင်ဖြစ်သည်။ သူရကမူ အိမ်ဂေဟာအဖြစ် အသုံးပြုနေထိုင်၏။

သူရ ဘဝကလည်း မိမိဘဝနှင့် မခြားဟု ရန်ပိုင်အောင် တွေးမိသည်။ သူရအဖေက နောက်မိန်းမ ငယ်ငယ်လေး ယူသည်။ ယူထားသည့် မိန်းမက သူရထက် ငါးနှစ်ခန့်သာကြီးမည်။ သည်တော့ သူရသည် မိမိအတွက် အန္တရာယ်ကောင် ဖြစ်လာနိုင်သည်ကို သူရအဖေ တွေးမည်။ သည့်နောက် သူရကို သူ၏ အိမ်မိဂါနှာရှိ ပြီး ရောင်းစားသည့်ပြစ်ချက်ဖြင့် တိုက်မှာနေခွင့် မပြုတော့ဘဲ အလုပ်ရုံနှင့် ကပ်လျက် ဂိုဒေါင်မှာ နေစေတော့သည်။

ဤသည်ကိုလည်း သူရက သဘောကျ၏။

အလုပ်များ ရပ်နားထားသည်မို့ အဘိုးကြီး သည်ဘက်ကို ဆက်ချမလာ။ ဂိုဒေါင်မှာ သူရတို့ လုပ်ချင်ရာ လုပ်သည်။ အချိန်တန်လျှင် အစားအသောက်ကို တိုက်က ပို့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီလေးတို့ နာမည်က ဘယ်သူတွေလဲကွ"

"ကျွန်တော်က ရန်ပိုင်အောင်ပါ။ သူက အာကာ"

"ဟုတ်လား၊ အစ်ကိုကြီးကိုလည်း မှတ်ထားကွ၊ ကျော်ကြီးတဲ့ နောက်မင်းတို့ရဲ့ အာကိုးရာ ဖြစ်မယ့်အစ်ကိုကြီးပေါ့ ဟား…ဟား…"

ကိုကျော်ကြီးက သူ့စကားကို သူသဘောကျစွာ ရယ်သည်။ ရန်ပိုင်အောင်နှင့် အာကာက သူ့ကို မျက်လုံးပြူးကြောင်ကြောင်နှင့် ကြည့်ကြသည်။

နာမည်က ကျော်ကြီး တဲ့။

* * *

(၄)

မေမေက သူ့ကို မျက်လုံးအဝိုင်းသားနှင့် ကြည့်သည်။ သူ့ကိုကြည့်ပြီး ရေရေလည်လည် စိတ်ညစ်သွားရှာ၏။

"သားရယ် ယူထားတယ်ဆိုလဲ မေမေ့ကို တိုးတိုးတိတ်တိတ် ပေးထားပါကွယ်၊ သား ဖေဖေရဲ့ ဒေါသကိုလဲ သိရဲ့သားနဲ့"

"ဟာ…ခက်တယ် မေမေရာ"

"မခက်ပါဘူး သားရယ်၊ သားက ပြန်ပေးရင် ရှင် အထားသာ ဆိုပြီး မေမေက ခပ်တည်တည်နဲ့ ပြန်ပေးလိုက်မယ်။ အခါကျ သားဖေဖေလဲ ယောင်ယောင်ဝါးဝါးနဲ့ ဘာမှ ပြောတော့မှာ မဟုတ်ဘူး"

ကျော်စိုးပိုင်က ခေါင်းကို တွင်တွင်ခါရမ်းသည်။ အိမ်ကို ဘယ်နှင့် ။ ကပ်လိုက်သည်နှင့် ပြဿနာ တစ်ခုမဟုတ်တစ်ခု သည်။

ပြဿနာက နံနက်က ဖေဖေ ငွေတစ်ထောင်တန် ငါးရွက်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်သည့် ပြဿနာ။ ရုံးသွားခါနီး ဖေဖေသည် သူ့စားပွဲအံဆွဲကို ဖွင့်သည်ဆိုသည်။ ယူမည်ကြည့်လိုက်တော့ ညက ဖေဖေ ထည့်ထားသည့် တစ်ထောင်တန်ငါးရွက် မရှိတော့ဟု ဆို၏ သည်မှာ ပြဿနာက ကျော်စိုးပိုင်ဆီ ရောက်လာသည်။ ဖေဖေကလည်း အစည်းအဝေးအမီ ရုံးပြေးရသည်မို့ မင်း သားကို မင်း ဘာသာ စစ်မေးထား၊ မထူးခြားရင် ညနေ ငါနဲ့ တွေ့မယ်ဟု ကြိမ်းဝါးသွား၏

ယခု သည် ငွေငါးထောင် ပြဿနာကြီးကို မေမေက အနုစိတ်နည်းနှင့် ကိုင်တွယ်သည်။ ဒါမျိုးတော့ ကျော်စိုးပိုင်တို့ မရ။

"သား မယူတဲ့ ပိုက်ဆံကို သားက မေမေ့ကို ဘယ် ပြန်ပေးရမှာလဲ။ သား ဒီအသက် ဒီအရွယ်အထိ မိဘပစ္စည်း ခိုးခဲ့ဖူးသေးလို့လား။ တစ်ခါကလည်း မေမေ့လက်စွပ် ရေချိုး ပျောက်တာ သားကို ဝေ့လည်ကြောင်ပတ် လာလုပ်တယ်။ နောက် အဝတ်ဟောင်း လာလျှော်တဲ့ တေီမကြီး ယူသွားတာ သိတာ မဟုတ်လား"

မေမေ ဒေါ်ခင်မကျော် တွေဝေသွားသည်။ မယုံ ဟန်ဖြင့်တော့ ကျော်စိုးပိုင်ကို စူးစူးစိုက်စိုက် ကြည့်၏။

"သားရယ်၊ တိုက်မှာ မေမေတို့ မိသားစုပဲ ရှိ အိမ်ဖော်ကောင်မလေးနှစ်ယောက်ကတော့ ဒီလို အကျင့်အကြံ မရှိတာ သား သိပါတယ်"

"ဒါဖြင့် သားက ရှိတယ်ပေါ့ မေမေ"





ဒေါ်ခင်မကျော် ဘာပြန်ပြောရမှန်း မသိ ဖြစ်သွားသည်။ ကျော်စိုးပိုင်က မကြည်မလင်နှင့် ဆိုဖာဆက်တီပေါ် ခပ်ကြမ်းကြမ်း ပစ်ထိုင်လိုက်သည်။

"အဖေကြီး စာဖတ်ခန်းကို သားပဲ ဝင်ရဲတာ မို့လားကွယ်၊ ယူထားရင်လဲ ပြန်ပေးပါ သားရယ်။ မေမေ သားက လိမ္မာပါတယ်"

"ဒုက္ခပါပဲဗျာ၊ မေမေ ကျွန်တော့်ကို မဟားတရားကြီး စွပ်စွဲနေတာပဲ။ သား ဖေဖေ့ငွေ ငါးထောင်ကို မယူတာ အမှန်ပဲ မေမေ၊ အဲဒီစကားက အရှင်းဆုံး ပြောတာပဲ"

ဒေါ်ခင်မကျော် စိတ် အမောကြီး မောသွားသည်။ ငွေငါးထောင်ကိစ္စနှင့် ပတ်သက်ပြီး အိမ်ဖော်ကောင်မလေး နှစ်ယောက်ကိုလည်း စစ်မေးပြီးပြီ။ အိမ်ဖော်ကောင်မလေး နှစ်ယောက်ကို မေးရိုးမေးစဉ်သာ မေးရသည်။ ဆွေမနှင့် မိစန်းကို ဒေါ်ခင်မကျော် ယုံကြည်သည်။ သူတို့ကို လေးနှစ်သမီးအရွယ် တတည်းက မွေးစားသည့် သဘောမျိုးဖြင့် ဒေါ်ခင်မကျော် အပိုင်ရခဲ့၏။ မိမိနည်းတူ ဆွေမနှင့် မိစန်းကို အဖေကြီး 'ဦးတင်မောင်စိုး' ကလည်း လုံးဝ ယုံကြည်စိတ်ချသည်။

'ရတနာ့ဗိမာန်လျှံ' ခြံကြီးတွင် ဦးတင်မောင်စိုးနှင့် ဒေါ်ခင်မကျော် စိတ်မချနိုင်ဆုံးမှာ သားတော်မောင် ကျော်စိုးပိုင်သာ ဖြစ်ပါ၏။

အပျောက်အရှရှိ၍ မေးလျှင် သူက ခပ်တည်တည်နှင့် ပြန်ဟောက်တတ်သည်။ ပျောက်သည် ရှသည်ဆိုသော်လည်း ငွေထည့်ရွှေထည် ပစ္စည်းထဲကတော့ မဟုတ်။ တစ်ထောင်မျိုး



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထောင်မျိုးတော့ ပျောက်သည်။ ဥပမာ ဒေါ်ခင်မကျော် မီးခံသေတ္တာသော့ မေ့လျော့ပြီး ထားခဲ့မိလျှင် သေတ္တာတွင်းမှ ငွေတစ်ထောင် နှစ်ထောင်ကတော့ အော်တိုမက်တစ် ပျောက်သွားတော့၏။ သော့ကို မိမိပဲ ကိုင်သဖြင့် ဒေါ်ခင်မကျော် ဝေဝေဝါးဝါး ဖြစ်သွားရသည် ချည်းသာ။

"သား မယူဘူးပေါ့"

"လုံးဝကြီး မယူဘူး မေမေ"

"အင်း...ငါတော့ သေသာ သေပစ်လိုက်ချင်တာပဲ၊ မအေလုပ်သူကလဲ စိတ်ကြီးကြီးနဲ့"

"ဖေဖေ ဘာသာ ဘယ်လောက်ပဲ စိတ်ကြီးကြီး ဘာ တတ်နိုင်မှာလဲ မေမေ။ သူ့ပိုက်ဆံကို သူ ဘာတွေ သုံးပစ်သလဲမှ မသိတာ"

"ကျော်စိုးပိုင် စကားကို အပိုမပြောနဲ့၊ မင်း ဖေဖေက အိမ်ထောင်ရေး သစ္စာဖောက်တဲ့လူစား မဟုတ်ဘူး"

"အဟား...မေမေက ဖေဖေ့ထိတော့ နာတတ်တယ်ဗျာ နောက်တာပါ မေမေရာ။ ဖေဖေ ပျောက်တဲ့ ငွေငါးထောင်ကို သား မယူတာ အမှန်ပါ။ ဖေဖေ တစ်နေရာ သုံးခဲ့မိမှာပါ"

ဒေါ်ခင်မကျော် ပင့်သက်ကို ချသည်။ ကျော်စိုးပိုင်မှ မယူလျှင် ငွေငါးထောင်သည် ဆုံးစမြုတ်ရတော့မည်။ ဦးတင်မောင်နိုး ရုံးမသွားခင်ကမှ 'ကိုကို အထားများ မှားနေတာလား' ဟုတော့ မေးမိသေး၏။ မေးမိ၍ 'မင်းကွာ' ဆိုသည့် စကားကို မကျေမချမ်း





ပြောသွားသေးသည်။

* * *

ကျော်စိုးပိုင်က တစ်နေ့လုံး အပြင်ထွက် မလည်ဖြစ်။ အိမ်ထဲမှာ ဂစ်တာလေး ခေါက်ရင်း ညနေစောင်းတော့မှ ရင်က ဖိုလာတော့သည်။

ရင်ဖိုနေဆဲမှာပင် ခြံထဲသို့ ကား ဝင်လာသံကို ကြားသည်။ အိပ်ခန်းတံခါးကို အတွင်းမှ ဂျက်ချပြီး အိပ်ရာပေါ် အသာလှဲနေ လိုက်၏။ ဘာဂျာတံခါး ဆွဲဖွင့်သံက နားထဲသို့ ပြေးဝင်ဆောင့်လာ သည်။

တစ်ဆက်တည်းပင် 'မေရေ'ဟု မေမေ့ကို ခေါ်သည့် ဖေဖေ့အသံကို ကြားရသည်။

"ကိုကို ပြန်လာပြီလား၊ မီးဖိုထဲဝင်နေတာနဲ့ မေဖြင့် သိတောင် မသိလိုက်ဘူး"

"ဟိုကောင်ကော မေ"

ကျော်စိုးပိုင် ရင်မှာ ဒိန်းခနဲဖြစ်သွားသည်။

"သား သူ့အခန်းထဲမှာ ထင်တယ်ကိုကို။ ဒီနေ့ သား အပြင် မထွက်ဘူး။ မေက ခြေငြိမ်လှချည်းကလားလို့ မေးတော့ မအေကို လက်ညှိုးနဲ့ လက်မ ဝိုင်းပြပြီး ဘိုင်ပြတ်နေလို့တဲ့လေ"

"ဟုတ်လား၊ ဒီတစ်ခါတော့ အမှန်စကား ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုကို ငွေငါးထောင်ကို အထားမှားခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင် မယူဘူး"

မေဖေ့စကားကြောင့် ကျော်စိုးပိုင် ရင်မှ အလုံးကြီး ဝုန်းခနဲ ပြုတ်ကျသွားသည်။

"ကိုကို လုပ်လိုက်ရင် ဒီလိုချည်းပဲ။ မေကတော့ သားကို ဆူနေလိုက်တာ၊ မင်း ယူထားရင် ပြန်ပေးဘာပေးနဲ့ ပူညံပူညံ လုပ်နေတာ၊ သူ မယူဘူးလို့တော့ အတည်ပြောသား ကိုကိုရဲ့"

"ဒီတစ်ခါတော့ ကိုကိုတို့ အလွန်ပေါ့လေ၊ မေ့ကို မေးခိုင်း ရတာက တိုက်မှာ ဒီကောင်ပဲ ခြေစလက်စ ရှိတာ"

ကျော်စိုးပိုင် တွန့်ခနဲဖြစ်သွားသည်။ အိပ်ရာမှ ဆတ်ခနဲထပြီး ဧည့်ခန်းဘက် ထွက်ခဲ့သည်။ ကျော်စိုးပိုင်ကို မြင်သည်နှင့် မေမေ့မျက်နှာ ရယ်ပြုံးသွားသည်။ ဖေဖေကတော့ ထုံးစံအတိုင်း ခပ်တည်တည်။

"ဖေဖေ သားကို သိပ်အထင်သေးတယ်"

"အံမာ၊ မင်းက အထင်ကြီးအောင် နေလို့လား"

"စောစောက ဖေဖေ ပြောတယ်မို့လား၊ ဒီကောင်က ခြေစလက်စ ရှိတယ်ဆိုတာ၊ ဒါ သားကို ခိုးတတ်တယ်လို့ ဖေဖေ စွပ်စွဲလိုက်တာပဲ"

"ခို့ မဟုတ်ဘူးလား"

"သား မိဘပစ္စည်းကို ယူတာပဲဟာ ဖေဖေ၊ ခိုးတာမှ မဟုတ်ပဲ"

"ဟာ မိဘပစ္စည်း ယူရင် မိဘကို အသိပေးရမှာပေါ့၊ ခုတော့ မင်းဟာက ဆုံးစမြုတ်စ လုပ်လုပ်သွားတာချည်းပဲ"





"ဖေဖေတို့ကို အသိပေးရင် ဖေဖေတို့က ပေးမှာမှ မဟုတ်တဲ့ဟာ"

ဖေဖေ မျက်လုံးနည်းနည်း ပြူးသွားသည်။

"မင်းအတွက် သတ်မှတ်ထားတဲ့ မုန့်ဖိုး အတိုင်းအတာတော့ ပေးမှာပေါ့ကွ၊ ခုတော့ မင်းဟာက ဘီလျံနာသား ကျနေတာပဲ။ တစ်နေ့ နှစ်ထောင်မျိုး သုံးထောင်မျိုး ယူသုံးနေတာ"

မေမေက ဖေဖေ့ အလုပ်ဖိုင်များကို ပိုက်ထားရင်း ပြုံးနေသည်။

"ဒီလောက်တော့ ဖြစ်ရမှာပေါ့ မေမေရာ။ သားက ဘီလျံနာရဲ့သား မဟုတ်ပေမဲ့ မြန်မာပြည်မှာ သူဌေးစာရင်းဝင်တဲ့ ဦးတင်မောင်စိုး ဒေါ်ခင်မကျော်ရဲ့ တစ်ဦးတည်းသောသားပဲဟာ၊ ဖေဖေ သားကို ငယ်ငယ်က ပြောဖူးတယ်လေ"

"ဘာတွေ ပြောဖူးပါလိမ့်"

"သား မှတ်မိပါတယ်"

"ဘာများလဲကွ"

"ဖေဖေ ပြောတယ်လေ။ မင်းမေမေက သူဌေးမကြီးကွတဲ့။ မင်းမေမေ့မှာ ရှိတဲ့ စည်းစိမ်က သားတစ်သက် စားမကုန်ဘူးတဲ့။ ဖေဖေ့အရာရှိ လစာထက် ဖေဖေ့ရာထူးကို မင်းမေမေက သဘောကျ နှစ်သက်တာလို့ ဖေဖေ ပြောဖူးတယ်လေ"

ဖေဖေ၏ ရှားပါးသောအပြုံးကို တွေ့ရ၏။ မေမေကမူ သူထိုးနေကျ မျက်စောင်းကို ဖေဖေ့ထံ ပစ်လွှတ်သည်။

"ကိုကို့သားက အဲဒီစကားတွေကို သေသေချာချာ မှတ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာ"

"ဘာလဲမေမေ"

"ချမ်းသာတာက ချမ်းသာတာပဲကွ၊ ငါ့မီဘ ငွေကြေး ချမ်းသာတယ်ဆိုပြီး စည်းမဲ့ကမ်းမဲ့ သုံးဖြုန်းနေရင်တော့ သားတစ်သက် မပြောနဲ့ ဆယ်ရက်တောင် စားလို့ရမှာ မဟုတ်ဘူး"

"သား မဖြုန်းပါဘူး မေမေ"

"အံမာ မင်းလား"

ဖေဖေက စကားဖြတ်ဝင်ပြောပြီး အပြုံးနှင့် အပေါ်ထပ် တက်သွားသည်။

"တွေ့လား မေမေ၊ ငွေငါးထောင် အထား များတာကို ရောတောပေါ်တော လုပ်သွားတာ၊ နောက်ဆိုရင် ဖေဖေ့ကို ပြောထား ဗျာ၊ အဲသလို မစွပ်စွဲပါနဲ့လို့၊ သား သိက္ခာအရမ်းကျတယ်"

"သွား"

ပြောပြီး မေမေ အပေါ်ထပ် တက်လိုက်သွားသည်။

ကျော်စိုးပိုင် ခြံထဲဆင်းပြီး နှင်းဆီခင်းဘက် လျှောက်သည်။ ညနေ၏ လေပြေတွင် နှင်းဆီနံ့ကို ရှူရှိုက်ခံစားရ၏။ ခြံမှာ နှင်းဆီအရောင်အသွေးစုံသည်။ မေမေသည် နှင်းဆီပန်းကို သဘောကျ နှစ်သက်သူ။ နှင်းဆီခင်းများ ဖန်တီးထားသော်လည်း ပန်းများကို မေမေ မရောင်း။ ဘုရား တင်သည်။ ပြီးတော့ ပန်သည်။ ဖေဖေက မေမေ့ခေါင်းမှာ နှင်းဆီရဲရဲကလေး ထိုးထားရင် သိပ်လှတာပဲဟု ဆိုကတည်းက မေမေ့ခေါင်းတွင် အနီရောင်နှင်းဆီ ပြတ်သည် မရှိ။





"လူကလေး"

ခေါ်သံကြောင့် လှည့်ကြည့်တော့ ခြံစောင့်ကြီး ဦးရွှေတောင်ကို ကွမ်းမြုံ့လျက်တွေ့ရ၏။ ဦးရွှေတောင်သည် ခြံစောင့်ကြီး ဆိုသော်လည်း ရတနာစိန်လျှံခြံကြီး၏ ဗာဟိရကိစ္စများကို အကုန်လုပ်ရသည်။ ဖေဖေ၏ လူယုံ တပည့်ကြီးဖြစ်ပြီး ဇနီးမယား သားသမီး မရှိ။ ဖေဖေက နှင်းဆီခင်းနှင့် ကပ်လျက် တန်းလျားတွင် နေထိုင်ခွင့် ပေးထား၏။

"ဘာလဲ ဦးရွှေတောင်"

"ဒီကနေ့ လူကလေး ငြိမ်ချက်သား ကောင်းလှချည်လား"

ကျော်စိုးပိုင်က လက်ညှိုးနှင့် လက်မကို ဝိုင်းပြပြီး

"ပြတ်နေတယ်လေ၊ ဒါကြောင့် နှင်းဆီခင်းဘက် လျှောက် လာတာ"

ကျော်စိုးပိုင်၏စကားကြောင့် ဦးရွှေတောင် မျက်လုံး ပြူးခနဲ ဖြစ်သွား၏။

"ဟာ...အဲသလိုတော့ မလုပ်ပါနဲ့ လူကလေးရယ်"

"ဘာကိုလဲ ဦးရွှေတောင်ရ"

"ဟိုတလောက လူကလေး ပန်းတွေချိုးပြီး ဝက်ဖန်တာ ဆရာကတော် သိသွားတယ်"

ကျော်စိုးပိုင်က ပြုံးသည်။

ရတနာစိန်လျှံ ခြံကြီးတွင် ဦးရွှေတောင်သည် ကျော်စိုးပိုင်နှင့် အရင်းနှီးဆုံး အကျွမ်းဝင်ဆုံး နေသူဖြစ်သည်။ ကျော်စိုးပိုင်က



www.burmeseclassic.com

www.burmeseclassic.com



သူ့သူငယ်ချင်းများနှင့် သုံးနှုန်းပြောဆိုသည့် စကားလုံးများသည် ဦးရွှေတောင်၏ ပါးစပ်တွင် ရောက်နေတတ်၏။

"ဒီနေတော့ နှင်းဆီခင်းကို လာပြီး မထိပါးပါနဲ့ လူကလေးရယ်၊ နက်ဖြန်ကျရင် လူကလေးအတွက် ဦးရွှေတောင် စပါယ်ရှယ် အပွင့်ကြီးတွေ ခူးထားပါ့မယ်"

"ဦးရွှေတောင်ကတော့ ခွတ်ပြောနေပြန်ပါပြီ၊ ဟိုတလောက နှင်းဆီပွင့် ချိုးသွားတာ ဝက်ဖန်တာ မဟုတ်ပါဘူး"

"ဒါဖြင့်..."

"အချစ်ဖန်တာပါ"

"အချစ်ဖန်တာ ဟုတ်လား"

ထုံးစံအတိုင်း ကျော်စိုးပိုင်၏ စကားကို ဦးရွှေတောင် စိတ်ဝင်စားသွားပြန်၏။

"ဒါပေမဲ့ အဆင်မချောပါဘူး ဦးရွှေတောင်ရာ၊ ဒီကတော့ မေမေ မသိအောင် ကြိုးစားထားရတာ။ အဲဒီငတိမက ရက်ရက်စက်စက်ကြီး ငြင်းပယ်တယ်ဗျာ"

"လူကလေးက အတင်း မပေးဘူးလား"

"အဟား... ကျော်စိုးပိုင်ပဲ ဦးရွှေတောင်ရာ၊ နာမည် သုံးလုံးနဲ့ ကောင်ပဲ။ အတင်း သူ့ဆံထုံးခြင်းထဲ ထည့်တာပေါ့"

"အဲဒီတော့"

"ကံကလေးက နည်းနည်း ဆိုးသွားတယ် ဦးရွှေတောင်ရ"

"ဟေ...ဘယ်လို ဖြစ်သွားလို့တုန်း"





"ရုပ်ကွက်ရုံးရှေ့မှာ သွားလုပ်မိလို့ဗျာ၊ အဲဒါ ရုံးထဲ ခပ်တည်တည် ဝင်သွားပြီး ခြေဟန်လက်ဟန်တွေနဲ့ လုပ်ပြနေလို့ မဟား တရားကြီးကို ပြေးခဲ့ရတာ"

ကျော်စိုးပိုင် စကားကို သဘောကျစွာဖြင့် ဦးရွှေတောင်က တဟားဟား ရယ်သည်။ ကျော်စိုးပိုင်၏ မျက်လုံးအကြည့်ကတော့ ရှေ့ငါးကိုက်အကွာ ပန်းအိုးကြီးထဲမှ နှင်းဆီဖူးကြီးဆီ ရောက်နေ၏။

"ဦးရွှေတောင် ဟိုနှင်းဆီဖူးကြီးက ကြီးလှချေလား"

"အံမယ်လေး၊ အဲဒါတော့ မထိပါးပါနဲ့ လူကလေးရယ်။ စောစောပိုင်းလေးကတင် ဆရာကတော် ဆင်းကြည့်သွားတာ"

"မေမေက ခက်တယ် ဦးရွှေတောင်"

"မမလေးက ဘာတွေ ခက်နေလို့လဲ လူကလေးရဲ့"

ဦးရွှေတောင်သည် မေမေ့ကို 'ဆရာကတော်' ဟု ခေါ်သလို 'မမလေး' ဟုလည်း ခေါ်တတ်သည်။

"ပန်းတွေ အများကြီးဗျာ၊ ရောင်းစားတာလဲ မဟုတ်ဘူး။ တစ်ချို့ဆို နှင်းဆီတွေ စိုက်ပြီး ရောင်းစားကြတာ တစ်ပွင့်ဆို လေးငါးဆယ် ရတယ်"

"ပန်းရောင်းရတဲ့ ငွေကို မမလေးက စားမလား လူကလေးရဲ့။ ဆရာ့ရဲ့ ~~ချွေးနဲ့~~ လစာကိုတောင် မမလေးက အလှူမှာ ထည့်ပစ်တာပဲတာ"

"မေမေက ဒီလောက်တောင်ပဲ ချမ်းသာသလား ဦးရွှေတောင်"

ဦးရွှေတောင်က ဘေးပတ်ဝန်းကျင်ကို မျက်လုံး ဝေ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးပိုင်က မြေကျစ်ခဲတစ်ခဲကို ကောက်ယူပြီး နှင်းဆီပင်များ အကြားတွင် ဝဲနေသော ဆင်လိပ်ပြာကြီးကို လှမ်းပစ်၏။

"ချမ်းသာတာပေါ့ လူကလေးရာ၊ ရှိတဲ့ စည်းစိမ်တွေက လူကလေး ဆယ်သက် ထိုင်စားတောင်ရတယ်"

ကျော်စိုးပိုင် မျက်မှောင်ကြုတ်သွား၏။

"ကျွန်တော့်ကိုပြောတော့ တစ်သက်တဲ့ဗျ"

ဦးရွှေတောင်က ရယ်သည်။

"လူကလေးစိတ်ဓာတ်တွေ ပေါ့သွားမှာ စိုးလို့ တမင်ပြောတာ နေမှာပါကွယ်"

"အင်း...ထားပါတော့လေ။ ဒီလောက် ချမ်းသာနေမှ ဖေဖေက ဘာလို့များ အလုပ်လုပ် နေရသေးလဲဗျာ"

"အဲဒါက ဒီလိုရှိတယ် လူကလေးရဲ့။ မမလေးက ဆရာ့ကို တစ်ခါ ပြောတာ ကြားဖူးတယ်"

ဦးရွှေတောင်က စကားကို ရှေ့မဆက်သေး။ ဦးရွှေတောင် နှင့်အတူ တန်းလျားဘက်သို့ လျှောက်ခဲ့ရင်း...

"ဆိုပါဦး၊ မေမေက ဘာပြောလို့လဲ"

"ဆရာ့ကို ပြောတာလေ၊ မေတို့မှာတဲ့ ပစ္စည်းဂုဏ် ရှိတယ်၊ ပညာဂုဏ် ရှိတယ်တဲ့။ ဒါပေမဲ့ ရာထူးဂုဏ် မရှိဘူးတဲ့။ ဒါကြောင့် ကိုကို ထွက်ဖို့ ကို မကြိုးစားပါနဲ့တဲ့"

" ရတယ်ဗျာ"

"ဘာကို လဲ လူကလေး"





"ဖေဖေလေ၊ ဟားရတာကို ပြောတာ၊ ဒီလောက် ပိုက်ဆံ ချမ်းသာမှတော့ ဖေဖေ သူ့ဘာသာသူ အေးအေးဆေးဆေး နေပစေ ပေါ့ဗျာ"

"ခုလဲဆရာက အေးအေးဆေးဆေးပါပဲ လူကလေးရဲ့"

ကျော်စိုးပိုင် စကားကို ရှေ့မဆက်။ နှင်းဆီခိုင်းကိုဖြတ်ပြီး ဆွေမ အနား ရောက်လာသည်။

"ကိုလေး"

"ဘာလဲဟ"

"မေမေကြီးက ထမင်းစားဖို့ ခေါ်ခိုင်းလိုက်တယ်"

"အေး...အေး ငါလာခဲ့မယ်"

ဆွေမ လှည့်ထွက်သွားသည်။

ကျော်စိုးပိုင်က လှည့်ပြန်မည်ပြုပြီးမှ ဦးရွှေတောင်၏ မျက်နှာကို လှမ်းကြည့်ပြီး

"ဒီမယ် ဦးရွှေတောင်၊ မေမေ ချမ်းသာတယ်ဆိုတာကို ကျွန်တော် မယုံဘူးဗျ"

"ဟာ တကယ်ပါ လူကလေးရာ"

"မချမ်းသာပါဘူး"

"ချမ်းသာပါတယ်ကွာ"

"ချမ်းသာရင် ကျွန်တော့်ကို တစ်နေ့ မုန့်ဖိုး ငါးရာထဲ ပေးရသလားဗျာ။ တစ်နေ့ ငါးရာကိုတွက် တစ်လမှ မုန့်ဖိုး တစ်သောင်းခွဲပဲ ရတာ။ ချမ်းသာရင် သားလေးတစ်ယောက်ထဲရှိတဲ့ဟာ



www.burmeseclassic.com

www.burmeseclassic.com



တင်လကို မှန့်ဖိုး သုံးသောင်းလောက် ပေးသင့်တာပေါ့။ ဒီတော့ မေမေ ချမ်းသာတယ်ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဗျာ"

ပြောပြီး ချာခနဲ လှည့်ထွက်ခဲ့သည်။ ဦးရွှေတောင် မျက်လုံး အပြူးသားနှင့် ကျန်ခဲ့၏။

သူ ခပ်လှမ်းလှမ်းသို့ ရောက်မှ ဦးရွှေတောင် တဟားဟား အော်ရယ်တော့သည်။

* * *

(၅)

"ဟော့...ဟော့...ဒီတစ်ခါတော့ တကယ်ပျောက်ပြီကွ"

ဖေဖေ့အသံကြီးကို ကျော်စိုးပိုင် ရှူးခနဲ ကြားရ၏။ အိပ်ရာမှ အပျာကရာထပြီး တံခါးနားတွင် အသာသွားရပ်သည်။ အိပ်ခန်းထဲမှ ထွက်လို့ကတော့ ဘယ်လိုမှ မဖြစ်။

"ဘယ်လိုဖြစ်တာလဲကိုကို၊ မနက်စောစောစီးစီး အော်ကြီး အစ်ကျယ်နဲ့"

"ဟာ...အော်ရမယ် မေရ၊ ခု မရှိတော့ဘူး"

ဖေဖေ့စကားကြီးက အရင်း မရှိ၊ အဖျား မရှိ။ ဖေဖေ ဒေါသဖြစ်လျှင် စကားသည် ဘယ်တော့မှ အဆီအငေါ် မတည့်။

"ဘာ မရှိတာလဲ ကိုကိုရယ်၊ ကိုကို့ဟာက ဘာမှန်းလဲ မသိဘူး"

"ကိုကို့ အိတ်ထဲမှာ ထည့်ထားတဲ့ ငွေသုံးထောင် မရှိတော့ဘူး မနေ့ ညက ဟိုကောင် ကိုကိုတို့ အခန်းထဲ လှစ်ခနဲ ဝင်သွားတာကို ဒီကို ခြည့်ခန်းက လှမ်းမြင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးပိုင် ထိတ်ခနဲ ဖြစ်သွားသည်။

ညက ကိုယ့်ကိုယ်ကို ပိုင်ပြီဟု တွက်ခဲ့၏။ ယခုမှ မပိုင်မှန်း သိရတော့သည်။

"ဟုတ်မှ ဟုတ်ရဲ့လား ကိုကိုရယ်၊ မနေ့ကလဲ သား မယူဘဲနဲ့ ငွေ ငါးထောင်ကို ကိုကို စွပ်စွဲပြီးပြီ"

"ဒီတစ်ခါတော့ သေချာတယ် မေရာ။ မင်း သားက ငွေငါးထောင် မယူပေမဲ့ ငွေသုံးထောင်ကျတော့ ယူမှာ"

"မေ မေးကြည့်ပါဦးမယ် ကိုကို၊ ကိုကိုတို့ သားအဖ နှစ်ယောက်ကြားမှာ မေ သိပ်စိတ်မောတယ်။ သားကလဲ ဖအေလို တရှူးထိုးသမား"

မေမေ သူ့အခန်း လာပြီကို ကျော်စိုးပိုင် သိလိုက်၏။ ထင်သည့်အတိုင်း တံခါးခေါက်သံ ကြားသည်။ သူက အိပ်ချင်မူးတူး ဟန်ဖြင့် တံခါးကို ဖွင့်ပေးသည်။

"သား နိုးပြီလား"

"ခုမှ နိုးတာ မေမေ၊ ညက စာကျက်တာ ညဉ့်တော်တော် နက်သွားတယ်"

"သားကို မေမေ မေးစရာရှိလို့"

"ဘာမေးမှာလဲ မေမေရ၊ မေမေ့ဟာက သားကို မေးလို့ကို မဆုံးနိုင်ဘူး"

မေမေက ပြုံးပြီး အခန်းထဲဝင်၍ ကုတင်စောင်းတွင် ထိုင်သည်။ ကျော်စိုးပိုင်က စာအုပ်များ ဟိုသည် ရွှေ့သလိုနှင့် တစ်ထောင်တန်





သုံးရွက် ထည့်ထားသည့် စာအုပ်ကို စာရေးစားပွဲ အံဆွဲထဲသို့ ထိုးထည့်လိုက်၏။

"သားဖေဖေ ပွက်နေတယ်"

"ဘာတွေ ပွက်နေတာလဲမေမေ"

"သူ့အိတ်ထဲမှာ တစ်ထောင်တန် ခြောက်ရွက် ထည့်ထားတာတဲ့၊ ခု သုံးရွက်ပဲ တွေ့တယ်တဲ့။ သုံးရွက် ပျောက်နေတယ်တဲ့"

ပြောပြီး မေမေက မျက်နှာကို မသက်သာသလို ကြည့်ပြန်၏။

"အဲဒါ သားက ဘာလုပ်ပေးရမလဲ"

"သားရယ်၊ ယူထားရင်လဲ ပြန်ပေးလိုက်ပါ။ ညက အခန်းထဲကို သားဝင်တာ သူတွေ့တယ်တဲ့"

"ဟာ...မေမေ့ မဟုတ်တော့ဘူးဗျာ၊ အိပ်ခန်းထဲဝင်တာ ဘီးစိပ် ရှာတာ"

မေမေ စဉ်းစားဟန်တော့ ပြုသွား၏။ သူ ခေါင်းယားလျှင် မေမေတို့ အိပ်ခန်းထဲဝင်၍ ဘီးစိပ်ရှာတတ်သည်ကို မေမေ သိသည်။

"သား မယူဘူးလား"

"မယူဘူး မေမေ၊ ငွေငါးထောင်ကိစ္စတုန်းကလဲ သား အခြောက်တိုက် ခံရတယ်"

မေမေ ဘာမှ မပြောတော့ဘဲ အခန်းထဲမှ ပြန်ထွက်သွားသည်။ မေမေ့ကို ခပ်တည်တည်နှင့် ဖိန့်လိုက်သော်လည်း ရင်မှာ တထိတ်ထိတ်။ ဖေဖေကတော့ သူ့ကို မေမေ့လို ယုံလိမ့်မည် မဟုတ်။ တစ်ခါက သူ့ကို ပြောဖူးသည်။ 'မင်းထက် လည်လို့ မင်းအဖေ ဖြစ်နေတာကွ'



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့်စကား။

"မဟုတ်သေးပါဘူး မေရာ။ မင်း သား မယူလို့ ဘယ်သူ ယူသလဲကွ၊ ကျော်စိုးပိုင် ဟေ့ကောင် ကျော်စိုးပိုင်"

သူ အခန်းထဲမှ ထွက်ခဲ့၏။

"လာစမ်းပါဦးကွ"

သူ ဖေဖေ့ရှေ့မှာ ရို့ရို့ကလေး ရပ်သည်။

"ဘယ်မလဲ ငွေသုံးထောင်"

"ဘာတွေ ပြောနေတာလဲ ဖေဖေ"

"ငါ့အိတ်ထဲက ငွေသုံးထောင်လေ၊ ညက မင်းနှိုက်သွားတယ်"

"ဟာ ပေါ်တင်ကြီးပါလား ဖေဖေရာ၊ ငွေငါးထောင်တုန်းကလို ဖေဖေ အထားမှားပြန်ပြီ ထင်တယ်"

"မမှားဘူးကွ"

သူ့အကျင့်အတိုင်း ဖေဖေက ဖွတ်အော်သည်။

"သား မယူပါဘူး ဖေဖေ"

"မင်း ငါ့ကို မလိမ်နဲ့နော်"

"မလိမ်ပါဘူး ဖေဖေ"

"ညက မင်း အခန်းထဲ ဝင်တယ်"

"ဘီးစိပ် ရှာတာ ဖေဖေ"

"မဟုတ်ဘူး၊ မင်း နှိုက်ကို နှိုက်သွားတယ်ကွာ"

ကျော်စိုးပိုင် နှုတ်ကို ပိတ်ထားသည်။

"မင်း စာရိတ္တ အရမ်း ပျက်ပြားနေပြီ ကျော်စိုးပိုင်။ မိဘ





ပစ္စည်းကနေ တစ်ဆင့်တက်ပြီး သူများပစ္စည်းကို ကြံစည်ရင်တော့ မင်း ထောင်ထဲ ရောက်မှာပဲ"

"သား ဖေဖေဟာ ရုံးဗ္ဗာနကြီးတစ်ခုက အရာရှိအကြီးကြီးပါ

သားကလဲ ဘယ်နည်းနဲ့မှ သူခိုး မဖြစ်နိုင်ဘူး"

"ဖြစ်မှာကွ၊ မင်းကတော့ ဖြစ်မှာ"

ဖေဖေ ကုန်းအော်သည်။ မေမေက ဖေဖေ့ကို မျက်မှောင် ကြုတ်ကြည့်လိုက်၏။

"ကိုကို သားကို အဲသလို စကားမျိုး မပြောပါနဲ့"

စစ်ကူက ဒိုင်းခနဲ ဝင်လာသည်။ ကျော်စိုးပိုင် အားအရမ်း တက်သွားသည်။

"မေက မေ့သားရှေ့က သိပ်ပြီး ကာဆီးကာဆီး လုပ်တာပဲ။ မေ အလိုလိုက်လွန်းလို့ ဒီကောင် ကမ်းတက်နေတာ။ မိဘပစ္စည်းကို မိဘမသိအောင် ယူတာဟာ ခိုးတာပဲ။ မင်း အကျင့်တွေ အရမ်း ပျက်နေပြီ ကျော်စိုးပိုင်၊ ငါ လုပ်ရင်တော့ မင်း နာမယ်"

"ကိုကို သားကို သူခိုးလို့ ပြောတာကို မေ မကြိုက်ဘူးလို့ ပြောနေတယ်နော်။ သားကို ဆက်မဆူနဲ့။ ကိုကို့ ငွေသုံးထောင် မေပြန်ထည့်ပေးမယ်"

ဖေဖေ ပင့်သက်ကို ဖူးခနဲ မှုတ်ထုတ်သည်။

"ကိုကို ငွေသုံးထောင်ကို နမြောလို့ အော်ငေါက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဒီကောင် အကျင့်ပျက်နေပြီ”

“သား အကျင့်ပျက်တာက ရပ်တကာ ရွာတကာ လှည့်ပြီး သူများပစ္စည်း ခိုးတာ မဟုတ်ဘူး ကိုကို၊ မိဘပစ္စည်း ယူတာ ကြိုက်သလောက် ယူပစေ၊ မေ ခါးစည်းခံမယ်”

ကျော်စိုးပိုင် ရင်မှာ အရှမ်း ပျော်နေ၏။ မေမေ့ စကားလုံးတွေက အရမ်းကို သားနားနေသည်။ ကဲ...ဖေဖေ ဘာများ တတ်နိုင်သေးသလဲ။

“အေး သားရှေ့ကနေ မင်းအမြဲတန်း မာမားရပ် မေ၊ တစ်နေ့ မင်း နားရွက်ကို မင်း သားက ကိုက်ဖြတ်မယ်”

ဖေဖေ ရှူးရှူးရှဲရှဲနှင့် ထွက်သွားသည်။ ရုံးဖိုင်တွဲများကို ကားမောင်းသည့် ကိုလှက ခပ်ရှုံ့ရှုံ့နှင့် လာယူသည်။

“မောင်လှ၊ မင်းဆရာကို ပြောလိုက်။ ငါ ညနေစာ ချက်မထားဘူးလို့”

ကဲ...မှတ်ပြီလား ဖေဖေ။

ကျော်စိုးပိုင်ကို လာမစမ်းနဲ့။ မေမေက သားဘက်မှာ အမြဲလိုလို ရှိတယ်။

* * *

(၆)

ဝါးလုံးကို မြေမှာစိုက်ပြီး ခနိမိုး မိုးထားသည်။ ‘အေးသက်ခိုင်’ ၏ အကြော်တဲကို အဝေးကပင် လှမ်းမြင်ရသည်။ လေအဝေ့မှာ ဆီသွှော်နံ့က နှာခေါင်းဝသို့ ရောက်လာ၏။

ကျော်စိုးပိုင် လမ်းထိပ်က အကြော်တဲကလေးဆီသို့ ခပ်သွက်သွက် လျှောက်ခဲ့သည်။ အေးသက်က သံယောင်းမနှင့် အကြော်များကို ခပ်ဆယ်နေ၏။ တဲရှေ့မှာ အကြော် လာဝယ်သူ တစ်ယောက်စ နှစ်ယောက်စ ရှိနေသည်။

ကျော်စိုးပိုင်ကို မြင်သည်နှင့် အေးသက်ခိုင်မျက်နှာမှာ အပြုံးတွေ သက်သွား၏။

“ဟယ်...ကိုပိုင်ရယ်၊ နှင်းဆီပန်းကြီးက လှလိုက်တာ။ အေးသက်ဖို့လားဟင်”

“ထပ်သရီး၊ ဘယ်ကလာ နှင့်ဖို့ရမှာလဲ၊ ငါ့ ရည်းစားချက်နဲ့ငါ သွားလာတာ”



www.burmeseclassic.com

www.burmeseclassic.com



အေးသက် နှုတ်ခမ်း စူသွားသည်။ ကျော်စိုးပိုင်က လေးထော
ခုံငယ်လေးမှာ ဝင်ထိုင်ပြီး နှင်းဆီပွင့်ကြီးကို ခုံပုလေးပေါ် တင်လိုက်၏

"အေးသက် ငါ့ကို အကြော်တစ်ပွဲ ပေးဟာ"

အကြော်ဝယ်သူနှစ်ယောက်ကို ပလတ်စတစ်အိတ် ကလေးနှ
အလျှင်ထည့်ပေးလိုက်ပြီး ပန်ကန်ပြားကို ဆွဲ၍ ကျော်စိုးပိုင်အတွ
ဘူးသီးကြော်များ ထည့်သည်။

"အမေသုန်ကော"

"မသိဘူး"

"အားပါး…နင် ငါ့ကို ကောနေတာလား အေးသက်"

"ဟုတ်တယ်"

"ဟာ…အကျိုးအကြောင်း မရှိဟာ"

"ဘာဖြစ်လို့ အကျိုးအကြောင်း မရှိရမှာလဲ၊ ကိုပိုင်
သိပ်တွန့်တိုတာပဲ၊ ကိုပိုင်တို့ ခြံထဲမှာ နှင်းဆီတော ဖြစ်နေပြီ
အေးသက်ကို တစ်ပွင့်တလေတောင် ပေးဖူးလို့လား"

မကျေမနပ်ပြောရင်း အကြော်ပန်းကန်ကို ချပေးသည်
အချဉ်ရည်ကို အေးသက်က ကျော်စိုးပိုင်အကြိုက် စီစဉ်ပေးသည်
မန်ကျည်းရည်ကို မပျစ်မကြဲ ဖျော်ပြီး ပေးသည်
ကြက်သွန်ဖြူပါ ထောင်းထည့်ပေး၏။

"အဲဒီနှင်းဆီပန်းတွေက ငါ ပိုင်တာမှ မဟုတ်ပဲ အေးသက်
ဒီတစ်ပွင့်ရဖို့တောင် မနက်အစောကြီး ထပြီး မေမေ မသိအော
ခူးရတာ"





"အဲဒီ ခူးလာတဲ့ ပန်းကို အေးသက်ကို ပေး"

"အာ…ဘဲရိုးဆောရိုးပဲ အေးသက်ရာ၊ ဒီပန်းက ငါ့အချစ်
ကလေးအတွက် ရည်မှန်းလာတာ"

အေးသက် မျက်နှာကို ခပ်ဆတ်ဆတ် လွှဲပစ်လိုက်၏။
ကျော်စိုးပိုင်က ဘူးသီးကြော်တစ်ချောင်းကို ကောက်ဝါးရင်း

"အမေသုန် မလာသေးဘူးလား"

စောစောက မေးထားသော မေးခွန်းကို ပြန်မေးသည်။

"မလာသေးဘူး"

အေးသက်က တုံးတိတိ ဖြေ၏။

"တကယ်ဆို နင်နဲ့အတူ အခေါ် ပါလာဖို့ ကောင်းတာ"

"ဘာဖြစ်လို့"

"နင်က အစောကြီး ဆိုင်လာထွက်သလိုနဲ့ ရည်းစားနဲ့
ချိန်းတွေ့ချင် တွေ့နေမှာ"

"ဝါသနာ မပါဘူးနော်၊ ပန်းတွေ ခိုးပြီးတော့လဲ ပေးရမယ့်လူ
မရှိဘူး"

"ခူးလာတာပါဟ၊ ခိုးလာတာ မဟုတ်ပါဘူး"

"မိဘ မသိအောင် ယူရင် ခိုးတာပဲ"

"ငါ ဒီစကားကို နှစ်ကြိမ်မြောက် ကြားဖူးခြင်းပဲ"

ဖေဖေ ပြောခဲ့သည်ကို ရည်ရွယ်ပြီး ပြောသည်ကို အေးသက်
သဘောမပေါက်။ မျက်နှာကိုသာ စူပုပ်ထား၏။

"နင့်မျက်နှာကလဲ စူပုပ်နေတာပဲ။ ချေးသည်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးကလေး နေရတယ်ဟ။ နင့်ပုံကြီးကို ကြည့်ပြီး အကြော
လာဝယ်မယ့်သူ အဖျားဝင်သွားမယ်"

"ဝင်ဝင်၊ လာမဝယ်လို့ မရောင်းရလဲ အကြော်တွေ
လွှင့်ပစ်လိုက်မယ်"

အေးသက်ကို ကြည့်ပြီး ကျော်စိုးပိုင် ရယ်သည်။ ဘဝတွ
အခင်မင်ဆုံးသော မိန်းကလေး။ သူနှင့် ကျောင်းနေဘက်လည်
ဖြစ်သည်။ ဆယ်တန်းကို အတူဖြေပြီး သူက စာမေးပွဲကို ထိုက်ထိုက်
တန်တန် ကျ၍ အေးသက်က ဂုဏ်ထူးတွေနှင့် ထိုက်ထိုက်တန်တ
အောင်သွားသည်။

သို့သော်လည်း အေးသက် နေ့ဘက် တက္ကသိုလ် ဆ
မတက်ဖြစ်။ အမေ မုဆိုးမကြီးနှင့် အကြော်ကူရောင်းရင်း အဝေးသင်
အေးသက် တက်သည်။

အေးသက်ကို ကျော်စိုးပိုင် သနားသည်။

မိမိက ပညာဘက်တွင် မချွန်သော်လည်း အေးသက်ပညာ
အတွက်တော့ သူ အကောင်းဆုံးသော အကူအညီများ ပေးခဲ့ပါ

"အင်း...ဒီနေ့ နင့်လက်ရာ တယ်ကောင်းပါလား
ဆားပျားလေးကို သင့်လို့"

"မလိုပါဘူး"

"ဟ...ဒီနေ့ နင် ငါ့ကို ဂျစ်တွေ ပြောနေပါလားဟ"

"ပန်းမှ မပေးဘဲ"

"ခက်ပါ့ အေးသက်ရာ၊ ကဲငါ နက်ဖြန်ပေးမယ် ဟုတ်လာ





နေ့တော့ မယူပါနဲ့ဟာ"

"ကိုပိုင့်အချစ်ဆိုတာက ဘယ်သူလဲ"

"ပြောရခက်တယ်ဟာ"

"အေးသက်ကိုတောင် ကိုပိုင် မယုံတော့ဘူးပေါ့"

"ယုံပါတယ်ဟာ၊ ခုဟာက သူ ဘယ်သူလဲ၊ ဘယ်ကလဲ
တာလဲ ငါ မသိဘူးဟ၊ ဟိုရှေ့က မြေနီလမ်းကလေးက ထွက်လာ
တာဲ သိတယ်"

"နာမည်က ဘယ်သူလဲ"

"ဒုက္ခပါပဲ၊ မသိပါဘူးဆိုမှ နာမည်ကို ဘယ်လို လုပ်သိမလဲဟ၊
က ကြိုက်ပြီး သူဈေးသွားဈေးပြန်ကို စောင့်ပြီး လိုက်နေတာ"

"ကိုပိုင့်ကို ပြန်မကြိုက်ဘူးလား"

"ကြိုက်တဲ့ပုံတော့ မပေါ်သေးဘူးဟာ၊ ဟိုတစ်နေ့က နှင်းဆီ
တွေ လိုက်ပေးတာ လွှင့်ပစ်တယ်ဟာ။ တော်တော်မိုက်ရိုင်းတဲ့
မိုးသမီး"

အေးသက်က ကျော်စိုးပိုင်ကို ကြည့်ပြီး အသံကလေး
အောင် ရယ်၏။ ကျော်စိုးပိုင်က ဘူးသီးချောင်းကလေးကို
ည်ရှည်မှာ နှစ်လိုက်သည်။

"မိန်းကလေးတစ်ယောက်ကို ကြိုက်တာ ပန်းလိုက်ပေး
သလား ကိုပိုင်ရာ၊ စာလိုက်ပေးပေါ့"

သူ စဉ်းစားသည်။

သည်ကိစ္စကို သူငယ်ချင်းနှင့်လည်း တိုင်ပင်ဖူး၏။ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွေက မိန်းမဆိုတာ ပန်းကြိုက်တာမျိုးကွ ဆိုသဖြင့် ပန်း
လိုက်ပေးဖြစ်သည်။ ပထမအကြိမ်ကတော့ လုံးဝကို အဆင်မချော
ယခုအကြိမ်က ဒုတိယအကြိမ်နှင့် ဒုတိယမြောက် ကြိုးပမ်းမှု။

"ပန်းပေးတာတောင် မယူတာ၊ စာလိုက်ပေးလို့ကော ယူမလား
အေးသက်ရ"

"ဒါတော့ ဘယ်သိမလဲ"

အေးသက်စကားက အဖျားရှူးသွား၏။

ကျော်စိုးပိုင်က သူ့လက်မှ နာရီကို ငုံ့ကြည့်ပြီး

"အားပါး...ဝေတိမ လာခါနီးပြီဟ၊ ငါ သွားမယ်"

ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။

"ဟာ ငါ ခုမှ သတိရတယ်"

"ဘာလဲ ကိုပိုင်၊ အကြော်ဖိုးလား၊ လုပ်မနေနဲ့"

"မဟုတ်ပါဘူး၊ နင် စာရွက်စာတန်းဖိုးတွေအတွက် ငွေ
လိုတယ်ဆို"

အေးသက်က မျက်လုံးအဝိုင်းသားနှင့် ကျော်စိုးပိုင်ကို
ကြည့်သည်။ ကျော်စိုးပိုင်က သူ့အိတ်ထဲမှ တစ်ထောင်တန်သုံးရွက်ကို
ဆွဲထုတ်လိုက်၏။

"ရော့...အေးသက်"

လှမ်းပေးသည်ကို အေးသက်က မယူ။

"ယူလေဟာ၊ ဘာဖြစ်နေတာလဲ"

"ကိုပိုင်ရယ်၊ အေးသက်ရဲ့ စာရွက်စာတန်းဖိုးတွေ ပေး





တာပဲ၊ ကိုပိုင် ဒီပိုက်ဆံတွေ ဘယ်က ရသလဲဟင်"

"ဟ...ငါ့မေမေက ပေးတာပေါ့။ ကဲ...ယူစမ်းအေးသက်။
ဒီစကားတွေ ပြောမနေနဲ့။ ငါ့မှာ အချိန် မရှိဘူး။ နင်
ပညာရေးအတွက် ကူညီတဲ့ငွေကို သူများတွေဆီက ခိုးဝှက်ယူလာတာ
မဟုတ်ဘူး။ ငါ့ မိဘတွေဆီက ယူလာတာ။ ငါ ဘွဲ့မရပေမဲ့
အေးသက် ဘွဲ့ရစေရမယ်"

အေးသက်လက်ထဲ ငွေသုံးထောင် ထည့်ပြီး သူ ချာခနဲ
လှည့်ထွက်ခဲ့သည်။

အေးသက် နားလည်နိုင်ပါစေ။

သူ့မှာ အချစ်တာဝန် ရှိပါသေးသည်။

* * *

ရုပ်စောင့်နေကျ နေရာကလေးမှာ နှင်းဆီပွင့်ကြီးကို ကိုင်ပြီး
ရပ်နေသည်ကိုက စိတ်က ခိုးလုခုလု ဖြစ်နေရ၏။ လူတစ်ချို့က
သူ့ကို ပြုံးပြီး ကြည့်သွားကြသည်ကို ရှက်ရဲရဲကလေး ဖြစ်နေချိန်မှာ
လမ်း ဈေးခြင်းကလေးကို ဆွဲပြီး သူမသည် လှုပ်လီလှုပ်လဲ့
လျှောက်လာနေပါ၏။

ထပါးရောက်ခါနီးမှာ နှင်းဆီပွင့်ကြီး ကိုင်ပြီး ရေတမာပင်
နောက်မှ ကျော်စိုးပိုင် ထွက်လိုက်၏။ သူ့ကို မြင်သည်နှင့် ဝေတိမ
မျက်နှာ မှုန်သွားသည်ကိုတော့ သူကောင်းကောင်းကြီး သတိပြုမိ၏။

"တို့က လိုက်နှောက်ယှက်တာ မဟုတ်ပါဘူး။ တို့အချစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထုခွဲပြချင်လို့ပါ”

အလှမကလေးက စကား မဆို။

“တို့နာမည်က ကျော်စိုးပိုင် တဲ့။ သူ့နာမည်ကိုလဲတို့ သိချင်တယ်”

သည်တစ်ခါမူ သူ့ကို ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ လှမ်းနေသည့် ခြေလှမ်းကိုလည်း တုံ့ခနဲ ရပ်လိုက်၏။

ကျော်စိုးပိုင် ရင်မှာ ဖိုခနဲ ဖြစ်သွားသည်။ တွယ်များ တွယ်ထည့်တော့မည်လားဟု လန့်သွား၏။ သို့သော်လည်း အလှမလေးသည် သည်မျှထိ ရက်စက်လိမ့်မည်မဟုတ်ဟု ကျော်စိုးပိုင် ထင်သည်။

“သူ့အတွက်ကြောင့် တို့ ထမင်းစားလဲမဝင်ဘူး၊ ညညမှာလဲ အိပ်မပျော်ဘူး”

သူမ၏ အကြည့်စူးစူးကြောင့် ပြောပြီးစကားကို ရင်မှာ မလုံမလဲ ဖြစ်ရသေး၏။ တစ်ခါတစ်ခါ ထမင်းစားလျှင် သုံးပန်းကန် အမောက်စားသည့်အဖြစ်များ။ ညည အိပ်လျှင် တခေါခေါနှင့် ဟောက်ပြီး နေရောင်လက်မှ အိပ်ရာမှ ထသည့် အဖြစ်များကို သူမသာ သိလျှင်

ကျော်စိုးပိုင် ဆက်မတွေးဝံ့။

ခပ်တည်တည်နှင့် ဆက်ဖိန့်မည်ဟု စိတ်မှာ ဆုံးဖြတ်ထား လိုက်သည်။

“ကမ္ဘာ့နိုင်ငံမှာ ဖြစ်ပျက်နေတဲ့ အရေးအခင်းတွေကို ...





စိတ်မဝင်စားပါဘူး။ တို့နဲ့လဲမဆိုင်ပါဘူး။ တို့နဲ့ ဆိုင်တဲ့ ကိစ္စက တို့က သူ့ကို ချစ်တယ်၊ သူကလဲ တို့ကို ချစ်ဖို့ပါပဲ”

သူမက အံကြိတ်ပြီး မျက်နှာထားတင်းတင်းနှင့် ရှေ့ဆက် လျှောက်သည်။ ကျော်စိုးပိုင်ကိုတော့ ဒါမျိုး လုပ်လို့ မရ။ စကားလေးတစ်ခွန်း ပြန်ပြောအောင်တော့ လုပ်ကို လုပ်ရမည်။

“နာမည်လေး ပြောပါ၊ တို့နာမည်တော့ ပြောရပြီးတော့”

ငတိမက မျက်လုံးကို တအားပြူးပြီး ကြည့်သည်။ ကိစ္စမရှိ။ သည်အကြည့်လောက်ကိုတော့ ကျော်စိုးပိုင်တို့က ခံနိုင်ရည်ရှိ၏။

“မျက်လုံးကြီး ပြူးကြည့်တာက တို့အချစ်ကို မယုံလို့လား”

စကားကို မဆို။ လှမ်းနေသည့် ခြေလှမ်းကို ကြဲလိုက်၏။ အလှမလေးကို ကြည့်ပြီး ကျော်စိုးပိုင် စိတ်မှာ တိုချင်သလို ဖြစ်လာသည်။

တကယ်ဆိုလျှင် စဉ်းစားပါရစေဦးရှင်၊ ခုမြင်ခုချစ်ကြီးကို ကျွန်မက ဘယ်လို ယုံစားဝံ့မှာလဲ ဆိုသည့်စကားမျိုးကိုတော့ ပြောဖို့ ကောင်း၏။ ယခု အစိမ်းရောင်တွေက ပြလွန်းသည်။ စိတ်က သိပ်မရှည်ချင်တော့။

သည်အတိုင်း ရှေ့ဆက် လိုက်လို့ကလဲ မဖြစ်။

ရှေ့မှာ ရပ်ကွက်ရုံး ရှိသည်။ တစ်နေ့ကလို ရပ်ကွက်ရုံးထဲဝင်ပြီး ဘာဘာညာညာ လုပ်လျှင် ပြဿနာက တက်ရဦးမည်။

“အင်း...တစ်မျိုးကြီးပါပဲလားဟာ၊ အေးလေ တို့ကို ပါးစပ်က အဖြေပေးရမှာ ရှက်နေရင် ဒီနှင်းဆီပန်းလေး ယူသွားပါဟာနော်။



www.burmeseclassic.com

www.burmeseclassic.com



တို့ကို အဲဒီလောက်လေးတော့ သနားပါ"

ကျော်စိုးပိုင်က လက်တွင် ကိုင်ထားသော နှင်းဆီပွင့်ကို လှမ်းပေးသည်။

သူမက မယူ။

သည်တော့ ကျော်စိုးပိုင်က သူမ၏ အပြာရောင်ဆွဲခြင်းထဲသို့ ပန်းကို ထိုးထည့်ပြီး ချာခနဲ လှည့်ထွက်ခဲ့သည်။

ခြေလှမ်း ငါးလှမ်းမြောက်

ဖတ်ခနဲ ကျလာသံကြောင့် နံဘေးသို့ ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

မောပါပြီ။

ကြေကွဲစွာ ခံစားရမှုနှင့်အတူ လမ်းဘေးသို့ ကျလာသော နှင်းဆီပွင့်ကြီးနှင့်အတူ ကျော်စိုးပိုင် ကြည့်ရက်နိုင်စွမ်း မရှိတော့။ သူ မြတ်မြတ်နိုးနိုး ပေးခဲ့သည့် နှင်းဆီပွင့်ကြီးကို ကောက်ယူလိုက်သည်။

"ဟား…ဟား–…အပြတ်ရယ်ရတယ်"

ရင်မှာ ထိတ်ခနဲ ဖြစ်သွား၏။

ရယ်သံသည် အရှိန်ပြင်းပြင်းနှင့် သူ့နားစည်ကို လာရောက်ရိုက်ခတ်သည်။ နှင်းဆီပွင့်ကြီးကို လက်မှာ ကိုင်ပြီး အသံလာရာကို ပြူးပြူးပျာပျာ ကြည့်လိုက်တော့–

"ဟာ…နွဲ့…နွဲ့မွန်"

သူ တအံ့တသြ ဖြစ်နေသလောက် နွဲ့မွန်ကမူ သူ့ကို





ည့်ပြီး အသံထွက်အောင် ရယ်ဆဲ။ သူနွဲ့မွန်ကို ကြည့်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

"အစအဆုံး မြင်တယ်ကွာ၊ ကျော်စိုးပိုင်နဲ့ တူပါတယ် ပြီး ကားရပ်ပြီး သေသေချာချာ ကြည့်ရတာ။ ဈေးကနေ တစ်ပွင့်ကို ဆယ်အစိတ်နဲ့ ဝယ်လာတဲ့ နှင်းဆီပွင့်ကြီးတော့ အလဟဿ ပြီပေါ့ ကျော်စိုးပိုင်"

"ဟဲဟဲ …နွဲ့မွန်ပါလား"

အရှက်ပြေ ရယ်ပြီး နွဲ့မွန်ထံပါး လျှောက်ခဲ့၏။ နွဲ့မွန် နှာမှာတော့ အပြုံးတွေ ဝေနေသည်။

"နှစ်ဆယ်အစိတ်နဲ့ ဝယ်နိုင်တဲ့ အရည်အချင်း မရှိပါဘူး ရာ၊ မနက်အစောကြီးထပြီး သူများခြံထဲဝင်ပြီး ပိုင်ရှင်မသိအောင် ခက်ခဲခဲ ခူးထားရတဲ့ ပန်းပါ။ ခုတော့"

"မောပြီပေါ့ ဟုတ်လား"

ပြောပြီး နွဲ့မွန်က ရယ်ပြန်၏။

"အေးလေဟာ၊ တော်တော်အသည်းမာတဲ့ ဝေါ့မ၊ တစ်ခါထဲကို ရောပဲ"

"အချစ်မှာ ဒီလို အားပျက် စိတ်လျှော့လို့ ဘယ်ဖြစ်မလဲ စိုးပိုင်ရေ။ တစ်နေ့မဟုတ် တစ်နေ့ အဆင်ပြေမှာပေါ့"

"အဆင်တော့ ပြေမှာ မဟုတ်ပါဘူးဟာ၊ ရုပ်ကွက်ရုံးထဲ င်တိုင်လို့ အချုပ်ထဲရောက်မှာ။ ဟိုနေ့ကလဲ ရပ်ကွက်လူကြီးတွေ င်လို့ ချွေးပြေးဝက်ပြေး ပြေးရသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော်၊ ဒီလောက်ထိ ယူ့ကို မေတ္တာတွေ ပြန်ထားပါလားနော်"

သူနည်းနည်း ရှက်သွားသည်။

အစက မလိုက်ဖြစ်လျှင် သည်လို ရှက်ရလိမ့်မည် မဟုတ်။

ဒီကောင်မလေးကို ရင်ထဲက နှစ်နှစ်ကာကာ ချစ်လို့ကလားလို့ မေးလျှင်လည်း ဖြေရခက်မည်။ ရင်ထဲမှာက သိပ်အစွဲအလန်းကြီး မဟုတ်။ သူမ၏ ကိုယ်လုံးကိုယ်ထည် အချိုးကျကျ လှလှ ဝတ်ထားသည့် ဝတ်စုံ အရောင်အသွေးလေးများကို သဘောကျပြီး လိုက်ခဲ့မိခြင်းဖြစ်သည်။

"နွဲ့မွန် ဘယ်ကို လာတာလဲ"

"ပျင်းလို့ ကားလျှောက်မောင်းတာ၊ အဲဒါ လမ်းမှာ စိတ်ဝင်စားဖွယ်ရာ မြင်ကွင်းလေး တွေ့လိုက်လို့ ရပ်ကြည့်နေတာ"

"မလှောင်ပါနဲ့ နွဲ့မွန်ရာ"

"ဘာလဲ ကျော်စိုးပိုင် ခံစားမှုတွေ သိပ်ပြင်းထန်နေပြီလား"

သူက ပြုံးပြီး ခေါင်းကို ခါရမ်းပြသည်။

"ဘာရယ် မဟုတ်ပါဘူး"

"သြော်--ဘာရယ်လို့ မဟုတ်ဘဲနဲ့ အချစ်ကို အပျော်သဘော လိုက်တာလား။ ရရင်အမြတ်၊ မရလဲ အရင်းမဲ့ဆိုတဲ့ သဘော ပေါ့လေ"

"ဟာ အဲသလိုလဲ မဟုတ်ပါဘူး နွဲ့မွန်ရာ"

နွဲ့မွန်က သူ့ကို ရှုတည်တည်ကလေး လုပ်ပြီး ကြည့်၏။ သူက နွဲ့မွန်ကို မျက်နှာချိုသွေးလိုက်ပြီး





"နွဲ့မွန်နဲ့ ဒုတိယအကြိမ် ပြန်ဆုံရတာ တို့ သိပ်ဝမ်းသာတာပဲ"

"တို့ကတော့ ဒီတစ်ခါဆုံရတာ နည်းနည်း ဖျားချင်သလို ဖြစ်သွားတယ် ကျော်စိုးပိုင်"

"ဘာဖြစ်လို့လဲ"

"မြင်ရတဲ့ မြင်ကွင်းက ညစ်စရာကြီးလေ"

ပြောပြီး ကျောက်လေး တွန့်ပြသဖြင့် ကျော်စိုးပိုင်၏ လက်ထဲမှ နှင်းဆီပွင့်လေးပင် ယောင်နနနှင့် အောက်သို့ ပြုတ်ကျသွား၏။

"နွဲ့မွန်ရာ၊ အဲဒါတွေကို ခေါင်းထဲက ထုတ်ထားလိုက်စမ်းပါ။ နွဲ့မွန်နဲ့ ပြန်လည်ဆုံဆည်းတဲ့ အထိမ်းအမှတ်အနေနဲ့ တို့ တစ်ခုခု ကျွေးပါရစေ"

"ဘယ်မှာ ကျွေးမှာလဲ။ ဆီဒိုးနားလား၊ ထရေးဒါးလား၊ ဒါမှမဟုတ် လမ်းဘေးက ဆိုင်တစ်ဆိုင်လား"

"လမ်းဘေးက ဆိုင်တစ်ဆိုင်ကတော့ တို့ဘဝနဲ့ ထပ်တူထပ်မျှ ကျလိမ့်မယ် နွဲ့မွန်။ ကျွေးမယ့် အစားအစာကလဲ ဆင်းရဲသားတွေ တော်မက်မောမောစားတဲ့ အစားအစာပါ"

"ဘယ်လို အစားအစာမျိုးပါလိမ့်"

"ဟိုး လမ်းထိပ်က အကြော်တဲလေးမှာပါ နွဲ့မွန်။ အဲဒီမှာ ဆင်းရဲသားတွေ စားတဲ့ အစားအစာတွေ ရှိပါတယ်။ တို့ကို ချင်တယ်ဆိုရင် လိုက်စားပါလို့ ဖိတ်ခေါ်ပါတယ်"

နွဲ့မွန်ထံမှ အပြုံးလက်လက်ကလေး ပေါ်လာ၏။

"အများကြီး စားမှာနော်"



www.burmeseclassic.com

www.burmeseclassic.com



"စားပါ နွဲ့မွှန်၊ နွဲ့မွှန် ပြောတဲ့ ဟိုတယ်ကြီးတွေ
အကြွေးမရပေမယ့် အဲဒီဆိုင်ကလေးမှာ အကြွေးရပါတယ်"

"ဟင် ကျော်စိုးပိုင်က တို့ကို အကြွေးယူကျွေးမှာလား"

နွဲ့မွှန်၏ အထိတ်တလန့် ပြောဟန်ကို ကျော်စိုးပိုင်
ရယ်သည်။ နွဲ့မွှန်၏ အလှများကို ခံစားရင်း စောစောက ငတိမလေး
သူ မေ့သွား၏။

"သဘော ပြောတာပါ နွဲ့မွှန်၊ တို့ ဆင်းရဲပေမယ့် အကြေ
လောက်တော့ ပါပါတယ်"

ကားပေါ်တက်ဟု နွဲ့မွှန်က ပြောသောအခါ ကျော်စိုးပိုင်

"ဟိုမှာ နီးနီးလေးဟာ"

"ဩော်...ကျွန်မက ကျွန်မကားကို သည်မှာထားခဲ
စိတ်ချလက်ချ လိုက်ခဲ့ရမှာလား"

"အေးဟာ အဲဒါလည်း ဟုတ်သားပဲ။ ကားမှန် ဖွတ်ခံရ
နေရင်းထိုင်ရင်း တို့က တရားခံ ဖြစ်ဦးမယ်"

"ကဲ... တက်ပါ ကျော်စိုးပိုင်။ ယူက သိပ်ပြီးစကားပေ
တာပဲ။ ဒါနဲ့ ယူ့ နှင်းဆီပွင့်ကြီး ပြန်မကောက်တော့ဘူးလား"

နွဲ့မွှန်က မြေပေါ်တွင် ပြန့်ကြဲနေသော နှင်းဆီပွ
မေးငေါ့ပြရင်း ပြောသည်။

"ဘာလဲ...နွဲ့မွှန် ယူမလို့လား"

"အို ...တို့က သူများအတွက် ရည်ရွယ်ထားတာ
ဘယ်တော့မှ မယူဘူး"





"ဒါဖြင့် တို့ နောက်နေ့သူများခြံထဲက ဝင်ချိုးခဲ့မယ်လေ"

"ခိုးဝှက်ပြီး ယူလာတဲ့ ပန်းကို မပန်ချင်ပါဘူး"

"ဒါဖြင့် နွဲ့မွှန်အတွက် တို့ကိုယ်တိုင် နှင်းဆီပင် စိုက်မယ်။
အဲဒီအခါကျမှ ပန်းပေးရင် မငြင်းနဲ့"

နွဲ့မွှန်က မျက်စောင်းကြီး ထိုးပြီး 'တက် တက်'ဟု
အော်သဖြင့် ကားပေါ်သို့ ယောင်တောင်ပေါင်တောင် တက်လိုက်ရ၏။
အကြော်တဲလေးဆီသို့ ကားဘီး အလှိမ့်တွင်

"ဘာဖြစ်တာလဲဟာ စိတ်ဆိုးတာလား"

"မသိဘူး"

"သူ့အတွက်လဲကိုယ်တိုင် စိုက်ပြီး ပန်းပေးရမယ့်ဟာ"

"တော်တော့ ကျော်စိုးပိုင်"

ကားကလေးက အေးသက်၏ အကြော်တဲရှေ့မှာ ငြိမ့်ခနဲ
ထိုးရပ်သွားသည်။

* * *

သူတို့ကို မြင်သည်နှင့် အေးသက်၏ မျက်လုံးကလေး
ဝိုင်းလည်သွားသည်။ ကျော်စိုးပိုင်က အေးသက်ကို မလုံသည့်မျက်နှာနှင့်
ကြည့်၏။ အေးသက်ကတော့ ထင်မည်။ ဖွံ့လှချည်လားဟု။

ခု ကားနှင့်အချစ်နှင့် ဖြစ်လာသည်ဟုလည်း တအံ့တသြ
ရှိကောင်းရှိမည်။ ကျော်စိုးပိုင်က နွဲ့မွှန်ကို ခေါ်ပြီး ခပ်တည်တည်ပင်



www.burmeseclassic.com

www.burmeseclassic.com



အကြော်တဲကလေးအောက် ဝင်လိုက်၏။

လေးယောက်ထိုင် စားပွဲပုလေးမှာ ဝင်ထိုင်သည်။

နွဲ့မွန်က ထိုင်ရင်း အေးသက် မျက်နှာကို လှမ်းကြည့်သည်။ ပြီးတော့ ကျော်စိုးပိုင်မျက်နှာ။

"ကျော်စိုးပိုင်၊ ယူ့ အကြော်ရောင်းတဲ့ ကောင်မလေးကိုကော ကြံစည်နေတယ် ထင်တယ်"

တီးတိုးလေသံဖြင့် မေးသည်။

ယင်းစကားကို အေးသက် မကြား။ ဒယ်အိုးကြီးထဲမှ အကြော်များကို ဇန်းထဲ ခပ်ထည့်နေသည်။

"တစ်ခါမှ နှစ်ခါမယုံတဲ့ သဘောလား နွဲ့မွန်၊ ခု အကြော်ရောင်းနေတဲ့ အေးသက်က တို့ သူငယ်ချင်းပါ"

"အမှန်အကန်နော်"

"အဟုတ်ပါ၊ တို့မှာ ရည်းစား မရှိပါဘူး"

"အံမာ၊ ယူ့ မှာ ရည်းစားရှိတာ၊ မရှိတာကို စစ်ဆေးနေတာ မဟုတ်ပါဘူးနော်၊ အာမချောင်နဲ့"

သူ ရယ်တော့ အေးသက် မျက်စောင်းက ဝေ့ခနဲရောက်လာ၏။ တစ်ဆက်တည်းမှာပင် အေးသက်အသံ မာဆတ်ဆတ်က ကပ်ပါလာသည်။

"ဘာ စားမှာလဲ"

"ဒေါ်င်"

ဒယ်နှင့် သံယောက်မ ထိသံက နားထဲသို့ ဒိုင်းခနဲဝင်လာသည်။





အထိတ်တလန့်ဖြင့် လှည့်ကြည့်မိကြ၏။ အေးသက် မျက်နှာထား တည်ထားရုံမှအပ ဘာမှ မဖြစ်သလို။

"နွဲ့မွန် ဘာစားမှာလဲ"

"ဟင်...ယူပဲ ဆင်းရဲသား အစားအစာ ကျွေးမယ်လို့ ခေါ်လာပြီးတော့"

"အေးသက်ဆိုင်မှာ အစားအစာ သုံးလေးမျိုးရှိတယ်လေ။ မှုလေးပဲကြော် စားမလား၊ ငှက်ပျောကြော် စားမလား၊ ကြက်သွန် ကြော် စားမလား၊ ဘူးသီးကြော် လဲရတယ်"

"ယူ ကျွေးချင်တာ ကျွေးပါ။ တို့ကတော့ အလကား စားရရင် အပြတ်ဝါးမှာပဲ"

"အေးသက်ရေ...အကြော်စုံကို မျှထည့်ဟာ။ ပြီးတော့ အေးသက်ကို မိတ်ဆက်ပေးရဦးမယ်"

နွဲ့မွန်က အေးသက်ကို လှမ်းကြည့်သည်။ အကြည့်ချင်းဆုံတော့ ခြသွဲ့ဘွယ်ကောင်းလောက်အောင် အေးသက်မျက်နှာမှ အပြုံးကို သူ တွေ့ရပါ၏။ အေးသက် အကြော် လာချပေးတော့...

"အေးသက်"

"ဘာလဲ ကိုပိုင်"

"ဒါက နွဲ့မွန် တဲ့။ တို့နဲ့ ရင်းနှီးကျွမ်းဝင်တဲ့ မိတ်ဆွေပါ။ နွဲ့မွန် သူက အေးသက်ခိုင် တဲ့။ အေးသက်လို့ ရင်းရင်းနှီးနှီး ခေါ်လဲရတယ်။ အေးသက်က အဝေးသင်တက္ကသိုလ် တက်ရင်း အသက်ကို ရှာကန်နေတာ။ တို့ကို ခင်သလို အေးသက်ကိုလဲ ခင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာတယ်နော် အေးသက်။ တို့က ခင်မင်တတ်ပါတယ်
ခင်ခင်မင်မင်လဲ နေချင်ပါတယ်"

သည်လိုနှင့်...

အကြော်တဲလေးမှာ အကြော်စားရင်း အေးသက်နှင့် နွဲ့
ခင်မင်သွားကြ၏။

* * *

(၇)

သည်နေ့ ဖေဖေ့မျက်နှာ ထူးထူးခြားခြား ကြည်လင်နေ၏။ မေမေက ဖေဖေ့ နံဘေးမှာ ထုံးစံအတိုင်း စကားတွတ်ထိုးရင်း အဘိုးကြီးနှင့် အဖွားကြီး ရယ်ကြပြန်၏။

ကျော်စိုးပိုင်က မယောင်မလည်နှင့် အနားသို့ လျှောက်ခဲ့သည်။ မလှမ်းမကမ်းရှိ ဆိုဖာပေါ်တွင် ဝင်ထိုင်ပြီး စားပွဲပေါ်မှ မဂ္ဂဇင်းစာအုပ်ကို လှမ်းယူလိုက်၏။

"ထူးထူးခြားခြား ဒီမနက် ဘယ်မှ မထွက်ပါလားကွ"

မဂ္ဂဇင်းစာအုပ်ကို မျက်နှာမှ အသာနှိမ့်ချပြီး ဖေဖေ့ကို လှမ်းကြည့်သည်။ ဖေဖေ့ မျက်နှာက အေးအေးချမ်းချမ်း။

ခါတိုင်း အချစ်ကြောင့် နံနက် အစောကြီး လမ်းထွက်သွားသည့်အဖြစ်ကို ဖေဖေ သတိထားမိဟန်တူ၏။

"ဘယ်မှ မထွက်ပါဘူး ဖေဖေ။ အစောကြီးထပြီး စာ ဆျက်တာပါ။ ခု မျက်ရိုးတွေ ကိုက်လို့ အခန်းထဲက ထွက်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



စာကျက်သည်ဆိုသဖြင့် ဖေဖေနှင့်မေမေ မျက်နှာ ဝင်းခ လက်သွား၏။

"အင်း...ကြိုးစားပေါ့သားရယ်။ ဆယ်တန်းနှစ်ခါ ကျရတယ် ဆိုပြီး စိတ်ပျက်အားမငယ်နဲ့ပေါ့။ ဒီနှစ် ဆယ်တန်းကို အပြင်က ဖြေပေါ့။ ပညာလို အိုသည်မရှိဘူးပေါ့ကွာ။ ပညာတတ်ဆိုတာ ဘယ်သူနဲ့ ယှဉ်ယှဉ် ခေါင်းတစ်လုံး ပိုမြင့်တာပဲ။ ဖေဖေတို့မှာ မွေးထားတာ သားတစ်ယောက်ထဲ။ ဖေဖေဆိုတာလဲ ပညာတတ် သားမေမေဆိုလဲ ပညာတတ်။ အဲဒီတော့ သားကိုလဲ ပညာတတ် ဖြစ်စေချင်တယ်။ သား ပညာတတ် ဖြစ်ဖို့အတွက် ဖေဖေတို့ စည်းစိမ်ဥစ္စာတွေကို ဘယ်လောက်ပဲ လမ်းခင်းပေးရပေးရ။ သားကသာ စာကြိုးစားပါ"

"ကြိုးစားပါတယ် ဖေဖေ"

"စာမေးပွဲဆိုတာ မအောင်ရင် ရှုံးမယ်။ မရှုံးရင် အောင်မယ် ဆိုတာ ဖေဖေ နားလည်ပြီးသားပါ။ အေး...ခဏခဏရှုံးနေရင်တော့ မကောင်းဘူးပေါ့"

"နှစ်ခါထဲပါ ဖေဖေ"

မေမေ့မျက်လုံးက သူ့ထံ ဝေ့ခနဲ ရောက်လာ၏။

"ပညာရှာချိန်မှာလဲ ဟိုဟိုသည်သည် စိတ်တွေ မမွေးရဘူး သားရ။ ဟိုဟိုသည်သည်စိတ်တွေ ဆိုတာက ရည်းစားသနာပေါ့ကွာ"

"သား ဝါသနာ မပါဘူး"

သည်စကားကို တော့ ဖေဖေက အနည်းငယ် မျက်စချီ၏။





"ကောင်းတာပေါ့ကွာ။ သား ပညာတွေ တတ်လို့ အချိန်အခါ သင့်လာရင် ဖေဖေတို့ ကိုယ်တိုင် ရှာပေးမှာပါ"

"ဝါသနာ မပါဘူးဆိုမှတော့ မိန်းမလဲ ဘယ်လိုချင်ပါ့မလဲ ဆဖေ"

ဖေဖေက ပြုံး၍ မေမေ့ဘက် လှည့်ပြီး

"ဟော့...မေ၊ မေ့သားက သိပ် လိမ္မာနေပါလား"

"မေ့သားက လူဆိုးလူမိုက်မှ မဟုတ်ဘဲ ကိုကို"

ဖေဖေနှင့်မေမေ ရယ်ခြင်း မဆုံးခင် ခြံဝ ဝင်းတံခါးမှ ဆိုလိုက်သည့် လူခေါ် ဘဲလ်သံက ဧည့်ခန်းအတွင်းသို့ အရှိန်ပြင်းပြင်း င်ရောက်လာ၏။ မေမေက မှန်ပြတင်းမှ တစ်ဆင့် ခေါင်းပြူ ကြည့်သည်။

"ဘယ်သူတွေ ပါလိမ့်၊ ဆွေမ တံခါး သွားဖွင့်စမ်း"

မှန်ဘီရိုများကို ဖုံသုတ်နေရာမှ ဆွေမ အပြေးကလေး ထွက်သွားသည်။ ဆွေမ ပြန်ရောက်လာသောအခါ နောက်မှ ဧည့်သည် သုံးလေးယောက် ပါလာ၏။

နောက်ဆုံးမှ ဧည့်သည်အဖြစ် ပါဝင်လာသည့် အလှမလေး ကြောင့် ကျော်စိုးပိုင် မျက်လုံး ဝိုင်းဝိုင်းကြီး ပြူးထွက်သွားသည်။

"ဟိုက်...ပြဿနာတော့ အိမ်ပေါ်ကို ဒါရိုက် ရောက်လာ ပါပေါ့လား"

ကျော်စိုးပိုင် ရင်မှာ မီးတောင်တစ်ခုလို ပေါက်ကွဲမှု ဖြစ်ပေါ် သွားပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို ဘယ်လို ထားရမှန်းပင် မသိတော့။

အကြည့်အားလုံးက ကျော်စိုးပိုင် မျက်နှာဆီသို့ တန်းခနဲ ရောက်လာ၏။

ကိုယ်သာ ဖျောက်နိုင်စွမ်းရှိလျှင် ကျော်စိုးပိုင်သည် ကိုယ်ကို ဖျောက်ပြီး ဧည့်ခန်းမှ ပြေးထွက်ချင်လှပြီ။

* * *

"အဲဒါပါပဲ ဦးတင်မောင်စိုး။ ဒီက ဦးဝင်းနောင်တို့ ရပ်ကွက်ရုံးကို လာတိုင်တုန်းက ဘယ်သူမှားပါလိမ့်လို့ တော်တော် စဉ်းစားယူတရယ်။ ဦးဝင်းနောင်သမီးက ရတနာစိန်လျှံခြံက ကောင်လေးဆိုမှ ဦးတင်မောင်စိုးရဲ့ သားမှန်း သိကြရတာ"

ကျော်စိုးပိုင် မျက်နှာတစ်ခုလုံး ထူပူနေ၏။

ရပ်ကွက်လူကြီး ဦးအေးရွှေ၏ မျက်နှာကိုပင် လှမ်းကြည့်နိုင်စွမ်း မရှိတော့။

"တောက်"

ဖေဖေ့ တောက်ခေါက်သံမှန်း သူ သိသည်။ သူ့အနေနှင့် ခေါင်းကို ငိုက်စိုက်ချထားရုံကလွဲပြီး ဘာမှ မတတ်နိုင်တော့ပါချေ။

သည့်နောက် ဦးဝင်းနောင်ဆိုသည့် သူ့မ ဖခင်၏ အသံကို ကြားရသည်။

"လာတိုင်တာက ကလေးကို ရိုက်စေချင်တဲ့ သဘောနဲ့ လာတိုင်တာ မဟုတ်ပါဘူး ဦးတင်မောင်စိုး။ သမီးက နေ့တိုင်း





သွားရတော့ ပြဿနာ ထပ်ဖြစ်နေမှာ စိုးလို့ပါ။ ပြီးတော့ တော့်သမီးလေးက စကား မပြောတတ်ရှာပါဘူးခင်ဗျာ"

"အာ...ဟုတ်လားဗျာ"

ဖေဖေ့အသံနှင့်အတူ သူ အလုမလေးကို ဖျတ်ခနဲ လှမ်းကြည့် က်သည်။ သူမက ခေါင်းကို ငုံ့ထား၏။

"ကိုယ်ခွဲလက်ခွဲ မရှိတော့ ဈေးကို သမီးလေးကို လွှတ်ရ ပါဗျာ။ ဝယ်စရာ ခြမ်းစရာကို စာနဲ့ရေးမှတ်၊ ဈေးသည်ကို တ်ပြပြီး ဝယ်ရတာပါ"

"စိတ်မကောင်းလိုက်တာဗျာ"

ပြောပြီး ဖေဖေက သူ့ဘက် လှည့်၍

"ဟေ့ကောင်...ကျော်စိုးပိုင်"

သူ မလှုပ်မယှက်။ ကျောက်ရုပ်တစ်ရုပ်လို နေလိုက်၏။ ဖေ့ကို ပြန်ပြောရန် စကားလုံးများလဲ မရှိ။

"ကဲ...ခွင့်ပြုပါဦး ဦးတင်မောင်စိုး။ လာတိုင်ရတာကို လဲမကောင်းပါဘူး"

ဖေဖေနှင့် မေမေ ကို နှုတ်ဆက်ပြီး ထိုင်ရာမှ ထသည်။ က ခြံတံခါးဝအထိ လိုက်ပို့၏။

အားလုံး အပြင်ရောက်ချိန်ဝယ် ကျော်စိုးပိုင် ထိုင်ရာမှ ခနဲ ထသည်။ မေမေက လှမ်းကြည့်ပြီး

"အံ့ပါရဲ့ သားရယ်"

သူ ချာခနဲလှည့်ပြီး အိပ်ခန်းထဲ ဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကုင်ပေါ် လှဲလျောင်းရင်း ဖေဖေ့အသံကို နားစွင့်နေဆဲမှာ
"ဟိုကောင်ကော၊ ဟိုကောင် ဘယ်ရောက်သွားလဲ"
မှန်တိုင်းသည် ရုတနာစိန်လှုံခြံကြီး၏ အလယ်ဗဟိုတွင် အားပြုလျက်ရှိပါ၏။
"တိုးတိုးတိတ်တိတ် လုပ်ပါ ကိုကို"
မေမေ့အသံ အေးအေးချမ်းချမ်းကို ကြားရသည်။
"တိုးတိုးတိတ်တိတ် မလုပ်နိုင်ဘူးကွ။ မင်း သား လုပ်ပုံတွေက ဟုတ်သလားကွ။ လူကြီးတွေနဲ့ လာတိုင်ရတယ် ဆိုကတည်းက ငါ့သိက္ခာ ဘယ်လောက်ကျနေပြီလဲ"
"အိုရှင်၊ ဘာသိက္ခာကျရမှာလဲ။ မေ့သားက လူပျို၊ သူ့သမီးက အပျို။ အပျိုကို လူပျို လိုက်တာ ကမ္ဘာကြီး ပျက်စီးမဲ့အလုပ်ကို လုပ်တာမှ မဟုတ်ပဲ"
"မင်းဟာ ဘာပဲဖြစ်ဖြစ် မင်း သားဘက်ကနေ ကာဆီးကာဆီး လုပ်နေပါလား မေ။ ဖအေတစ်ယောက်အနေနဲ့ ငါ ဆုံးမ,တာကို မင်း အေးအေးသက်သာ ကြည့်နေစမ်းပါ။ ခု ကြည့်စမ်းကွာ ဆွဲ့အတဲ့ ဒုက္ခိတမလေးကိုတောင် မင်းသားက ချမ်းသာမပေးဘူး"
မေမေ နှုတ်ဆိတ်သွား၏။
"ခု ဟိုကောင် ဘယ်ရောက်သွားလဲ"
"အိမ်ခန်းထဲမှာ ကိုကို၊ သား စာကြည့်နေတယ်"
မေမေက ကာဖြစ်အောင် ကာပေးသေး၏။
"လုပ်မနေနဲ့။ မင်း သား စာကြည့်နေတယ် ဆိုတာကို ငါ





အယုံအကြည် မရှိဘူး။ ဟော့ကောင် ကျော်စိုးပိုင်"
ခေါ်သံဝယ် ကမ္ဘာပျက်မိုးကြီး ထည့်ထားသလားဟု ကျော်စိုးပိုင် ထင်မိသည်။ သူ ပေပြီး ထိုင်နေ၍ မဖြစ်တော့။ ဖေဖေ့ကိုတော့ သူ အသေကြောက်ပါ၏။
အိမ်ခန်းတံခါး ဖွင့်ပြီး ခပ်ရှိ့ရှိ့ကလေး ထွက်ခဲ့သည်။ ဖေဖေ ရှေ့ရောက်သောအခါ ခေါင်းကို ငိုက်ချထားသည်။
"ဟော့ကောင်"
သူ မော့ကြည့်သည်။
"ခု မင်းလုပ်ပုံတွေ ကောင်းသလားကွ"
"သူနဲ့သားနဲ့က ဘာဖြစ်သေးလို့လဲ ဖေဖေ"
"ဘာမှတော့ မဖြစ်သေးဘူးပေါ့ကွ၊ မင်းက လိုက်လိုက်ပြီး နှောက်ယှက်နေတာ ကောင်းမလား"
"နှောင့်ယှက်တာမှ မဟုတ်ပဲ ဖေဖေ။ သူ့ကို စိတ်ဝင်စားလို့ ပန်းလိုက်ပေးတာပဲဟာ"
"အံမာလေးလေး ကြည့်စမ်း၊ မေမေ မြတ်မြတ်နိုးနိုး စိုက်ထားတဲ့ ပန်းတွေကို မင်းက ရည်းစားတွေ ပေးပစ်တယ်"
ကျော်စိုးပိုင် ရင်မှာ ဟိုက်ခနဲဖြစ်သွားသည်။ ပန်းပြဿနာကို မပြောဘဲနေလျှင် မေမေ့မဲတစ်မဲက သူ့ဘက်မှာ အပြည့်အဝ ရှိနိုင်၏။ ယခု လျှာက သွားပြီးခေါက်ရသေးသည်။
ဖေဖေကမူ မေမေ့ကို ပြုံးစစနှင့် ကြည့်၏။ ဘယ့်နှယ် ဆိုသည့်သဘော။ မင်း သား နောက်ပိုးရှုံးက မအေစိုက်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပန်းတွေ ခိုးပြီး ကောင်မလေးတွေ လိုက်ပေးနေတာဆိုသည့်သဘော။ သူ့ ချောင်မှာ ရေရေလည်လည် ပိတ်မိနေ၏။

"သိပ်တော်တဲ့ သားပေါ့ကွာ။ စောစောက မအေနဲ့ ဖအေကို ပြောတော့ ရည်းစားဆိုတာ ဝါသနာ မပါဘူး။ မိန်းမယူဖို့ စိတ်ကူးထဲတောင် မထည့်ဘူးလေး ဘာလေးနဲ့ မင်း မိဘကိုပါ ညာတဲ့ကောင်ပဲ ကျော်စိုးပိုင်"

ကျော်စိုးပိုင် နှုတ်ကို ဆိတ်ထားသည်။ ခုမှတော့ ခါးစည်းခံရုံသာ ရှိ၏။ မိမိလွှန်ကျူးထားသည့် စကားက လုံးဝ ထွက်ပေါက်မရသလို ဖြစ်နေ၏။

"ခုဖြစ်ပုံက တကယ့်ကို ကျော်မကောင်း ကြားမကောင်းဘူး။ တိုင်လို့ ရပ်ကွက်လူကြီးတွေပါ ရောက်လာတယ် ဆိုကတည်းက ဘယ်လောက် ရှက်ဖို့ကောင်းလဲ။ နေပါဦးကွ။ မင်းက အဲဒီ ကောင်မလေးကို တကယ်ကြိုက်လို့လား"

"ဘာရယ်လို့ မဟုတ်ပါဘူး ဖေဖေ"

"ကောင်းကွာ၊ မင်းတို့ခေတ်က မိန်းကလေးတစ်ယောက်ကို ဘာရယ်လို့ မဟုတ်ဘဲနဲ့ လိုက်လို့ ရသလား၊ ချစ်လို့ ရသလားကွ"

"သား နောက်ကို လိုက်လဲမလိုက်တော့ဘူးဖေဖေ။ ချစ်လဲ မချစ်တော့ပါဘူး"

သူမျက်နှာငယ်လေးနှင့် ပြောတော့ ဖေဖေ ပင့်သက်ချ၏။ ဖေဖေ့မှာ ဒေါသတော့ နည်းပါးသွားပါပြီ။

"ပြောလိုက်ရင်တော့ မင်း မျက်စိသူငယ်နဲ့ မိဘကွယ်ရာ





ရင်တော့ လုပ်ချင်တာ လုပ်တဲ့ကောင်။ ခုဖြစ်ရပ်ကတော့ ဖေဖေ င်းကို နှုတ်နဲ့ အပြင်းထန်ဆုံး သတိပေးလိုက်တာပဲ။ နောက်တစ်ခါ ရင်တော့ ဖေဖေ ခွင့်မလွှတ်ဘူး"

"စိတ်ချပါ ဖေဖေ"

"နောက်ပြီး ဆွဲ့အတဲ့ ဒုက္ခိတမလေးကိုတော့ ချမ်းသာ ပါကွာ။ မင်းဟာက အကောင်းလဲ မရှောင်၊ အ,အလဲ မရှောင်နဲ့၊ ရဲ့ ဂုဏ်သိက္ခာကိုတော့ နည်းနည်းပါးပါးလေး ထိန်းပါဦး"

ပြောပြီး ဖေဖေ အပေါ်ထပ် တက်သွားသည်။ အောက်ထပ် ခန်းတွင် သူနှင့် မေမေ ကျန်ခဲ့၏။ မေမေက သူ့ကို မျက်စောင်း နဲ့ ထိုးကြည့်ပြီး

"အကောင်းမှန်း အ,အမှန်း မသိနဲ့ မင်းမို့ သားရယ်၊ ပါရဲ့"

"သားက အစက အဲသလိုမှန်းမှ မသိတာ မေမေ၊ ဆွံ့အ ရင်တော့ ဘယ်လိုက်မလဲ"

"ဖုံစမ်းမေးမြန်းခြင်းတောင် မပြုနိုင်ရလောက်အောင် တော်တော် ကပိုးထတယ်"

"ယောကျ်ားလေးကိုး မေမေရာ"

"မင်းဖေဖေ ငယ်ငယ်တုန်းက ဒီလို မဟုတ်ပါဘူး"

"သိလို့လား"

"သွား၊ ခွေးကောင်လေး"

အရယ်ကို ထိန်းချုပ်ပြီး မေမေက သတင်းစာနှင့် လူမ်း



www.burmeseclassic.com

www.burmeseclassic.com



ရိုက်သည်။ ကျော်စိုးပိုင်က တဟားဟား ရယ်၏။

ရယ်ရင်း ကောင်မလေးကို သူ သွားသတိရသည်။

ဩော်...တို့ ဦးညွှတ်ပြီးတော့ကို တောင်းပန်ပါတယ် ကျေနပ်ပါ။

* * *

(၈)

ရန်ပိုင်အောင် မြစိမ်းခြံကြီးကို ပြန်မလာသည်မှာ ရက်သတ္တပတ် ...ပတ်ရှိပြီ။ ရန်ပိုင်အောင်နှင့် ပတ်သက်သည့် စကားကို ...ိုကိုအောင်သည် ဒေါ်ခင်လှဲမွန်ကို စကားတစ်လုံးတစ်ပါဒမျှ ...ခဲ့ချေ။ ဒေါ်ခင်လှဲမွန်ကလည်း စ၍ မမေးဖြစ်ခဲ့။ ဖြစ်ခဲ့ရသည့် ...ကြောင်းအရာများကို စဉ်းစားတိုင်း ဒေါ်ခင်လှဲမွန်၏ ရင်မှာ ...ချင်ခြင်း ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားရပါ၏။ ခင်ပွန်းသည် ...ိုကိုအောင်၏ ရင်သွေးဆိုသည့် အသိနှင့် သားအရင်းနှင့် မခြား ...တ္တာပေးခဲ့သည်။

သို့သော်လည်း မေတ္တာပြန်လည် မရရှိခဲ့သည့်အပြင် သမီး ...သူကိုလည်း ညီမလေးနှယ် စောင့်ရှောက်ရမည့်အစား ဖျက်စီးရန် ...သည်ခဲ့၏။

ဒေါ်ခင်လှဲမွန် ပင့်သက်ကို အသာချလိုက်သည်။

နံရံမှ နာရီကြီးကို လှမ်းကြည့်လိုက်၏။

ညနေ လေးနာရီ တိတိ။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ပြန်မလာသေးပါလား၊ မနက်က ကိုအောင် သမီးကို ဝင်ကြိုခဲ့လို့ မပြောဖြစ်လိုက်ဘူး"

တစ်ဆက်တည်းစင် ရွှေကြည်ကို သနပ်ခါးအသွေးနိုင်းထား ဒေါ်ခင်လှဲမွန် ခြံထဲဆင်းခဲ့၏။ သစ်ခွတန်းကို ဖြတ်ပြီး ကျောက်လ ကလေးအတိုင်း လျှောက်ခဲ့သည်။ ဆားပင့်ကွာတာ ရှေ့ ရောက်သောအခါ အတွင်းဘက်သို့ လှမ်းကြည့်ပြီး

"ဘယ်သူမှ မရှိဘူးလား"

"ရှိတယ် လှဲ ရှိတယ်"

ဒေါ်မေထား မီးဖိုဘက်မှ အပြေးကလေး ထွက်လာ၏။

"ကိုလှုပုကော ဒေါ်ထား"

"နွဲ့မွန်ကို သွားကြိုတယ်လေ"

"ဩော် ...ဟုတ်သားပဲ၊ မနက်က ညနေကျ သမီး သွားကြိုဖို့ မှာထားတာ မေ့နေတယ်။ ခုတလော သတိ တယ်မကောင်းချင်ဘူး ဒေါ်ထားရယ်"

"အလုပ်တွေ များလို့ ဖြစ်မှာပါ"

"အင်း... အဲဒါပဲ ဖြစ်မှာပါ။ စိတ်ရှုပ်စရာကလဲ ပေါ် သေးတာကိုး"

အကျိုးအကြောင်း သိထားသော်လည်း ဒေါ်မေထား မ ကျိုးကျွံပြုနေပြီး ဆက်လာမည့်စကားကိုသာ နားစိုက်နေ၏။

"လောကကြီးမှာ အသက်တစ်ရာ မနေကြရပေမယ့် အ တစ်ရာတော့ တွေ့တတ်ကြရတာပဲလေ။ ဒါက ရှောင်လွှဲလို့ မရ





တာရားသဘောတွေပဲ"

ဒေါ်မေထားက အလိုက်သင့် ခေါင်းညိတ်သည်။

"ကျွန်မမှာ မာန ရှိတာ ရှိတာပဲ။ ဘဝကို အေးအေးချမ်းချမ်း နေချင်တာ။ ပြဿနာတစ်ခုခု ဖြစ်လာရင် ခေါင်းကို ခဲရော။ ဘဲ...သွားဦးမယ် ဒေါ်ထား။ ဦးလှုပုလာရင် သစ်ခွတိုင်အသစ်တွေ အပ်စိုက်ဦးမယ်လို့။ မနက်ဖြန် ကျွန်မ မျိုးအသစ်တွေ ယူလာဦးမှာ"

"ပြောလိုက်မယ် လှဲ။ မနက်က ကိုလှုပု သစ်သားတွေ ရွှေပေါ်ထိုးနေတာကိုတော့ မြင်တယ်"

ဒေါ်ခင်လှဲမွန်က ခေါင်းညိတ်ပြပြီး တိုက်ဘက်သို့ ပြန်လျှောက် ခဲ့သည်။

သံတံခါး ဆွဲဖွင့်ပြီး ဝင်မည်အပြုတွင် ခြံထဲသို့ ကားဝင်လာသံ ကြားသည်။ လှည့်အကြည့်မှာ နွဲ့မွန် ကားပေါ်မှ အပြေးကလေး ဆင်းလာသည်ကို မြင်၏။

"မေမေ"

"ဘာလဲ သမီး"

"ဒီလအတွက် သမီးအသုံးစရိတ် ဓောပြီး ပြတ်သွားပြီ မေမေ"

"ဟင်...သမီးက ဘာတွေ သုံးပစ်လို့လဲ။ လကုန်ဖို့ ဆယ်ရက်တောင် လိုသေးတာ"

"သမီး သုံးဖြုန်းပစ်တာတော့ မဟုတ်ပါဘူး မေမေ။ သမီး ခင်မင်စရာ ကောင်းပြီး လေးစားသနားစရာကောင်းတဲ့ ကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဆုံဆည်းခဲ့ရလို့ပါ"

တိုက်ထဲဝင်တော့ နွဲ့မွှန်က သူ့ မေမေ၏ လက်မောင်းကို ဆုပ်ဖက်လိုက်၏။

"ကောင်မလေးနာမည်က အေးသက်ခိုင်တဲ့ မေမေ။ သမီးနဲ့ သိရတာ ရက်ကလေး ကြာပါပြီ။ အဲဒါ မေမေရာ အေးသက်ခိုင်က အကြော်ရောင်းပြီး ပညာရှာရတာ။ သမီးလို တက္ကသိုလ်တက်ပြီး ပညာသင်နိုင်တာ မဟုတ်ဘူး။ အဝေးသင် တက်ရရှာတာ"

ဒေါ်ခင်လှဲ့မွှန် စိတ်လက်ရှည်စွာ နားထောင်သည်။

"သမီးလိုပဲ အေးသက်က အဝေးသင် ဒုတိယနှစ် မေမေ။ စာရွက်စာတန်းကြေးအတွက် ငွေကြေးပေးပြီး ကူညီလို့ ဘယ်ကောင်းမလဲ မေမေရဲ့။ အေးသက်ကလဲ ယုံမှာ မဟုတ်ဘူး။ အဲဒါ သမီးက စာအုပ်တွေ ဝယ်ပြီး လက်ဆောင်အနေနဲ့ ပေးတာ။ အေးသက်လေ ဝမ်းသာလွန်းလို့ ထင်ပါရဲ့။ လှမ်းယူတဲ့ လက်ကလေးတွေ တုန်လို့"

ဒေါ်ခင်လှဲ့မွှန်က နွဲ့မွှန်၏ မျက်နှာကို ခပ်စူးစူး ကြည့်သည်။ ရင်မှာ ပြောချင်သည့် စကားများက ကျပ်သိပ်နေ၏။ သို့သော်လည်း ပြောမထွက်ဖြစ်။

သမီးကို ချစ်သော်လည်း အလွှာ၏ အောက်ဆုံးတန်းမှ လူတန်းစားများနှင့် ပေါင်းသင်းဆက်ဆံသည်ကို တော့ ဒေါ်ခင်လှဲ့မွှန် မကြိုက်။ သို့ကြောင့်လည်း သမီး၏ စကားများကို ထောက်ခံခြင်း၊ အားပေးခြင်း မပြုခဲ့ချေ။ ခပ်မဆိတ်သာ နေလိုက်သည်။

"သမီး လေ့ကျင့်ခန်း လုပ်လေ၊ ပြီးရင် ရေမိုးချိုးထားပေါ့။





ေလာရင် ထမင်းစားကြရအောင်"

"အင်း...ဟုတ်သားပဲမေမေ။ သမီး လေ့ကျင့်ခန်း သုံးလေးရက် ်သွားတာ ခါးကလေး နည်းနည်း တုတ်ချင်လာတယ်"

ဒေါ်ခင်လှဲ့မွှန်က သမီးဖြစ်သူကို ခြေဆုံးခေါင်းဆုံး ကြည့်၏။

"မသိသာပါဘူး သမီးရဲ့။ ပေမိဒေါက်မီ အရပ်အမောင်းက ာကွယ်ပေးထားတာပဲဟာ"

"ဒါဖြင့် သမီးက လှတယ်ပေါ့"

ဒေါ်ခင်လှဲ့မွှန် ခေါင်းညိတ်ပြသည်ကို နွဲ့မွှန်က အသံကလေး ်အောင် ရယ်ပြီး

"မေမေနော်၊ သမီးကို ကပ်မြှောက်မနေနဲ့၊ မေမေ့ကို ်ကျွေးစရာ ပိုက်ဆံတစ်ပြားမှ မရှိတော့ဘူး"

"ဒါဖြင့် မေမေက ချေးမယ်လေ"

"ဟင် မေမေကလဲ သမီး ဘယ်တော့ ပြန်ဆပ်နိုင်မှာ ို့လဲ"

"သမီး ဘွဲ့ရ၊ အလုပ်ရတော့ ပြန်ဆပ်ပေါ့"

"ဒါဆို လုပ်လိုက်လေ မေမေ၊ ကြာသလားလို့"

ပြောပြောဆိုဆို နွဲ့မွှန်က ဒေါ်ခင်လေးမွှန်၏ ပါးကို ြမ်းကြမ်းကလေး နမ်းသည်။ ရင်မှာ အေးမြသွားရပါသည်။

သြော်... သမီးလေး၏ အနမ်းသည် ဒေါ်ခင်လှဲ့မွှန်အတွက် ာအေး အနမ်းလေး ဖြစ်ပါချေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



ညနေ မအေးမိ ဦးကိုကိုအောင် ပြန်ရောက်လာသည်။

မျက်နှာ သိပ်မကောင်းသည့်အဖြစ်ကို ဒေါ်ခင်လှဲမွန် သတိ မိ၏။ ထွေထွေထူးထူး စကားမဆိုဖြစ်ဘဲ ဖရက်ဂျီတာထဲမှ အအေ တစ်ဘူးကို ထုတ်ယူလိုက်သည်။

"အမောပြေ ကိုအောင် ခဏတစ်ဖြုတ် နားပြီးတော့ ရေချိုးပေါ့"

ဦးကိုကိုအောင်က ထွက်သက်ကို ဖူးခနဲ မှုတ်ထုတ်သည် ဒေါ်ခင်လှဲမွန်က ဦးကိုကိုအောင်နံဘေးမှာ အသာဝင်ထိုင်သည်။

"မျက်နှာက မကောင်းသလိုပါလား ကိုအောင်"

တစ်ပင်လဲ၍ တစ်ပင်ထူခဲ့သော်လည်း ချစ်လင်ကို ရင်နှင့်အ ချစ်သည်ကို ဒေါ်ခင်လှဲမွန် ကိုယ့်ကိုယ်ကိုယ်သိသည်။

ခင်ပွန်းသည်က သားဆိုးဖအေ ဖြစ်သော်လည်း လူ လူဖြောင့်၊ လူကောင်း။ သည်ဖြောင့်မတ်တည်ကြည်မှုများကြောင့် ဒေါ်ခင်လှဲမွန်သည် ဦးကိုကိုအောင်နှင့် ဘဝကို လက်တွဲခဲ့ခြင် ဖြစ်၏။

"ဆိုင်မှာ စိတ်အခန့်မသင့်စရာတွေနဲ့များ ကြုံခဲ့ရလို့လာ ကိုအောင်"

ဗိုလ်ချုပ်ဈေးမှာ ရတနာဆိုင် ဖွင့်ထားသည်။ ဒေါ်ခင်လှဲမွန် ပြည့်ဖွန်သူဖြစ်ပြီး ဦးကိုကိုအောင်က ဆိုင်ဝန်ထမ်းများကို စီမံခန့် အုပ်ချုပ်ရသည်။

"ဆိုင်မှာ အခန့်မသင့်စရာ ဘာမှ မဖြစ်ခဲ့ပါဘူး။ သည်





မြဲဆယ်ပွင့် အရောင်းအဝယ် ဖြစ်သွားတယ်။ ဈေးကို လှဲ သတ်မှတ်ထားတဲ့ ဈေးထက်တောင် ကိုအောင် တင်လိုက်သေးတယ်"

"ဒါနဲ့များ ကိုအောင်ရယ်"

"မဟုတ်ဘူး လှဲ။ လမ်းမှာလေ ဟိုကောင် ခွေးကောင် ကိုအောင်နဲ့ တွေ့ခဲ့တယ်"

စကားကို မဆိုဘဲ နှုတ်ကို ဆိတ်ထားလိုက်သည်။ ဆက်လက် လာမည့်စကားကိုမှ နားစွင့်သည်။

"လမ်းထဲကွေ့အဝင်မှာ ကားကို ရှေ့ကနေ ရပ်ပြီး တားတယ်။ ကိုအောင်က အသေ တိုက်ပစ်လိုက်မယ်လို့တောင် စိတ်ကူးလိုက် သေးတယ်"

"ဩော်... ကိုအောင်ရယ်၊ ကိုယ့်ရင်သွေးပဲ မဟုတ်လား"

အအေးဘူးမှာ ထိုးစိုက်ထားသည့် ဖယောင်းပိုက်ကလေးကို ငုံ့စုပ်ပြီး ဘူးကို စားပွဲပေါ် ပြန်တင်လိုက်၏။

"တော်တော် လူပါးဝတယ်၊ ဖေဖေ အမွေမပေးရင် ဆိုင်ရာက စကားပြောရလိမ့်မယ်တဲ့။ ခု လတ်တလော ဖေဖေ့မှာ ဘယ်လောက် ပါသလဲတဲ့၊ ပါရင် ပါသလောက်ကို စရံအဖြစ်ပေးခဲ့တဲ့။ ဘယ်လောက် လူပါးဝလဲဆိုတာ လှဲ စဉ်းစားကြည့်စမ်း။ ကိုအောင် စိတ်မထိန်းနိုင်လို့ နားရင်းနှစ်ချက်ဆင့်ပြီး ရိုက်ပစ်ခဲ့တယ်"

"မူးများနေလို့လားဟင်"

"အင်း...အဲဒါတော့ ဖြစ်နိုင်တယ်။ ဒီကောင် စကားပြောတာ လေးတွဲ့တွဲ့ကြီးနဲ့ လှဲ၊ မျက်လုံးတွေက မှုမမှန်ဘူး။ သူက



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင့်ကိုတောင် ခံတန်တန်နဲ့လေ၊ ကိုအောင်စိတ်ကို အရမ်းချုပ်ပြီး ကားကို မောင်းထွက်ခဲ့တာ"

"သူတစ်ယောက်ထဲလား ကိုအောင်"

ဦးကိုကိုအောင် တွေခနဲ စဉ်းစားသည်။ ရန်ပိုင်အောင်ကို နာရင်းရိုက်စဉ်က မလှမ်းမကမ်းရှိ ဗာဒံပင်အောက်မှ လူကြီးတစ်ယောက်နှင့် လူငယ်တစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်ကို သတိပြုမိ၏။

"သူ့အဖော်တွေ ပါတယ် ထင်ပါရဲ့ လှဲ့ရယ်။ ကိုအောင်ကလဲ သေသေချာချာ မကြည့်ဖြစ်ဘူး"

"လှဲ့တို့ လုံခြုံရေးကို ထိပါးများလာမလား"

ကြောင့်ကျစိတ်က ဒေါ်ခင်လှဲ့မွန် ရင်ထဲ ဝင်လာသည်။ ဒီကြောင့်ကျမှုကလဲ သမီးနှင့် ဆက်နွယ်ပါ၏။

"အဲသလောက် ပူပင်မနေစမ်းပါနဲ့ လှဲ့ရာ၊ ကိုယ့်သွေး ဖြစ်နေပစေ သူစိမ်းပုံစံ လာလို့ကတော့ အသက်ချင်း လဲပစ်လိုက်မယ်"

"ကဲ...စိတ်လျှော့တော့ ကိုအောင်း ရေမိုးချိုးတော့၊ ခုဆို သမီးလဲ ရေချိုးပြီးရော့မယ်"

"သမီး ရောက်ပြီလား"

"ရောက်ပြီ၊ သမီးက သူ့လခထဲက ပညာဒါန လုပ်လိုက်လို့ အသုံးစရိတ် ပြတ်သွားပြီတဲ့"

"သမီးကို အသုံးစရိတ် ထပ်ပေးပေါ့ လှဲ့ရဲ့။ သမီး စိတ်ဓာတ်က ချီးကျူးစရာပဲဟာ"





"ဒါပေမဲ့ ကိုအောင်ရာ။ အောက်တန်းနောက်တန်း ကျတဲ့ သူတွေနဲ့ ပေါင်းသင်းတာကိုတော့ လှဲ့ မကြိုက်ဘူး"

ဒေါ်ခင်လှဲ့မွန်က အကျိုးအကြောင်းကို ဦးကိုကိုအောင်အား ပြောပြ၏။ ဦးကိုကိုအောင်က ခေါင်းကို အသာရမ်းခါသည်။

"လှဲ့ရယ်၊ ပစ္စည်းမရှိလို့ အောက်တန်းကျတာထက် စိတ်ဓာတ် အောက်တန်းမကျဖို့က အရေးကြီးတာပါ။ ဟိုကောင်ကို ကြည့်။ မိဘက အထက်တန်းကျကျ ထားတယ်။ သူ့အပေါင်းအသင်းတွေကလဲ အထက်တန်းစား ဆိုတဲ့ အသိုင်းအဝိုင်းက။ ဟော စိတ်ဓာတ်တွေကျ ဘယ်လောက် အောက်တန်းကျသလဲ။ မိဘပစ္စည်း မတရားခိုး၊ သူများကို နိုင့်ထက်စီးနင်း ကျင့်၊ လမ်းပေါက ကြမ်းပိုးတွေလေလို ပုံစံမျိုးနဲ့ နေတဲ့ သူတို့ကို အထက်တန်းစားလို့ ခေါ်မလား"

ဒေါ်ခင်လှဲ့မွန် နှုတ်ဆိတ်ထားလိုက်၏။

ညနေစာ ထမင်းစားသောက်ပြီးသောအခါ ဒေါ်ခင်လှဲ့မွန်က ဦးကိုကိုအောင်ကို ခြံထဲဆင်း လမ်းလျှောက်ရန် ပြောသည်။

"ထူးခြားသလို ဖြစ်နေတယ် လှဲ့"

"မဟုတ်ပါဘူး၊ အညောင်းပြေ လမ်းလျှောက်ရင်း၊ လေညှင်းခံရင်း၊ စကားပြောရင်းပေါ့ ကိုအောင်"

ခြံထဲသို့ အတူဆင်းခဲ့သည်။ သစ်ခွပင်နား အရောက်တွင် ဆလက သုတ်ခနဲ တိုက်ခတ်လာ၏။ သစ်ခွပန်းနံ့ကို နှစ်ခြိုက်စွာ ရှူရှိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင့်ကို ပြောမလို့ပါ"

"ဘာကိုလဲ လဲ့"

"ရန်ပိုင်အောင့် ကိစ္စလေ"

ကျောက်ပြားခင်းထားသည့် လမ်းကလေးအတိုင်း လျှောက်ခဲ့သည်။ ကျောက်လှေခါးထစ်နားအရောက်တွင် ဦးကိုကိုအောင်၏ ပင့်သက်ချသံကို ဒေါ်ခင်လဲ့မွန် ကြားသည်။

"ရန်ပိုင်အောင်ကိစ္စကို လဲ့ ခေါင်းထဲ ထည့်မထားပါနဲ့"

"မဟုတ်ဘူးလေ ကိုအောင်ရယ်၊ ကိုအောင်နဲ့ လဲ့က ယေ်လင်ယေ်မယား မဟုတ်ပေမယ့် သားသမီးရမှ ဘဝကို ပြန်စကြတဲ့ လင်မယားမို့လား"

"ကိုအောင် လဲ့ကို အရမ်း မြတ်နိုးပါတယ်"

ကိုအောင့်စကားကြောင့် ဒေါ်ခင်လဲ့မွန် အသံကလေး ထွက်အောင် ရယ်၏။

"လဲ့ သိတယ်လေ။ လဲ့ ကိုအောင့်ကို မြတ်နိုးတယ် ဆိုတာလဲ ကိုအောင် သိပါတယ်။ လဲ့တို့ နှစ်ဘဝ ပေါင်းစပ်ကြတာမှာ တစ်ခုလပ်ဘဝတွေနဲ့ ပေါင်းစပ်ကြတာ မဟုတ်ပါဘူး။ မုဆိုးဖိုမုဆိုးမ ဘဝနဲ့ ပေါင်းစပ်ကြတာ။ ကိုအောင့်မှာ သားတစ်ယောက် ပါတယ်။ လဲ့မှာ သမီးတစ်ယောက် ပါတယ်။ နောက်ဆံငင်စရာ သံသယဝင်စရာ နောက်ကြောင်းတွေ ဘာမှ မရှိဘူး"

ဦးကိုကိုအောင်က ဒေါ်ခင်လဲ့မွန်စကားကို ငြိမ်သက်စွာ နားထောင်နေ၏။





"လဲ့ ဆိုလိုချင်တာက ဒီလိုပါ ကိုအောင်"

လေပြည်က ခပ်ညှင်းညှင်း တိုက်ခတ်သည်။ ကျောက်လှေခါးခင်လေးမှတစ်ဆင့် ပန်းရုံများဘက်သို့ လျှောက်ခဲ့၏။

"သမီးက ကိုကိုအောင့်ရဲ့ သွေး မဟုတ်ပေမယ့် သမီးရင်းလိုချစ်တယ်ဆိုတာလဲ လဲ့ သိတယ်။ သမီးလဲ သိတယ်။ လဲ့နဲ့ သမီးကို ကိုအောင်ချစ်သလို ကိုအောင့်သားကိုလဲ လဲ့ မေတ္တာထားတယ်။ ကြင်နာထားတယ်ဆိုတာ ကိုအောင် သိပါတယ်"

"ကိုအောင်က ဘာတွေများ ပြောနေလို့လဲ လဲ့ရယ်"

"ဟုတ်ပါတယ်။ လဲ့ဘက်က ဖြည့်စွမ်းချင်တာလေး ပြောချင်လို့ပါ ကိုအောင်"

စကားသံ ထွက်မလာ။

ပြောမည့်စကားကို နားစွင့်နေမှန်း ဒေါ်ခင်လဲ့မွန် သိသည်။

"လဲ့နဲ့ ကိုအောင့်ဘက်က မိဘဝတ္တရား ကျေပြွန်ခဲ့ပေမဲ့ ရန်ပိုင်အောင်က သူ့စိတ် သူ့ဆန္ဒနဲ့ လုပ်ချင်တာ လုပ်သွားတယ်မို့လား ကိုအောင်"

"အို ...ဒီကောင့်အကြောင်း ထည့်ပြောမနေစမ်းပါနဲ့ လဲ့ရာ၊ ပြောမိရင် ကိုအောင် ဒေါသ်ဖြစ်လွန်းလို့ပါ"

"လဲ့စဉ်းစားနေတာက သူ့အတွက် သင့်တင့်လျောက်ပတ်မယ့် အမွေကို ခွဲပေးလိုက်မလားလို့ပါ"

"ဘယ်...ဘယ်လို ပြောလိုက်တယ် လဲ့"

"သူ့ဘဝ ဒီအတိုင်းသွားရင် ဆိုးရွားသွားမှာပေါ့ ကိုအောင်။



www.burmeseclassic.com

www.burmeseclassic.com



ရန်ပိုင်အောင်က သူ့လုပ်ရပ်အတွက် မြစိမ်းခြံကြီးကို ဘယ်တော့ ပြန်လှည့်လာမှာ မဟုတ်ဘူးလို့ လို့ ယုံကြည်ထားတယ်။ ဒီတော့ သူ ရင်းနှီးစားပြီး သူ့ဘဝသူ ထူထောင်ဖို့အတွက် သူ ရသင့်တဲ့အမွေ ခွဲပေးရင်ကောင်းမလားလို့ လို့က ဆွေးနွေးတာပါ"

"အမွေ ဟုတ်လား၊ ဘာလို့ ပေးရမှာလဲ၊ သူ ရှာထားတာ တစ်ပြားတစ်ချပ် ရှိတာမှ မဟုတ်ပဲ လို့ရာ"

"မဟုတ်ဘူးလေ၊ သားသမီး ရှာတဲ့ စီးပွား မိဘ ရှိနေရမယ်ဆိုတာ လို့ လက်မခံဘူး။ မိဘရှာတဲ့ စီးပွားက သားသမီးအတွက် ဖြစ်စေရမယ်ကိုအောင်။ အဲဒီတော့ ရန်ပိုင်အောင် သူ ရသင့်တဲ့ အမွေတွေ ခွဲပေးလိုက်ပါ။ လို့ သဘောတူပါတယ် ကြည်ဖြူပါတယ်"

"အိုကွာ ...မဟုတ်တာ၊ မပေးဘူး၊ တစ်ပြားတောင် မပေးဘူး ပေးလိုက်လဲ သူ့လက်မှာ တစ်နာရီတောင် မြဲမှာ မဟုတ်ဘူး နေစမ်းပါစေ လို့ရယ်။ သူ့ကံကြမ္မာကို သူ ဖန်တီးလို့ကတော့ သူ့တစ်သက် ကိုအောင့်တစ်သက် သေခန်းပြတ်ပဲ"

ခင်ပွန်းသည်ကို ကြည့်ပြီး ဒေါ်ခင်လှဲ့မွန် ရင်မှာ မောဟိုက် သွားသည်။ ညနေ၏ အအေးဓာတ်ကလည်း ပိုမိုသိပ်သည်းလာ၏

"အပြင်မှာ အေးတယ်လှဲ၊ ကိုအောင်တို့ အထဲဝင်ကြရအောင် လို့ စိတ်မှာဟိုကောင်နဲ့ ပတ်သက်ပြီး ဘာမှ မတွေးနဲ့။ မိဘ မိဘတာဝန်ကျေပြွန်အောင် ဆောင်ရွက်ပေးလျက်နဲ့ ဖွဲဖောက်သူ ကတော့ သူ့ထိုက်နဲ့ သူ့ကံပဲ"





"ကိုအောင်ရဲ့သွေးပါ ကိုအောင်ရယ်"

တိုက်ထဲပြန်ဝင်ခဲ့သည်ထိ ဒေါ်ခင်လှဲ့မွန်၏ အာရုံကြောများ ဆိုင်းမှိုင်းလျက်ရှိသည်။ ဦးကိုကိုအောင်နှင့် ဘဝကို ထူထောင်ရာတွင် သူ့ဘက်ကိုယ့်ဘက် ရင်သွေးကိုယ်စီ ပါခဲ့သည်။ မိမိကို မှီ၍ ရတနာလုပ်ငန်းကို ဦးကိုကိုအောင် ကျွမ်းကျင်ခဲ့သည်။ စီးပွား အတူရှာခဲ့ကြသည်။ သို့ကြောင့်လည်း အမွေဆိုသည့် ပုံသဏ္ဍာန် စကားကို ဒေါ်ခင်လှဲ့မွန် ပြောဖြစ်ခဲ့၏။

ညအိပ်ရာဝင်သောအခါ ညဦးယံ လွန်မြောက်သည်ထိ ဒေါ်ခင်လှဲ့မွန် အိပ်စက်မရ။ ပြန့်ကြဲနေသော အတွေးများကြောင့် ဟုလည်း နားလည်သည်။

အိပ်ရာမှ လူးလဲထပြီး ဖန်ချိုင့်မှ ရေကို တစ်ခွက် ငှဲ့ သောက်သည်။ ဦးကိုကိုအောင်၏ ဟောက်သံကမူ ခပ်သဲ့သဲ့ ဆါထွက်လာ၏။

ခြုံစောင်ကို ခင်ပွန်းသည်၏ ကိုယ်ပေါ်သို့ လွှမ်းခြုံတင်လိုက်ပြီး ဒေါ်ခင်လှဲ့မွန် အိပ်ခန်းထဲမှ ဖြေးညှင်းစွာ ထွက်ခဲ့သည်။ သမီးအခန်းကို လှမ်းကြည့်လိုက်သောအခါ မီးရောင်ကို မြင်တွေ့ရ၏။

"အင်း သမီး စာကျက်တုန်းပဲ ထင်တယ်"

သမီးအိပ်ခန်းဘက်သို့ အသာလျှောက်ခဲ့သည်။ တံခါးနားသို့ အသာကပ်ပြီး နားစွင့်ကြည့်၏။ အိပ်ခန်းထဲမှာ တိတ်ဆိတ်နေသည်။

"နွဲ့မွန် သမီး"

အသံပြုသည်။ အိပ်ခန်းထဲမှ ပြန်ထူးသံ မကြားရ။ တံခါးကို



www.burmeseclassic.com

www.burmeseclassic.com



အသာတွန်းကြည့်တော့မှ အတွင်းမှ ချက်မချထားသည်ကို သိလိုက်၏။

ကိုယ်ကို တစ်ခြမ်းစောင်းပြီး ဒေါ်ခင်လှဲမွှန် အခန်းထဲ ဝင်လိုက်သည်။ နွဲ့မွှန်ကို စာရေးစားပွဲပေါ်တွင် စာအုပ်ကို ပါးတစ်ခြမ်းအပ်၍ အိပ်ပျော်နေသည်ကို တွေ့ရ၏။

"ဩော်...သမီးလေးရယ်"

ရင်မှာ ဆွတ်ဆွတ်ပျံ့ပျံ့ ဖြစ်သွားသည်။ စာကျက်ရင်း နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် သမီးလေး၏ မျက်နှာသည် မီးရောင်အောက်ဝယ် ဝင်းပလျက်ရှိသည်။

"သမီး"

ပါးပြင်နုလေးကို ပွတ်သပ်ပြီးခေါ်သည်။

"သမီးလေး"

လက်ချောင်းလေးများကို ယုယကြင်နာစွာကိုင်တွယ်တော့ နွဲ့မွှန်၏ ကိုယ်ကလေး လူးလွန့်လာသည်။ ပြီး မျက်လုံးကို အသာဖွင့်သည်။

"ဟင်...မေမေ"

နွဲ့မွှန် ကိုယ်ကလေး မတ်သွား၏။

"အိပ်ချင်တာများ သမီးရယ်၊ ကုတင်ပေါ် မှာ အိပ်ရောပေါ့"

"သမီး စာကျက်ရင်း အိပ်ပျော်သွားတာ မေမေ"

"တစ်နေ့တလေ နားမှပေါ့ကွယ်၊ ကဲ...ထ..ထ ကုတင်ပေါ်မှာ အိပ်"

ဒေါ်ခင်လှဲမွှန်က ဖေးမ,ကူတွဲပြီး ကုတင်ပေါ် တင်သည်။





"အရမ်းကို အိပ်ချင်တာ မေမေရာ။ ဒီည သမီး အတင်းတွေကို သူငယ်ချင်းတွေထဲက တစ်ယောက်ယောက်ကတော့ ပြောမှာ သေချာတယ်"

ပြုံးရင်း သမီးကို ခေါင်းအုံး ရွှေ့ပေးသည်။ ချက်ချင်းဆိုသလိုပင် အိပ်ပျော်သွားသော သမီး၏ မျက်နှာလှလှလေးကို ဒေါ်ခင်လှဲမွှန် ထွေပြီး ကြည့်နေမိသည်။

"ဩော်... သမီးရယ်၊ ရင်နဲ့ မဆန့်အောင် ချစ်ရတဲ့ သမီး လေးရယ်။ အတိတ် ဆိုတာမျိုးဟာ အနာဂတ်မှာ ကပ်ပါလာ တတ်ရပေမယ့် သမီးရဲ့ အတိတ်က အကြောင်းတရားတွေကို သမီးလဲ မသိစေရပါဘူး။ သမီးရဲ့ ဖေဖေလဲ မသိစေရပါဘူး။ ဘယ်သူ...ဘယ်သူဆို ဘယ်သူမှ မသိစေရပါဘူးကွယ်"

ရင်က အသံတွေကို သမီး ကြားလိမ့်မည် မထင်။

အိပ်မောကျသွားသော သမီးလေး၏ ပါးပြင်ကို ခပ်ဖွဖွ နမ်းသည်။ ပန်းပွင့်ကလေးများ၏ ရနံ့ထက် မွှေးသင်းပျံ့သည်ဟု ဒေါ်ခင်လှဲမွှန် ထင်သည်။ အိပ်စက်နေသော သမီးလေး၏ လှမျက်နှာကို တစိမ့်စိမ့် ကြည့်ရင်း အတွေးများက လှုပ်ရှား နိုးကြွလာသည်။

သမီးလေး၏ စိမ်းဖန့်သောအတိတ်။

အထက်အညာခရီးကို ခင်ပွန်းဖြစ်သူ ဦးမင်းမောင်နှင့် သွားဖြစ်ခဲ့လျှင် သမီးလေးသည် မိမိဘဝထဲသို့ ရောက်ရှိလာလိမ့်မည် မဟုတ်ပါချေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

**လွှင့်မျောနေသောအတိတ်၏ အပိုင်းအစလေးများ**

(၉)

ကိုကိုက အပျော်ခရီးလေးများ ဖန်တီးတတ်သည်။ ခင်လှဲ့မွန် ီ သိပ်ချစ်သော ကိုကိုသည် ခင်လှဲ့မွန် မျက်နှာညိုမည့်အဖြစ်နှင့် ပျော်မဲ့မည့်အဖြစ်များကို ပူပန်ကြောင့်ကျမှုကြီးသူလဲဖြစ်သည်။ င်လှဲ့မွန်တို့ ဘဝသည် စိန်မရှား၊ မြမရှား၊ ရွှေမရှား၊ ငွေမရှား မျိုးလည်း ဖြစ်ပါ၏။ သို့သော်လည်း ခင်လှဲ့မွန်တို့မှာ ရှားပါးသည့် ဖြစ်ကလေးတစ်ခုတော့ ရှိသည်။

ရတနာထဲက ဖြစ်သော်လည်း စိန်ရွှေရတနာ မဟုတ်။ းသမီးရတနာ ဖြစ်သည်။ ကိုကိုနှင့် လက်ထပ်ပြီး သုံးနှစ် ည်သည်အထိ သားသမီးရတနာ မထွန်းကားခဲ့။ တတ်သမျှ တ်သမျှနှင့် သားသမီးရအောင် ပြုမူနေထိုင်ခဲ့ကြသော်လည်း နိုန်တွေသာ ကုန်ခဲ့သည်။ သားသမီး ရနိုင်မည့် အရိပ်အရောင်ကိုမှ င်ခဲ့ရ။

ခင်လှဲ့မွန်ဘဝတွင် ချစ်သောကိုကို 'မင်းမောင်' အတွက် သောသမီးလေးကို မွေးထုတ်ပေးချင်သည်။ အိပ်မက်များ၌ပင်



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးကို ကိုကိုက ပခုံးမှာ ထမ်းပြီး ခင်လဲ့မွှန်က ချော့
နေသည့်အဖြစ်များကို မက်ခဲ့၏။ လက်တွေ့ဘဝတွင်မူ သမီးကလေး
မဲ့နေရသည့်အဖြစ်ကို ခင်လဲ့မွှန် စိတ်မချမ်းမသာဖြစ်ရသည်။

သည့်နောက် သူငယ်ချင်း ဆရာဝန်များနှင့် ကိုကို ညှိနှိုင်း
ဆွေးနွေးရတော့သည်။ သူငယ်ချင်း ဆရာဝန်များက နှစ်ယောက်
စလုံးကို စမ်းသပ်စစ်ဆေးသည်။ ပြီး ခေါင်းကို အသာအယာ
ခါရမ်းပြီး

"လဲ့မွှန်မှာ သားသမီး ရနိုင်တဲ့ အရည်ချင်း မရှိဘူး မင်းမောင်
ဘဲရီးဆောရီးပဲ"

သည်စကား ကြားရစဉ်က ခင်လဲ့မွှန် လှိုက်လှိုက်လှဲလှဲ
ငိုခဲ့ရသည်။ ကိုကို့သူငယ်ချင်း ဆရာဝန်များကတော့ အားပေးသည်

"မြန်မာပြည်မှာ ချို့ငဲ့တဲ့သားသားမီးမီးလေးတွေ အများကြီး
လဲ့မွှန်၊ သူတို့လေးတွေကို လဲ့မွှန်တို့ ချစ်နိုင်ပါတယ်၊ ကြင်နာ
နိုင်ပါတယ်"

ဖြေကြည့်သော်လည်း ရင်မှာ မပြေ။ သားသမီးရှူးသည့်အဖြစ်
ကိုကို့ကို ဘိုမရုပ်လှလှလေးများ ဝယ်ခိုင်းသည်။ အင်္ကျီစ လှလှလေးများ
ချုပ်ပြီး ဝတ်ပေးသည်။ ခင်လဲ့မွှန်အဖြစ်ကိုကြည့်ပြီး ကိုကိုက
ရယ်၏။ ရံဖန်ရံခါတွင် ခင်လဲ့မွှန် လက်ထဲမှ အရုပ်ကို ကိုကို
လှမ်းယူပွေ့ချီပြီး

"လဲ့မွှန်ရေ၊ လဲ့မွှန့်သမီးက ကိုကိုကို တိုးတိုးလေး ပြော
နေတယ်"





"ဘာပြောလဲ ကိုကို"

"မေမေကတဲ့ သမီးကို ယောကျ်ား မပေးစားဘူးလို့
ပြောတတယ်တဲ့။ အဲဒါ ဖေဖေက သမီးကို ယောကျ်ားပေးစားပါတဲ့"

"အို...ကိုကိုကလဲ သမီးက အငယ်လေး ရှိသေးတာ"

"မငယ်ပါဘူး လဲ့မွှန်ရ"

"အငယ်လေးပါနော်၊ ကိုကိုက သမီးကို အသေအချာ
ကြည့်ဘဲနဲ့"

သည်သို့သည်နှယ် လင်မယားနှစ်ယောက် ပျော်ခဲ့ကြရသည်။
နောက်တော့ ကိုကိုက ခင်လဲ့မွှန်ကို စိတ်ပြောင်းစိတ်လွှဲကလေး
များ ဖြစ်စေရန်အတွက် ခရီးထွက်ကျင့်ကို ဖန်တီးပေးသည်။ ယခုလည်း
မန္တလေးမှအပြန် ကျောက်ဆည်မှ ကိုကို့သူငယ်ချင်း ကိုရဲထံ ဝင်ရန်
ကြံစည်သည်။

နောက်တစ်နေ့ ကျောက်ဆည်သို့ အဆင်းမှာ ခင်လဲ့မွှန်တို့
ဘဝထဲသို့ ဆည်းလည်းသံချိုလေးတစ်ခု ဝင်ရောက်လာမည်ကို
နှစ်ယောက်စလုံး မသိကြပါချေ။

* * *

ကျောက်ဆည်မှာ ခေတ္တခဏ နားပြီး ရန်ကုန်သို့အထွက်
သံစီသည့် အသံများကြောင့် ကိုကိုက ဒရိုင်ဘာကြီး ကိုလှပုကို
ကားကို ရပ်စေလိုက်၏။

"ဘာကြီးလဲ မသိဘူးဟ၊ မြောင်းထဲ မှောလာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုးကြီးဟ...အိုးကြီး"

"ဟာ...အိုးထဲက ကလေးငိုသံ ကြားတယ်ဟေ့"

"ဟဲ့...ဆယ်ပါဟဲ့၊ အိုးကြီးကို ဒီဘက် ဆွဲယူခဲ့ပါဟဲ့"

မင်းရဲမြောင်းဆီမှ အော်သံဟစ်သံများ ညံစီနေ၏။ ခင်လှဲမွန် ကိုကို့လက်ကို ဆွဲပြီး မြောင်းဆီသို့ မပြေးရုံတမယ် လျှောက်ခဲ့သည်။ မင်းရဲမြောင်းက ကားရပ်ထားသည့်နေရာနှင့် အဝေးကြီး မဟုတ်။ ကျောက်ဆည်မြို့ကို ဖြတ်ပြီး စီးဆင်းသည့် ဇော်ဂျီမြစ်ရေဖြစ်သည်။

ခင်လှဲမွန်သည် ကိုကို့လက်ကို အတင်းဆွဲပြီး လူအုပ်ကြီးကို ထိုးဖောက်ဝင်သည်။ မြင်ကွင်းသည် မျက်ဝန်းတွင် ပုံထင်ဟပ်လာ၏။ မြောင်းဘောင်ဘေးတွင် အိုးကြီးတစ်လုံး။ အိုးကြီးနံဘေးတွင် ပဲပြုတ်တောင်းတစ်ခု။ ပဲပြုတ်တောင်းနံဘေးတွင် အသက် လေးဆယ်ရွယ် အမျိုးသမီးကြီး။ သူမ၏ လက်ထဲတွင် မွေးကင်းစ ကလေးငယ် နှစ်ယောက်။

ခင်လှဲမွန် ရင်တလှပ်လှပ် ခုန်၍ လာသည်။

မျက်လုံးပေါင်းများစွာက ခင်လှဲမွန်ထံ ရောက်နေကြသည်။ ခင်လှဲမွန်၏ လက်ထဲတွင် အနီးစုပ်ထားသော မွေးကင်းစ ကလေး တစ်ယောက် ရောက်နေ၏။

"သမီးလေး...သမီးလေး၊ ကျွန်မနဲ့ ထိုက်လို့ ရတဲ့ သမီးလေးပါ။ အို ကျွန်မ မွေးမယ်။ ကျွန်မတို့ ချမ်းသာသ[illegible] စည်းစိမ်ဥစ္စာတွေကို ဒီသမီးလေး ခံစားခွင့် ရှိရမယ်"

မိခင်စိတ်က ခင်လှဲမွန် ရင်မှာ ပျံ့နှံ့လျက်ရှိ၏။ ရပ်ကွက်





[illegible]ကြီးက ကိုကို့ကို လှမ်းကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်သည်။ ပြီးမှ

"ဦးမင်းမောင်တို့ ဒေါ်ခင်လှဲမွန်တို့က မွေးစားမယ်ဆိုတာကို [illegible]တော် အပါအဝင် အားလုံးကလဲ ဝမ်းမြောက်ဝမ်းသာရှိကြ[illegible]တယ်ဗျာ။ ဒါပေမဲ့ ကလေးက အမြွှာ မွေးပြီး ရေမှာ အိုးတစ်လုံးနဲ့ [illegible]လာတာဆိုတော့ ကလေးနှစ်ယောက်စလုံးကို မွေးစားဖို့ ကျွန်တော် [illegible]ရပ်ခံပါတယ်"

ကိုကိုက ခင်လှဲမွန်မျက်နှာကို ကြည့်၏။

"ဟုတ်သားပဲ နွဲ့မွန်ရယ်၊ မောင်နှမနှစ်ယောက်စလုံးကိုပဲ [illegible]တို့ မွေးစားလိုက်တာပေါ့"

"ဟင့်အင်း ကိုကို၊ လှဲမွန် သားယောကျ်ားလေး မလိုချင်ဘူး။ [illegible]ကိုလဲ မယူရဘူး။ သမီးလေးပဲ ယူမယ်။ ကိုကိုလဲ ဒီသမီးလေးကိုပဲ [illegible]ရမယ်"

အားလုံး စိတ်ဝင်တစား ကြည့်နေဆဲမှာ အသံတစ်သံက [illegible]ထွက်လာ၏။

"ကျွန်မ ပြောပါရစေ"

အသံလာရာသို့ ဆတ်ခနဲ လှည့်ကြည့်ကြသည်။ ပဲပြုတ် [illegible]င်းကို ချပြီး အုတ်ခဲကို ဖင်ခု ထိုင်နေသည့် ပဲပြုတ်သည် [illegible]သမီးကြီးက မွေးကင်းစ ကလေးငယ်ကို ဖက်ထားရင်း

"ဒီကလေးနှစ်ယောက် အိုးနဲ့ မျောလာတာကို ကျွန်မ [illegible]မြင်ပြီး ကျွန်မပဲ ဆင်းဆယ်တာပါ။ ဒီက ညီမလေးက

www.burmeseclassic.com



မိန်းကလေးကို မွေးစားမယ်ဆိုတာ ကျွန်မ ကျေနပ်ပါတယ် ဝမ်းသာပါတယ်။ ကျွန်မ ရင်ခွင်ထဲက ယောကျ်ားလေးကိုလ ကျွန်မပဲ မွေးစားပါရစေရှင်။ ကျွန်မဘဝက သားယောကျ်ားလေးမဲ့ ဘဝပါ"

ပဲပြုတ်သည် အမျိုးသမီးကြီး၏ စကားကြောင့် ခင်လှဲ့ မျက်နှာ ဝင်းလက်သွားသည်။

"ကောင်းပါတယ်ရှင်။ ကလေးနဲ့အတူ ပါလာတဲ့အနီး ငွေတစ်သောင်းကိုလဲ အစ်မကြီးပဲ ယူသွားပါ၊ ကျွန်မတို့အတွ မလိုပါဘူးရှင်"

မျက်နှာအားလုံး ရွှင်ပျလာကြ၏။ ဝိုင်းအုံကြည့်နေသေ လူအုပ်ကြီးကို တိုးဖေ့ထွက်ခဲ့သည်။ ခင်လှဲ့မွန်၏ အပျော်မျက်နှာ ကြည့်ပြီး ကိုကိုက ပြုံး၏။

ကားဆီသို့ ပြန်ရောက်သောအခါ ရန်ကုန်ပြန်ရန် အစီအစဉ် ခင်လှဲ့မွန်က ချက်ချင်းပြောင်းသည်။

"သမီးက ပိစိကွေးလေး ကိုကို၊ လှဲ့မွန်တို့ ရန်ကုန် မနက်ဖြန်ကျမှ ဖလိုက်နဲ့ ပြန်မယ်"

"သဘောပါပဲဗျာ၊ ဒါနဲ့ လှဲ့မွန်က သမီးကို ဘယ်လိုနာမည် ပေးမှာလဲ"

"မအေရဲ့နာမည်က လှဲ့မွန်ဆိုတော့ သမီးလေးနာမည် နှဲ့မွန်ပေါ့ ကိုကိုရဲ့"

"သိပ်ဟုတ်တာပေါ့ဗျာ၊ ကိုကို ချစ်ဇနီး နာမည်က လှဲ့မွ





ဆိုတို့သမီးလေး နာမည်က နှဲ့မွန်။ ကိုကိုတို့ရဲ့ ကမ္ဘာထဲကို အအေးချမ်းဆုံး ဝင်ရောက်လာတဲ့ သမီးလေးပေါ့ကွယ်"

သည်သို့နှင့် သမီးလေး နှဲ့မွန်သည် ကိုကိုနှင့် လဲမွန်တို့၏ ဘဝထဲသို့ ရောက်ရှိလာရတော့သည်။

* * *

www.burmeseclassic.com

## (၁၀)

မျက်ဝန်းကလေး ဖျတ်ခနဲ လန့်ဖွင့်လာသည်။

သမီး၏ မျက်လုံး အပွင့်ဝယ် ဒေါ်ခင်လှဲမွန်၏ အတွေးများ တိခနဲ ပြတ်တောက်သွားသည်။ အတိတ်၏ ပုံရိပ်များ အဝေးမှာ ကျန်ရစ်ခဲ့ပါ၏။ လက်ရှိဘဝတွင် ကိုကို ဦးမင်းမောင်သည်လည်း အနားမှာ မဲ့ခဲ့ပြီ။ သို့သော်လည်း ကိုကို့ကိုယ်စား ဒုတိယ အိမ်ထောင်သည် မေတ္တာအင်အား များစွာ ပေးခဲ့သည်ဟု ဒေါ်ခင်လှဲမွန် ယုံကြည်သည်။

“မေမေ”

“သမီး”

“မေမေ မအိပ်သေးဘူးလား ဟင်”

နဖူးစပ်မှ ဆံစကလေးများကို လက်နှင့်အသာ သပ်တင်ပေးသည်။ အတိတ်မှ အရိပ်များကို သမီးသည် လုံးဝ သိရှိလိမ့်မည် မဟုတ်။ အဖြစ်မှန်အားလုံးကို သိသော ဦးလှုပုနှင့် ဒေါ်မေထားကိုလည်း နှုတ်ပိတ်ခဲ့ပါ၏။

“သမီး အိပ်ပျော်သွားတာလေ၊ အရမ်းပဲ”





သမီးက မေမေ အခန်းပြန်သွားပြီ ထင်နေတာ”

“မေမေက သမီးအိပ်နေတာကို ထိုင်ကြည့်နေတာ”

“ဟင် မေမေကလဲ အိပ်ရေးပျက်ခံပြီးများ ၊ မေမေ ဒီလို နေမှန်းသိရင် သမီး မအိပ်ပါဘူး”

“သမီးက ဘာလုပ်မှာလဲ”

“မေမေ့အကြိုက် လက်ဖက်ချဉ်စပ်လေးသုပ်ပြီး မေမေနဲ့ ထိုင်စကားပြောနေမှာပေါ့”

ညည အိပ်မပျော်လျှင် သမီးနှင့်အတူ လက်ဖက်ချဉ်စပ် သုပ်စားတတ်ကြသည်ကို သမီး စဉ်းစားမိဟန်တူ၏။

“ဖေဖေ အိပ်ပြီလား မေမေ”

“သမီးဖေဖေက အစောကြီး အိပ်မောကျနေတာ”

“ဖေဖေလဲ သနားပါတယ်နော်။ ဆိုင်အတွက်လဲ လုံးပမ်းရ၊ နိုင်အောင်အတွက်လဲ စိတ်ပင်ပန်းရနဲ့၊ ဒီကြားထဲ မေမေက အဖေ့ကို ဟောက်ချင်ဟောက်သေးတာ”

“မဟောက်ပါဘူးသမီးရဲ့။ မေမေက စကားပြောရင် ဖြတ်တောင်းတောင်း ပြောတတ်တာပါ”

“ဒါဖြင့် သေသွားတဲ့ ဖေဖေ့ကိုလဲ မေမေ အဲသလိုကြီးပဲ ပြောခဲ့တာလားဟင်”

ဒေါ်ခင်လှဲမွန်က မဖြေ။ ပြုံးလို့သာ နေသည်။ သမီးနှင့် ည [illegible]ပြန်နှစ်ချက်အထိ စကားတွေ ပြောပြီးမှ အခန်းပြန်သည်။ မိုးစင်စင်လင်းသည်ထိ ဒေါ်ခင်လှဲမွန် အိပ်စက်ခြင်း မပြုခဲ့ရပေ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

ပိုင်ပြီဟု စိတ်မှာ အပြတ်တွက်လိုက်သည်။

"မေရေ ကိုကို ဒီည ဂျူတီကွာ၊ မောင်လှကို ကားနဲ့ လွှတ်လိုက်မယ်။ ကော်ဖီသုံးယောက်စာ ဖျော်ထည့်ပေးလိုက်ပါကွာ" ဆိုသည် တယ်လီဖုန်းသာကတည်းက ဒီကကောင်က အပြတ်မြူးနေပြီ သည်အခွင့်အလမ်းမျိုး စောင့်စားခဲ့ရသည်မှာ ကြာပြီ။ သည်ညတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးကို ကြုံဆုံလာရတော့၏။

ငါးသုံးလုံး စီးကရက်တစ်လိပ်ကို ပါးစပ်မှာ တပ်ပြီး မီးညှိလိုက်သည်။ အနည်းငယ် ဖိုချင်သလိုဖြစ်နေသော ရင်ကို ကျော်စိုးပိုင် သိပ်မကျေနပ်လှ။ စီးကရက်ကို ခပ်ပြင်းပြင်း ဖွာရှိုက်ပြီး မှန်ပြတင်းမှ အပြာရောင် လိုက်ကာကလေးကို အသာလှပ်လိုက်သည်။ ပြင်ပတွင် မှောင်မည်းနေ၏။ ဆေးပွဲပေါ်မှ စားပွဲတင်နာရီကို ကြည့်လိုက်သောအခါ ည ၁၂–နာရီ တိတိ။

စီးကရက်ကို ဖင်စီခံ ရောက်သည်ထိ သောက်လိုက်သည်။ ၁၂ နာရီ ခွဲနီးစတွင် ကျော်စိုးပိုင် အိပ်ခန်းတံခါးကို အသာ





ဖွင့်သည်။ မျက်လုံးကတော့ ကျိုးကန်းတောင်းမှောက် သည်အချိန် ဆိုလျှင် မေမေ အိပ်ပျော်နေမည်ကို သူ သိသည်။ ခက်သည်က အမေနှင့် မိစန်း။ သင်းတို့နှစ်ယောက်က တာဝန်ချိန်ပြီး၍ အိပ်ရာဝင်လျှင် ရှောရှောရှူရှူ တစ်ခါတည်း အိပ်မသွားတတ်။ တစ်ခန်းထဲမှာ ကုတင်နှစ်လုံးပေးပြီး အတူထားသဖြင့် ညနက် သန်းခေါင်ထိ စကားဖောင်ဖွဲ့နေတတ်ကြသေး၏။ မေမေ့အခန်းဝင်ရန် အားပြုနေစဉ် သူတို့က အပေါ်အလေး ထအသွားနှင့် ကြုံလျှင် ပြဿနာ တက်လာမည့်အဖြစ်ကိုလည်း တွေးမိသည်။

"အင်း...ငတိမနှစ်ကောင် အိပ်မအိပ်ကို သွားချက်မှပဲ"

ကျော်စိုးပိုင် ထမင်းစာခန်းနှင့် ကပ်လျက်အခန်းသို့ ညင်ညင် သာသာကလေးလျှောက်သည်။ တံခါးနားသို့ ရောက်သောအခါ ခြေကို တန့်လိုက်ပြီး အသံကို နားစွင့်၏။ အခန်းထဲမှ ခါတိုင်းလို အုတ်ထိုးသံများ မကြားရ။ လင်းနေသည့် မီးရောင်ကြောင့် စကားမပြောကြဘဲ ရုပ်ရှင်စာစောင်တွေ ဖတ်နေကြသလားဟု တွေးမိသည်။

ကျော်စိုးပိုင် ခြေကို ဖော့ပြီး ထမင်းစားခန်းမှ ကုလားထိုင်ကို အသာမ, ယူလာသည်။ ချောင်းကြည့်သည့် အလုပ်ကို ဝါသနာ ပါသော်လည်း သည်တစ်ခါတော့ ငတိမနှစ်ယောက်၏ အခြေ အနေကို အသေအချာ လေ့လာရမည်။ သူတို့နှစ်ယောက် အိပ်ပျော်နေလျှင်မူ ကိစ္စမရှိ။ မအိပ်သေးလျှင် အခြေအနေကို စောင့်ကြည့်ပြီး အားလုံး အိပ်ပျော်လောက်မှ အစီအစဉ် စရမည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝတွင် ခုံကို အသာချလိုက်၏။ ခြေသံကို ထိန်းပြီး ကုလားထိုင်ပေါ်သို့ ဆွဲခနဲ တက်လိုက်သည်။ အခန်းတံခါး ဘောင်ကို လက်နှစ်ဘက်နှင့် အားပြုကိုင်ပြီး သံဇကာပေါက်မှ မျက်လုံးကို အသာ ကပ်လိုက်၏။

ကျော်စိုးပိုင် နှာထင်နှာရင်းများ ပူထူသွားသည်။

"ဟာ...ကောင်မတွေ ဘယ်လို အိပ်နေကြတာလဲ မသိဘူး"

မျက်လုံးကို ချက်ချင်း လွှဲဖယ်ပြီး ခုံပေါ်မှ ဆတ်ခနဲ ဆင်းလိုက်၏။ ပိုင်ပြီ။ အားလုံး အိပ်မောကျနေကြပြီ။

ကျော်စိုးပိုင် မေမေ့အခန်းသို့အသာ ပြန်လျှောက်လာသည်။ တံခါးကို အသာတွန်းကြည့်တော့ အတွင်းမှ ဂျက်ထိုးမထားသဖြင့် တံခါးက အလွယ်တကူ ပွင့်သွား၏။ ဖေဖေမရှိလျှင် မေမေသည် အိမ်ခန်းတံခါးကို ချက်မချဘဲ ထားတတ်သည်ကို သူ သိသည်။

အဆီးအတား အနှောက်အယှက် အဖျက်အဆီး ကင်းရှင်းစွာဖြင့် ကျော်စိုးပိုင် အိပ်ခန်းထဲသို့ ဝင်လိုက်သည်။ အိပ်ခန်း၏ မီးရောင်ဖြ... လဲ့လဲ့အောက်မှာ မေမေကတော့ စိတ်ချလက်ချကို အိပ်နေ၏။

ကုတင်ခေါင်းရင်းနား အသာရပ်သည်။ မေမေ၏ လှုပ်ရှားမှု... တစ်ခဏ စောင့်ကြည့်ပြီး လက်ကို မေမေ အုံးအိပ်နေသော ခေါင်းအုံးအောက်သို့ အသာသွင်းလိုက်၏။

မေမေ တစ်ချက် လွန့်သွားသည်။

ရင်မှာ ထိတ်ခနဲ ဖြစ်သွားရပါသေး၏။

တော်ပါသေးသည်။ မေမေတစ်ဘက်သို့ စောင်းလှည့်အိပ်သွား...





...သည်ကိုက သူ့အတွက် အကွက်ကောင်း။ ခပ်တောင့်တောင့် ...ရာလေးကို စမ်းမိသည်နှင့် သူ့ လက်နှင့်အသာ ဆုပ်ယူလိုက်သည်။ ရင်မှာတော့ တလှပ်လှပ်။

သည်အလုပ်မျိုး တစ်ခါမှ မလုပ်ခဲ့ဖူးသဖြင့် ဇောချွေးကလေးပင် ...လာ၏။

မီးခံသေတ္တာသော့ ရသည်နှင့် မီးခံသေတ္တာနားသို့ တိုးကပ် ...သွားပြီး သော့ပေါက်ထဲသို့ သော့ချောင်းထိုးသွင်းသည်။ အနုပညာ ...န်လွန်းသော လှုပ်ရှားမှုမျိုးဖြင့် သော့ကို အသာလှည့်လိုက်၏။ မီးခံသေတ္တာ ပွင့်သွားသည်။

အသင့်ယူလာသော ခြောက်လက်မခန့်ရှိ လက်နှိပ် ဓာတ်မီး ...လေးနှင့် အတွင်းကို ထိုးကြည့်သည်။

"အားပါး၊ စိန်တွေ ရွှေတွေ တထောကြီးပါလား"

ရတနာပစ္စည်းတွေ ကြည့်ပြီး သူ အံ့အား သင့်နေလို့ မဖြစ်။ ...ချင်သည့်ပစ္စည်း အရွယ်အစားကို သူ ရှာသည်။

ပန်းလက်ကောက်။

အလေးချိန်ကို အသာဆကြည့်၏။ နှစ်ကျပ်သားလောက် ...ာ့ရှိမည်။ နှစ်ကျပ်သားဆိုလျှင် ယနေ့ ရွှေဈေးနှုန်းနှင့် ကြည့်လျှင် ...လောက်သည့်အပြင် ပိုတောင်ပိုလျှံဦးမည်။

အရွယ်လတ်လတ် ငွေသေတ္တာကိုတော့ သူ မျက်စောင်းထိုးလို့ ...၏။ ယင်းငွေရောင်သေတ္တာထဲတွင် စိန်တွေ အပြည့်ရှိသည်ကိုတော့ ...သူ့ကို ပြောပြထားဖူး၏။



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိုးပိုင် ငွေသေတ္တာလေးကို မ,၍ ကြည့်သည်။ ငွေသေတ္တာကလေးကို အမ,တွင် သေတ္တာအောက်မှ အနီရောင် ဒိုင်ယာရီစာအုပ်ဟောင်းကလေးတစ်ခု ပေါ်လာသည်။

"ဖေဖေ့ ဒိုင်ယာယီပဲ၊ ဖတ်ကြည့်ရင်တော့ အဖိုးကြီးနဲ့ အဖွားကြီး ဇာတ်လမ်းတွေ နေမှာပဲ။ အို...ဒါတွေ ငါနဲ့ မဆိုင်ပါဘူး။ ငါ မမွေးခင်က ဖြစ်ခဲ့တဲ့ ဖေဖေနဲ့ မေမေ ဇာတ်လမ်းတွေ နေမှာပါ"

လက်ကောက်ကို အိတ်ထဲအသာထိုးထည့်ပြီး မီးခံသေတ္တာကို လက်ရာခြေရာမပျက် ပြန်ပိတ်သည်။ သော့ကို မေမေ့ခေါင်းအုံး အောက်မှာ အသာပြန်ထားလိုက်၏။

ကျော်စိုးပိုင် အိပ်ခန်းထဲမှ လှစ်ခနဲ ပြန်ထွက်သည်။ အခန်း အပြင်ဘက်ရောက်သည်နှင့် ကျော်စိုးပိုင်၏ မျက်လုံး ဝိုင်းဝိုင်း စက်စက်ကြီး ပြူးသွားရတော့၏။ အကြောအချဉ်များအားလုံး တောင့်တင်းသလိုလဲ ခံစားလိုက်ရသည်။

ဆွေမ။

အခန်းဝတွင် မီမီကို မျက်လုံးအဝိုင်းသား၊ ပါးစပ် အဟောင်း သားနှင့် ကြည့်နေသည့် ဆွေမ။

ကဲ...ခုမှာတော့ မထူးတော့။

ဆွေမကို ဆတ်ခနဲ ဝင်ချုပ်ပြီး ပါးစပ်ကို ပိတ်သည်။ တစ်ဆက်တည်းပင် မီမီ၏ အိပ်ခန်းထဲသို့ ဆွဲသွင်း၏။ ဆွေမ၏ ကုတင်ပေါ် ပစ်လှဲချပြီး အိပ်ခန်းတံခါးကို အလျင်အမြန် ထပိတ်





လိုက်သည်။ ဆွေမက ကုတင်ပေါ်မှ လူးလဲထ၏။

ဒါမျိုးတော့ လုပ်လို့ မရ။

ကျော်စိုးပိုင်တို့က လျင်သည့်နေရာ မြန်သည့်နေရာတွင် နောက်မကျ။ ကုန်း၍မထနိုင်ခင်မှာပင် ဆွေမ၏ ရင်ညွန့်ကို လက်နှင့် တွန်းထားလိုက်၏။

ကုတင်ပေါ်မှာ ဆွေမ ပက်လက်ကလေး။

"အ... အကိုလေးရယ်၊ မ...မတော်ပါဘူး အကိုလေးရယ်"

ဆွေမကိုကြည့်ပြီး ကျော်စိုးပိုင် တွန့်ခနဲဖြစ်သွားသည်။

ကောင်မ၊ ပေါက်ကရတွေ ပြောမနေနဲ့၊ ဒီမှာ ကြည့်စမ်း၊ ဒါ ဘာလဲ"

"အမလေး"

ဆွေမကိုယ်ကလေး တွန့်ခနဲဖြစ်သွား၏။

မြင်လိုက်ရသော ရှည်ရှည်မျောမျော အရာဝတ္ထုကြောင့် ဆွေမ ၏တစ်ခုလုံး ကတုန်ကရင် ဖြစ်သွားသည်။ ရန်းကန်ရုန်းအထွက် ဆွေမတွင် အင်အားရပ်များ မဲ့သလို ဖြစ်သွား၏။ ရုန်းကြည့်သော်လည်း မညည်းနိုး။ ကျော်စိုးပိုင်က သန်သည်။ မာသည်။

"ကြောက်...ကြောက်တယ်၊ အဲ...အဲဒါကြီးနဲ့တော့ မထိုးပါနဲ့ အကိုလေးရယ်"

"နင် ကြောက်မှ ကြောက်တယ် ပြောနော်"

ကြောက်...ကြောက်ပါတယ်"

"ဒါ ဘာကြီးလဲဆိုတာ နင် သိတယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



“သိ...သိပါတယ်၊ မား...မားကြီးပါ”

“အေး အဲဒါကြီးနဲ့ ထိုးလိုက်ရင် နင့်ဗိုက်ထဲ အဆုံးအထိ ဝင်သွားမယ်ဆိုတာ သိတယ်မို့လား”

“သိ...သိပါတယ်”

“သိရင် နင်... ငါ ပြောတာကို သေသေချာချာ နားထောင်”

“ထောင်... ထောင်ပါ့မယ် အကိုလေးရယ်”

သည်စကားကို ကျော်စိုးပိုင် အရမ်းကျေနပ်သွား၏။ ဆွေမ မျက်နှာကို မီးရောင်အောက်ဝယ် ခပ်စူးစူး စိုက်ကြည့်လိုက်သည်။ မျက်နှာက ကြောက်စိတ်ဖြင့် ဆီးရွက်ခန့်သာရှိ၏။ နဖူးမှ ကြောက်ချွေးတွေပင် ပြန်နေလိုက်သေးသည်။

“ငါ မေမေ့အိပ်ခန်းထဲဝင်တာကို နင် မေမေ့ကို ပြန်မပြောရဘူး”

ဆွေမ မျက်လုံးကလေး ဝိုင်းသွား၏။ နှုတ်ကမူ စကား ထွက်မလာ။ ဆွေမကို ကြည့်ပြီး ကျော်စိုးပိုင်မျက်မှောင်ကြုတ်လိုက်၏။ တစ်ဆက်တည်းပင် လက်တွင် ကိုင်ထားသည့် အသွား ရှစ်လက်မ ဓားကို မြှောက်လိုက်သည်။

“ကြောက်တယ်”

ဆွေမ အော်သည်။

ကိစ္စ မရှိ။

မိမိအိပ်ခန်းက ဖော်မီကာပြားနှင့် အလုံပွဲ့စည်းထားသည်ကြောင့် လုံသည်။ ဆွေမ အော်သံ အပြင်သို့ တိုးမပေါက်နိုင်။

“ကြောက်ရင် ပြောလေ၊ မေမေ့ကိုလဲ မပြောပါဘူး၊ ဖေဖေ့ကိုလဲ မပြောပါဘူးလို့”





ဓားချွန်က လည်မျိုနား ရောက်လာ၏။

“မ...မပြောပါဘူး”

“မီစန်းကိုလဲမပြောရဘူး”

“ဟုတ်...ဟုတ်ကဲ့”

“အဲ...ဟဲ...ဒီလို လိမ္မာမှပေါ့ ဆွေမရာ၊ မပြောပါဘူးလို့ ကတိပေးပြီးမှ ပြောရင်တော့ နင် နာမယ်ဆိုတာ အသည်းထဲမှာ စွဲအောင်မှတ်ထား”

“စိတ်...စိတ်ချပါ အကိုလေးရယ်၊ ဆွေမ မပြောပါဘူး”

“အေး...အဲသလို လိမ္မာစမ်းပါ။ ဒီမှာ နင့်ကို ငါ ပညာတစ်ခု ပေးလိုက်မယ်။ လင်မယားကြား၊ သားအမိကြား၊ ညီအစ်ကို မောင်နှမကြားကို ဘယ်တော့မှ မဝင်ရဘူးဟ သိလား။ ဥပမာ ငါဟာ ဖေဖေ မေမေတို့ရဲ့ အခန်းကို ဝင်မယ်ဟာ၊ ပစ္စည်းတစ်ခုခု ယူမယ်ဟာ။ အဲဒါကို နင်က မြင်တယ်၊ အဲ...မြင်ရင် နင်က ကောင်းချင်နာလိုမျက်နှာရနဲ့ ဖေဖေနဲ့ မေမေကို သွား မပြောရဘူး”

“ဘာ...ဘာဖြစ်လို့လဲဟင်”

“ပြောရင်းကနေ နင် တယ်ပြီး ထူပါလား ဆွေမ။ ဖေဖေတို့ မေမေတို့နဲ့ ငါနဲ့က သားအမိ၊ သားအဖလေ၊ နင် ကြား မဝင်ရ ဘူးပေါ့ဟ”

“ဖေဖေကြီးနဲ့ မေမေကြီးက အိမ်ကို ယုံကြည်စိတ်ချစွာနဲ့ စောင့်ခိုင်းထားတာ အကိုလေးရ”



www.burmeseclassic.com

www.burmeseclassic.com



"ဟ… အဲဒါ သူစိမ်းတရံစာက ဝင်ခိုးမှာကို နင်တို့ စောင့်ကြည့်ရမှာ။ ငါ့ကို စောင့်ကြည့်ရမှာ မဟုတ်ဘူး။ ဘယ်နှဲ့ နားလည်သဘောပေါက်ရဲ့လား"

ခေါင်းညိတ်ချန်ကို မသိမသာ ထောင်ပြရသေး၏။

"နား…နားလည်ပါပြီ"

"သဘောလဲ ပေါက်တယ်နော်"

"ပေါက်…ပေါက်ပါတယ်"

"အေး…နင့်အသက်ကို ငါ ချမ်းသာ ပေးလိုက် နင့်အသက်ကို ငါ ချမ်းသာပေးလိုက်တဲ့အတွက် ငါဟာ နင့် အသက်သခင် ဖြစ်သွားပြီ"

"ဟုတ်…ဟုတ်ပါတယ်"

"အသက်သခင်ကို ကာယကံရော၊ ဝစီကံရော၊ မပြစ် ရဘူးလို့ ဘုရားက ဟောထားတယ် သိလား။ နင် ငါ့ ရိုရိုသေသေ နေရမယ်"

"ဟုတ်…ဟုတ်ကဲ့"

ကျော်စိုးပိုင်က ဖိထားသည့် လက်ကို လွှတ်လိုက်သ ဆွေမ မျက်လုံးလေး ပေကလပ်နှင့် အိပ်ရာထက်မှ လူးလဲထလိုက်

"နင် သွားတော့၊ မီးစန်းကိုလဲ အာချောင်မပြနဲ့"

ဆွေမ တံခါးနားသို့ ကြောက်ကြောက်ရွံ့ရွံ့နှင့် ကပ်သွားသ ကျော်စိုးပိုင်က ဓားမြှောင်ကို အိပ်ရာပေါ် ပစ်တင်လိုက်၏။

"ဟော့…ဟော့ နေဦး"





ဆွေမ ခြေလှမ်း တန့်သွား၏။ ကျော်စိုးပိုင်က အိတ်ထဲမှ ငါးရာတန် တစ်ရွက်ကို နှိုက်ယူလိုက်သည်။

"ရော့…နင့်အတွက် မုန့်ဖိုး"

"ဆွေမတို့မှာ မုန့်ဖိုး မလိုပါဘူး အစ်ကိုလေး၊ မမကြီးက ဝဝလင်လင် ကျွေးပါတယ်"

"ပေက ရှည်လျားလိုက်တာ၊ ကိုယ့်အသက်သခင်က ပေးရင် ယူရတယ်"

"ဆွေမက ဘာသွားသုံးရမှာလဲ အစ်ကိုလေးရ"

ကျော်စိုးပိုင်က မျက်လုံးကို မှေးစင်းပြီး ကြည့်လိုက်၏။ တော်တော်ရိုးသည့် ဆွေမ ပါလားဟုလည်း စိတ်က တွေးသည်။ အိမ်ဖော်ပါးလည်း မဝသေးသည့် ငတိမ။

"မမ မသိအောင် သိမ်းထားပြီး ဈေးထဲကျမှ မုန့်ဟင်းခါးတို့ ခေါက်ဆွဲသုပ်တို့ ဝယ်စားပေါ့ဟ"

"ဆွေမ မယူပါရစေနဲ့ အစ်ကိုလေး၊ မမကြီး ကွယ်ရာမှာ ဆွေမ ဘာမှ မလုပ်တတ်ပါဘူး။ စိတ်ချပါ၊ အစ်ကိုလေး မမကြီး အိပ်ခန်းထဲဝင်ပြီး တစ်ခုခု တို့တာကို ဆွေမ ဘယ်သူ့ကိုမှ မပြောပါဘူး"

"ဟော"

ဆွေမ အိပ်ခန်းထဲမှ လှစ်ခနဲ ပြေးထွက်သွားသည်။ အိပ်ရာပေါ်မှ ဓားမြှောင်ကို စားပွဲပေါ်သို့ ပြောင်းတင်ပြီး ကျော်စိုးပိုင်အိပ်ရာ ပေါ်သို့ ခြေပစ်လက်ပစ် လှဲချလိုက်၏။ တစ်ဆက်တည်းပင် အိတ်ထဲ ထည့်ထားသည့် ရွှေလက်ကောက်ကို ထုတ်ပြီး မီးရောင်မှာ ထောင်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။

အခေါက်ရှေ့နှင့် ပြုလုပ်ထားသည်ကြောင့် လက်ကောက်က မီးရောင်မှာ ဝင်းအိနေသည်။

"အင်း...လဆီးခါး...လဆီးခါး၊ မင်း ဖြစ်လာရင် အသည်းအသန်ကြီးပါလားကွာ"

သူငယ်ချင်း လဆီးခါး၏ ပုံရိပ်သည် ကျော်စိုးပိုင်၏ မျက်ဝန်းတွင်းသို့ ဇွဲခနဲ ဝင်ရောက်လာတော့သည်။

* * *

(၁၂)

"မင်းဟာက ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ လဆီးခါးကွာ။ ငါ့မှာ ငါ့အတွက် ဘာမှ မပူရဘူး။ မင်းအတွက် ပူရ၊ အားသက်အတွက် ပူရနဲ့ ကြာရင် အပူကောင်ကြီးဖြစ်ပြီး ငါ့ကိုယ်ပေါ်မှာ ထမင်းအိုး တည်ရင်တောင် ငါးမိနစ်နဲ့ ကျက်မယ်"

လဆီးခါးက ခေါင်းကို ငုံ့ထားသည်။ ဟောက်လိုက်လျှင် ဒီကောင်က ဒီပုံစံ၊ ဒီအချိုးမျိုး၊ ကလန်ကဆန် စကားကို ဘယ်တော့မှ မပြော။ နောက်မှ သူလုပ်ချင်ရာ လုပ်သည်။

ခု ပြဿနာကလဲ သူ ယူလာသည့် ပြဿနာ။ သူများ အသာဖြစ်တဲ့ကိစ္စ။ ကိုယ်က အနေသာကြီး။ နေလို့ရလျက်သားနဲ့ ဒီကောင် ဝင်ရောက်စွက်ဖက်၍ ဖြစ်ပေါ်လာသည့် ပြဿနာ။

"ဆွေဆွေသန်းကို ဝင်းကျော်က လိုက်စကားပြောတာ ဆင်းသောက်ပွ တစ်ပြားသား ပါလို့လားကွ။ သူ့ဘာသာသူ ကြိုက်လို့ ကြိုက်တာ မင်းက လေညာက အနေသာကြီးဟာ"

"ဆွေဆွေသန်းက သူ့ကို မကြိုက်ဘူးကွ"

ကချင်သံဝဲဝဲနှင့် ပြောသည်။

အားမာန်သစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဝင်းကျော်ကို မကြိုက်ဘူးလို့ ဆွေဆွေသန်းက မင်းကို ပြောလို့လား"

ကျော်စိုးပိုင် စကားကြောင့် လဆီးခါး ခပ်ယောင်ယောင် ဖြစ်သွားသည်။ ကျော်စိုးပိုင်က စီးကရက်ကို ပါးစပ်မှာ တပ်လိုက်ပြီး မြောင်းဘောင်ပေါ် လွှားခနဲ ခုန်တက်ထိုင်လိုက်သည်။

"ပြောတော့ မပြောဘူးပေါ့ ကျော်စိုးပိုင်ရာ။ ဒီကောင်က အရက်ကြောင်ပြီး ကောင်မလေးကို ကိုယ်ထိလက်ရောက် စော်ကားတာ။ ငါသာ မကယ်ဆယ်ရင် ဆွေဆွေသန်း မလွယ်ဘူး"

"အဲဒါနဲ့ မင်းက မြက်ခုတ်ဓားနဲ့ ဝင်ခုတ်တယ် ဆိုပါတော့"

လဆီးခါး ဘာမှ မပြော။ မျက်နှာငယ်ငယ်နှင့် ဖြစ်နေသည်ကို ကြည့်ပြီး ကျော်စိုးပိုင် သက်ပြင်းချသည်။ ဒီကောင်က သူ့ အခင်ဆုံး အချစ်ဆုံး သူငယ်ချင်း။ ရိုးသားပြီး နှမ်းပါးချို့တဲ့ရှာသည့် သူငယ်ချင်းလည်းဖြစ်သည်။

"သူက မင်းကို ပြန်လုပ်တာ နည်းနည်းလေးတော့ မထိဘူးလား"

"သူငါ့ကို ပြန်လုပ်ချိန်တောင် မရဘူးကွ။ ငါကချည်း ဆင့်ဆင့်ပြီး ဆော်ထည့်လိုက်တာ"

"ကောင်းတာပေါ့ကွာ၊ ဘာလို့ တစ်ခါတည်း သေအောင် မဆော်ထည့်လိုက်ရတာလဲ"

ရွဲ့ပြောသည်ကိုတော့ လဆီးခါး သိ၏။ မြောင်းဘောင် ကျောမှီပြီး ခပ်ငိုင်ငိုင်ကလေး ရပ်သည်။ ပြဿနာက မနေ့ကညနေ





ဖြစ်လာသည့် လဆီးခါး ပြဿနာ။

ဆွေဆွေသန်း ကျောင်းမှပြန်အလာ။ လူပြတ်သော ဘောလုံးကွင်းစပ် အရောက်တွင် ဝင်းကျော်က ချစ်စကား ကြိုက်စကား ပြောသည်။ ဆွေဆွေသန်းက ပြန်ရန်တွေ့တော့ ဝင်းကျော်က ကိုယ်ထိလက်ရောက် လုပ်ရှားလာသည်။ ဒီတွင် ရောက်လာသူက ကယ်တင်ရှင် လူစွမ်းကောင်းကြီး လဆီးခါး။

ဆွေဆွေသန်းက "ကိုလဆီးခါး ကျွန်မကို ဝင်းကျော် လိုက်နှောက်ယှက်နေတယ်" ဆိုလိုက်သည်နှင့် ကိုယ်တော်က ပြေးဝင်ပြီး ဝင်းကျော်ကို လက်သီးနှင့် ထိုးသည်။ ဝင်းကျော်က အုတ်ခဲ ကောက်တော့ လဆီးခါးက မြက်စပ်တွင် အဆင်သင့် တွေ့ရသော မြက်ခုတ်ဓားနှင့် ခုတ်သည်။

စာရင်းချုပ်လိုက်တော့ ဝင်းကျော် ဓားဒဏ်ရာ သုံးချက် ပခုံးမှာ ရ၏။ လဆီးခါး ရဲစခန်းသို့ မရောက်သော်လည်း ဝင်းကျော်၏ မိဘများ တောင်းဆိုချက်အရ ငွေငါးထောင် လျော်ရမည်။ မပေးလျှင် ပြဿနာ လုပ်မည်။

နောက်တော့ ကိစ္စက ကျော်စိုးပိုင် ခေါင်းပေါ် ရောက်လာ၏။ တစ်ဖက်ရဲ့ တောင်းဆိုမှုကို မပေးလျှင် လဆီးခါး ပြဿနာ တက်ရမည်။ ပေးရအောင်ကလည်း လဆီးခါးတို့မှာ ချေးတစ်ပြား မရှိ နှမ်းနှမ်းပါးပါး။

သည့်ထက်ဆိုးသည်က ပြေလည်မှု မရှိလျှင် ကျောင်းထုတ် ခံရပြီး ထောင်ကျမည့်ကိစ္စ။ ဒီတော့ သူငယ်ချင်းဘဝ အညွန့် မကျိုးဖို့



www.burmeseclassic.com

www.burmeseclassic.com



သူ မနေ့ညက တောက်ပြား လုပ်ခဲ့ရသည်။

" သူတို့က ဒီနေ့ည ဘယ်နှစ်နာရီ လာမှာတဲ့လဲ"

"ခုနစ်နာရီ လာမှာ၊ အဖေကတော့ ငါ့ကို တအားဆူတာပဲ ကျော်စိုးပိုင်။ ပြီးတော့ အဖေနဲ့အမေ အရမ်း ငိုတယ်ကွာ။ ငွေ မပေးနိုင်ရင်တော့ နင် ထောင်ကျတော့မှာပဲဆိုပြီး ငိုတယ်"

"အင်း...ဖြစ်လိုက်ရင်တော့ ဘ၀ ပျက်မတတ်ချည်းပဲကွာ။ ရော့ ငွေငါးထောင် လဆီးခါး။ အဲဒါ မင်းအဖေကို ပေးထား၊ သူတို့လာရင် ရှင်းလိုက်ကွာ။ ပြဿနာဆိုတာ ကြာလေရှုပ်လေ ဖြစ်တတ်တယ်"

လှမ်းပေးသည့် ငါးရာတန်အချပ်များကို လဆီခါးက မယူဘဲ ကျော်စိုးပိုင်ကို မျက်လုံးအဝိုင်းသားနှင့် ကြည့်နေ၏။

"ယူလေကွာ၊ ဒီ ငွေငါးထောင်က ငါတို့မိသားစုမှာ ဘာမှ မထိခိုက်ဘူး။ မင်းတို့က မပေးနိုင်ရင် ဘ၀ ပျက်မယ်။ ယူကွာ။ ငါ တတ်နိုင်တာကို ကူညီတာ။ မင်းကလဲ နောက်နောင်ကို စိတ်ကလေး ဘာလေး ထိန်းဦး။ ကိုယ့်ရည်းစားတောင် သူများက လိုက်စကား ပြောရင် ကြည့်နေလိုက်ကွာ။ ကိုယ် ပိုင်သေးတာမှ မဟုတ်ဘဲ"

"ကိုယ်ထိလက်ရောက် လုပ်ရင်ကောကွာ"

လဆီးခါးကို ကြည့်ပြီး ကျော်စိုးပိုင် စိတ်မရှည်ချင်တော့။

"ထိုင် ရှိခိုးလိုက်ကွာ"

လဆီးခါး ခုမှ ရယ်နိုင်လာ၏။ ငွေငါးထောင်ကိုလည်း လက်ထဲမှာ ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။





"သိပ်ကျေးဇူးတင်တယ် သူငယ်ချင်းရာ။ မင်းသာ မကူညီရင် ငါတော့ ကောင်းကောင်းကြီး ဒုက္ခတွေ့ပြီ။ မင်း ကျေးဇူးတွေကို ငါ ဘစ်နေ့ ပြန်ဆပ်ပါ့မယ်ကွာ"

"လုပ်မနေနဲ့၊ သူငယ်ချင်းဆိုတာ အခက်အခဲဖြစ်လာရင် တတ်နိုင်တဲ့ဘက်က ကူညီကြရတာပဲကွ။ ကဲ...မင်းသွား လဆီးခါး ငါ အေးသက်ဆီ သွားဦးမယ်"

"ငါလဲ လိုက်မယ်လေ"

"လိုက်မနေနဲ့တော့ကွာ။ ငါနဲ့ အေးသက်က ကိစ္စရှိသေးတယ်။ ဒီနေ့ မင်းပြဿနာကိုသာ မင်း ပြေလည်အောင်ရှင်း"

မြောင်းဘောင်ပေါ်က ခုန်အဆင်းမှာ ခါးကြားတွင် ထိုးထားသည့် တစ်ထောင်တန် ငွေစက္ကူအုပ် မြေပေါ်သို့ ပြုတ်ကျသည်။ လဆီးခါးက မျက်လုံးဝိုင်းလေးနှင့်

"သူငယ်ချင်းရာ၊ မင်း ဒီလောက် ငွေအများကြီးကို ဘယ်က ရလဲကွာ"

"မင်း လျှာက သိပ်ပြီး ပေရှည်နေပါလား လဆီးခါး။ ငါ သူဌေးသားကွ၊ ဒီငွေတွေ ဘယ်က ရမလဲ။ ငါ့မိဘဆီက ရတာပေါ့၊ သွားကွာ၊ မင်း သွားတော့"

တွန်းတွန်းထိုးထိုး နှင်ပစ်လိုက်သည်။ လဆီးခါး ယောင်နနလေးဖြင့် ထွက်သွား၏။ ငွေထုပ်ကို ကောက်ပြီး ဂျက်ကက်အိတ်ထဲ ဆီးထည့်လိုက်သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၃)

သည်အချိန်ဆိုလျှင် အေးသက်တစ်ယောက် သူ့ အကြော်တဲတွင် မျက်နှာငယ်နှင့် အကြော် ထိုင်ကြော်နေမည်ကို မျက်စိမှာ မြင်ယောင်လိုက်၏။

“အင်း…ဒါ ပေါင်းတဲ့အပေါင်းအသင်းတွေကကတော့ အားလုံး မီးလျှံနှာတွေကြီးပဲ”

ဆိုင်ခရှေ့ရောက်တော့ သူ့မျက်နှာကို အေးသက်က ခပ်တွေတွေလေး ကြည့်ပြီး

“ကိုပိုင်…ထိုင်”

ဟု ပြောသည်။

အကြော်ဆိုင်တွင် လူရှင်းနေသဖြင့် လေးထောင့်စားပွဲငယ်ကလေးမှာ သူ ခပ်ကြမ်းကြမ်း ဝင်ထိုင်လိုက်၏။ အေးသက်က အကြော်တစ်ပွဲ လာချပေးသည်။ မျက်နှာကလေး ခပ်အိုအို ဖြစ်နေသည်ကိုတော့ သူ သတိပြုမိ၏။





“အမေသုန်ကော အေးသက်”

“အိမ်မှာ အထုပ်အပိုးတွေ ထုပ်ပြီး ကျန်ခဲ့တယ် ကိုပိုင်။ အင်း အထုပ်အပိုး ဆိုလို့ ကြီးကြီးမားမားကြီးတွေ မဟုတ်ပါဘူး။ ကိုပိုင်ရယ်။ သံသေတ္တာဟောင်းလေးထဲကို အမေနဲ့ အေးသက်ရဲ့ အကျီလုံချည်လေးတွေ ထည့်သိမ်းတာပါ”

“ဒီနေ့ ဆင်းရမှာလား”

“ဟုတ်တယ် ကိုပိုင်၊ အိမ်ရှင်က ရောင်းတဲ့အထဲမှာ အေးသက်တို့ တဲထိုးနေတဲ့ မြေကွက်လပ်လည်း ပါတာကိုး”

“ဖယ်မပေးနဲ့ပေါ့ဟ”

“ဩော်…ကိုပိုင်ရယ်။ အေးသက်တို့ သားအမိကို မေတ္တာနဲ့ တဲထိုးနေဖို့ တစ်နေရာစာလေး ပေးထားတာပါ။ အေးသက်တို့က ဘပ်ရင် ဘယ်တရားပါ့မလဲ”

ပြောရင်း အေးသက်မျက်နှာမှာ မျက်ရည်ဝေ့နေ၏။

“ဒီနေ့ အေးသက် ဆိုတောင် မထွက်တော့ဘူးလို့ စဉ်းစားထားတာ။ ဒါပေမဲ့ အေးသက်တို့ဘဝက ဒီနေ့ လက်မလှုပ်ရင် အညှော်နဲ့ နေ့ရင် ထမင်းငတ်ကြမဲ့ ဘဝ”

“ချမ်းသာတာတွေ ပြောမနေနဲ့၊ ခု နင်တို့ နေရာကနေ ဖယ်ပြီးရင် ဘယ်သွားနေမှာလဲ”

ရှိုက်သံအစ်အစ်ကလေးကို တစ်ဝက်တစ်ပျက် ကြားရ၏။ ကျလာသည့် မျက်ရည်စကို အေးသက်က လက်နှီးစုတ်နှင့်အသာ သုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ ဆွမ်းရပ်တဲ့ ကိုယ်တော်က သူ့ကျောင်းတိုက်အောက်မှာ ခဏတစ်ဖြုတ် ဆိုသလို ခိုနိုင်ပါတယ်တဲ့။ နောက် အိမ်လေးဘာလေးရှာပြီး ပြောင်းပေါ့တဲ့။ ဘုန်းဘုရားကလဲ ဆွမ်းကွမ်းဆင်းရဲတဲ့ ဘုန်းကြီးပါ"

ရေနွေးကြမ်းကို ငှဲ့သည်။ တစ်ကျိုက်မော့သောက်ပြီး အေးသက်ကို လှမ်းကြည့်၏။

"ရင်တွေ အရမ်းပူနေလား အေးသက်"

အေးသက်က အကြော်ဆယ်နေရာမှ ဖျတ်ခနဲလှမ်းကြည့်ပြီး

"ဘယ်လို မေးလိုက်တာလဲ ဟင်။ ညကဆို အေးသက် စာတောင် မကြည့်နိုင်ဘူး"

"နေပါဦး၊ ဟိုတလောက နင် ငါ့ကို ပြောဖူးတယ်။ စော်ဘွားကြီးကုန်းက အတွင်းဘက်ကျကျလောက်မှာ အိမ်နဲ့ခြံကလေး ရောင်းဖို့ရှိတယ်ဆို။ ယာခင်းကလေးတောင် ပါတယ်ဆို၊ ဈေးလဲ သက်သာတယ်ဆို"

"ဟုတ်တယ်လေ။ ဈေးသက်သာတယ် ဆိုပေမဲ့ ခုနစ်သောင်း ရှစ်သောင်းလောက်ပေးရမှာ၊ အေးသက်တို့ မစဉ်းစားရဲပါဘူး"

"ဆစ်ရင် ဘယ်လောက်လောက်ရမယ် ထင်လဲ"

ခုနစ်သောင်းတော့ အသေအချာ ပေးရမှာ"

"သွားဆစ်ပါလားဟ"

"အေးသက် မျက်လုံးကလေး ပြူးသွား၏။

"သွားဆစ်တော့ ပိုက်ဆံက ဘယ်မှာလဲ ကိုပိုင်ရဲ့။ ခုနစ်သောင်း





ပြောနဲ့ ခုနစ်ရာတောင် မရှိဘူး"

"ငါ ပေးမယ်"

"ရှင်"

သူ ငြိမ်သက်စွာ နေတော့

"မ...မဖြစ်နိုင်တာ ကိုပိုင်ရယ်"

"ဘာလို့ မဖြစ်နိုင်ရတာလဲ အေးသက်ရာ။ လောကကြီးက တစ်မျိုးကြီးဟ၊ ချမ်းသာတဲ့လူတွေက အရမ်းချမ်းသာပြီး ဆင်းရဲတဲ့သူတွေက အရမ်းဆင်းရဲကြတယ်"

"ဘဝအကျိုးပေးပေါ့ ကိုပိုင်ရယ်၊ ရှေးဘဝက အကျိုးပေးလို့တော့ ဒီဘဝမှာလဲအကျိုးပေး မကောင်းဘူးပေါ့"

"တော်စမ်းပါ။ ဒါတွေ ငါ နားမလည်ဘူး။ ငါ နားလည်တာက တချို့လူတွေ အရမ်းချမ်းသာတယ်။ တချို့လူတွေ အရမ်းဆင်းရဲတယ်။ အဲဒါ မကောင်းဘူး ဆိုတာပဲ နားလည်တယ်"

"ဒါကတော့ သူ့ဘဝနဲ့သူပဲပေါ့ ကိုပိုင်"

"မျှတဖို့တော့ ကောင်းတယ်"

"လက်တောင် အတိုအရှည် မညီကြသေးတာ။ မျှတဖို့ ညီဖို့ဆိုတာ ဘယ်လိုဖြစ်နိုင်မလဲ။ အေးသက်တို့ ဆင်းရဲတာ ဘဝက ဒါန နည်းခဲ့လို့ပဲလို့ စိတ်မှာ ယူဆပါတယ်"

"ဒါဖြင့် နောက်ဘဝ ချမ်းသာဖို့အတွက် နင့်အကြော်တွေ အားလုံးကို လှူပစ်လိုက်လေ"

သူ့ကို မျက်ဝန်းလဲ့ကြီးနှင့် ကြည့်ပြီး အေးသက် နှုတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



အသွားမှာ ကျော်စိုးပိုင်က ဂျက်ကက်အင်္ကျီအိတ်ထဲမှ ငွေတစ်ထော အုပ်ကို ဆွဲထုတ်ယူလိုက်၏။

"အားလုံးပေါင်း ရှစ်သောင်းတိတိ ရှိတယ်။ အေးသက် ပြောတဲ့ အိမ်ကလေးကို ဝယ်လိုက်"

"မ...မဟုတ်သေးဘူး ကိုပိုင်"

"နင် ငါ့ကို မယုံသင်္ကာသလို မျက်လုံးတွေနဲ့ မကြည့်နဲ့ ဒီငွေတွေက သူများငွေတွေ မဟုတ်ဘူး။ သူများပစ္စည်းကို ခိုးဝှက်ယူလာတာလဲ မဟုတ်ဘူး။ နင်က မေးမယ်။ ကိုပိုင် ဘယ် ရသလဲလို့"

"ဟုတ် ဟုတ်ပါတယ် ကိုပိုင်"

"ရှင်းရှင်းကလေးပါဟာ၊ ငါ မေမေ့ဆီက ယူလာတာ ငွေခုနစ်သောင်း ရှစ်သောင်းအတွက် နင်တို့မှာ ဘဝပျက်သ ခံစားရပေမယ့် တို့အတွက် ဘာမှ အရေးမကြီးဘူး အေးသ ငွေတွေ၊ ရွှေတွေဆိုတာက အသုံးမပြုဘဲ သေတ္တာထဲ ထည့်ထား မှိုစော်နံနေမှာပေါ့ဟာ။ ခုလို အကျိုးရှိရှိ အသုံးချလိုက် ဘယ်လောက် အရာရောက်သွားလဲ"

"ကိုပိုင်ရယ်၊ အေးသက် ဒီလောက်များတဲ့ ငွေတွေ မယူဝံ့ပါဘူး"

"ဟ...မယူလို့ နင်တို့ ဘယ်လို လုပ်မလဲ။ ဘုန်း ကျောင်းမှာ သွားပြီး နေလို့ကော ကောင်းမလားဟ။ ခေါင်းမမာ အေးသက်ရာ။ ငါက တစ်ဦးတည်းသောသား။ ငါ့မှာ ညီမလဲ မရှိ





အစ်မလဲ မရှိဘူး။ အနီးကပ်ဆုံး သံယောဇဉ် ဖြစ်စရာဆိုလို့ နင်ပဲ ရှိတယ်။ ယူလိုက်၊ နင် ငြင်းရင် ငါ ဒီငွေတွေကို မီးဖိုထဲ ထည့်ပစ် လိုက်မယ်"

"ကိုပိုင် အေးသက်အတွက် အရမ်းတာဝန်ကြီးသလို ဖြစ်နေပြီ"

"တာဝန်ကြီးတယ်ရယ်လို့ ဘယ်ဟုတ်မလဲ အေးသက်ရယ်၊ ကူညီနိုင်လို့ ကူညီရတာပါ။ မကူညီနိုင်တဲ့ဘဝမျိုးဆိုရင် နင် ငိုနေတာကို တိတ်ပါတော့လို့ပြောပြီး ငုတ်တုတ်ထိုင်ကြည့်နေမှာ"

အေးသက် မျက်ဝန်းမှ မျက်ရည်တစ်ဥ ပေါက်ခနဲကျသည်။ သူက ငွေထုတ်ကို အေးသက်လက်ထဲ ထိုးထည့်ပြီး သိမ်းထားလိုက် အေးသက်ဟု စကားအပိတ်ကို ပြောလိုက်သည်။

"ဒီကျေးဇူးတွေကို အေးသက် ဘယ်လိုပြန်ဆပ်ရမှာလဲဟင်။ အေးသက် အလုပ်ရမှ ပြန်ဆပ်ပါ့မယ်ဆိုရင်လဲ ရယ်စရာကြီး ဖြစ်နေမှာ။ ရတဲ့လခလေးနဲ့ ဘယ်လို ဆပ်နိုင်မှာလဲ"

"လုပ်မနေနဲ့ ကျေးဇူးကို သိရင် ငါ့ကို နေ့တိုင်း အကြော်ကျွေး"

"မကျွေးတဲ့နေ့ ရှိလို့လား ဟင်"

သူ အေးသက်မျက်နှာကို ကြည့်ပြီး ပြုံးနေဆဲမှာ...

"အမေတော့ အရမ်း ဝမ်းသာမှာပဲကိုပိုင်၊ အေးသက် အမေ့ကို ခေါ်ပြီး ပြောချင်လိုက်တာ"

"သွားပြောလေ၊ ငွေတွေလဲ ပေးခဲ့၊ ငါ အကြော် ထိုင်စောင့် နေပါ့မယ်"

"သူဌေးသားကို အကြော်ရောင်းခိုင်းတယ် ဖြစ်နေပါဦးမယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုပိုင်"

"သွားစမ်းပါဟာ၊ အမေသုန်ကို ခေါ်ပြီး ဝယ်မယ့်အိမ်ကို တစ်ခါထဲ အပြတ်ရှင်းလိုက်။ တော်ကြာ သူများလက်ထဲ ပါသွားဦးမယ်"

"စိတ်ချပါ ကိုပိုင်၊ အေးသက်တို့ လက်မနှေးပါဘူး၊ ဒါနဲ့ ပြောရဦးမယ်"

"ဘာ ပေရှည်ဦးမလို့လဲ"

"ဟိုနေ့က နွဲ့မွှန် လာတယ်"

"ဟင်"

သူ မှေ့မှေ့ပျောက်ပျောက် ဖြစ်နေသော နွဲ့မွှန်ကို ပြန်လည် သတိရလာ၏။

"ဘာလာလုပ်တာလဲ"

"အေးသက်ကို စာအုပ်တွေ လက်ဆောင်လာပေးသွားတယ် ကိုပိုင်"

"နင်က ဘာဖြစ်လို့ ယူလိုက်ရတာလဲ"

"အေးသက်က ငြင်းပါတယ်။ သူက တို့ ခင်မင်တာရဲ့ အသိအမှတ်ပြုပါတဲ့။ အစီးအပိုးနဲ့ ကူညီတာ မဟုတ်ပါဘူးတဲ့ တို့က ပညာတတ် သိပ်ဖြစ်ချင်တယ်တဲ့။ တို့ခင်တဲ့သူတွေကိုလဲ ပညာတတ် ဖြစ်စေချင်တယ်တဲ့။ ပညာရေးနဲ့ ပတ်သက်ပြီး လက်ဆောင်ပေးတာကို လက်ခံပါဆိုပြီး အတင်းပေးသွားတာ"

သူ နှုတ်ကို အသာပိတ်ထားလိုက်သည်။ သူကိုယ်တိုင်လဲ





တို့ကို ခင်သလို အေးသက်ကိုလဲ ခင်ပါ ဟု ဆိုခဲ့သည်။

"ကိုပိုင့်အကြောင်းကိုလဲ မေးတယ်"

"ငါ့အကြောင်း နင် ဘာတွေ အာချောင်လိုက်သလဲ အေးသက်"

"အေးသက် ဘာမှ အာမချောင်ပါဘူး၊ သူက ကိုပိုင့်ကို ဘယ်မှာ နေတာလဲတဲ့။ ကျော်စိုးပိုင်တို့ အေးသက်တို့ဘဝကို သူ သိပ်သနားတယ်တဲ့။ လောကမှာ ငွေရှိဖို့ထက် စိတ်ထားမြင့်မြတ်ဖို့က အရေးကြီးပါတယ်တဲ့"

သူ ငြိမ်မြဲအတိုင်း ဆက်ငြိမ်နေလိုက်သည်။

"သူ့စကားကို နားထောင်ပြီး အေးသက် တော်တော် အားသင့်သွားတယ်။ အေးသက်တို့ဘဝကို ဆင်းရဲလို့ သနားတယ်ဆိုတာက ထားလိုက်ပါတော့။ ကိုပိုင့်ဘဝကို သနားတယ် ဆိုတာကြီးက ဘာမှန်း မသိဘူး"

အေးသက်က ရင်ညွန့်သို့ ဖြာကျလာသော ဆံပင်တထွေးကြီးကို ကျော်ပေါ်သို့ လက်နှင့် ဆွဲတင်သည်။

"ငါက ငါ့ကိုငါ ဆင်းရဲတယ်လို့ ပြောထားတာ၊ နင်က ဘာတွေ သွားပြောသေးလဲ"

"ထင်တော့ ထင်သားပဲ၊ ကိုပိုင်တော့ တစ်ခုခု ပြောထားပြီလို့၊ အေးသက်ကလဲ သံယောင်လိုက်ပြီး ပြောလိုက်တာပေါ့။ ကိုပိုင်က ဆင်းရဲပေမယ့် စိတ်ထားမြင့်မြတ်တယ်လို့ဆိုတော့ သူ့မျက်နှာ တစ်ခါတည်း ဝင်းလက်သွားတာပဲ။ ဟုတ်တယ်၊ ဟုတ်တယ်လို့လဲ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားကို တန့်ပြီး အေးသက်က ငွေစက္ကူထုပ်ကို သတင်းစာစက္ကူနှင့် ပတ်သည်။ ပြီး သားရေပင်နှင့် ချည်လိုက်၏။

"နေပါဦး၊ ကိုပိုင်က ဘာဖြစ်လို့ ဆင်းရဲတယ်လို့ ပြောရတာလဲ ဟုတ်လဲဟုတ်ဘဲနဲ့"

"နှဲ့မွန် စိတ်ထား သိချင်လို့ပါ။ ပြီးတော့ ကိုယ်က ချို့ငဲ့တယ်လို့ ပြောပြီး ပေါင်းရသင်းရတာ စိတ်ရှင်းပါတယ်"

"ကိုပိုင့်ဟာကလဲ တစ်မျိုးကြီးပဲ။ ကဲ…ကိုပိုင် အေးသက်သွားမယ်။ ဆိုင်ကိုတော့ ကိုပိုင်နဲ့ အပ်ခဲ့ပြီ"

"စိတ်ချသာသွား၊ ဈေးရောင်းဈေးဝယ်မှာ ငါ ဘယ်လောက်ဆန်းရှိတယ်ဆိုတာ နင် ပြန်လာမှ သိမယ်။ အကြော်အားလုံးကုန်နေရစေမယ်"

"တကယ်နော်"

"တကယ်ဟာ မကုန်ရင် ကုန်အောင် ငါ စားပစ်မယ်"

ရယ်ရယ်ပြုံးပြုံးနှင့် အေးသက် ထွက်သွားသည်။

အေးသက် ထွက်သွားပြီး၊ တော်တော်ကြာသည်ထိ အကြော်ဝယ်သူတစ်ယောက်မှ ရောက်မလာ။ ဗန်းထဲ ကြည့်တော့လည်း အကြော်တွေက အများကြီး ကျန်သေးသည်။ ဝယ်သူ မလာ၍ ထိုင်စားပစ်လျှင်တောင် ကုန်သွားနိုင်စရာအကြောင်း မရှိ။ ဝယ်သူ ရောက်မလာမှတော့ အချိန်ကို သည်အတိုင်း မဖြုန်းချင်။ အကြော်ဗန်း အောက်မှ ရုပ်ပြစာအုပ်ဆွဲထုတ်ပြီး သဲသဲမဲမဲ ဖတ်နေခိုက်

"ပူ…အူး…ဖူး…ဟူး"





"ဗုဒ္ဓေါ"

လန့်ဖျပ်ပြီးအော်မိသည်။ ပူး အူး ဖူး အသံကြီးက နားထဲသို့ ချိုမဆန့် ရောက်လာ၏။ မကျေမနပ်ဖြင့် မျက်နှာကို ဆတ်ခနဲ မော့ပစ်လိုက်သည်။

"ဟိုက်…ရှားဘားစ်"

ရင်မှာ အေးခနဲ ဖြစ်သွားသည်။ ပြီးတော့ ဒိန်းခနဲ ပြန်ဖြစ်သွား၏။

ဒင်းကလေးကိုတော့ ကောင်းကောင်းကြီး သိသည်။

ရပ်ကွက်လူကြီးတွေ အိမ်ခေါ်လာပြီး မဟားတရား အရှက်ခွဲသွားသည့် ကောင်မလေး။ သူမ မျက်နှာက ရှုတည်တည်။ မလွှဲမရှောင်သာ၍ အကြော်လာဝယ်ရသော်လည်း ကျော်စိုးပိုင်ကို လုံးဝ မကြည့်လင်သည့်မျက်နှာ။

"ပူး…အူး…ပူ…ဖူး"

"ဘာတွေ လာပြောနေတာလဲ။ ဒီဆိုင်မှာ ပဲကြော်၊ ကြက်သွန်ကြော်၊ ဗူးသီးကြော် ရောင်းတာ။ ပူးအူးပူးဖူး ရောင်းတာ မဟုတ်ဘူး"

"အ…ဝါ…စီ"

"ဒုက္ခပါပဲ။ ဘာတွေ ပြောမှန်းလဲ မသိဘူး။ ဟော့…ဟော့ [illegible]က်ထိုးကြီး ကိုင်ပြီးတော့ မရမ်းကားနဲ့နော်။ အကြော်တွေ [illegible]က်ကုန်ရင် လျော်ပေးရမှာပဲ"

ငတိမက ကျော်စိုးပိုင်၏ မျက်နှာကို ဖူးခနဲ ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံတွေးကို ဖွီးခနဲထွေးပြီး ကိုယ်ကို ချာခနဲလှည့်လိုက်၏။ ပါးစပ်မှ ဗူးဗူးဝါးဝါး ပြောခါ ခြေဆောင့်ပြီး ထွက်သွားသည်။ ငတိ အတော်လှမ်းလှမ်းအရောက်တွင် အေးသက် အူယားဖားယားနှင့် ပြေးလာ၏။

“ကိုပိုင် ဘယ်လို ဖြစ်ကြတာလဲ၊ ဟိုက ခေါက်ထီးကြီးနဲ့ ဆော်မလို့ တကဲကဲပါလား”

“လာပြီး ဂူးအူးဗူးတွေ လုပ်နေတာဟ”

“ဗူးသီးကြော် လာဝယ်တာ ကိုပိုင်ရဲ့။ သူက စကား မပြောတတ်ဘူး”

“ငါ သိပါတယ်ဟာ၊ ကဲ…ဒါတွေ ထားစမ်းပါ။ နင်တို့ အဆင်ပြေလား”

“ပြေတယ် ကိုပိုင်၊ အေးသက်တို့ ညနေ ပြောင်းမှာ ၊ကိုပိုင် လိုက်ကြည့်နော်”

“ငါ မအားပါဘူးဟာ”

“ကိုပိုင်က ဘယ်သွားမလို့လဲ”

“လဆီးခါးနဲ့ ဆုံရဦးမှာ။ ဒီကောင်ကလဲ ပြဿနာကောင်ဟ”

သူက အေးသက်ကို အကျိုးအကြောင်း ပြောပြသည်။

“ကိုပိုင်လဲ အေးသက်တို့ သူငယ်ချင်းတွေရဲ့ ဒဏ်ကို လူးနေအောင် ခံရပါလား”

“ကဲ…အပိုစကားတွေ ပြောမနေနဲ့။ နင် ဆိုင်သိမ်းတော့ မာခေါက်နေတဲ့ နင့်အကြော်တွေကိုလဲ ဘယ်သူမှ လာဝယ်မှာ





မဟုတ်ဘူး”

“ဒါနဲ့ ကိုပိုင်က ကုန်အောင် ရောင်းပြမယ်ဆို”

“ဟို မရွှေအ လာလုပ်လို့ လာဘ်ပိတ်သွားတာဟ။ နို့မို့ ဆိုရင် ရောင်းရမှာ”

အေးသက်၏ ရယ်သံ မြူးကြွကြွလေးဖြစ်နေ၏။ အေးသက်ကို ကြည့်ပြီး သူ့ရင်မှာ အေးချမ်းသွားရသည့်အဖြစ်ကိုတော့ ကိုယ်သာ သိသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၄)

"တို့က ကျော်စိုးပိုင်ကို သိပ်ခင်တယ် သိလား"

"တို့ကလဲ ခင်ပါတယ်"

"တကယ် ပြောတာနော်"

"တကယ်ပါ နွဲ့မွန်၊ တို့နှစ်ယောက် စတင်ဆုံဆည်းတဲ့ ညလေ၊ ခေါက်ဆွဲ အတူစားတာ မှတ်မိတယ် မဟုတ်လား။ တို့ကို ခေါက်ဆွဲဝယ်ကျွေးကတည်းက သိပ်ခင်သွားတာ"

စတင်ဆုံစည်းခဲ့သည့် နေ့၏ ညပိုင်းကလေးကို နွဲ့မွန် အမှတ်ရပါလိမ့်မည်။

ခေါက်ဆွဲ ကျွေးလို့ ခင်တာလား ကျော်စိုးပိုင်"

"မဟုတ်ပါဘူး"

နွဲ့မွန်က ကားကို ကျင်လည်စွာ မောင်းရင်း ပြုံးသည်။

"ဒါဖြင့် ဘာဖြစ်လို့ ခင်တာလဲ"

"ဟာ...အဲဒါကြီးကိုတော့ ပြောမပြတတ်ဘူး နွဲ့မွန်ရာ၊





ခင်တာကတော့ တကယ့်ကို ခင်ပါတယ်"

"ခင်ရင် ကျော်စိုးပိုင် တို့ကို အိမ်လည် ဖိတ်"

မထင်မှတ်သောစကားကြောင့် ရင်မှာ ထိတ်ခနဲဖြစ်သွား၏။ နွဲ့မွန်က သူ့ကို အကဲခတ်သလို စောင်းငဲ့ကြည့်၏။ သူ ပြေရန်စကားကို အပြေးအလွှား စဉ်းစားရ၏။

"တို့က ဆင်းရဲရတယ် နွဲ့မွန်"

"အဲဒါနဲ့ အိမ်လာလည်တာ ဘာဆိုင်လို့လဲ"

"တို့အိမ်က ချောင်ကျတဲ့ရပ်ကွက်မှာ နွဲ့မွန်ရ။ ကား ဝင်လို့ မရဘူး"

"ခြေလျင် လာမှာပေါ့"

သူ တော်တော့်ကို သောကြပ်နံကြပ်ဖြစ်သွားသည်။

ဦးဝိစာရအဝိုင်းကြီးကို ကားပတ်သည်အထိ ဉာဏ်နီဉာဏ်နက် တွေက ထုတ်မရသေး။ အစကတည်းက ဘဝမှန်ကို ရိုးသားစွာ ပြောခဲ့သည်ကိုက မိမိရဲ့ အပြစ်။

အစကမှ အမှန်အတိုင်း ဆက်ဆံခဲ့လျှင် ယခုလောက် အကြပ် အတည်းတွေ့ရလိမ့်မည် မဟုတ်။ ခုမှ ဘဝအခြေမှန်ကို ပြောပြလျှင် လိမ်ရမည်လားဟုဆိုပြီး နွဲ့မွန် စိတ်ဆိုးလိမ့်မည်။

"အိမ်က အရမ်းစုတ်တယ် နွဲ့မွန်၊ မလာစေချင်တဲ့ အဓိက အချက်တော့ ပျံကျရပ်ကွက်ဆိုတော့ လူတွေက စရိုက်သိပ်ကြမ်းတယ်။ ကောင်တွေကလဲ ထောင့်မကျိုးဘူး။ လမ်းကျဉ်းလေးထဲမှာ သောလုံး ကေန်ပြီး ကောင်မလေးတွေ ဖြတ်သွားရင် ဖင်ကို သောလုံးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့ပြီး ဆော်တည့်လိုက်တာ"

"အံမလေး ကြားရတာ ရင်တုန်လိုက်တာ ကျော်စိုးပိုင်ရယ်"

"ဒါကြောင့် တို့က မလာစေချင်တာပါ၊ နွဲ့မွန်လာလို့ ဒီလို အရှုပ်အရှင်မျိုး လုပ်လာရင် ကိုယ်က ခံမလား ဆော်မယ်။ အဲဒီအခါကျတော့ ရန်ဖြစ်မယ်။ ကိုယ်ကတော့ မကြောက်ပါဘူး။ တော်ကြာ နွဲ့မွန်ကိုပါ ရောတောပေါ်တော့နဲ့ ဝင်ဆော်ရင် ခက်မယ်"

"ကြောက်စရာကြီးပါလားဟာ"

"ဒါကြောင့် ပြောတာပေါ့။ တစ်ခါက အဖြစ်ကလေးကို ပြောရဦးမယ်"

"ရင်တုန်စရာကြီးများလား ကျော်စိုးပိုင်ရယ်"

မှုတ်ခနဲ လှည့်ကြည့်တော့ မျက်နှာမှာ စိုးရိမ်ဟန် ကလေးများကို တွေ့သည်။ ကားက ရေကူးကန်ကို လွန်လာ၏။ ဘုရားလမ်းသို့ ရောက်သောအခါ ညာဘက်သို့ ချိုးကွေ့လိုက်သည်။

"သိပ်တော့ ရင်မတုန်ရပါဘူး"

"နည်းနည်းပါးပါးတော့ ရင်တုန်မယ်လား"

"အဲဒီလိုကြီးလဲ မဟုတ်ဘူး နွဲ့မွန်ရ၊ အမျိုးသမီးတစ်ယောက် သူ့ သူငယ်ချင်းကို လမ်းထဲမှာ လာရှာတာ"

နွဲ့မွန်က စကားကို ကြားဖြတ်ပြီး

"ဘောလုံးသရဲတွေနဲ့ တွေ့ရော ဆိုပါတော့"

"ဟုတ်တယ်၊ အဲဒါ ဘေးတိုက်ကနေ တော့ပြီး ကန်ထည့် လိုက်တာ ဟာ… မပြောရဲပါဘူးဟာ"





"ဟယ်…အယုတ်တမာကောင်တွေ"

"ဒါကြောင့် ကိုယ်က နွဲ့မွန်ကို အိမ်လည် မဖိတ်တာပေါ့"

"တော်ပါပြီ ကျော်စိုးပိုင်၊ ယူ့ကို သတိရရင် အေးသက်ကို အကြောင်းကြားပြီး အေးသက်ရဲ့ အကြော်ဆိုင်မှာပဲ လာတွေ့ပါ့မယ်။ သူ့အိမ်ကိုတော့ အလည် မလိုက်ဝံ့တော့ပါဘူး"

"ကိုယ်သိပ်အားနာပါတယ် နွဲ့မွန်။ ဒီကောင်တွေကိုတော့ တစ်နေ့ ရပ်ကွက်ရုံးကို စာရေးတိုင်မယ်"

ကားကို ဗိုလ်ချုပ်လမ်းဘက် အကွေ့မှာ ဘယ်သွားမလို့လဲဟု သူက မေးသည်။ ရုပ်ရှင်ကြည့်မယ် ပြောတော့ သူ ရင်တွေ ခုန်လိုက်ရသေး၏။

"ကိုယ့်မှာ ဆယ်တန် အနွမ်းကလေးတစ်ရွက်ပဲ ပါတယ်။ အဲဒါတောင် အေးသက်ဆီက ချေးလာတာ"

"ချမ်းသာတာတွေ ထုတ်ကြွားမနေနဲ့၊ တို့က ပြမှာပါ။ ပြီတော့ ကျွေးလဲကျွေးမှာ"

"တကယ်နော်"

"တကယ်ပါ"

"မလိမ်ရဘူး"

"အဟုတ်ပါဆို"

"တို့က အစားကြီးတယ်နော်။ နောက်မှ ကျွေးပြီး၊ ဘော်တယ်လို့ မပြောနဲ့"

* * *

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းက အချစ်ဇာတ်လမ်း။

မင်းသားနဲ့ မင်းသမီး နမ်းကြတာကလဲ ခဏခဏ။

အနမ်းတွေ မြင်တိုင်း ကျော်စိုးပိုင် ရင်မှာ တစ်မျိုးဖြ
ဖြစ်နေရသည်ကို ဖာသာ သိသည်။

ရုပ်ရှင်ပြီးသည်အထိ တစ်မျိုးကြီးက ရင်မှာ စွဲကျန်ရစ်နေ
နွဲ့မွန်က ကောင်းသလား ကျော်စိုးပိုင်ဟု မေးသောအခါ ရင်
သိမ့်ခနဲ တုန်သွားရ၏။

"ကောင်လေးနဲ့ ကောင်မလေးက အရမ်းချစ်ကြတယ်
ကျော်စိုးပိုင်"

"အင်း"

"ဇာတ်သိမ်းမှာ ကောင်လေးနဲ့ ကောင်မလေး ကွဲသွားတော့
တို့ရင်ထဲမှာ နင့်သွားတာပဲ"

"ကွဲတာ မကောင်းပါဘူးနော်"

"အေးပေါ့ ကျော်စိုးပိုင်၊ ကောင်လေးနဲ့ ကောင်မလေ
ရာသက်ပန် ချစ်သွားကြလေသတည်းဆိုရင် ဘယ်လောက်ပျော်စ
ကောင်းမလဲ။ တော်ပြီ နောက်ဆို ခွဲခွာတဲ့ဇာတ်ကားတွေ မကြ
တော့ဘူး"

စားသောက်ဆိုင်ရွေးတော့ သူက ဖာလူဒါ သောက်ချင်သ
ဆိုသဖြင့် နွဲ့မွန်က ရွှေပုစွန်သို့ ကားကို မောင်းသည်။ ဆိုင်ရောက်တေ
ထောင့်စားပွဲမှာ ထိုင်ပြီး ဖာလူဒါ နှစ်ခွက် မှာသည်။ ပြီးတော
ကိတ်မုန့်နှစ်ပွဲ၊ ဖာလူဒါ သောက်လို့ မဝလျှင် အိုက်စကေ





ထပ်စားဟု နွဲ့မွန်က ပြောသေး၏။

"စားပိုး နင့်ပြီး သေအောင် လုပ်နေတာလား"

"ယူက အစားကြီးတယ်လေ၊ စေတနာနဲ့ ပြောတာ"

သူ အားရပါးရ စားသည်ကို ကြည့်ပြီး နွဲ့မွန်က ပြုံးနေ၏။ ပြုံးရင်းနှင့် လက်မှာ ဆွဲကိုင်လာသည့် ပလတ်စတစ်အိတ်ကို စားပွဲပေါ် တင်ရင်း

"ယူ့ကို တို့ လက်ဆောင်ပေးမလို့"

"ဘာ လက်ဆောင်ပေးမှာလဲ"

"ငြင်းဖို့ စိတ်မကူးနဲ့နော်"

"မငြင်းပါဘူး"

"ဟယ်...အိခြွေလေး ဘာလေး ဆယ်ပါဦး"

သူရယ်တော့ နွဲ့မွန်ကပါ လိုက်ရယ်၏။

"ကျော်စိုးပိုင်ဘဝကို တို့သိပ်သနားတယ်"

ကျော်စိုးပိုင် အသာ ငြိမ်နေလိုက်သည်။

"တို့ မုန့်ဖိုးရတဲ့ ပိုက်ဆံနဲ့ ဝယ်ပေးတာ။ လက်ရှည် စတိုင်လ်အကျႌတွေကို ယူ သဘောကျမှာပါ။ ရခိုင်လုံချည်က နှစ်ထည်၊ အဲဒါ တို့ရဲ့ လက်ဆောင်နော်"

"အားနာဖို့ ကောင်းနေပြီ"

"ဒါဖြင့် မယူဘူးလား"

"အား... ယူမှာပေါ့"

ပြောရင်း နွဲ့မွန်လှမ်းပေးသည့် အိတ်ကို ခပ်သွက်သွက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်၏။

"ယု့ကို တို့က အဲဒါတွေ သဘောကျတာ"

"ဟာ... ဘာကိုလဲ"

"သဘောကျတယ်ဆိုတာက ယု့ကို ပွင့်ပွင့်လင်းလင်းရှိတာကို ပြောတာ။ တစ်ချို့ ယောကျာ်းလေးတွေက အိညက်အိညက်နဲ့ ယောကျာ်းပဲ ဘာမှ ဟန်ဆောင်နေစရာ မလိုဘူး။ ရက်စ်အော်နီးပဲပေါ့ ဟုတ်တယ်မို့လား၊ ကျော်စိုးပိုင်"

"ဟုတ်တာပေါ့၊ ကိုယ်တို့ကတော့ အိုးပင်းပဲ"

"အဲဒါ ကောင်းတယ် ကျော်စိုးပိုင်။ စားစား အဝစားနော်"

သူကလဲ ညှာညှာတာတာ မစား။ ဖာလူဒါအပြင် အိုက်စ်ကရင်ကိုပါ တွယ်ထည့်လိုက်သေးသည်။ စားသောက်မှု ပြီးစီးတော့ နွဲ့မွန်က ကျသင့်ငွေများကို ရှင်းသည်။ ဆိုင်မှထွက်ပြီး ကားဆီသို့ အရောက်တွင်

"ယူ မောင်းမလား ကျော်စိုးပိုင်"

"လိုင်စင် မရှိဘူး"

"ဟင် ... ဒါဖြင့် ယူ ကားကို ဘာလို့ ကျွမ်းကျွမ်းကျင်ကျင် မောင်းတတ်တာလဲ"

"တို့ ဝပ်ရှော့တစ်ခုမှာ ဝင်လုပ်ဖူးတယ် နွဲ့မွန်။ ဝပ်ရှော့ ပိုင်ရှင်၊ ကားပိုင်ရှင်တွေအလစ်မှာ ကားတက်မောင်းရင်း ကျွမ်းကျင်သွားတာ"

"လိုင်စင် လုပ်ပါလား ကျော်စိုးပိုင်။ ကုန်ကျတာ တို့





အုညီမှာပါ"

"နေပါစေ နွဲ့မွန်ရာ၊ လိုင်စင်ရှိတော့လဲ ဘာလုပ်ရမှာလဲ။ ဘာလဲ နွဲ့မွန်က နွဲ့မွန်တို့ ခြံမှာ ဒရိုင်ဘာ ခန့်မှာလား။ ဒါဆိုရင် စဉ်းစားမယ်လေ"

"ယု့ကို မနှိမ်ပါဘူးနော်။ တို့က ရှိထားရင် ကောင်းတာ ပေါ့ဆိုတဲ့အနေနဲ့ ပြောတာပါ။ ကဲ...ကားပေါ်တက် ကျော်စိုးပိုင်။ အရဝိက်ဘက် ကားလျှောက်မောင်းရအောင်"

သူ ခေါင်းကို ညိတ်သည်။

ကန်တော်ကြီး ရေစပ် ခုံတန်းလေးမှာ ထိုင်တော့ သူပင့်သက်ကို မှုတ်ချသည်။ နွဲ့မွန်ကတော့ မသိပါ။

"တို့ဘဝမှာ မိဘကို လိမ်ခဲ့တာ ဒီနေ့ဟာ ပထမဆုံး အကြိမ်ပဲကျော်စိုးပိုင်"

"နွဲ့မွန်က ဘာလိမ်ခဲ့လို့လဲ"

"သူငယ်ချင်းအိမ်မှာ ဆွမ်းကျွေးရှိတယ်။ ညနေမှ ပြန်လာမယ် ဆိုပြီး မေမေ့ကို လိမ်ခဲ့တာ။ ခုနေ မေမေသာ တွေ့ရင် တို့ အရိုးတစ်ခြား အသားတစ်ခြားဖြစ်ပြီ"

"သူငယ်ချင်းလို့ ပြောပေါ့"

"ယုံမယ် အားကြီး။ မေမေက ရည်းစားနဲ့ ချိန်းတွေ့တယ် ထင်မှာ။ တို့နှစ်ယောက်ကလဲ ရယ်ရတယ်နော်"

"ဘာဖြစ်လို့လဲ"

"သမီးရည်းစားလဲ မဟုတ်ဘဲနဲ့ ရုပ်ရှင်အတူကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ လာထိုင်တယ်၊ တကယ် ဟားရတယ်"

"သူငယ်ချင်းတွေလဲ ထိုင်ကြည့်ကြတာပဲဟာ"

"နည်းပါတယ်ဟာ"

"ဒါဖြင့် နွဲ့မွန် ဘာဖြစ်ချင်လဲဟင်"

"ဟယ်...သူ့စကားကြီးကလဲ ဘာကြီးမှန်းလဲ မသိဘူး။ တို့က ကျော်စိုးပိုင်ကို ခင်တယ်။ သံယောဇဉ် ရှိတယ်။ ယူနဲ့ သွားရတာ လွတ်လပ်ပျော်ရွှင်မှုကို ခံစားရတယ်"

"သူများတွေကတော့ ထင်မှာပဲနော်"

"ဘာကိုလဲ ကျော်စိုးပိုင်"

"တို့နဲ့ နွဲ့မွန်ကို ချစ်သူတွေလို့ ထင်ကြမှာ"

"မစိုးရိမ်ပါဘူး၊ ယူနဲ့ တို့က ဘာမှ ဖြစ်သေးတာမှ မဟုတ်တာ"

ရှင်းပါသည်။

သည်စကားကတော့ သူနှင့် နွဲ့မွန်အတွက် အတော်ကို ရှင်းသည့်စကား ဖြစ်ပါ၏။

* * *

(၁၅)

လဆီးခါး၏ နာမည်ကို မေမေက ပြုံးသည်။

"နာမည်က အဆန်းပါလား"

"သူတို့ လူမျိုးရဲ့ နာမည်လေ မေမေရဲ့။ လဆီးခါးက ချောင်လူမျိုးပါ"

"ဟုတ်လား"

"ဟုတ်ပါတယ် အန်တီ"

ဟု ဆိုပြီး လဆီးခါးက ခေါင်းညိတ်ပြသည်။ မေမေက ပြုံးပြီး ဆွေမကို လှမ်းခေါ်၏။ ဆွေမ အပြေးကလေး ရောက်လာသည်။

"နှင့်အကိုလေးနဲ့ မောင်လဆီးခါးအတွက် ထမင်းပြင်ပေးလိုက်။ ငါ အပြင်ထွက်ဦးမယ်။ မိစန်းကော"

"သရွာသီး လှီးနေတယ် မေမေကြီး"

"လွတ်လိုက်စမ်း၊ မေမေကြီး ခေါ်နေတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



ဆွေမ ဟိုဘက် လှစ်ခနဲထွက်သွားသည်။ ချက်ချင်းဆိုသလို မိစန်း ရောက်လာ၏။

"မိစန်း၊ ဦးရွှေတောင်ကို သွားပြော။ မမကြီး အပြင် ထွက်မယ်လို့၊ ကားကို ထုတ်ထားလို့"

"ဟုတ်ကဲ့ မမကြီး"

မိစန်း ခြံထဲဆင်းသွားသည်။ ကျော်စိုးပိုင်က မမေ့ လှမ်းကြည့်ပြီး

"သား လိုက်ပို့မယ်လေ မမေ ဘယ်သွားမလို့လဲ"

"သားသူငယ်ချင်းနဲ့ပဲနေပါ။ မမေ အပ်ထည်တစ် သွားရွေးမလို့၊ ဦးရွှေတောင်ကိုပဲ မောင်းခိုင်းလိုက်မယ်"

"ဟာ... ဒီလူကြီး ကားမောင်းတာ တုံ့နှေးနှေးနဲ့ မမေရာ ပက်ကျိနဲ့ အပြေးပြိုင်ရင်တောင် ဦးရွှေတောင်မောင်းတဲ့ကား ရှုံးမယ်"

"ကားဆိုတာ ဖြည်းဖြည်း မှန်မှန် မောင်းတော့ ကောင်း တာပေါ့ကွယ်။ သား မောင်းတာကို မမေ မစီးရဲပါဘူး ဟိုနေ့ကတောင် မင်းဖေဖေက ပြောနေတယ်"

"ဘာပြောလဲ မမေ"

"မင်း သား ကားမောင်းရင် ဘယ်တော့မှ မစီးနဲ့ ဂျက်လေယာဉ်က အောင်မယ်လေးဗျလို့ အော်ရလောက်အောင် မင်း သားက အမောင်းကြမ်းတယ်တဲ့"

ဖေဖေ့ကို သူ လေဆိပ်ကို မောင်းပို့ဖူးသည်။ သည်ကတည်းက





မောင်းသည်ကို ဖေဖေ ဘယ်တော့မှ မစီး။

"လေဆိပ်သွားတုန်းကအဖြစ်ကို ဖေဖေက မမေ့ကို ပြောတာ တ်လား။ ဒီတုန်းက လေယာဉ်ဆိုက်ချိန် နီးနေပြီ၊ ခပ်သွက်သွက် တ်လေး မောင်း ဆိုလို့ သား စက်ကုန်ဖွင့် မောင်းတာ။ ဖေလေ နောက်ခန်းက ထိုင်ပြီး ဘုရားကို တ, နေတာပဲ၊ ကယ် ဟားရတယ်"

"မင်းကတော့ ဘာမှ အကြောက်အလန့် မရှိဘူး"

"ယောကျ်ားပဲမမေရာ။ ခပ်ကြမ်းကြမ်းပေါ့ ဟုတ်တယ်မို့လား ဆီးခါး"

"ဟုတ်တယ်"

လဆီးခါးကတော့ သူ ဘာလုပ်လုပ် ထောက်ခံသည်။ မမေ ိုင်ရာမှ အထမှာ ဆွေမက ထမင်းစား လာခေါ်သည်။ လဆီးခါးကို ခေါ်ပြီး ထမင်းစားခန်းထဲ ဝင်ခဲ့၏။

"ဒီနေ့ မမေ့ မွေးနေ့လေ။ ဘုန်းကြီးကျောင်း သွားပြီး ာပတ်ဆွမ်း သွားပို့တာ။ မင်းကို စားစေချင်လို့ ငါက ခေါ်လာတာ"

"အန်တီက သဘော ကောင်းတယ်နော်"

"မမေက တဖက်သားကို ကျွေးချင်မွေးချင်စိတ် သိပ်ရှိတာ၊ ဖေလဲ သဘော မဆိုးပါဘူး။ ဒါပေမဲ့ ဖေဖေ့မှာ **အရာရှိညာဉ်** လေးက နည်းနည်းရှိနေတယ်ကွ"

"ဘာလဲ **အရာရှိညာဉ်**"

"နည်းနည်း ဆူချင်ပေါက်ချင်တာကို ပြောတာ။ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တလေ မေမေက ငါ့ကို ကြည့်လို့မရဘူး"

"မင်းက ဆိုးလို့ နေမှာပါ"

"ဆိုးတာ မဟုတ်ဘူးကွ။ ငါက မေမေ့အိတ်ထဲ ပိုက်ဆံနှိုက်တာ။ အဲဒါကလဲ ပြဿနာကြီး မဟုတ်ဘူး။ ဆယ်တန်း တဖုတ်ဖုတ်ကျပြီး အပြင်က ဖြေရတာကို စိတ်မတွေ့ဆုံးပဲ"

ကြက်သားဟင်းကို ခပ်ယူပြီး ထည့်ပေးသည်။ ဒိန် ဆမ်းထားသည့် သစ္စာသီးစိပ် ပုဂံကို လဆီးခါးရှေ့သို့ တွန်း ပေး၏။ ထမင်းစားပြီးသောအခါ ဆွေမက အအေးနှစ်ဘူး ယူ သည်။

"ဗိုက် အရမ်းတင်းနေပြီ ကျော်စိုးပိုင်"

"သောက်ပါ အရည်ပဲဟာ"

"မင်းတို့ အရမ်းချမ်းသာတာပဲနော်"

"ဘာကို ကြည့်ပြီး ပြောတာလဲ"

လဆီးခါးသည် တစ်ခါသာ ရတနာစိန်လှုံခြံကြီးကို ရောက် သည်။

"အင်း...အဲဒါတော့ ပြောရခက်ကြီးကွာ၊ မင်း အရမ်းချမ်းသာတယ်ဆိုတာတော့ ငါ သိပါတယ်"

"ဒါတွေ ငါ စိတ်မဝင်စားပါဘူး လဆီးခါးရာ။ စိတ်ဝင်စားနေတာ တစ်ခုတော့ ရှိတယ်။ အဲဒီတစ်ခုဆိုတာကြီး ငါ ပြင်းပြင်းထန်ထန် စိတ်ဝင်စားနေတယ်ကွ"





"ဘာလဲ အဲဒါကြီးက"

"အချစ်"

"ဟင်"

လဆီးခါး၏ မျက်လုံး နည်းနည်းပြူးသွားသည်။ အချစ်ဆို သည်ကို လဆီးခါးပါ စိတ်ဝင်စားသွားသည်ထင်၏။လဆီးခါးနှင့် အချစ်ကို ဆွေးနွေးရဦးမည်။

* * *

နှင်းဆီခင်းကို လွန်မြောက်ပြီး ဒန်းစင်းလေဒီ သစ်ခွပင်များ နံဘေးရှိ ကျောက်ခုံလေးပေါ်တွင် ထိုင်ကြသည်။ အေးမြသော သစ်ရိပ်က အပေါ်မှ ဆီးမိုးထား၏။

"ပထမတော့ ငါ့စိတ်တွေ ဘာမှ မလှုပ်ရှားပါဘူးကွာ။ ရုပ်ရှင်ထဲက ကောင်လေးနဲ့ ကောင်မလေး အပြတ်နမ်းတော့ ငါ့ရင်တွေ အရမ်းခုန်သွားတာပဲ"

"နွဲ့မွန်ကကော ခုန်လား"

လဆီးခါးစကားက အူတူတူ။ ဒီကောင်နှင့် အချစ်အကြောင်း ဆွေးနွေးလို့ ရပါ့မလားဟု ကျော်စိုးပိုင် စဉ်းစား၏။

"အဲဒါတော့ ငါ ဘယ်သိမလဲကွ။ ရုပ်ရှင်ရုံထဲမှာ နွဲ့မွန် ရင်ဘတ်ကို ငါက လက်နဲ့ စမ်းကြည့်နေတာမှ မဟုတ်ဘဲ"

"အေး...ဟုတ်သားပဲ"

"မင်း စကားက အူတူတူနဲ့၊ လဆီးခါး မင်းကို စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောရတာ သိပ်လက်ဝင်တယ်"

လဆီးခါး ငြိမ်သွားသည်။

"မင်းနဲ့ ဆွေးနွေးချင်တာက အချစ်ဆိုတဲ့ကြောင်းတရားကို ပြောတာ။ အဲသလို ရင်ခုန်တာကို အချစ်လို့ ခေါ်တာလား"

"မသိဘူးလေ"

ကျော်စိုးပိုင် မျက်နှာ ရှုံ့မဲ့သွား၏။ စိတ်လည်း အနည်းငယ် ပျက်ချင်လာသည်။

"မင်း ဘယ်လို မြင်လဲ လဆီးခါး"

"ဘာကိုလဲ"

" မင်း တော်တော် အူတဲ့ကောင်ပဲ"

"သိဘူးလေ"

"လာပြန်ပြီ ဒီ မသိဘူးကြီးက"

လဆီးခါး ရယ်သည်။

လဆီးခါးကို ကြည့်ပြီး ကျော်စိုးပိုင် စိတ်မရှည်ချင်တော့။ အစက အချစ်နှင့် ပတ်သက်လျှင် ဒီလောက် တုံးလိမ့်မည် မထင်ခဲ့။ သို့သော်လည်း အားလျှော့လို့တော့ မဖြစ်။ ဆွေးနွေးတိုင်ပင်စရာဆို၍ ဒီသူငယ်ချင်းတစ်ယောက်သာ ရှိသည်။

"ငါ မင်းဆီက သိချင်တာက နွဲ့မွှန် ငါ့ကို ဒီလောက် လိုက်လျောပြီး အခွင့်အရေးပေးတာ ဘယ်လို သဘောလဲ ဆိုတာ သိချင်တာကွ"

"သိဘူးလေ"





"ဟော့ကောင် လဆီးခါး"

"ဘာလဲကွ"

"မင်း သိဘူးလေ ဆိုတဲ့ စကားထက် ပိုပြီး မပြောတတ်ဘူးလားကွ"

"ပြောတတ်ပါတယ်"

"ဒါဖြင့် ပြောပေါ့ကွ၊ ငါ့မှာ ဆွေးနွေးတိုင်ပင်စရာ ယောကျ်ားလေး သူငယ်ချင်းဆိုလို့ မင်းပဲ ရှိတာ"

"နှင်းဆီခင်းထဲမှ ပုတ်သင်ညိုလေးတစ်ကောင် ပြေးထွက်လာသည်။ လဆီးခါးက မြေခဲလေးတစ်ခုနှင့် လှမ်းပေါက်ရင်း

"အင်း...စဉ်းတော့ စဉ်းစားစရာပဲ ကျော်စိုးပိုင်"

"အေး ငါက မင်းကို အဲသလို စဉ်းစားစေချင်တာကွ၊ နွဲ့မွှန် ငါ့ကို ဘယ်လို သဘောထားတယ်ဆိုတာ"

အကြောင်းစုံကို ပြောပြထားပြီး ဖြစ်သဖြင့် အကျယ်ဖွင့်နေစရာ လိုတော့။

"မင်းကို ငါ မေးမယ်၊ ကျော်စိုးပိုင်"

ကျော်စိုးပိုင်၏ မျက်လုံး ဝင်းခနဲ လက်သွား၏။

"မေးကွာ"

"မင်း နွဲ့မွှန်ကို ချစ်လား"

အရှင်းလင်းဆုံးသော မေးခွန်း ဖြစ်သော်လည်း အဖြေရ ခက်ဆုံးသော အကြောင်းတရားဖြစ်နေ၏။

"ငါ ဘယ်လို ဖြေရမလဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ရင်ထဲမှာ ရှိတာ ပြောလေ"

"အင်း ...ပြောရခက်တယ် လဆီးခါ၊ သူနဲ့ သွားရလာရ
ရင်ခုန်တာကို အချစ်လို့ ပြောရင်တော့ သူ့ကို ငါ ချစ်တယ်
ပြောရမှာပဲ။ ဒါပေမဲ့ သူ့ကို ငါ ချစ်နေသလား၊ မချစ်ဘူးလား
ဆိုတာ ကိုယ် ကိုယ်တိုင်လဲ ကွဲကွဲပြားပြား မသိဘူးကွ"

သူ့စကားကြောင့် လဆီးခါး ခပ်ယောင်ယောင် ဖြစ်သွား
သည်ကို သူ သိ၏။

"နွဲ့မွန်က မင်းကို ရိုးရိုးသားသား ခင်တာလဲ ဖြစ်နိုင်တယ်"

"အဲဒီအချက်ကိုလဲ ငါ စဉ်းစားတယ်။ အင်း... ရင်
တစ်မျိုးကြီး ကွာ၊ လှုပ်ရှားနေတာတော့ အမှန်ပဲ"

"မင်း စိတ်ကို ဆုံးဖြတ်လေ၊ ဆုံးဖြတ်လို့ ရရင် ချစ်တယ်ဆို
ပြောလိုက်ပေါ့"

"လွယ်ပါကွာ၊ သူက ရိုးရိုးသားသား ခင်တာကို ကိုယ်
ဆန်းဆန်းပြားပြား လုပ်မိလို့ စိတ်နာသွားမှ အခက်"

"အဲသလို ဆိုရင်လဲ အချိန်ယူ စဉ်းစားပေါ့ကွာ"

ဆွေးနွေးပွဲကြီးက မကျေမလည်။ အချစ်ဆိုသည်ကို
သုံးသပ်၍ မရ။ လဆီးခါး ပြန်သွားသောအခါ အချစ် ဆွေး
အောင်မြင်ပြီးမြောက်ခြင်း မရှိဟု သူ နားလည်လိုက်၏။

* * *

(၁၆)

အေးသက် မျက်နှာကို တစ်ချက် ဝေ့ကြည့်သည်။ အေးသက်က
စကားတစ်ခွန်း မပြောဘဲ အကြော်များကို သာ ပန်းကန်ထဲထည့်ပြီး
သူ့ရှေ့ လာချပေးသည်။ ကျော်စိုးပိုင်က ကြက်သွန်ကြော်ကို
တစ်ကိုက်ဝါးရင်း

"နင် ဘာဖြစ်နေတာလဲ အေးသက်"

"ဘာမှ မဖြစ်ပါဘူး"

"အံမာ... နင့်မျက်ခွက်ကြီးက မှုန်ကုတ်နေတာပဲ"

"မနေ့က နွဲ့မွန် လာတယ်"

"အဲဒါ ဘာဖြစ်လဲ၊ ငါက ထခုန်ရမှာလား"

အေးသက်က မျက်စောင်းကို ပစ်လွှတ်၏။

"မသိချင်ယောင်ဆောင်မနေပါနဲ့ ကိုပိုင်"

"ဘာကိုလဲဟ"



www.burmeseclassic.com

www.burmeseclassic.com



အေးသက်ပြုံးသော်လည်း အပြုံးက ခပ်မဲ့မဲ့အပြုံး။

"တစ်နေ့က ကိုပိုင်နဲ့ နွဲ့မွန် ရုပ်ရှင် သွားကြည့်တယ်၊ ကန်တော်ကြီးကို သွားတယ်"

"အဲဒါ ဘာဖြစ်လဲ"

အေးသက်က မျက်လုံးဝိုင်းကြီးနှင့် သူ့ကို ကြည့်သည်။

"မေးချင်နေတယ်"

"ဘာကိုလဲ"

"ကိုပိုင်နဲ့ နွဲ့မွန် ချစ်နေကြတယ်လားဟင်"

ဝါးအုံ့ဆဲဆဲအကြော်သည် ပါးစပ်ထဲတွင် ကိုးလို့ကန့်လန့် ဖြစ်သွားရသည်။

"နေ ... နေစမ်းပါဦး၊ ငါနဲ့ နွဲ့မွန် ရုပ်ရှင်ကြည့်တာကို နင် ဘယ်သူပြောလဲ"

"နွဲ့မွန် ပြောတယ်"

သူက ဘာမှ မပြောဘဲ ငြိမ်နေတော့ အေးသက် တစ်ဆင့် တက်လာသည်။

"နေနဲ့လ ရွှေနဲ့မြပါ ကိုပိုင်"

"နေပါဦး၊ သူနဲ့ငါက ဘာဖြစ်သေးလို့လဲ"

"မလိမ်ပါနဲ့ ကိုပိုင်။ ကိုပိုင်နဲ့ နွဲ့မွန် ချစ်သူဖြစ်နေလို့ ရုပ်ရှင် အတူကြည့်တာပေါ့"

တစ်ဖက်သတ် စွဲချက်တွေနဲ့ သည်နေ့ အေးသက် ဘာဖြစ် နေရတာလဲ။ သူအေးသက်ကို နားမလည်နိုင်တော့။





"ရုပ်ရှင် အတူတူကြည့်တာနဲ့ ချစ်သူရည်းစား ဖြစ်ရတော့ မှာလား အေးသက်ရာ"

"ရုပ်ရှင်ကို နှစ်ယောက်ထဲ တွဲကြည့်တယ်ဆိုတာ ချစ်သူ ရည်းစားတွေသာ အများဆုံး ကြည့်ကြတာ ကိုပိုင်"

"နင် ငါ့ကို စွပ်စွဲနေတာလား အေးသက်"

"အမှန်စကား ပြောတာ"

"နင်တော်တော် ပြောရခက်တယ် အေးသက်၊ ဟုတ်တယ်ဟာ။ နွဲ့မွန်နဲ့ငါ ချစ်နေကြတယ်။ အဲဒါ ဘာဖြစ်လဲ၊ ကမ္ဘာကြီး မျက်မတတ်အောင် အရေးကြီးနေလို့လား"

ရွဲ့ပြီး သူ စွတ်အော်သည်။

အေးသက်က သူ့မျက်နှာကို ခပ်တွေတွေလေး ကြည့်၏။ ကြည့်ရင်း မျက်ရည်တစ်ဥက သူမ၏ ပါးပြင်ပေါ်သို့ လိမ့်ခနဲ ကျလာသည်။

ရင်မှာ နားလည် သိရခက်သည့်အဖြစ်။

အံ့အားသင့်စိတ်နှင့်အတူ သူ့ ရင် လှုပ်လှုပ်ခတ်ခတ် ဖြစ်သွား ပေါ်သည်။

အေးသက်ရယ်၊ နင်ဘယ်လို ဖြစ်နေတာလဲ။

ငါနဲ့ နွဲ့မွန် ဘာမှ မဖြစ်သေးလို...

နင်နဲ့ငါနဲ့ကကော ဘာဖြစ်သေးကလို့လဲ ...။

* * *



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

မေမေ့အသံကို ကြားနေရသည်။

ဖေဖေကမူ မေမေ့စကားကို ပြုံးပြီး နားထောင်လျှင် နားထောင်မည်။ သို့မဟုတ် စီးကရက်ကို ပါးစပ်မှာ ခဲပြီး မေမေ့ကို မျက်လုံးတစ်ဖက် မှေးစင်းပြီး ကြည့်ချင်ကြည်နေမည်။

ကျော်စိုးပိုင်သည် ဖတ်လက်စ ဝတ္ထုစာအုပ်ကို စာရေးစားပွဲပေါ် ပစ်တင်ပြီး အိပ်ရာမှာ လှဲလျောင်းလိုက်၏။ ဒီညနေ ဘယ်မှ သွားချင်စိတ် မရှိ။ လဆီးခါးက ညနေကျ လက်ဖက်ရည်ဆိုင် ထိုင်ရအောင်ကွာ ဟု ပြောတော့ပြောသည်။

လဖက်ရည်ဆိုင်ကိုလည်း ထိုင်ချင်စိတ်က မရှိ။ ညနေ မဆုံဘူးကွာဟု ဆိုပြီး အခန်းတွင် အောင်းနေဖြစ်သည်။ ဝတ္ထုစာအုပ်နှင့် ငြိမ့်နေပြစ်သည်။

"အရည်က တော်တော်ကောင်းတယ် ကိုကို။ နေ သဘောကျလိုက်တာ အရမ်းပဲ။ အဲဒီအမျိုးသမီးကတော့ အန်တီချောနဲ့ ပတ်သက်ပြီး ယုံယုံကြည်ကြည် ပြောပါတယ်။ ပစ္စည်းကို ယူထားလိုက်ပါ။ ကျွန်မ ညနေ တိုက်ကို ဝင်လာပါ့မယ်။ အဲဒီကျမှ





ချေပါတဲ့။ မေ့ စိတ်ဓာတ်ကိုလဲ ကိုကို သိသားပဲ။ တစ်ဖက်သားက ကို ဘယ်လောက်ပဲ ယုံကြည် စိတ်ချစိတ်ချ ရှေ့ပတ္တမြား၊ နဂါး ဆိုတဲ့ မှုကို ကျင့်သုံးလာတာ"

ကျော်စိုးပိုင် မေမေ့အသံကို နားစွင့်ထားသည်။ ပစ္စည်းတစ်ခု ယ်တော့မည်ကိုတော့ နားလည်လိုက်၏။

"အဲဒီအမျိုးသမီးက ပွဲစားလား"

"ဘယ်က ပွဲစားရမှာလဲကိုကို။ ဗိုလ်ချုပ်ဈေးမှာ ရတနာဆိုင် ထားတာ။ မျက်နှာကြီးထဲက ကိုကိုရဲ့။ မေက အရည်ကောင်းကောင်း တစ်ဆင်စာ လိုချင်တယ်လို့ အန်တီချောကို ပြောလို့ အန်တီချောက ဒီအမျိုးသမီးနဲ့ ဆက်သွယ်ပေးတာ။ အဲသက်အရွယ်ကတော့ လောက်ပါပဲ"

"ဘယ်တော့ လာမှာလဲ"

"ခု လာတော့မှာ ကိုကို၊ စောစောက ဖုန်းဆက်တယ်၊ မေ ကို စောင့်နေတာ"

စကားမဆုံးခင်မှာပင် ခြံထဲသို့ ဝင်လာသည့် ကားသံကို ော်စိုးပိုင် ကြားသည်။ အိမ်ကကား မဟုတ်သည်ကိုလည်း တတ်သိလိုက်၏။

မေမေ၏ လှုပ်ရှားမှုနှင့်အတူ ဘာဂျာတံခါး ဆွဲဖွင့်သံ၊ ဦးကြိုပြုသံများ ကြားရ၏။ ခြေသံများ၏ လှုပ်ရှားမှုကြောင့် သည်တစ်ယောက်တည်း မဖြစ်နိုင်သည်ကို ကျော်စိုးပိုင် မှန်းမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ မျှော်နေတာ။ ဒါက သမီးလေးလား"

"ဟုတ်ကဲ့ရှင့်"

"သမီးလေးက အချောလေးပဲ။ ဒါနဲ့ သမီးလေးက ဘယ်နှစ်တန်း ရောက်ပြီလဲ"

"သမီးက ဒုတိယနှစ်မှာ ပညာသင်နေတယ် မမမေ"

မေမေနှင့် အသက် ခြည်မျှ ကွာမည်ကိုတော့ မသိ။ မေမေ့ကို မမမေ ဟုခေါ်သဖြင့် ကျော်စိုးပိုင် ပြုံးမိသည်။

"အင်း...သမီးလေးက မမမေရဲ့ သားအရွယ်ပါပဲ။ သ... ကတော့ တော်ပါ့ကွယ်။ အိမ်ကကောင်ကတော့ ပိဋကတ်အိုး ကွဲနေပြီလေ။ ဆယ်တန်းကို တဖုတ်ဖုတ်ကျလို့ အတန်းကျော... ကတောင် လက်မခံတော့ဘူး"

မေမေ့စကားကြောင့် ကျော်စိုးပိုင် မျက်မှောင်ကြုတ်သွား... ခုမှ သိကျွမ်းသူကို ကိုယ့်သား အရည်အချင်းပြောတာတော့ လုံး... မကောင်း။ ကိစ္စတော့ မရှိပါ။ ဒီကကောင် အပြင်မထွက်... အခန်းထဲ အောင်းနေလိုက်ရုံသာရှိ၏။

သည်သို့ စဉ်းစားနေဆဲမှာ တံခါးခေါက်သံကို ကြားသည်...

"ဆွေမလား၊ သံပရာရည် လာပို့တာလား၊ သွားစမ်း... လာမနှောင့်ယှက်ပါနဲ့။ ငါ စာကျက်နေတယ်"

တံခါးကို လက်နှင့် ထပ်ပုတ်ပြန်၏။

"မိစန်း ထင်တယ်။ ငါ ထမင်းစားပြီးပြီ။ လာမနှောက်ယှက်... စာဖတ်နေတယ်"





"မဟုတ်ပါဘူး သားရဲ့၊ မေမေပါ"

"ဟိုက်...မားသားကြီးပါလား"

ကျော်စိုးပိုင် ဝတ္ထုစာအုပ်ကို မွေ့ရာအောက် ထိုးသွင်းလိုက်၏။ ...မေမေ့ကို အခန်းတံခါး ဖွင့်ပေးသည်။

"ဘာလုပ်မလို့လဲ မေမေ"

မေမေ့မျက်နှာ ပြုံးနေ၏။

"ဧည့်ခန်းကို လာပါဦးသားရဲ့"

"ဘာလုပ်မလို့လဲ မေမေ၊ သား စာကြည့်နေတယ်"

"မေမေက မင်းကို ကောင်မချောချောလေးနဲ့ မိတ်ဆက် ...မလို့"

ယင်းစကားကို မေမေသည် တီးတိုး ပြော၏။

"သား ဒါတွေ ဝါသနာ မပါဘူး"

"အံမာ...ကိုနှောက်ပိုးကများ။ မင်းအကြောင်း မေမေ မသိရင် ...မယ်။ ကဲ...လာပါ။ ဧည့်သည်တွေက မေမေ့ တစ်ဦးတည်းသော ...လေးကို တွေ့ချင်နေကြပြီ"

လက်ကို ဆွဲခေါ်သည်။မတတ်သာတော့။ တွန့်ကြေသလို ...နေသော အင်္ကျီကို ဆန့်ပြီး မေမေဆွဲခေါ်ရာ လိုက်ခဲ့ရ၏။ ...ကောင်မချောချောလေး ကိုတော့ ရင်က မှိုချင်သလို ...သေးသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်"

ကမ္ဘာကြီး ဟက်တက်ကွဲပြီဟု ထင်မိပါ၏။ ထိုင်ရမ
ထပြေးရမလို ဖြစ်သွားရသည့်အဖြစ်။ မေမေက သား ဖေဖေကြီးနား
ထိုင် ဆိုသည့်စကားကိုပင် နားမှာ ဝေဝါးစွာ ကြားရသ
ဖြစ်သွားသည်။

နွဲ့မွန်က သူ့မျက်နှာကို စိုက်ကြည့်ပြီး မျက်လုံးဝိုင်းဝိုင်းကလေး
သည်ကကောင်မှာတော့ မျက်လုံးပြူးပြူးကြီး ဖြစ်နေရသည

"လဲ့...အဲဒါ မမမေရဲ့သားပဲ၊ ကျော်စိုးပိုင်တဲ့။ မိဘ
အကျိုးပြုတဲ့နေရာမှာ ပြိုင်စံရှားပဲ"

မေမေက ပြောပြီး သူ့စကားကို သဘောကျစွာ ရယ်၏။
ဟု အခေါ်ခံရသည့် နွဲ့မွန်၏ မေမေကမူ ကျော်စိုးပိုင်ကို ကြည့်
နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးသည်။ နွဲ့မွန်မျက်နှာ ခပ်တင်းတ
ဖြစ်သွားသည်ကိုတော့ သူ သိ၏။

"သားက တစ်ယောက်ထဲဆိုတော့ သူ ဆိုးသမျှ ငုတ်တု
ထိုင်ကြည့်နေရတာ။ ဖအေကြီးကတော့ မျက်နှာသာ မပေးပါ
ဖအေ မရှိဘူး ဆိုရင်တော့ မအေကို နိုင်ချင်တိုင်း နိုင်တာ"

နွဲ့မွန် မေမေကတော့ ပြုံးနေ၏။

"အသုံးစရိတ်ကလဲ ကြီးသေးတယ်လေ။ ဘယ်သူငယ်ချင်
ဘယ်လိုကူညီချင်လို့ပါ မေမေရဲ့ဆိုပြီး လေးထောင်မျိုး ငါးထောင်
တောင်းတာကတော့ ခဏခဏပဲ၊ ဟုတ်လား မဟုတ်လား
မသိဘူး"





"သား မလိမ်တတ်ပါဘူး မေမေ"

သည်စကားကို တော့ နွဲ့မွန်က ပြုံး၏။ ပြုံးသည့်အပြုံးက ရိုးရိုးသားသားအပြုံးမဟုတ်။ မဲ့ပြုံး။

"သား... အဲဒါ အန်တီလဲ့ရဲ့သမီး မှတ်ထားနော်။ နွဲ့မွန်တဲ့။ လမ်းတွေ့ရင် မောင်နှမတွေ ခင်ခင်မင်မင်နေကြပေါ့"

သူ ခေါင်းညိတ်သော်လည်း နွဲ့မွန်က ခေါင်းကို ဆတ်ခနဲ အောက်သို့ စိုက်ပစ်လိုက်သည်။

"မမမေလဲ လဲ့တို့ ခြံကို လာလည်ပါနော်။ မမမေနဲ့ ဒီနေ့မှ ရင်းရင်းနှီးနှီး ရှိပေမယ့် လဲ့ တော်တော့်ကို ခင်မင်လေးစား မိပါတယ်"

"လဲ့လဲ မမမေတို့ခြံကို အချိန်မရွေး လာလည်ပါ"

စကားတွေကို တရင်းတနှီးနှင့် အချိန်အတော်ကြာ ပြောပြီး သောအခါ နွဲ့မွန်မေမေက လက်မှ နာရီကို ကြည့်သည်။

"စကားကောင်းနေတာနဲ့ အချိန်တောင် တော်တော်လင့်သွားပြီ မမမေ။ လဲ့တို့ကို ခွင့်ပြုပါဦး အစ်ကိုကြီး ပြန်ဦးမယ်နော်"

ဖေဖေက ပြန်ပြီး ခေါင်းညိတ်ပြ၏။ ထိုင်ရာမှ ထတော့ ကျော်စိုးပိုင်က မေမေနှင့်အတူ ရောယောင်ပြီး ထသည်။

"သားလဲ လာလည်နော်"

"ဟုတ်ကဲ့ပါ အန်တီ၊ ဖိတ်လို့ကတော့ ကျွန်တော်က အာဝတီသာ အထိတောင် လာလည်တတ်ပါတယ်"

သူ့စကားကို နွဲ့မွန်မေမေက သဘောကျစွာ ရယ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



နွဲ့မွှန်ကတော့ မရယ်ဘဲ မျက်နှာကို ခပ်တည်တည် လုပ်ထားသည်။ ကျော်စိုးပိုင်၏ မျက်နှာကို စူးခနဲကြည့်ပြီး ဘောပတ်ဝန်းကျင်ကို မျက်လုံးဝဲလိုက်သေး၏။ မေမေနှင့် အန်တီလှဲ့က ဘာဂျာတံခါးနားတွင် လက်စ မသတ်နိုင်ကြသေး။

"ဒီမယ် ကျော်စိုးပိုင်"

"ဟင်"

"မေမေက မသိလို့ ဖိတ်တာ သိလား။ ယူ တို့ခြံကို ဘယ်တော့မှ လာမလည်နဲ့၊ လိမ်တတ်တဲ့လူကို တို့ သိပ်မုန်းတယ် သိလား"

ကိုယ် တောင်းပန်ပါတယ် နွဲ့မွှန်ဟု စကားဆိုမည်အပြုတွင် မေမေတို့ အနားရောက်လာသည်။ ပြောမည့်စကားသည် လည်ချောင်းတွင် တစ်လစ်ကြီး ဖြစ်သွားရသည်။

နွဲ့မွှန်ကတော့ ကားကို ခပ်ကြမ်းကြမ်း မောင်းထွက်သွားပြီး သူ့ကို လှည့်၍ပင် မကြည့်တော့။

အင်း...အလိမ်တွေတော့ ပေါ်ကုန်ပါပြီ။

*  *  *

(၁၈)

အေးသက်နှင့်အတူ အကြော်ဆိုင်ရောင်းနေဆဲဝယ် နွဲ့မွှန် ရောက်လာ၏။ နွဲ့မွှန်ကိုမြင်မှ နွဲ့မွှန်နှင့် မဆုံသည်မှာ ဆယ့်လေးငါးရက်မျှ ကြာသွားသည်ကို သူ စဉ်းစားမိသည်။

"လိမ်စရာ ညာစရာ မရှိတော့လို့ အကြော်ဆိုင်ရောင်းနေတာလား ကျော်စိုးပိုင်"

ကားပေါ်မှ အော်ပြောပြီး ကားကို အကြော်ဆိုင်နှင့် မလှမ်းမကမ်းရှိ ဗာဒံပင်အောက်မှာ သွားရပ်လိုက်သည်။ ပြီး နွဲ့မွှန် ကားပေါ်မှ ဆင်းလာ၏။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ နွဲ့မွှန်မျက်နှာကို သူ စေ့စေ့မကြည့်ရဲ။

"အေးသက်"

"ဘာလဲ နွဲ့မွှန်"

"ကျော်စိုးပိုင်ဘဝက နံချာတယ် သိလား။ အေးသက်တို့ ဆင်းရဲတယ်ဆိုတာ ဘာဟုတ်သေးလဲကွာ။ ကျော်စိုးပိုင်တို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲလိုက်တာများ တိုက်ကြီး ခြံကြီးကို ဟီးလို့။ ကားကလဲ အပုံစားကွ။ သိပ်သနားဖို့ ကောင်းတာပဲ သိလား"

ရိပ်မိကြီးကို သိလိုက်၏။ အေးသက်က သူ့ မျက်နှာကို ဆတ်ခနဲ လှမ်းကြည့်သည်။ အဖြစ်မှန်အားလုံးကို အေးသက်ကို မပြောပြ ဖြစ်ခဲ့ချေ။

ကျော်စိုးပိုင်တို့ မေမေက သိပ်ဆင်းရဲတော့ ပစ္စည်းပစ္စယ သိပ်များများကြီး မဝယ်နိုင်ဘူးပေါ့ အေးသက်ရာ။ တို့မေမေဆီက မြတစ်ဆင်စာကို သိန်းသုံးဆယ်လောက်လေးနဲ့ပဲ ဝယ်နိုင်တာ"

"မလှောင်ပါနဲ့ နွဲ့မွန်ရာ"

ကျော်စိုးပိုင်အသံက အားပျော့နေ၏။

"မလှောင်ပါဘူးရှင်၊ ကျွန်မက စကားကို အတည်ပြောတာပါ။ နောက်လဲ မနောက်တတ်ဘူး၊ လိမ်လဲ မလိမ်တတ်ဘူး"

စကားနှင့် အပိုင်ထုရင်း အကြော်တဲလေးအောက်သို့ ငုံ့ဝင်ပြီး လေးထောင့်စားပွဲလေးမှာ ဝင်ထိုင်လိုက်၏။ အေးသက်က နွဲ့မွန် ကြိုက်တတ်သည့် မတ်ပဲဘယာကြော်လေးများကို ပန်းကန်ထဲထည့်ပြီး နွဲ့မွန်ရှေ့မှာ ချပေးသည်။

"ကိုယ့်အိမ်က စားလာခဲ့ပြီးပါပြီ အေးသက်ရဲ့"

"ထပ်ပြီး စားပေါ့ နွဲ့မွန်၊ စေတနာဆိုတာ တုံ့ပြန်ရတယ်လေ"

"အင်း...အေးသက်ကတော့ ဒီစကားကြီးနဲ့ တို့ကို ကိုင်ဆော်နေတော့တာပဲ။ သူ့ဟာက မစားလဲအခက်၊ စားတော့ ပိုက်ဆံ မယူ၊ ဘာလဲ အေးသက်တို့ သိပ်ချမ်းသာနေပြီလား"





"ချမ်းသာတာနဲ့ စေတနာက တစ်ခြားစီပါ နွဲ့မွန်။ အေးသက်က ားလုံးကို စေတနာထားပါတယ်"

နွဲ့မွန်က ပြုံးလျက်သာနေ၏။ ကျော်စိုးပိုင်က မီးဖိုဘေးမှ သာထလိုက်သည်။ သူ့တစ်ကိုယ်လုံး ညှော်နံ့ သင်းနေ၏။

"ကျော်စိုးပိုင် တို့ ယူ့ကို လာခေါ်တာ"

အေးသက် မျက်လုံးက သူ့ဆီ ဝေ့ခနဲ ရောက်လာ၏။ သူ ်တွေတွေလေး ဖြစ်နေသည်ကို ကြည့်ပြီး အေးသက်က သသံတိုးတိုးနှင့် ပြောသည်။

"လိုက်သွားပါ ကိုပိုင်"

အသံက တုန်ခတ်နေသည်ကို သူ သိသည်။

"ဘယ်ကို သွားမှာလဲ နွဲ့မွန်"

"အဟား...ယူ့စကားကို သတိမေ့နေပြီလား။ ဖိတ်ရင် ာဝတီသာထိတောင် လာမယ်ဆို"

"သြော်...နွဲ့မွန်က တို့ကို လာဖိတ်တာလား"

"ဖိတ်ခေါ်တာ ကျော်စိုးပိုင် ဖိတ်ခေါ်တာ"

အေးသက်ကို သူ နှုတ်ဆက်သည်။ နွဲ့မွန်နှင့်အတူ ကားဆီသို့ ှောက်လှမ်းနေရသည့် ခြေထောက်များသည် ဘယ့်အတွက်ကြောင့် းလံနေရသည်ကို ကိုယ့်ကိုယ်ကိုလည်း သုံးသပ်၍ မရတော့။

အေးသက်၏ အကြော်ဖိုမှ ညှော်နံ့သည် ရင်ကို အဘယ့်ကြောင့် ၍ နာကျင်ရပါသနည်း။ စက္ကန့်ခြောက်ဆယ်ထိ စကား ပြောဖြစ်သည့်အဖြစ်ကို နွဲ့မွန်က စိတ်မရှည်စွာဖြင့် ကားမောင်းရင်း

www.burmeseclassic.com



လှည့်ကြည့်သည်။

"ကျော်စိုးပိုင်"

"ဟင်"

"လိမ်တဲ့အတတ်ပညာတွေကို ဘယ်တုန်းက တတ်လာ လဲဟင်"

"ကြာပြီ နွဲ့မွန်"

"ဘာ...ဘယ်လို"

"တတ်တာ ကြာပြီလို့ ပြောတာပါ နွဲ့မွန်"

"အဲဒါ ကောင်းတဲ့အလုပ်လား"

"ကိုယ့်အတွက်တော့ ကောင်းတယ်လို့ပဲ ပြောရမှာပဲ။ မေမေ့ဆီက ပိုက်ဆံကို အမျိုးမျိုးလိမ်တောင်းတယ်။ တောင်း ရတဲ့ ပိုက်ဆံကို တို့ ဖဲမရိုက်ဘူး၊ အရက် မသောက်ဘူး၊ မချဘူး၊ သူငယ်ချင်းတွေကို ခွဲဝေပေးလိုက်တယ်။ ဘာဖြစ်လို့ ဆိုတော့ တို့သူငယ်ချင်းတွေက တို့လို မချမ်းသာဘူး။ အ ဆင်းရဲကြတယ်"

နွဲ့မွန် ပင့်သက်ချသည်ကို သူ သိသည်။ နောက်မှ တစ်စီး၏ ဟွန်းသံကြောင့် ကားကို အသာဆွဲချပြီး လမ်း လိုက်သည်။

"တို့ကို လိမ်တာတော့ မကောင်းပါဘူး"

"နွဲ့မွန်ကို လိမ်ပြောမိတာ နွဲ့မွန်မှာ ဘာမှ ထိခိုက်နစ်န မရှိဘူးလို့ တို့ ထင်တယ်"





သည်တစ်ခါတော့ နွဲ့မွန့်ထံမှ အသံ ထွက်မလာ။

"တို့တောင်းပန်ပါတယ်။ နွဲ့မွန်ကို လိမ်ညာမယ်ဆိုတဲ့ အစီအစဉ် တကယ်မရှိပါဘူး။ နွဲ့မွန်နဲ့ နောက်ထပ်ဆုံဆည်းစရာ အကြောင်းမရှိဘူးလို့ ထင်ပြီး ပါးစပ်က ပြောမိပြောရာ ပြောလိုက်တာပါ"

"ယူ့ကို တို့ သိပ်ခင်တယ် ကျော်စိုးပိုင်"

"ကိုယ်ကလဲ ခင်တာပါပဲ နွဲ့မွန်"

"ယူ သူဌေးသားဖြစ်တာကို သိရလို့ ပိုပြတာတော့ မဟုတ်ဘူး။ ယူ သူဌေးသား ဖြစ်တာကိုလဲ အထင်မကြီးဘူး"

"ကိုယ်ကလဲ အထင်ကြီးပါလို့ မပြောရပါလား။ ကိုယ့်ကို ဆင်းရဲသားလေး ကျော်စိုးပိုင်အဖြစ်နဲ့ပဲ နွဲ့မွန် ခင်မင်ပါ၊ ဆက်ဆံပါ"

နွဲ့မွန် ဘာမျှ မပြောတော့။

ကားကို အင်းလျားဘက် မောင်းပြီး ကန်ဘောင်ဘက် ခရီးနှင်သည်။ ဝင်ကြေးငွေပေးပြီး ကားကို သရက်ပင်ကြီးအောက်မှာ ရပ်လိုက်၏။ ပြီးတော့ နှစ်ယောက်သား ကန်အစပ်ရှိ စားသောက်ဆိုင်သို့ လျှောက်ခဲ့၏။

ထိုင်ဖြစ်တော့ နွဲ့မွန်က ဦးဆောင်ပြီး မြီးရှည်နှစ်ခွက် မှာသည်။ သူ့ကို ဒီနေရာ ခေါ်လာတာ နွဲ့မွန်မှာ ပြောရစရာ စကားပါလာပြီကို သူ စဉ်းစားမိ၏။ နွဲ့မွန်မျက်နှာမှာ အကြောင်းအရာတစ်ခု ရှိနေသည်။

"ယူ့ကို ပြစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နွဲ့မွန်"

"လဆီးခါး ပြဿနာလေ"

သူ ထိတ်ခနဲဖြစ်သွားသည်။

လဆီးခါး ဘာပြဿနာများ ဖန်လာသည်ကိုလည်း သူ အပြေးအလွှား စဉ်းစား၏။

"လဆီးခါး ဘာဖြစ်လို့လဲ"

နွဲ့မွန်က စကားကို မဆိုသေးဘဲ မျက်တောင်ကော့ကြီးကို သုံးလေးချက် ပုတ်ခတ်ပုတ်ခတ် လုပ်သည်။ ပြီး ပင့်သက်ကို ခပ်လေးလေးချ၏။

"ခက်တယ် ကျော်စိုးပိုင်။ ယူနဲ့ ပတ်သက်ပြီး အေးသက်ကိုလဲ တို့ ခင်ခဲ့တယ်။ လဆီးခါးကိုလဲ တို့ ခင်ခဲ့ပါတယ်။ ခုတော့ တစ်မျိုးကြီးပါပဲဟယ်"

"ဘယ်လို တစ်မျိုးကြီးလဲဟ"

နွဲ့မွန်က သူ့လက်ကိုင်အိတ်ကလေးကို ဖွင့်သည်။ အိတ်ကလေး အတွင်းမှ စာရွက်ခေါက်လေးကို ထုတ်ယူလိုက်၏။

"ဖတ်ကြည့် ကျော်စိုးပိုင်"

စာရွက်ခေါက်လေးကို လှမ်းယူပြီး ဖြန့်လိုက်သည်။ လက်ရေးကို မြင်ကတည်းက လဆီးခါး၏ လက်ရေးမှန်း သိ၏။

နွဲ့မွန် ...

ရည်းစားစာကို ဘယ်လို ရေးရမယ်ဆိုတာကို ကိုယ် တကယ် မသိပါဘူး နွဲ့မွန်။ နွဲ့မွန်ကို ချစ်နေမိတဲ့အကြောင်းတွေကို





ကျော်စိုးပိုင်ကိုလဲ ကိုယ် မတိုင်ပင်ဝံ့ပါဘူး။ ခင်မင်တဲ့ အပေါ်မှာ အခွင့်ကောင်းယူပြီး ချစ်စကားကို ပြောတာလဲမဟုတ်ပါဘူး နွဲ့မွန်ရယ်။ ဖြင့်မြင့်ချင်း ချစ်မိတဲ့အဖြစ်ကိုပဲ အပြစ်ဆိုရတော့မလား မသိဘူး။

ကိုယ် နွဲ့မွန်ကို အရမ်း ချစ်မိနေပါပြီ။ နွဲ့မွန်ရဲ့ အပြုံးလေးတွေက ကိုယ့်အတွက် ဂီတသင်္ကေတလေးတွေဖြစ်ပြီး စကားသံလေးတွေက ဂီတသံအဖြစ်ပြောင်းလဲနေပါတယ် နွဲ့မွန်။ နွဲ့မွန်ရဲ့ အချစ်ကိုသာ ပြန်လည်တုံ့ပြန်မှု မရရင် ကမ္ဘာလောကကြီးဟာ ကိုယ့်အတွက် အရမ်းအရုပ်ဆိုး အကျည်းတန်သွားမှာပါ။ နွဲ့မွန်ကို ချစ်တယ် ဆိုတဲ့စကားဟာ နှုတ်ဖျားက လာတာ မဟုတ်ပါဘူး။ ရင်ထဲက လာတာဆိုတာကိုတော့ နွဲ့မွန် ယုံကြည်ပါ။ နွဲ့မွန်ကို ကိုယ် ချစ်တယ်ဆိုတဲ့ကြောင်းတွေကို ကျော်စိုးပိုင်ကို ပြန်မတိုင်ဖို့ အနူးအညွတ် တောင်းပန်ပါတယ်။ နွဲ့မွန်ကို ချစ်တာကို ကျော်စိုးပိုင် သိသွားခဲ့ရင်လဲ မင်း ငါ့အပေါ် သစ္စာမဲ့တယ်လို့ စွဲချက်တင် ဆိုးကြိတ်ရင်လဲ ကိုယ် လည်စင်းခံဝန့်ပါတယ်။ နွဲ့မွန်ကို ချစ်တဲ့ အချစ်စိတ် ကိုတော့ ကိုယ် ပြန်လည်ရုပ်သိမ်းလို့ မရတော့ပါဘူး။

စွဲလန်းမှု လွန်ကဲသော အချစ်များဖြင့်

လဆီးခါး

စာကိုဖတ်ပြီး ရယ်ချင်စိတ်ကို မနည်းချုပ်တီးထားရသည်။ သူက လဆီးခါး၏ အချစ်စာလွှာကို ပြန်လည်ခေါက်လိုက်ပြီး မျက်နှာကို တုနှင့် ညှပ်လိုက်၏။

www.burmeseclassic.com



"စာထဲမှာပါတဲ့ မင်း ငါ့အပေါ် သစ္စာမဲ့တယ်လို့ စွဲချက်တင် ထိုးကြိတ်ရင်လဲ ဆိုတဲ့အပိုဒ်က ဘာသဘောနဲ့ ရေးတာလဲ မသိဘူး နော်"

သူက မြီးရှည်စားရင်း မျက်လုံးကို လှန်ကြည့်သည်။

"တို့ ဘာဆက်လုပ်ရမလဲ ကျော်စိုးပိုင်"

"လဆီးခါးက ရိုးသားပါတယ် နွဲ့မွန်၊ တက္ကသိုလ် ကျောင်းသား တစ်ယောက်ပါ။ ဆင်းရဲတဲ့ ဘဝထဲကပေမယ့် လဆီးခါးမှာ ရည်ရွယ်ချက် ကြီးကြီးမားမား ရှိပါတယ်"

"ဘာလဲ၊ ယူက တို့ကို လဆီးခါးနဲ့ သဘောတူတယ်ဆိုတာ သွယ်ဝိုက်ပြောနေတာလား"

"တို့ ဘာကို ဆွေးနွေးပေးရမှာလဲ"

နွဲ့မွန် ပင့်သက်ချသည်။

"တို့လဆီးခါးကို ခင်တာပဲ ရှိပါတယ် ကျော်စိုးပိုင်"

"သူက နွဲ့မွန်ကို ချစ်နေတယ်လေ"

"အဲဒါ မကောင်းဘူးပေါ့"

"အချစ်ဆိုတာ ကောင်းပါတယ်"

"တို့ လဆီးခါးကို မချစ်ဘူး ကျော်စိုးပိုင်"

ပြောပြီး နွဲ့မွန်က သူ့မျက်နှာကို ခပ်စိုက်စိုက်လေး ကြည့်၏

"လဆီးခါးရဲ့ အချစ်ကို ဒီတစ်ခါပဲကြုံဖူးတွေ့ဖူးတယ် နွဲ့မွန် ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်တဲ့အထိ အချစ်နဲ့ ပတ်သက်ပြီး ဒီကောင် တို့ကို မပြောဖူးဘူး"





"ကျော်စိုးပိုင်"

"အင်"

"လဆီးခါးက ယူ့ကို အချစ်ရှေ့နေအဖြစ် ငှားထားသလား ဟင်"

"မဟုတ်ပါဘူး နွဲ့မွန်၊ လဆီးခါးရဲ့ ရိုးသားမှုတွေကိုတော့နွဲ့မွန် နားလည်အောင် တို့ ပြောရမှာပဲ"

"ယူက တို့ကို လဆီးခါးနဲ့ သဘောတူတယ်လား"

သူ မျက်လွှာကို အသာချလိုက်သည်။

အချိန်အတော်ကလေး ကြာမှ စကားမဆိုဘဲနေရင်းမှ

"တို့ ပြန်ကြရအောင် ကျော်စိုးပိုင်။ တို့ရင်ထဲမှာ ဘယ်လိုကြီး ဖြစ်နေရတယ်ဆိုတာကိုလဲ တို့ မသိတော့ပါဘူး။ အို...ကျော်စိုး ပိုင်ရယ်၊ တို့ ငိုချင်တယ်သိလား"

ပြောပြီး နွဲ့မွန် ကားဆီသို့ ပြေးသွားသည်။

သူ မြီးရှည်ဖိုး ရှင်းပြီး ကားဆီလျှောက်ခဲ့တော့ စီယာတိုင်ကို ကိုင်ရင်း နွဲ့မွန် ငိုနေ၏။

ကားကို မောင်းထွက်ခဲ့ပြီး အေးသာကာ၏ အကြော်တဲရှေ့မှာ သူ့ကို ချပေးသည်။ အေးသက်က သူနှင့် နွဲ့မွန်ကို မျက်ရည် အဝိုင်းသားနှင့် ကြည့်နေပါ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

လဆီးခါးက သူ့ကို မျက်နှာငယ်လေးနှင့် ကြည့်ပြီး ခေါင်းငုံ့သွား၏။

"နှာဘူး"

လဆီးခါး မျက်နှာ ဆတ်ခနဲ မော့လာသည်။

"အချစ်ရူးလို့ လို့ ခေါ်ပါ သူငယ်ချင်းရာ"

"ဘူးနဲ့ အရူး အတူတူပဲကွ၊ မင်းဟာလေ ကြည့်လိုက်ရင် မခုတ်တတ်တဲ့ကြောင်။ ငါက ငါ့သူငယ်ချင်း ရိုးလှချည်ရဲ့ အ,လှချည်ရဲ့လို့ ထင်နေတာ။ ဘာတဲ့ကွာ မင်း ရေးထားတာ နွဲ့မွန်ရဲ့အချစ်ကိုသာ မရရင် ကမ္ဘာလောကကြီးဟာ ကိုယ့်အတွက် အရမ်း အကျည်းတန်သွားမှာပါ ဆိုတာလေ။ တော်တော် ပေါကြောင်ကြောင်နိုင်တဲ့ကောင်။ နွဲ့မွန်အချစ်ကို မင်း မရတာနဲ့ ကမ္ဘာလောကကြီးက ဘာဖြစ်လို့ အရုပ်ဆိုးအကျည်းတန် သွားရမှာလဲကွ"





လဆီးခါး ငြိမ်သွားသည်။ မြောင်းအုတ်ဘောင်ပေါ်တွင် ထိုင်နေသော ကျော်စိုးပိုင်ကို စေ့စေ့မကြည့်ရဲ။

"ငါ သိပ်အံ့ဩတယ် လဆီးခါး"

"ငါ...ငါ အရမ်း စိတ်မကောင်းပါဘူး ကျော်စိုးပိုင်၊ တောင်းလဲတောင်းပန်ပါတယ် သူငယ်ချင်းရာ"

"ဘာကိုလဲ"

"ငါ ဖြတ်ခုတ်သလို ဖြစ်နေပါပြီ သူငယ်ချင်းရာ။ စာ... စာပေးမိတာက ငါ နွဲ့မွန်ကို ချစ်လွန်းလို့ပါ။ မချစ်ရ မနေနိုင်လွန်းလို့ပါ။ ဖြတ်ခုတ်တာ မဟုတ်ပါဘူးကွာ"

"ဟ...မင်း ဖြတ်ခုတ်တယ်လို့ ဆိုရအောင် နွဲ့မွန်နဲ့ ငါနဲ့က ဘာဖြစ်သေးလို့လဲ"

"ဟာင်"

လဆီးခါး ခေါင်းကလေး ထောင်လာ၏။ ကျော်စိုးပိုင်က လဆီးခါး မျက်နှာကို စွေစောင်းကြည့်ပြီး စီးကရက်ကို ပါးစပ်မှာ တပ်လိုက်၏။ လဆီခါးက စီးကရက် မသောက်တတ်။

"မင်း...မင်း တကယ်ပြောတာလား ကျော့်စိုးပိုင်"

"အေး...ခုထိတော့ ငါ နွဲ့မွန်ကို မချစ်ဘူးကွ။ တစ်ခါက နွဲ့မွန်နဲ့ ဆက်သွယ်လာတဲ့အချစ်အကြောင်းကို ငါ မင်းကို ဆွေးနွေးဖူးတယ်မို့လား"

"ဟုတ်တယ်လေ၊ မင်းတို့ ခြံထဲက ကျောက်ခုံလေးပေါ်မှာပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတုန်းက ချစ်ချင်သလို မချစ်ချင်သလိုကြီး ဖြစ်နေတာကွ။ နွဲ့မွန်နဲ့သွားခဲ့လာခဲ့တဲ့အချိန်တွေမှာ စိတ်က လှုပ်ရှားပေမယ့် နောက်တော့လဲ ဘာမှ မဟုတ်သလို ခံစားရတယ်"

"အဲ...အဲဒါ ကောင်းပါတယ်ကွာ"

"ဘာ...ကောင်းတာလဲ"

ကျော်စိုးပိုင် အော်သံကြောင့် လဆီးခါး လန့်သွားသည်။ လဆီးခါးကို ကြည့်ပြီး စိတ်က ရယ်ချင်လာ၏။

"လဆီးခါး မင်း တော်တော်အပြောကောင်းတဲ့ကောင် ငါ ခုနွဲ့မွန်ကို ချစ်လို့ မရသေးပေမဲ့ နောက်ကျ ချစ်ချင်ချစ်လာမိမှာကွ။ နွဲ့မွန်က လှတယ်"

လဆီးခါး မျက်နှာငယ်သွား၏။

"သူငယ်ချင်းရယ်၊ ချစ်မလာချင်ပါနဲ့တော့လားကွာ"

ကျော်စိုးပိုင်က လဆီးခါးကို မျက်လုံးပြူးပြီး ကြည့်သည်။

"အဲဒီတော့ မင်းက ဘာလုပ်မှာလဲ"

"ငါ ချစ်မှာပေါ့ သူငယ်ချင်းရာ"

"ဒါကြောင့်မို့ မင်းကို ငါပြောတာ။ မင်း သိပ်ပြီး ဘူးကျနေပြီလို့"

"အချစ်ပါကွာ"

"ချစ်ကွာ...ချစ်"

"အာ...ဝမ်းသာလိုက်တာ သူငယ်ချင်းရာ"

လဆီးခါး ခြေမကိုင်မိ လက်မကိုင်မိ။ ကျော်စိုးပိုင်က





ရှိုက်သွင်းထားသော စီးကရက်ငွေ့ကို အဆုတ်တွင်းမှ မှုတ်ထုတ်လိုက်သည်။

"နေပါဦး။ မင်းက ဝမ်းသာနေရအောင် နွဲ့မွန်က မင်းကို ချစ်လို့လား"

"မင်းအခုရာပါ ကျော်စိုးပိုင်၊ မင်းက မချစ်ရင် နွဲ့မွန် ငါ့ဘက် ယိုင်လာမှာပါ"

သူ ခပ်တွေတွေ ဖြစ်သွားတော့ လဆီးခါးက

"ကျော်စိုးပိုင်ရာ မင်းကပါ နွဲ့မွန်ကို ချစ်တယ်ဆိုရင် ငါ့အချစ်တွေကို ရင်နာနာနဲ့ပဲ ပြန်ရုတ်သိမ်းပါမယ်ကွာ။ တကယ်တန်းကျ မင်းရဲ့ကျေးဇူးတွေ ငါ့မှာ အများကြီးပါ"

"တော်စမ်းပါကွာ။ ဒါတွေ ထည့်ပြောမနေစမ်းပါနဲ့။ မင်း ရင်နာတာတွေ ရင်ပြာတာတွေကို ငါ စိတ်မဝင်စားဘူး။ နွဲ့မွန်ကိုလဲ ဒီအတိုင်းပဲ။ သူနဲ့ သွားတဲ့လာတဲ့အခါ ရုပ်ရှင်ကြည့်တဲ့အခါ ငါ့စိတ်ကို ဖောက်ပြားအောင် လုပ်ကြည့်တယ်ကွ။ တကယ်တန်းကျ ရဘူး။ အဲဒီအခါကျမှ ငါ နွဲ့မွန်ကို ခင်မင်တာပါလား၊ ချစ်လို့ မရပါလားဆိုတာကို သိတယ်"

"မင်း တကယ်ပြောနေတာနော် ကျော်စိုးပိုင်"

"အေးပါကွ"

"မလိမ်ရဘူးနော်"

"အေးပါ"

"ဘွာခတ်ရင် တေတေး"



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူးဆိုမှ မြင်က ကပ်လာပြီ"

ခုမှ လဆီးခါး စိတ်ချလက်ချ ပြုံးနိုင်ရယ်နိုင်ပြီး မြောင်းဘောင်ကို လက်ပ့်ဟင့်ထောက်ပြီး ခုန်တက်ထိုင်လိုက်သည်။ ကျော်စိုးပိုင်က လက်ထဲမှ စီးကရက်တိုကို ရေမြောင်းထဲသို့ လက်နှင့်တောက်ပြီး ပစ်ချလိုက်၏။

"မင်းကို မေးရဦးမယ်"

"ဘာကို မေးမှာလဲ ကျော်စိုးပိုင်ရ"

"မင်း နွဲ့မွှန်ကို ဘယ်တုန်းက စပြီး ဘူးထလာတာလဲ"

"ဘယ်တုန်းကစပြီး ချစ်လာတာလဲလို့ မေးစမ်းပါကွာ"

"အေးပါ... ထားပါတော့"

လဆီးခါးက ချောင်းတစ်ချက် ဟန့်ပြီး

"ဟိုးတစ်ခါက မင်းကို ငါ ပြောဖူးတယ်လေ။ နွဲ့မွှန် မင်းကို လာရှာတာ မတွေ့တာနဲ့ ငါ့ကို သူ့ကျောင်း ခေါ်သွားတယ် ဆိုတာလေ"

"မှတ်မိပြီ ဆက်ပြော"

"အအေးသောက်ကြရင်း ကျော်စိုးပိုင်ရာ နွဲ့မွှန်က ငါ့ကို သူ့ မျက်ဝန်းလဲ့ကြီးနဲ့ ကြည့်တယ်။ ပြီးတော့ လဆီးခါး စားလေ ဆိုပြီး ကိတ်မုန့်ချပ်ကလေးကို သူ့လက်နဲ့ လှမ်းပေးတယ်ကွ ငါက လှမ်းအယူမှာ သူ့လက်ချောင်းကလေးနဲ့ ငါ့လက် ထိခိုက်မိ တယ်ကွာ"

"အဲဒီကစပြီး မင်း နှာရည် တရွဲရွဲ ကျလာတယ် ဆိုပါတော့"





"မင်းကလဲ လုပ်ပြန်ပြီ။ အဲဒီကစပြီး ငါ ဖွဲ့လန်းခဲ့တာကွာ။ ...င်းနဲ့ နွဲ့မွှန် ဖြစ်များဖြစ်နေသလားဆိုတာလဲ ငါ တွေးပါတယ်"

"ဘာမှ မဖြစ်ပါဘူး"

"ခုတော့ ငါ အရမ်း ဝမ်းသာသွားပြီလေ။ တစ်ယောက်ထဲကို ...ငယ်ချင်းနှစ်ယောက်က လိုက်တယ်ဆိုတာ မကောင်းပါဘူးကွာ ...ာ"

"အပြောကောင်း မင်းဟာလေ ဗမာစကားကို ရေရေလည်လည် ...ပြောတတ်လို့သာပဲ။ ပြောများပြောတတ်ရင် ကောင်မလေးတွေ ...တွက် အတော်စိုးရိမ်စရာဖြစ်မယ်"

လဆီးခါး တဟားဟားနှင့် အော်ရယ်သည်။ သူက မြောင်း ...ဘောင်ပေါ်မှ ခုန်ချလိုက်၏။

"အေးသက်ဆီ သွားရအောင်"

"အကြော် သွားစားမလို့လား"

သူ ခေါင်းညိတ်ပြတော့ လဆီးခါး က 'ကျား' ဟုအော်ကာ ...ောင်းဘောင်ပေါ်မှ ခုန်ဆင်းသည်။ ခုန်အဆင်းတွင် ဝတ်ထားသည့် ...ဆီးအရှည်က ခြေကို တုပ်သွားသဖြင့် 'ကျား' ဟု အော်သံနှင့်အတူ ...ပေါ်တွင် ကားခနဲဖြစ်သွား၏။

"အာ...ဒီကောင် ဒီနေ့ ဘယ်လို ဖြစ်နေတာလဲ"

"အေးကွာ လူကို အိဆိမ့်သွားတာပဲ"

လေက ခပ်အေးအေး တိုက်ခတ်သည်။ လမ်းမကြီးအတိုင်း ...ော်စိုးပိုင်နှင့် လဆီးခါး လျှောက်ခဲ့ကြသည်။ အကြော်တဲသို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ အေးသက်ကို သနပ်ခါးအဖွေးသားနှင့် တွေ့ရ
"ဒီတစ်ခါ ဘူးသီးကြော်က အရမ်းချိုတယ် ကိုပိုင်"
အေးသက်က ရယ်ရယ်ပျုပျုနှင့် လှမ်းပြောသည်။
"နင် အချိုမှုန့်တွေ အထုပ်လိုက် ထည့်ထားလို့လား"
"ကိုပိုင်ကလဲ မဟုတ်တာ။ ဘူးသီးက အေးသက်
ခြံထွက်လေ။ ခုဆို ဘူးသီးကို အကြော်အတွက် မဝယ်ရတော့
အေးသက် လက်ရာ အေးသက် ခြံထွက်ပဲ"
"နင့်ခြံက နောက်ထပ်ဘာတွေ ထွက်သေးလဲ အေးသ
လဆီးခါ က ကြားဝင် မေးသည်။
"နောက်ဆိုရင် သီးနှံစုံ ထွက်မှာပေါ့။ လဆီးခါးရ။ ရှေ့
ငါက စံပယ်လဲ စိုက်မယ်၊ သဘော်လဲ စိုက်မယ်။ ခု ဒန့်သ
ပင်ပေါက်တွေလဲ အများကြီး ချထားတယ်"
"ဒါဖြင့် နင့်ခြံက အစုံထွက်မှာပေါ့"
"အေးပေါ့"
"နို့ကော မထွက်ဘူးလား"
"အယ်"
အေးသက် လျှာတစ်လစ် ဖြစ်သွား၏။ ကျော်စိုးပိုင်
လဆီးခါး မျက်နှာကို ဆတ်ခနဲလှည့်ကြည့်သည်။ လဆီးခါ
မျက်နှာက တည်တည်ကြည်ကြည်။ အေးသက် မျက်နှာက ခပ်
"တို့ ဆယ်တန်းတုန်းက ကုလားမ သန်းသန်းရီ
နွားတွေမွေးထားတာ အများကြီးကွ။ နို့တွေလဲ အများကြီး ရ





ချောင်းကို ယူလာလို့ မင်းကော ငါပါ သောက်ရသေးတယ်လေ"
ဟုတ်တော့လည်း ဟုတ်သည်။
နေ့ကျောင်း ဆယ်တန်းတုန်းက ကုလားမ သန်းသန်းရီ
အများက နွား မွေးသည်။ နွားနို့များ ရသည်။ ဤသည်ကို
အေးသက်လည်း မသိ။
"နင်က နွား မမွေးတော့ နို့ ဘယ်ရမလဲ အေးသက်ရ၊
ရအောင် နင် နွား မွေးပါလား"
အေးသက်က ရှက်မျက်နှာနှင့် ကျော်စိုးပိုင်ကို လှမ်းကြည့်၏။
ကျော်စိုးပိုင်က ရေနွေးကြမ်းကို တဖူးဖူး မှုတ်သောက်နေလိုက်သည်။
လဆီးခါးတို့ကတော့ ဒီအတိုင်းပဲ ဖြစ်ရမည်။ စကားပြောလျှင်
ရှင်းမရှိ၊ အဖျား မရှိ။ ပြောပြီး လဆီးခါးက ဘူးသီးချောင်းတစ်ခု
ယူပြီး အချဉ်မှာ နှစ်သည်။ ပြီးပါးစပ်ထဲ ထိုးသွင်း၍ ဝါးလိုက်၏။
"ဟာ...နင့်ဟာ အံ့ရမ်းကောင်းတာပဲ အေးသက်ရာ။ ငါ
ကြော်ဆိုင် တော်တော်များများ စားဖူးပါတယ်။ နင့် လောက်
ကောင်းဘူးဟ"
"ဟော့ကောင် လဆီးခါး"
ကျော်စိုးပိုင် အော်သံကြောင့် လဆီးခါး တွန့်ခနဲဖြစ်သွားသည်။
သွင်းထားဆဲ ဘူးသီးချောင်းသည် လက်မှာတန်းလန်း။
"ဘာလဲကွ ကျော်စိုးပိုင်ရ"
"စကားပြောရင် ပြည့်ပြည့်စုံစုံ ပြောကွ။ မင်းတော့ ငါ
င်းထကျင်းမိတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်စိုးပိုင်ရာ၊ ဒီနေ့တစ်နေ့လုံး မင်းကတော့ ငါ့
အပြစ်ချည်း မြင်နေတော့တာပဲ။ ငါ့ကို မင်း တော်တော်နိုင်တယ်
အေးသက်ကျရင် မင်း ဘယ်တော့မှ မဟောက်ဘူး"

ပြောမှ ပိုဆိုးတော့သည်။ သူ မျက်လုံးကြီး ပြူးကြည့်ရုံမှလွဲ
ဘာမှ မတတ်နိုင်တော့။ အေးသက်ကတော့ သူ့ကို ပြုံး
လှမ်းကြည့်သည်။

"တကယ်ပြောတာ အေးသက်။ ငါ့ကို ဒီကောင် သိပ်နိုင်တာ

သည်စကားများအတွက် အေးသက်မျက်နှာမှာ ကျေနပ်မှု
အထင်အရှားပေါ်လွင်နေသည်ကို သူ အံ့သြစွာ တွေ့လိုက်ရပါ

* * *

(၂၀)

ဖေဖေ့မျက်နှာနှင့် အသံကို ကြည့်ပြီး ပေါက်ကွဲထွက်နေသည့်
ဒေါသမှန်း သိသာသည်။ မေမေကမူ ဆိုဖာပေါ်တွင် ခပ်ငူငူ
ထိုင်ပြီးနေ၏။ မေ့မေ မျက်နှာမကောင်းသည်ကိုတော့ သူ သတိပြု
မိသည်။

ဖေဖေ့ရှေ့တွင် သူ မလှုပ်မယှက် ရပ်နေ၏။ ပြန်လည်တင်ပြ
ပြောဆိုရန် အကျိုးအကြောင်းစကားများ ရင်ထဲမှာ မရှိ။ မေမေ
ဝင်ရောက်စွက်ဖက် မပြောကတည်းက မေမေသည်လည်း သူ့ကို
စိတ်အလိုမကျ ဖြစ်နေသည်မှာ သေချာသည်။

"မင်းကိုယ်မင်း ပြန်စဉ်းစားကြည့်စမ်း ကျော်စိုးပိုင်။ မင်း
ကောင်းသလား၊ မကောင်းဘူးလားဆိုတာ"

ကျော်စိုးပိုင် ကိုယ့်ကိုယ်ကိုတော့ ကောင်းသည် ထင်မိ၏။
ဖေဖေကမူ မကောင်းဟု ယူဆထားသည်။

"မင်းဟာ ပညာရေးမှာသာ ချွတ်ခြုံကျနေတာ မဟုတ်ဘူး။
အကျင့်စာရိတ္တမှာလဲ ယိမ်းယိုင်ပျက်စီးနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"သားစာရိတ္တ ပျက်ပြားတဲ့အလုပ်တွေ ဘယ်ဟာ လုပ်နေလို့လဲ ဖေဖေ"

အရဲစွန့်ပြီး ပြန်ပြောဖြစ်သည်။

"ဘာတွေ လုပ်နေလို့လဲ ဟုတ်လား၊ ခိုးတာဝှက်တာ လုပ်နေတာတွေလေကွာ။ မင်း ငါ့ကို လာပြီး သူတော်ကောင်းလေသံနဲ့ အတည်ပေါက် လာပြောမနေနဲ့"

ဖေဖေ့အသံ ပိုကျယ်လာ၏။

"ဒီမယ် ကျော်စိုးပိုင်။ အသေးအမွှား ပျောက်တာရှတာလေးတွေ ငါ ဘာမှ မပြောဘူး။ အကြီးမားဆုံး သုံးချက်ကို ငါ ပြောမယ်"

ရင်နည်းနည်း ပူသွားသည်။ ကိုယ်က မဟုတ်တာ လုပ်ထားခဲ့သဖြင့် ဖေဖေ့မျက်နှာနှင့် မေမေ့မျက်နှာကိုပင် ကြည့်ရန် ခက်ခက်ခဲခဲ ဖြစ်နေရသည်။

"တစ်အချက် မီးခံသေတ္တာထဲက မင်းအမေရဲ့ နှစ်ကျပ်သား ကျောက်ကျော်ရှိတဲ့ ပန်းလက်ကောက်ကို မင်း ခိုးတယ်"

ကျော်စိုးပိုင်မျက်စိများ ပြာဝေသွားသည်။ တဆက်တည်းပင် ဒေါသမျက်လုံးဖြင့် မှန်ဘီရိုပုံးသုတ်နေသော ဆွေမကို ကြည့်ပစ်လိုက်၏။ ဆွေမက တုန်တုန်ယင်ယင်ဖြင့်–

"ဆွေ… ဆွေမ… ဘာ ဘာမှ မပြောပါဘူး အကိုလေး"

ဆွေမက ထစ်ထစ်အအနှင့် ရှင်းပြသည်။ ကျော်စိုးပိုင် မယုံ။ မေမေ့အိပ်ခန်း ဝင်စဉ်က ဆွေမနှင့် တန်းတိုးခဲ့သည်။ ဆွေမကို ဓားပြပြီး နှုတ်ပိတ်ခဲ့ရသေး၏။ ယခု သည်အကြောင်းများကို





ဖေဖေ သိနေပြီ။

"မင်း ဆွေမကို မျက်လုံးပြူးပြီး ကြည့်နေစရာ မလိုဘူး ကျော်စိုးပိုင်။ ဆွေမ ဘာမှ မပြောဘူး။ အေး… မင်း နားလည်အောင်ပြောရရင် အိမ်ရှေ့ရတနာစိန်လျှံခြံကြီးမှာ တိုတတ်လျှိုတတ်တဲ့ ကောင်ဆိုလို့ မင်းပဲ ရှိတယ်။ ပစ္စည်းပျောက်ရင် ဘာဗေဒင်မှ သွားမေးနေစရာ မလိုဘူး။ ပြီးတော့ မီးခံသေတ္တာကို ဆွေမနဲ့ မိစန်း မဖွင့်တတ်ဘူး။ မင်းပဲ ဖွင့်တတ်တယ်"

ဖေဖေ ပြောသမျှကို သူ ခေါင်းငုံ့ခံနေရ၏။

"မင်း ငြင်းမလား ကျော်စိုးပိုင်"

ငြင်းတယ်ဖေဖေဟု ဆိုလျှင် ဖေဖေ ဖနောင့်နှင့်ထပေါက်မည်မှာ အသေချာဆုံးဖြစ်၏။

"ဟင်း… ဟင်း… မင်း ငြင်းလို့လဲ မရဘူးလေ။ စောစောက ငါ ပြောသလို အိမ်မှာ တိုမယ့်လျှိုမယ့်ကောင်ဆိုလို့ မင်း တစ်ယောက်ပဲရှိတယ်။ ကဲ…နှစ်အချက်ကို ငါ ပြောမယ်"

ဖေဖေက စကားကို ရပ်ပြီး မေမေ့မျက်နှာကို တစ်ချက် လှမ်းကြည့်သည်။ မေမေ ဝင်မပါ၍ ဖေဖေ အကျေနပ်ကြီး ကျေနပ်နေဟန် တူ၏။

"အင်္ဂလိပ်ခေတ်က မင်းအဘိုး လူဆိုး ဖမ်းပေးလို့ အင်္ဂလိပ် အစိုးရပိုင်က ဆုချတဲ့ ရွှေနာရီ ဘယ်မှာလဲ"

ကျော်စိုးပိုင် ခေါ်ချွေးများပင် ပျံချင်လာပြီ။ အစကသည် နာရီကြီးသည် သည်အထိ ပြဿနာ ဝင်လာလိမ့်မည် မဟုတ်ဟု



www.burmeseclassic.com

www.burmeseclassic.com



ထင်ခဲ့သည်။ သည်နာရီကြီး ဆိုသော်လည်း တိုင်ကပ်နာရီလို အကြီးကြီး မဟုတ်။ စားပွဲတင်နာရီလည်း မဟုတ်။ အိပ်ဆောင်နာရီ အဝိုင်းကလေး ဖြစ်သည်။ မင်းဘိုးဘိုး လူဆိုတွေ ဖမ်းပေးလို့ အင်္ဂလိပ် အရေးပိုင်က ဆုချတဲ့ ရွှေနာရီဟု မေမေ ပြောခဲ့သည်ကို အမှတ်ထားပြီး ကျွန်းသားဘီရို၏ ချောင်ကြိုချောင်ကြားက နှိုက်ရှာထားပြီး ရောင်းစားခဲ့သည့်နာရီဖြစ်သည်။

အဲဒါတော့ ကျွန်တော် မယူဘူးဖေဖေ ဟု ငြင်းပစ်မည်ဟု ကြံစည်မိသော်လည်း စောစောက ဖေဖေ ပြောထားသည့် စကားများကြောင့် ပါးစပ်ကို ပိတ်ထားလိုက်ရ၏။ ဟုတ်တော့လည်း ဟုတ်ပါသည်။ ရတနာစိန်လျှံခြံတွင် မိမိကလွဲလို့ တိုမယ့်လျှိုမယ့်သူ မရှိ။

"မင်း လုပ်ရက်လေတယ် ကျော်စိုးပိုင်ရာ။ သွားလေသူ ကိုယ့်အဘိုးရဲ့ပစ္စည်းကို အမှတ်တရရယ်လို့ မထားဘူး။ မင်း အမေဟာ အဲဒီအတွက် ဘယ်လောက် စိတ်ထိခိုက်နေတယ်ဆိုတာ ကို မင်း သိလား"

ဖေဖေအသံ ပိုကျယ်လာပြန်၏။

အစပထမက သည်နာရီကို လုပ်ဖို့ မရည်ရွယ်။ မေမေ့ဘီရိုကို ဖွင့်ပြီး ငွေလောက်သာ ယူမည်ဟု စဉ်းစားခဲ့၏။ နောက်တော့ စိတ်က နာရီဆီ ဘယ်ပုံဘယ်နည်း လည်သွားသည် မသိ။

ရွှေက ငါးမူးသား တိတိရှိသည်။ ရောင်းချပြီး သုံးဖြုန်း ပစ်သည်တော့မဟုတ်။ အေးသက်နှင့် လဆီးခါးအတွက် တက္ကသိုလ်





စရိတ် ပံ့ပိုးပေးလိုက်ခြင်းဖြစ်သည်။

"အဲဒီပစ္စည်းတွေ မင်း ဘယ်မှာ ပေါင်လဲ ကျော်စိုးပိုင်"

"ဘယ်မှာမှ မပေါင်ဘူးဖေဖေ၊ အကုန်လုံး အပြတ် ရောင်းပစ်လိုက်တာ"

သည်နေရာမှာတော့ သူ မညာ။ အမှန်အတိုင်း ထွက်ဆိုသည့်စကားအတွက် ဖေဖေ့မျက်နှာ မည်းခနဲဖြစ်သွား၏။

"အေး...မင်းကတော့ ကိစ္စတုံး လုပ်ပစ်မယ်ဆိုတာ ငါ စဉ်းစားပြီးသားပဲ။ ဟော့...မေ မင်း သား လူလိမ္မာကြီးကို စေ့စေ့ကြည့်စမ်းပါဦးကွ"

ဖေဖေ ကြည့်ခိုင်းသဖြင့် မေမေက လှမ်းကြည့်သည်။ ဘာမှတော့ မပြော။

"ထားကွာ၊ မိဘချမ်းသာလို့ မိဘပစ္စည်း ခိုးဝှက်ပြီး သုံးဖြုန်းတယ်ထား။ ငါတို့ ကြိတ်မှိတ်ပြီး ခွင့်လွှတ်နိုင်သေးတယ်။ အေး ခွင့်မလွှတ်နိုင်တော့တဲ့အချက်က နံပါတ်သုံးအချက်ပဲ"

နံပါတ်သုံးအချက်ကို ကျော်စိုးပိုင် စဉ်းစားမရ။ ပြစ်မှုကြီးဆို၍ သည်နှစ်ခုသာ ကျူးလွန်ဖူး၏။

"နံပါတ်သုံးအချက်က ဘာလဲ ဖေဖေ"

"ဩော်...အဲဒါတော့ မင်း မသိဘူးလား၊ စာမေးပွဲ ကျတဲ့အချက်လေ။ မနက်က ထုတ်ပြန်တဲ့ ဆယ်တန်းအောင်စာရင်းမှာ မင်း မပါဘူး"

"အဲဒါတော့ သား ဘာတတ်နိုင်မှာလဲ ဖေဖေ။ ဖြေလျှက်သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျတာတော့ သား ဘာလုပ်လို့ ရမလဲ”

“ဟ မင်း ~~ဆောက်သုံးမ~~ကျအောင် ဖြေတာကိုးကွ”

ဖေဖေ့အသံ ပို၍ ထန်လာပြန်၏။

“မင်း မရှက်ဘူးလားကွာ၊ ဆယ်တန်းကို တဘုံးဘုံးကျတာ။ နေ့ကျောင်းက ဖြေလဲကျ။ ညကျောင်းကဖြေလဲ ကျ။ အပြင်ကဖြေလဲ ကျနဲ့။ မင်းဟာက ဟုတ်ကို မဟုတ်တော့ဘူး ကျော်စိုးပိုင်”

“သားလဲ ကြိုးစားပြီး ဖြေတာပဲ ဖေဖေ”

“ဘာကြိုးစားတာလဲ၊ မိဘပစ္စည်းကို ဘယ်လို နိုက်ရမလဲ ဆိုတာပဲ မင်း စဉ်းစားနေတာ မဟုတ်လား။ ဒီမယ် ကျော်စိုးပိုင်။ ပညာမရှိတဲ့ကောင်၊ ပညာမတတ်တဲ့ကောင်ဟာ အကန်းနဲ့ အတူတူပဲကွ၊ လူရေးလူရာမှာလဲ ဘယ်တော့မှ ဝင်မဆန့်ဘူး”

ဖေဖေဘွဲ့တွေ တသီတတန်းကြီး ရ,ထား၍ ဒီစကားပြော အားရှိသည်ဟု စိတ်မှာ ထင်မိသည်။

“မင်းကို ငါ မေးမယ် ကျော်စိုးပိုင်”

“မေးပါ ဖေဖေ”

“မင်း ဆယ်တန်းကို အောင်ကောအောင်ဦးမှာလား”

“သား ကျောင်းမနေချင်တော့ဘူးဖေဖေ၊ ဆယ်တန်းကို ဖြေလဲ မဖြေချင်တော့ဘူး”

“ဘာကွ”

“ဖေဖေ မကျေနပ်ရင် သား ကို ကြိုက်သလို ရိုက်ပါဖေဖေ။ သား ကျောင်းစာမှာ စိတ်မဝင်စားတော့ဘူး”





“ဒါဖြင့် မင်းက ဘာမှာ စိတ်ဝင်စားနေလဲ”

ဘာပြန်ဖြေရမှန်း မသိ။ ကိုယ့်ကိုယ်ကို ဘာ စိတ်ဝင်စား နေမှန်းလည်း ကျော်စိုးပိုင် မသိချေ။

“တောက်...တော်တော် တရားကျဖို့ကောင်းတဲ့ကောင်။ ဒီမှာ ဟောကောင်၊ လူဆိုတာ ဦးတည်ချက်၊ ယုံကြည်ချက် ရှိရတယ်ကွ။ ဦးတည်ချက်၊ ယုံကြည်ချက် မရှိတဲ့လူဟာ လူမဟုတ်ဘူး။ တိရစ္ဆာန်ကွ နားလည်လား”

သူ ဖေဖေ့ကို စကားတုဖက်ပြော၍ လိုက်မမိ။ ဖေဖေသည် ပညာတတ်ပီပီ စကားပြောကျွမ်း၏။ အလှည့်အပတ် အကွေ့ အကောက်နှင့် စကားပြောတတ်၏။

“ဒီမယ် ကျော်စိုးပိုင်။ မင်းအမေလဲ ဘွဲ့ရ ပညာတတ်ကွ။ မင်းအဖေ ငါဆိုလဲ ဘွဲ့တွေကို တန်းစီနေတာ။ ဒီတော့ မင်းလဲ ဘွဲ့တစ်ခု ရကိုရ,ရမယ်။ ဆယ်တန်းကို မအောင်မချင်း ဖြေရမယ်”

“သား မဖြေချင်တော့ဘူး ဖေဖေ”

“ဟောကောင်... မင်း ငါ့စကားကို နှုတ်လှန်မထိုးနဲ့၊ ဖြေကို ဖြေရမယ်”

“သားမှ ကျောင်းစာမှာ စိတ်မဝင်စားတော့ပဲ ဖေဖေ၊ သား စိတ်မဝင်စားတာကို မလုပ်ပါရစေနဲ့။ သား ခေါင်းအေးအေးနဲ့ စဉ်းစားပြီး စီးပွားရေးတစ်ခု လုပ်ပါရစေ ဖေဖေ”

“မလိုချင်ဘူး၊ မင်း စီးပွားရေး လုပ်ရအောင် တို့က မွဲတေ မနေဘူးကွ။ မင်းဆယ်သက် စားမကုန်အောင် တို့ ချမ်းသာတယ်။



www.burmeseclassic.com

www.burmeseclassic.com



အေး တို့လိုချင်တာက ပညာပဲ။ မင်း ဘွဲ့တစ်ခု ရဖို့ပဲ"

ဖေဖေ့ကို ကြည့်ပြီး ကျော်စိုးပိုင် စိတ်အပျက်ကြီး ပျက်သွား၏။

"သား ကျောင်းစာမှ စိတ်ဝင်စားတော့ဘဲဖေဖေ။ ဒီတော့ ဘွဲ့က ဘယ်လိုလုပ် ရတော့မှာလဲ။ ပညာတတ် စာတတ်ဖြစ်အောင် သား လုပ်နိုင်ပါတယ် ဖေဖေ"

"မင်းက ဘယ်လိုလုပ်မှာလဲ"

"နေ့တိုင်း စာဖတ်ပါ့မယ်ဖေဖေ"

"ဘာလဲ ဝတ္ထုစာအုပ်လား၊ သီချင်းစာအုပ်လား။ ငါ့ကို မင်း ဘာမှ ထပ်မပြောနဲ့။ အကောင်းဆုံးကျူရှင်တွေကို မင်းကို ပို့မယ်။ ရှေ့နှစ် အောင်အောင် မင်း ဖြေရမယ်"

"သားကို အခမ္ဘ မခိုင်းပါနဲ့ ဖေဖေ၊ သား ကျောင်းစာကို ဘယ်လိုမှ စိတ်ဝင်စားလို့ မရတော့ဘူး"

"ဩ ...မင်းက ဒီလိုလား၊ မင်း စာမသင်ချင်တော့ဘူးပေါ့"

"ဟုတ်ကဲ့ ဖေဖေ"

"ဒါဖြင့် မင်း အိမ်ပေါ်က ဆင်း၊ ဒါ ငါ့ရဲ့ အမိန့်ပဲ"

သည်အမိန့် နောက်မှာတော့ မေမေ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ကိုကို သားကို ဘယ်လို ပြောလိုက်တာလဲဟင်။ ဘယ်လို စကားကို ကိုကို ပြောလိုက်ရတာလဲ"

"ဟော့...မေ၊ ငါ ပြောနေဆိုနေရင် မင်း ဘာမှ ဝင်ပြီး ကန့်လန့်ကန့်လန့် လုပ်မနေစမ်းပါနဲ့ကွ။ မင်း အလိုလိုက်မှု တွေကြောင့် ဒီကောင် စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ဖြစ်ချင်တိုင်း ဖြစ်နေတာ။ မင်း





အလိုလိုက်တာတွေဟာ မင်း သားကို ချစ်ရာ မရောက်ဘူးကွ။ ဒုက္ခရောက်အောင် မင်း ဖန်တီးနေတာ"

"မဟုတ်ဘူး ကိုကို၊ သားကို အိမ်ပေါ်က နှင်ချတာတော့ ကိုကို အရမ်းတရားလွန်နေပြီ။ သားကို အဲသလို ပုံစံနဲ့ ဒဏ်ပေးတာ မေ မကြိုက်ဘူး ကိုကို"

"မေ... မင်း ပါးစပ်ကို ပိတ်ထားစမ်း။ ငါ့ရဲ့ ဆုံးဖြတ်ချက်ကို မင်း ဘာမှ မစွက်ဖက်နဲ့ မပြင်ဆင်နဲ့"

မေမေ့မျက်ဝန်းမှာ မျက်ရည်များ ဝဲရစ်လာ၏။ ဖေဖေ တကယ် ဒေါသဖြစ်လာလျှင် မေမေလဲဘာမှ မတတ်နိုင်။

"မေမေ့ကို မအော်ပါနဲ့ ဖေဖေ။ ဖေဖေ့ဆန္ဒအရ သား အိမ်ပေါ်က ဆင်းပါ့မယ်"

ဆင်းကွာ ...ဆင်း၊ ခု ဆင်း၊ မင်းအဝတ်တွေ အကုန်ယူသွား"

ရင်မှာ ကျင်တက်စွာ ခံစားရပါ၏။

လက်အုပ်ချီ ကန်တော့သောအခါ ဖေဖေက အံကြိတ်ပြီး မျက်နှာကို လွှဲထားသည်။

သြော်...ဖေဖေရယ်။

သားဟာ ဖေဖေ့သားအရင်းမှ ဟုတ်ပါရဲ့လား။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၂၁)

"ဟယ် ကိုပိုင်"၊

ယာခင်းကလေးကို ဖြတ်ပြီး အေးသက်က သူ့ထံ အပြေး ကလေး လာသည်။ ညနေ၏ ဆည်းဆာအလှက အိုစပြုနေ၏။

"ဘယ်လို ဖြစ်လာတာလဲဟင် ကိုပိုင်၊ ဘယ်လို ဖြစ်လာတာလဲ"

အထိတ်တလန့် မေးရင်း အေးသက်က သူ့လက်ထဲမှ သားရေဆွဲအိတ်ကြီးကို လှမ်းယူသည်။

"ငါ့ အိမ်ပေါ်က ဆင်းလာတာ အေးသက်၊ အေးသက်တို့နဲ့ နေမလို့"

"ပြောနေစရာ လိုသေးလား ကိုပိုင်ရယ်။ ဒီမြေနဲ့ ဒီအိမ်က ကိုပိုင့်အတွက် တံခါးမရှိ၊ အတား မရှိပါ။ ပြီတော့ ဒီမြေ ဒီအိမ်ကလဲ"

"တိတ်စမ်း၊ အပိုစကားတွေ ပြောမနေနဲ့၊ အမေသုန်ကော"

"အမေ ရှိတယ်ကိုပိုင်။ ရေတွင်းမှာ ရေငင်ပြီး မုန်လာခင်းတွေကို





ရေလောင်းနေတယ်"

"အိတ်ကို ပေးစမ်းပါ။ နင် ဆွဲတာ လေးပါတယ်"

"မလေးပါဘူး ကိုပိုင်ရ။ အေးသက်က ခြံမှာ အပင်ပန်းခံ လုပ်နေကျပဲဟာ။ ရေနှစ်ပုံးကို အေးသက် ကောင်းကောင်း ထမ်းနိုင်တယ် သိလား"

"ဘယ်ဆိုးလို့လဲ၊ ငါကတော့ မထမ်းနိုင်ဘူးနော်၊ သီးပင် နှံပင်တွေ ရေလောင်းလောက်တော့ ဖြစ်မှာ"

"မခိုင်းရက်ပါဘူး ကိုပိုင်ရာ"

သူ ဖျတ်ခနဲကြည့်တော့ အေးသက် မျက်နှာက တည်တည် ငြိမ်ငြိမ်၊ ဘေးတိုက်အနေအထားမှ ကြည့်ဖြစ်သည်ကြောင့် ပြူပြင်း၍ ထားသော သဘာဝ မျက်တောင်ကော့ကြီးများကို ပီပီပြင်ပြင် တွေ့ရ၏။ လဆီးခါး ပြောဖူးသည့် "တကယ့်တကယ်ကျ ခွန်ထက် အေးသက်က လှတာကွ" ဆိုသည့်စကားကို အမှတ်ရ သည်။

သူ့နှင့်အေးသက် အိမ်ကလေးဆီ လျှောက်ခဲ့သည်။ အိမ်နား ရောက်တွင် အေးသက်က ရေတွင်းဘက်သို့ လှည့်ပြီး အသံကုန် ခေါ်သည်။

"အမေ ကိုပိုင် လာတယ်"

အမေသုန် အပြေးကလေး ရောက်လာ၏။

"ကိုပိုင်က အေးသက်တို့နဲ့ အတူနေမလို့ ရောက်လာတာ တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်လေး လူကလေးရယ်၊ လူကလေး ပျော်သလောက် နေစမ်းပါ"

လေနုအေးက ယာခင်းကို ဖြတ်ကျော်တိုက်ခတ်လာသည်။ အိမ်ပေါ်ရောက်တော့ အေးသက်က

"ကိုပိုင်က အေးသက်အခန်းမှာ အိပ်၊ အေးသက်က အ အခန်းမှ အမေနဲ့ အတူအိပ်မယ်" ဟုပြောသည်။

တစ်ညနေလုံး အေးသက်မျက်နှာ ရွှင်နေ၏။

ညဦးပိုင်းထိ အေးသက် အခန်းကို ရှင်းလို့ မပြီးသေ ကျော်စိုးပိုင်က ကူပြီး ရှင်းတော့

"သက်တောင့်သက်သာ နေစမ်းပါ ကိုပိုင်။ အေးသက်ဟာ လုပ်ပါ့မယ်"

ကြည့်မနေနိုင်ပါဘူးဟာ"

"တကယ် ပြောတာလား"

ပြောပြီးမှ အေးသက်မျက်နှာ ရှက်ရဲရဲကလေး ဖြစ်သွားသည် သူ မီးရောင်မှာ မြင်သည်။

သူ ဘာလို့ ရင်ခုန်သွားရသည်ကိုလည်း ကျော်စိုး ကိုယ့်ကိုယ်ကို မသိ။

* * *

"အဘိုးကြီးက စွတ်ကောပြီး မတရားဆုံးဖြတ်တာ စဉ်းစားကြည့်လေ အေးသက်။ ကျောင်းစာမှာ ငါက စိတ်မဝင်





တော့တဲ့ဟာ။ သူ ပြောတဲ့ဘွဲ့ကို ဘယ်လိုလုပ် ယူနိုင်မှာလဲ။ နောက်ထပ် ဘုန်းကြီးဝတ်ရင်တော့ ဘွဲ့ရမှာပဲ။ ဒါပေမဲ့ အဘိုးကြီး လိုချင်တဲ့ ဘွဲ့တော့ မဟုတ်ဘူး"

မိုးကောင်းကင်တွင် လရောင်ကို ခပ်ပျပျ မြင်ရ၏။

ကြယ်ပွင့်ကလေးများကမူ ရေတွက်၍ မကုန်။ ကွပ်ပျစ်ပေါ်တွင် တင်ပျဉ်ခွေထိုင်ရင်း ရေနွေးကြမ်းကို သောက်သည်။ အေးသက် လက်ဖက်ပန်းကန်ထဲသို့ ကြက်သွန်ဖြူကလေးများ နွှာထည့်ရင်း ကျော်စိုးပိုင်မျက်နှာကို မော့ကြည့်သည်။

"အေးသက်တို့ သူငယ်ချင်းတွေအတွက် ကိုပိုင့်ဘဝ နစ်မွန်းသလို ဖြစ်နေပါပြီ ကိုပိုင်ရယ်"

"ဖေဖေက ရွှေထည်ငွေထည်ကိစ္စကို သိပ်ပြီး အဓိကကြီး ထားပြီး မပြောဘူး။ ငါ့ကို အိမ်ပေါ်က နှင်ချတဲ့အထိ ဖြစ်လာရတာက ပညာရေးကိစ္စပဲ။ ငါ့ကို ဇွတ်ကြီး ဆယ်တန်း ပြန်ဖြေရမယ်လို့ ပြောတယ်။ ငါကလဲ သုံးလေးနှစ် ဆက်တိုက်ကျတော့ ဘယ်ဖြေချင်တော့မလဲဟာ။ နင်တို့လို၊ လဆီးခါးတို့လို ပညာပါရမီ မပါဘူး ထင်ပါရဲ့ဟာ"

"ကိုပိုင်က မကြိုးစားလို့ပါ"

"လာမြန်ပြီတစ်ယောက်။ ဆယ်တန်းတုန်းက တို့တတွေ အတူတက်လာတာပဲ။ ငါ ကြိုးစားတာကိုလဲ နင်တို့ သိသားပဲ။ ကြိုးစားရက်နဲ့ ဖြစ်ထွန်းမလာတော့ စိတ်ပျက်လာတာပေါ့ဟာ"

"ကျောင်း ဆက်မတက်ရင် ကိုပိုင် ဘာလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမေးခွန်းမျိုး ဖေဖေကလဲ ငါ့ကိုမေးတာပဲ။ ပထမတော့ စိတ်ကူးမရှိဘူးဟ။ နင့်ယာခင်းကို မြင်မှ ငါ့ခေါင်းထဲမှာ အသိတစ်ခု လက်ခနဲ ပွင့်လာတယ်"

"ဘာလဲ ကိုပိုင်"

"စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်မယ်လေ။ မင်္ဂလာဒုံမှာ ခြံကျယ်ကြီး ဝယ်ပြီး လုပ်မှာပေါ့။ ငါလဲ ဝါသနာ ပါတာပဲဟာ"

"ကိုပိုင့်ဖေဖေက သဘောကျမလား၊ သားကို ဘွဲ့ရစေချင်တဲ့ဟာ"

"ဖေဖေ့ကို မပြောဘူးပေါ့။ မေမေ့ကို ဖုန်းနဲ့ ဆက်သွယ်ပြီး ပူဆာမှာပေါ့။ အဘိုးကြီးကသာ ဇွတ်ကြီး ငါ့ကို အိမ်ပေါ်က နှင်ချတာပါဟာ။ မေမေက ငါ မရှိရင် နေနိုင်တာ မဟုတ်ဘူး။ ခုလောက်ဆို မေမေနဲ့ဖေဖေ နောင်ကျိန်ချနေမှာ သေချာတယ်။ အသာနေ ငါ့ကို လာခေါ်ရင် လိုက်မသွားဘူး။ နင် ငါ့ကို ကျွေးထားနိုင်ပါတယ်နော်"

"ပျင်းတောင် ပျင်းသေးတယ် ကိုပိုင်"

အေးသက်၏ သဘောနှင့် မနောကို သူ သိပြီးသား ကျောင်းမှာကတည်းက အေးသက်က သူ့ အနွံအတာ ခံသည်။

"လဆီးခါးကော ဒီအကြောင်းတွေ သိလား ကိုပိုင်"

"ဘယ်သိဦးမလဲ။ တို့ ထိုင်နေကျ လက်ဖက်ရည်ဆိုင်ကိုတော့ မှာခဲ့တယ်။ လဆီးခါး လာရင် အေးသက်တို့ခြံကို လိုက်ခဲ့လို့"

ခဏကြာတော့ အေးသက်က ကိုပိုင့်အတွက် အိပ်ရာ





သွားပြင်ထားလိုက်ဦးမယ်ဟု ဆိုပြီး ထိုင်ရာမှ ထသည်။ အိပ်ရာခင်းပြီး အေးသက် ကွပ်ပျစ်သို့ ပြန်ဆင်းလာချိန်တွင် လဆီးခါး ရောက်လာသည်။ အေးသက်က အကျိုးအကြောင်း ပြောပြတော့ ရယ်ရယ်မြူးမြူးဖြစ်နေသော လဆီးခါးမျက်နှာ ညှိုးကျသွား၏။

"ကျော်စိုးပိုင်ရာ တို့ကြောင့်ပါ"

ယင်းစကားကို လဆီးခါးသည် ရှိုက်ကြီးတငင်နှင့် ပြောသည်။

"တို့အတွက် မင်းအခုလို ဖြစ်ရတာပါကွာ"

ကျော်စိုးပိုင် လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ပြီး လဆီးခါး ရှိုက်ကြီးတငင် ငိုတော့၏။

သူ့ရင်မှာ သည်နေ့ အခံစားရဆုံးပါပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၂၂)

အေးသက် အကြော်ဆိုင် မထွက်။

အေးသက်တို့၏ ခြံလုပ်ငန်းကို ကြည့်ပြီး သူအရမ်းစိတ်ဝင်စားနေ၏။ သီးပင်စားပင်များ၏ စိမ်းစိုသော အရောင်အသွေးကလည်း သူ့စိတ်ကို လန်းဆန်းနေသည်။

"ခုဆို ခြံထွက်တွေကို အမေက ဖောက်သည်သွင်းတယ် ကိုပိုင်။ အေးသက်က ဖောက်သည် မပေးဘူး။ ကိုယ်တိုင်ထိုင်ရောင်းမယ်ဆိုတာကို အမေက လက်မခံဘူး။ အကြော်ဆိုင်တောင် ထွက်ခိုင်းတော့တာ မဟုတ်ဘူး ကိုပိုင်ရဲ့။ ခြံလုပ်ငန်းကို နားနားနေနေ လုပ်ခိုင်းပြီး အေးသက်ကို စာကြည့်ခိုင်းတာ"

မှန်လာခင်းများဘက် လျှောက်ခဲ့သည်။ လေက ခပ်အေးအေး တိုက်ခတ်လျက်ရှိ၏။

"ခု အေးသက်တို့ ချောင်ချောင်လည်လည်ပါ ကိုပိုင်။ အေးသက်တို့ဘဝ အဆင်ပြေရတာကလဲ ကိုပိုင့်ရဲ့ကျေးဇူးတွေပါ။ အမေဆိုရင် သီးနှံတွေ ရောင်းလို့ရတဲ့ အမြတ်အစွန်းကနေပြီး





က်ဝက်ကို စုထားတယ်"

"ရှူဖို့တန်းဖို့လား"

"မဟုတ်ဘူး ကိုပိုင် စိုက်ထုတ်ပေးခဲ့တဲ့ အရင်းနှီးတွေကို ဆပ်ဖို့ပါ"

ကျော်စိုးပိုင်က အေးသက်ကို ဖျတ်ခနဲလှည့်ကြည့်လိုက်၏။

"အမေနဲ့ အေးသက်လေ ဘုရားရှိခိုးတိုင်း ကိုပိုင့်ကို တ္တာပို့တယ် သိလား"

"အဲဒါတွေကို ငါ စိတ်မဝင်စားဘူး အေးသက်။ ကျေးဇူးရားဆိုတာ သိတတ်ရင် ပြီးတာပဲ။ ပြန်ဆပ်ဖို့ မလိုပါဘူးဟာ။ ကူညီခဲ့တာက အေးသက်တို့ရဲ့ အခက်အခဲကို ဖြေရှင်းပေးတာပါ"

"ခု ဒီဒဏ်တွေကို ကိုပိုင် ခံနေရပြီလေ။ ငွေရေးကြေးရေးနဲ့ သက်ရင် ကိုပိုင့် ဖေဖေနဲ့မေမေက ကိုပိုင့်ကို ဘယ် ကြည်တော့မလဲ"

"သားအမိ သားအဖပဲ အေးသက်ရာ၊ သူစိမ်းတွေမှ တ်တာ။ ယုံကြည်အောင် နေထိုင်ပြလိုက်ရင် ယုံကြည်လာမှာပေါ့။ လျှောက် ဆိုရင် ဘာမှ မိဘပစ္စည်းကို ယူရောင်းနေစရာ ပါဘူးဟာ။ အေးသက်တို့လဲ အောက်ခြေခိုင်နေပြီပဲ။ လဆီးခါး လဲ သံရုံးမှာ ညဘက် အလုပ်ပြန်ဝင်ပြီလို့ လဆီးခါး တယ်"

ရေတွင်းနား ရောက်တော့ သူက ...

"အေးသက် ပုံး သွားယူစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်မလို့လဲ ကိုပိုင်"

"သစ်ပင်တွေ ရေလောင်းမယ်လေ"

"အို...မဟုတ်တာ၊ အေးသက် လုပ်ပါ့မယ်"

"သွား...သွား...သွားယူ အေးသက်က ရေငင်၊ ငါ ရေလောင်းမယ်"

အေးသက် အိမ်ဘက် ပြန်သွားပြီး ပုံးနှစ်ပုံး ယူသည်။

"ပင်ပန်းပါ့မယ် ကိုပိုင်"

"ငါ ယောက်ျားပါဟာ၊ နင်တောင် လုပ်နိုင်သေးတာ၊ ငါ ဘာလို့ မလုပ်နိုင်ရမှာလဲ"

"အလေ့အကျင့်က ရှိသေးတယ်လေ"

အေးသက်က တွင်းထဲသို့ ကြိုးတပ်ပုံးချပြီး ရေဆွဲသည်။ ဘာလီပုံးနှစ်ပုံးထဲ လောင်းထဲ့ပေး၏။ ထမ်းပိုးတွင် ပုံးတ... ပခုံးမှာ ထမ်းသည်။ ကုန်းအထတွင် ယိုင်သလိုဖြစ်သွားသ... အေးသက်က လက်မောင်းကို ဖမ်းဆွဲထား၏။

"ဟုတ်မှ လုပ်ပါ ကိုပိုင်ရာ"

"နင်ကလဲ ရပါတယ်ဆို"

ကိုယ်ကို ပြန်မတ်သည်။ ခြေကို ငြိမ်အောင် ထာ... ပထမခြေလှမ်းကို စလှမ်းကြည့်သည်။ သည့်နောက် နှစ်လှမ်းသုံး... ဆယ်လှမ်းမြောက်တွင် ကျော်စိုးပိုင် ခြေကို တန့်လိုက်၏။

"တွေ့တယ် မဟုတ်လား"

"ဘာကိုလဲကိုပိုင်"





"ထမ်းနိုင်တာလေ"

စကားကို သဘောကျစွာဖြင့် အေးသက် ရယ်ပါ၏။ အေးသက် မျက်နှာကို ကြည့်ပြီး အင်အားသစ်များ ရောက်ရှိလာသလို သူ ခံစားရသည်။

တစ်ခုတော့ သူ အံ့ဩမှုဖြစ်နေရ၏။

အေးသက်နှင့်အတူ မောင်တစ်ထမ်း မယ်တစ်ရွက် အလုပ် လုပ်နေရသည်ကို သူ ဘာလို့ ပျော်နေရတာလဲ။

* * *

မျက်ဝန်းဝိုင်းဝိုင်းစက်စက်ကြီးကို ဆုံတွေ့ရသည်။

အေးသက်က ပါးစပ်အဟောင်းသားနှင့် နွဲ့မွှန်ကို ကြည့်နေ၏။ ကျော်စိုးပိုင်က ကွပ်ပျစ်တွင် ထိုင်ရင်း ဒန့်ဒလွန့်သီးများကို ဆယ်တောင့်တစ်စီး စည်းနေသည်။ လဆီးခါးက ကွပ်ပျစ်တွင် တင်တစ်ခြမ်းတင် ထိုင်နေပြီး ယာခင်းဘက်သို့ မျက်နှာမူထား၏။

"သူငယ်ချင်းတွေက သိပ်နှုတ်လုံကြတာပဲ။ ဘယ်မှာ နေလဲ ဆိုတာ မသိဘူးတဲ့လေ။ တောင်းပန်ခယမှ လိုက်ပို့တော့တယ်"

နွဲ့မွှန်စကားကြောင့် လဆီးခါး တွန့်သွား၏။

"အပြစ်တင်လဲ ခံရမှာပါ နွဲ့မွှန်။ ကျော်စိုးပိုင်က သူ ဒီမှာ ရှိတာကို ဘယ်သူ့ကိုမှ မပြောရဘူးဆိုလို့ပါ"

"ခု မင်း ပြောလိုက်ပြီ မဟုတ်လား လဆီးခါး"

ယင်းစကားကို ကျော်စိုးပိုင်က ဝင်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို အထင်မလွဲပါနဲ့ သူငယ်ချင်းရယ်။ နွဲ့မွှန်ဆိုတာ ကလဲ တို့တွေနဲ့ သူငယ်ချင်းပဲ မဟုတ်လား"

နွဲ့မွှန်မျက်နှာ တင်းတင်းကလေး ဖြစ်နေသည်ကိုတော့ သူ သတိပြုမိ၏။

"ဘာလဲ ကျော်စိုးပိုင်၊ တို့ လိုက်လာတာကို ယူ တော်တော် မကျေမနပ် ဖြစ်နေတယ်လား"

"မဟုတ်ဘူး နွဲ့မွှန်။ တို့အပေါင်းအသင်းတွေကို ဒုက္ခ မပေးချင်လို့ပါ။ တို့ ဒီလို ဖြစ်နေတဲ့အချိန်မှာ သူငယ်ချင်းတွေက စားအသောက်၊ ငွေကြေးကအစ ကူညီကြတော့မယ်။ တို့အတွက် သောက များတော့မယ်။ အဲဒါတွေကို မခံစားစေချင်လို့ပါ"

ကွပ်ပျစ်ပေါ်သို့ နွဲ့မွှန်က ညင်သာစွာ ဝင်ထိုင်သည်။ မျက်လုံးအကြည့်က ဘေးဝန်းကျင်သို့ ရွေ့လျားသွား၏။

"ယူ တော်တော်ဆိုးတာပဲ ကျော်စိုးပိုင်"

"ဘာကိုလဲ"

"မိဘကို ကလန်ကဆန် ပြောပြီး အိမ်ပေါ်က ဆင်းလာတာ ဘယ်ကောင်းမလဲ"

"ကလန်ကဆန် ပြောတာ မဟုတ်ဘူး နွဲ့မွှန်။ အကျိုး အကြောင်းကို ပြောပြတာ။ ဒါကို အဘိုးကြီးက လက်မခံဘဲ အိမ်ပေါ်က နှင်ချတာ"

"မိဘက စိတ်ဆိုးတုန်းခဏမှာ ပြောမိပြောရာ ပြောချတာ နေမှာပေါ့။ ကိုယ်က မဆင်းဘဲနဲ့ နေရင် မိဘကတော့ အစမ္မ





ထိတ်ချဘူး"

ကျော်စိုးပိုင်က ပုခုံးနှစ်ဘက်ကို တွန့်ပြီး ပြုံးလိုက်သည်။ ရင်း စည်းထားသည့် ဒန့်သလွန်သီးများကို အေးသက်ကို မ်းပေးသည်။

"ဖေဖေ စိတ်ဓာတ်ကို နွဲ့မွှန် မသိပါဘူး"

"အန်ကယ်က အရမ်း သဘောကောင်းတယ်။ အန်တီက ထားဖြူစင်တယ် ဆိုတာကိုတော့ သိတယ် ကျော်စိုးပိုင်"

"ဖေဖေက သူ ဆုံးဖြတ်ချက် ချပြီးရင် ချထားတဲ့အလုပ်ကို ကို လုပ်ရမှ ကျေနပ်တဲ့သူ နွဲ့မွှန်။ ဖေဖေ နှင်ချတဲ့အချိန်မှာ [illegible] မဆင်းဘဲ နေကြည့်ပါလား၊ ဖေဖေက ကန်ကို ချမှာ"

"ဒါက ယူ့ အထင်ပါ။ ယူ့ကို တို့ တောင်းပန်ပါတယ်။ [illegible] နဲ့ ပြန်လိုက်ခဲ့ပါ ကျော်စိုးပိုင်။ ခုဆိုရင် အန်ကယ်က ယူ့ကို ပြေနေမှာပါ"

စကားဝိုင်းသည် စက္ကန့်အတော်ကြာမျှ တိတ်ဆိတ်သွားသည်ဟု ထင်သည်။ အေးသက်က သူ့မျက်နှာကို လှမ်းကြည့်၏။ းသက် အကြည့်တွေကို သူ့နှလုံးသားက နားလည်ပါသည်။

"လာပါ ကျော်စိုးပိုင်ရယ်။ အန်ကယ်ကို တို့ ပြောပါ့မယ်။ တစ်ယောက်ထဲနဲ့ မဖြစ်ရင် မေမေ့ကို စစ်ကူတောင်း ခေါ်ခဲ့ မယ်"

ထိုင်ရာမှ ဆတ်ခနဲ ထပြီး နွဲ့မွှန်က သူ့လက်မောင်းကို ကိုင်၏။ အေးသက်ကတော့ သူကို မျက်လုံးအဝိုင်းသားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။

"တို့ကို ခွင့်လွှတ်ပါ နွဲ့မွန်။ တို့အိမ်ကို ပြန်မလိုက်ချင်ဘူ
ဖေဖေ နှင်ချတာကို ငုတ်တုတ်ထိုင် ကြည့်နေတဲ့ မေမေ့ကို
မကျေနပ်ဘူး"

ဆုပ်ကိုင်ထားသည့် သူ့လက်ကို ဖြုတ်လိုက်ပြီး

"ယူ သိပ်ခေါင်းမာတာပါပဲလား"

စကားကို တိုးညှင်းစွာ ပြောပြီး အိတ်ကလေးထဲမှ ကားသော့
ထုတ်သည်။

"လဆီးခါး နွဲ့မွန်တို့ သွားရအောင်"

လဆီးခါးက သူ့မျက်နှာကို လှမ်းကြည့်သည်။ နေခဲ့ဦးမလား
ဆိုသည့်သဘော။ သူက လိုက်သွားပါဆိုသည့်သဘောဖြင့် ခေါင်း
အသာ ဆတ်ပြလိုက်၏။လဆီးခါးနှင့် နွဲ့မွန် ပြန်သွားတော့
အေးသက်က သူ့ကို ပြောသည်။

"နွဲ့မွန်က ကိုပိုင့်ကို သိပ်သံယောဇဉ် ကြီးတာပဲနော်"

"အေးသက် ကကော"

"အေးသက်လား"

"အင်းလေ… အေးသက်ကကော သံယောဇဉ် မကြီးဘူးလား"

"သံယောဇဉ် ဆိုတဲ့ ချည်နှောင်မှုကြိုးတွေကို ချိန်ခွင်မှာ
ထည့်ချိန်ကြည့်လို့ရှိရင် ချိန်ခွင်ကို မိုးလောက်ထိအကြီးကြီး လုပ်ရမှာ
ကိုပိုင်"

"ဘာဖြစ်လို့"





"ချိန်ခွင်တစ်ဘက်မှာ အေးသက်ရဲ့ သံယောဇဉ်ကြိုးတွေကို
ထားပြီး တစ်ဘက်မှာ ကမ္ဘာကြီးကိုထည့်ပြီး ချိန်ကြည့်ရမှာမို့ပါ"

ပန်းလိပ်ပြာကလေးများက အနားမှာ ဝဲပျံနေသည်။

လေပြည်ညှင်းညှင်းက သယ်ဆောင်လာသည့် ပန်းနံ့
သင်းသင်းကို ခံစားရင်း အေးသက် မျက်နှာကို ရွှန်းရွှန်းလက်လက်
သူ ကြည့်သည်။

အေးသက်က ပြုံးပြီး ခေါင်းကလေး ငုံ့၏။

ဒါ အချစ်ပဲ ဖြစ်ပါမည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၂၃)

တစ်ကိုယ်လုံး တဆစ်ဆစ်နှင့် ကိုက်ခဲနာကျင်နေသည်။

အေးသက်၏ တဆုဆု တပ္ပပ္ပသံများကို နားထောင်ရင်း မျက်စိကို စုံမှိတ်ထားဖြစ်၏။

"အေးသက် ဘွမ္ဘ ပြောတယ်။ မလုပ်ပါနဲ့၊ နေထိုင်မကောင်းဖြစ်မယ်။ ကိုယ်လက်တွေ နာမယ် ဆိုတာကို တစက်မှ နားမထောင်ဘူး။ မနေ့ကလဲ လုပ်လိုက်တာ တစ်နေကုန်ရော၊ နားပါဦးလို့ ပြောတော့လဲ စိတ်က တိုရသေးတယ်"

မနေ့က ခြစည်းရိုးများ ကာခဲ့သည်။ အားနှင့်မာန်နှင့်လုပ်စဉ်က မသိသာသော်လည်း နားလိုက်မှ အလုပ်၏ ပင်ပန်းမှုဒဏ်ကို သိသည်။

"ဆေးသောက် ကိုပိုင်၊ ပြီးတော့ လှဲအိပ်နေလိုက်။ အေးသက် နှိပ်ပေးမယ်နော်"

"ဆေးတော့ မသောက်ချင်ဘူး အေးသက်ရာ"

"အိုး မသောက်လို့ ဖြစ်မလား ကိုပိုင်၊ ဆေးဆိုရင် ကိုပိုင်





သိပ်ကြောက်တာပဲ။ ဆေးကြောက်နေလို့ကတော့ အဲဒီအကိုက်အခဲက ပျောက်မလား"

"အေးသက်ကလဲကွာ"

သူ ပိတ်ထားသည့် မျက်လုံးကို မဖွင့်။ ထရံကို ကျောမှီပြီး မှိန်းနေသည်။

"ဆေးက အခဲလေးပဲ ကိုပိုင်ရယ်၊ ပါးစပ်ထဲထည့်ပြီး ရေနဲ့ မျှောလိုက်ရင် ဝမ်းထဲ ရောက်သွားမှာပါ ဟာ...ကိုပိုင်...ဟာ"

စကားနှင့်အတူ လက်ချောင်းလေးက နှုတ်ခမ်းဝသို့ ခပ်ဖွဖွ ရောက်လာသည်။ မျက်လုံးကို ဖွင့်ပြီး ပါးစပ်ကို ဟတော့ ဆေးလုံးကလေး ပါးစပ်ထဲ ရောက်လာ၏။

"ရေသောက်လိုက်နော်။ ပြီးတော့ ကုတင်မှာ လှဲနေ။ ထ... ကိုပိုင် ထ"

ကုတင်ပေါ် လှဲအိပ်ဖြစ်သောခါ အေးသက်က သူ့အနားမှာ ထိုင်သည်။

"ဟိုနေ့ကလဲ ဝမ်းနှုတ်ပါ ဆိုတာကို မနှုတ်ဘူး"

"ဟာ...ဆေးက အရမ်းနံတဲ့ဟာ"

"မြန်မာဆေးက အင်္ဂလိပ်ဆေးလိုတော့ ဘယ်ဟုတ်ပါ့ မလဲ ကိုပိုင့်ကို ဝမ်းနှုတ်ပေးရမယ်"

"မသောက်ဘူး"

"အဲသလို မလုပ်နဲ့လေ။ ခု အမေ့ကိုတောင် ဆေးထပ်မှာ လိုက်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမေသုန် ဘယ်သွားလို့လဲ"

"တရားပွဲ သွားတယ်လေ။ အမေလဲ ခုနောက်ပိုင်းမှ တရားလေး ဘာလေး ဖက်နိုင်တာ ကိုပိုင်"

အေးချမ်းသွားသော ဘဝတစ်ခုအတွက် ရင်မှာ ချမ်းမြေ့ ရသည့်အဖြစ်ကိုတော့ ကြည်နူးစွာ ခံစားရသည်။

"အေးသက်"

"ပြော... ကိုပိုင်"

"ခေါင်းထိုးလိုက်တာ အရမ်းပဲ အေးသက်ရာ"

"အယ်...ဖြစ်ပြီပေါ့ ကိုပိုင်။ ညနေက နေပြင်းပါသေးတယ် ဆိုတာကို မရဘူးလေ။ ရေတွင်းမှာ ရေခတ်နေတာ၊ အသာလေး မှိန်းနေနော်၊ အေးသက် နားထင်ကို နှိပ်ပေးမယ်"

လက်ချောင်းကလေးများ နားသည်စပ်ပေါ်သို့ ကျရောက် လာသည်။ နဖူးတွင် ကျနေသော ဆံစများကို လက်နှင့် အသာ သပ်တင်ပြီး နဖူးကို လက်ဖဝါးနှင့် အသာဖိကပ်သည်။

"ဟယ်...ကိုပိုင်၊ ကိုယ်တွေ အရမ်းပူနေလိုက်တာကွာ။ ဆေးတိုက်တုန်းကတော့ အေးသက် ထင်လိုက်သား။ ကိုယ်တွေ ခပ်နွေးနွေး ဖြစ်နေသလိုပါပဲလို့"

ခြုံစောင်ကို ကိုယ်ပေါ်သို့လွှားတင်ပေးချိန်ဝယ် အေးသက်၏ လက်ချောင်းလေးများကို သူ ဖွဖွဆုပ်ကိုင်လိုက်သည်။

"အေးသက်ရယ်"

သံယောဇဉ် အကြင်နာကြိုးပေါင်းများစွာ ရစ်ချည်ထားသော





ကြိုးတိုးသံသည် အေးသက်၏ အသည်းနှလုံးထဲသို့ နစ်ဝင်သွားလိမ့် မည်ဟု သူ ထင်သည်။

ဆုပ်ကိုင်ထားသော လက်ကို အေးသက် မရုန်း။

သူ မျက်လုံးကို အသာအယာ အဖွင့်မှာ အရည်လဲ့နေသော မျက်ဝန်းကြီးများဖြင့် သူ့ကို စူးစူးနစ်နစ် ကြည့်နေသည်ကို မြင်သည်။

ပြီး...

လှုပ်လှုပ်ရှားလာသော နှုတ်ခမ်းပွင့်လေးမှ...

"ကိုပိုင် နေမကောင်းဘူးလေ"

အသံက တိုးညှင်းလွန်းပါသည်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

"သိပ်ရမ်းတာပဲ"

သည့်စကားကို ရှက်စနိုးနှင့် အေးသက် ပြောသည်။

ပါးပြင်နုနုပေါ်မှ အထင်းသား ပေါ်လွင်နေသော သနပ်ခါးပွါးကွက်ကျားမှ သနပ်ခါးနံ့သည်းသင်းက နှာဝသို့ လာထိသည်။

"လူကို စိုက်မကြည့်နဲ့။ ခု ကိုပိုင့်မျက်နှာကို ကြည့်ရတာ ဘယ်လောက် ပူနေတယ်မှတ်လဲ"

သူ့ရင် သိမ့်သိမ့်ကလေး ဖြစ်သွားသည်။ ညနှင့် အဖျားတက်လာသော သန်းခေါင်ယံအချိန်ကို စိတ်က ပြန်တွေးမိသည်။

"အဖျားကလဲ တစ်မျိုးကြီးနော် ကိုပိုင်"

"ဘာဖြစ်လို့လဲ"

"အတက်မြန်ပြီး အကျ မြန်လိုက်တာ။ အေးသက်ကဖြင့် မနက်အဖျားမှ ကျပါဦးမလားလို့ ပူပန်လိုက်ရတာလေ"

"အဖျားက အချစ်ကို ကြောက်တယ် အေးသက်ရ"

"သွားပါ။ အေးသက်ကို ကိုပိုင် လူလည်ကျတယ်"





"အဖျားက ကိုယ့်ကို ပြောနေတယ်"

"ဘာပြောလို့လဲ"

"ညကျရင် အဖျားတက်ပေးဦးမယ်တဲ့။ အဖျား ပိုတက်နိုင်အောင် နေပူထဲမှာ အလုပ်လုပ်ပါတဲ့၊ ပြီးတော့ ရေချိုးပါတဲ့။ ကျန်တာကို သူ့တာဝန်ထားပါတဲ့"

"တော်ပါပြီ ကိုပိုင်ရယ်။ ဒီတစ်ခါ အဖျားတက်ရင်တော့ အေးသက် အသက်ထွက်မယ်"

"ဘာဖြစ်လို့လဲ"

"အို...ကိုပိုင် အဖျားတက်တာကြီးက တစ်ကိုယ်လုံး တိုက်ခဲတောင့်တင်းပြီး တက်တာလေ။ ညကလဲ အေးသက်ဖြင့် နှိပ်လိုက်ရ၊ ဖိလိုက်ရတာ အဖျားလဲကျရော ဟင်း..."

"ဆက်ပြောလေ"

"ကိုပိုင် မကောင်းဘူး"

"အချစ်ပါ"

"အချစ်ဆိုတာ ဒီလိုပဲလားဟင်"

"အချစ်ဆိုတာ တစ်ခါတလေ ကျရင် လေပြည်လေညင်းနဲ့ တူတယ်တဲ့။ တစ်ခါတလေကျရင် မုန်တိုင်းနဲ့ တူတယ်တဲ့"

"ဒါဖြင့် အေးသက် မုန်တိုင်း မိသွားပြီပေါ့"

သူ အေးသက်ကို အရမ်း ချစ်သွား၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ကို မကောင်းဘူး"

ကမ္ဘာတွင် အလှဆုံးသော အပြုံးကို မျက်နှာတွင် တပ်ဆင်ပြီး အေးသက်ပြောသည်။ စင်တင်ထားသော ပဲလင်းမြွေပင်များကြား နေပြောက်ကလေးများ ဖြာကျလျက်ရှိ၏။ အသီးများကို ဆွတ်ရင်း လည်တခါခါနှင့် စကားကိုဆိုသည်။ ကျော်စိုးပိုင်က ဆက်လာ မည့်စကားကို နားစွင့်၏။

"သူ အတင့်ရဲလိုက်တာနဲ့ အမေတောင် ရိပ်မိသွားပြီ"

ပိုးကိုက်ထားသည့် အရွက်များကို ခြွေချရင်း အေးသက် မျက်နှာကို ကြည့်သည်။

"အမေသုန် သိသွားတယ် ဟုတ်လား"

"သိသွားတာပေါ့။ တအား ဖက်ထားတာကို အမေက မြင်တယ်။ ညက အမေက မေးတယ်"

မနက်က တွေ့တုန်းက အမေသုန် မျက်နှာ အေးအေး ချမ်းချမ်းပါပဲ။ နေထဲလေထဲ အလုပ်ဝင်လုပ်လို့ လူကလေး အသား တွေတောင် ညိုလာပြီဟု အမေသုန်က ပြောသေးသည်။

"ဘာတွေများ မေးလဲဟင်"

"သမီးနဲ့ လူကလေး မေတ္တာ ရှိနေကြပြီလားတဲ့"

"အဲဒီတော့ အေးသက်က ဘာပြန်ပြောလိုက်လဲဟင်"

"ရှင်းရှင်းပဲပေါ့ ကိုပိုင်ရာ။ အေးသက်တို့မှာ ဒီမအေ ဒီသမီးပဲ ရှိတာ ဘာကွယ်ဝှက်နေရမှာလဲ။ ကိုပိုင်နဲ့ အေးသက်တို့ မေတ္တာရှိနေကြတယ်လို့ မလိမ်မညာ ပြောလိုက်တယ်"

"မျက်နှာ ပူစရာကြီးကွာ"





"လူငယ်ချင်း မေတ္တာရှိတာကို အမေကို ဖွင့်ပြောတယ်။ အမေ သိတယ်။ ဘာမှ မျက်နှာပူစရာ မလိုပါဘူး။ ကိုပိုင်ရယ်။ အဲသလို ပြောပြတော့ အမေက တစ်ခု ပူပင်သွားတယ် ကိုပိုင်"

"အမေသုန်က ဘာကို ပူရတာလဲ"

"ကိုပိုင်တို့က ချမ်းသာတယ်တဲ့။ တော်ကြာ သူ့မိဘတွေက သူ့တို့သားကို အပိုင်ကြံတယ်လို့ ထင်မယ်တဲ့"

"မဆိုင်ပါဘူး"

"အမေ့ဘက်က တွေးတာလဲ တွေးသင့်တာပေါ့ ကိုပိုင်။ အေးသက်ကတော့ အမေ့ကို ပြောလိုက်တယ်။ အေးသက် ကိုပိုင့်ကို ချစ်တာ သူဌေးသားမို့လို့ ပိုက်ဆံချမ်းသာလို့မို့ ချစ်တာ မဟုတ်ဘူးလို့။ ကိုပိုင့်ကို အေးသက် အထက်တန်းကျောင်းသူဘဝ ကတည်းက ချစ်တာလို့"

"ကိုယ် မသိခဲ့ဘူးကွာ၊ ဝမ်းနည်းစရာပါပဲ"

အေးသက်က သူ့ရင်ဘတ်ကို လက်သီးဆုပ်ကလေးနှင့် ထုသည်။

"ကိုပိုင်နော်။ အေးသက်ကို သစ္စာ ဖျက်ဖို့တော့ မစဉ်းစားနဲ့။ အမေ့ကို အေးသက် ပြောသလို ကိုပိုင်သူဌေးသားဖြစ်လို့ ချစ်တာ မဟုတ်ဘူး။ အေးသက် ရင်ထဲကကို ကိုပိုင့်ကို မြတ်မြတ်နိုးနိုး ချစ်တာ။ အေးသက် အကြော် ရောင်းပြီးတော့လဲ ကိုပိုင့်ကို လုပ်ကျွေးနိုင်တယ်။ ခြံလုပ်ပြီးတော့လည်း လုပ်ကျွေးနိုင်တယ် သိလား။ ဒီအခြေအနေရောက်မှ ကိုပိုင် အခုလို လုပ်ရင်တော့ တမင်ခြား



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတွေလို အေးသက်က ငိုနေမယ့် မိန်းမစား မဟုတ်ဘူး"

"ဒါဖြင့်ရင်"

"ရင်ညွန့်ကို ဓားနဲ့ လိုက်စိုက်မှာ သိလား၊ ယောကျ်ား တစ်ယောက်ကို ချစ်တဲ့ မိန်းမတစ်ယောက်ရဲ့အချစ်ကို မျက်ရည်နဲ့ သက်သေမပြဘူး၊ သွေးနဲ့ သက်သေပြလိုက်မှာ"

"အေးသက် နင် ငါ့ကို မယုံဘူးလား"

"ယုံပါတယ်"

"ဒါနဲ့များ အပိုစကားတွေ ပြောနေရသေးတယ်၊ မေမေ မေမေတို့ဆိုတာ ကိုယ် ခေါင်းတစ်ချက်ဝင် မခွေ့ရပါဘူး"

"ဒါကြောင့်မို့ အိမ်က နှင်ချတာလေ"

"ကိုယ်ကလဲ ဖေဖေ့ကို ဝင်မှ မခွေ့ဘဲ ဖေဖေ့ရယ် ဘာရယ်လို့မှ မချွဲခဲ့ဘဲ"

"အို...မိဘတွေ သဘောတူတူ မတူတူ အဓိကက ကိုပိုင် အေးသက်အနားမှာ ရှိနေဖို့ပါပဲ"

"ကတိပေးတယ် အေးသက်"

ပိုးကိုက်အရွက်များ ခြွေပြီးသောအခါ ဝါးတိုင်ကို ကပ်ပြီး လုပ်ထားသည့် ဝါးငါးလုံးပူး ခုံတန်းရှည်ကလေးမှာ ထိုင်သည်။ ထိုင်ရင်း အေးသက်၏ ပခုံးသားအိအိကို ဆုပ်ဖက်တော့—

"မလုပ်နဲ့"

သူ ရယ်လိုက်၏။

ရံဖန်ရံခါ အချစ်သည် နေ့နှင့်ည မှားတတ်ပါ၏။

* * *

(၂၅)

အေးသက်က စိတ်မချစွာဖြင့် တဖွဖွ မှာသည်။

အမေသုန်က အေးသက်ကို လှမ်းကြည့်ပြီး

"ဒီလောက် ပူပန်နေရင်လဲ ညည်း မလိုက်နဲ့တော့အေ့" ဟုပြောသည်။ အေးသက်က အမေသုန်ကို ရယ်ပြပြီး

"အမေကလဲ"

"အမေကလဲ လုပ်မနေနဲ့ မြန်မြန်လုပ်။ လာယူတဲ့ ဖောက်သည် တွေက ကိစ္စမရှိဘူး။ ကိုယ်နဲ့ ရေရှည် လုပ်လာခဲ့တဲ့ ဖောက်သည်တွေ ဆိုကျတော့ အချိန်ကစပြီး ပျက်ကွက်လို့ မကောင်းဘူး"

လေက ခပ်သိမ့်သိမ့် တိုက်ခတ်သည်။ အအေးဓာတ် ဟသော်လည်း အလုပ်ကြောင့် နဖူးမှာ ချွေးကလေးများပင် စို့ချင် သာ၏။

"အအေးထဲမှာ ထိုင်မနေနဲ့ ကိုပိုင်။ နွားနို့ပူပူကို ကြောင်အိမ် ထဲမှာ ထည့်ထားခဲ့တယ်။ ကြက်ဥဟတ်ဘွိုင်ကို ပန်းကန်ပြားလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အုပ်ထားတယ်နော်။ ငွေတွေ ရှင်းယူပြီးရင် အမေ့ကို ထားခဲ့
အေးသက် ပြန်လာမှာ"

"အေးသက် စာမေးပွဲ ငွေသွား သွင်းဦးမယ်ဆို"

"ဒါက နေ့ခင်းမှပါ။ ကိုပိုင်နဲ့အတူ သွားမှာပေါ့"

ပန်းဂေါ်ဖီခြင်းများကို ထမ်းပြီး ကားလမ်းဆီသို့ သယ်မခဲ့
လမ်းမပေါ်တွင် ကုန်စိမ်းကားက အသင့်။ ခြံသမားများ စုပေါင်း
ငှားထားသည့်ကားဖြစ်သည်။

ကုန်စိမ်းခြင်းများ ကားပေါ်တင်ပြီးသောအခါ အေးသက်
ကားပေါ် မတက်သေးဘဲ အနားကပ်လာ၏။

"ပြန်ရင် အနွေးထည်ကို ပြန်ဝတ်နော်။ ကွပ်ပျစ်ပေါ်
ပက်လက်ကြီးလဲ လှန်မနေနဲ့ အေးတယ်"

"အင်းပါ"

"ပြောလိုက်ရင် အင်းပါပဲ။ အအေးပတ်လို့ အဖျားတက်ခ
ကိုပိုင့်ဟာက အသည်းအသန်"

"ကဲ...မိအေးသက်၊ ညည်း နေခဲ့မှာလား"

အမေသုန် လှမ်းပြောတော့ ကားပေါ်မှ ကုန်စိမ်းသမများ
ရယ်ကြသည်။ အေးသက် ကားပေါ် တက်ပြီး ကားထွက်တော့မှ
လှည့်ပြန်ခဲ့၏။

အေးသက်က ဘာမှ မလုပ်နဲ့ဟု ဆိုသော်လည်း ရေတွင်းဘက်
လျှောက်ခဲ့သည်။ ခြံသမားတစ်ယောက်၏ တာဝန်များကို ကျော်စိုးပိုင်
နားလည်ခဲ့၏။ ခိုကပ်ဖိမ်ရစ်နေ၍ မရ။ တွေဝေငေးငိုင်နေ၍ မ





အလုပ်မှာ စိတ်ကူးသည် တစ်ထပ်တည်းကျနေရ၏။

တွင်းရေကို ငင်ပြီး ဝါးလုံးတန်းထဲ ရေတင်သည်။ ပိုက်လိုင်း
သဖွယ် ဖြစ်နေသော ဝါးလုံးတန်းများမှတစ်ဆင့် စိုက်ခင်းများဆီသို့
ရေရောက်သည်။ ယင်းအစီအစဉ်ကို သူ ကြံခဲ့ခြင်းဖြစ်သည်။
အပင်ပန်းခံပြီး ရေကို လောင်းနေစရာ မလိုတော့။

ရေကို ဆွဲတင်နေစဉ် နားထဲသို့ အရင်းနှီးဆုံး အသံတစ်သံ
ပြေးဝင်လာသည်။ မျက်မှောင်ကြုတ်ပြီး အသံကို ထပ်မံနားစွင့်သည်။

"သား...ကျော်စိုးပိုင်"

ရင်မှာ ဖိုခနဲဖြစ်သွား၏။

တွင်းရေ့ မြေကမှုကို လှမ်းတက်ပြီး အိမ်ဘက်သို့ လှမ်းကြည့်
သည်။

"ဟင်...မေမေ"

ရေပုံးကို ချပြီး မေမေ့ဆီသို့ သူ အပြေးကလေး သွားသည်။
တံပါးရောက်တော့ မေမေက သူ့ကို ဆီးဖက်သည်။

"လူမိုက်ရယ်"

မေမေ့အသံသည် နှလုံးသားထိ ထိုးဖောက်သွားချေ၏။

* * *

မေမေ့ပါးပြင်ပေါ်မှာ မျက်ရည်များစိုစွတ်နေသည်။

"သားရယ်... သားဟာ မိဘလက်ထက်ကတည်းက မြေမွေး
မီးမလောင် လက်မွေးမီးမလောင် နေလာခဲ့တာပါ သားရယ်။ ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး”

ထိုင်ခိုင်းသော်လည်း မေမေက မထိုင်။ ကွပ်ပျစ်နံဘေးတွင် ငူငူကြီး ရပ်နေ၏။ ကျော်စိုးပိုင်က ပင့်သက်ကို ချပြီး မြေနီလမ်းနံဘေး သစ်ပင်ကြီးအောက်သို့ လှမ်းကြည့်လိုက်သည်။ ရပ်ထားသည့် ကားဘေးမှာ ဦးရွှေတောင်ကို မြင်၏။

သည်နေရာကို မေမေသိဖို့အတွက် နွဲ့မွန်ကို စည်းရုံးလိမ့်မည်ဟု လည်း သူ တွေးလိုက်မိသည်။

“လူတစ်ယောက်ရဲ့ ဘဝဟာ အလုပ် မလုပ်ဘဲနဲ့ ရပ်တည်နေတာ အဓိပ္ပာယ် မရှိဘူးလို့ သား သဘောပေါက်ခဲ့ပြီ မေမေ”

“သားရယ် ဘာတွေ ပြောနေတာလဲ၊ သားသူဌေးသားပါ။ အလုပ် မလုပ်လဲ မေမေတို့စည်းစိမ်က သား ထိုင်စားလို့ မကုန်ပါဘူး”

“သား...နားလည်ပါတယ် မေမေ။ သားရင်ထဲမှာ ဖြစ်ပေါ်နေတဲ့ဆန္ဒတွေက သားရဲ့ အားနဲ့မာန်နဲ့ ရှုန်းကန်မှုနဲ့ သားဘဝကို ထူထောင်ချင်နေတယ်”

“ပြောတတ်နေလိုက်တာပါလား။ ဒီစကားတွေကို ဘယ်သူက သင်ပေးလို့များ သား တတ်နေရတာလဲ”

“သားရဲ့ ဘဝပေးအသိပါ မေမေ”

မေမေက သူ့မျက်နှာကို ခပ်မှုန်မှုန် ကြည့်သည်။ မေမေ့ မျက်နှာက စောစောကလို မပျော့ပျောင်း။ ခြောက်ခန်းသွားသော မျက်ရည်နှင့်အတူ မျက်နှာထားက တင်းသလို ဖြစ်လာ၏။





“ဒီမယ်သား၊ မင်းဟာ မိဘအုပ်ထိန်းမှုအောက်မှာ ရှိနေသေး တယ်ဆိုတာကို မင်း နားလည်ရဲ့လား”

“နားလည်ပါတယ် မေမေ”

“အေး...နားလည်ရင် မင်း မိဘအစီအမံကို နာခံရမယ်”

“ဘာ အစီအမံလဲ မေမေ”

“မင်းကို နေရာချထားပေးဖို့ အစီအမံပဲ ကျော်စိုးပိုင်”

“ဘယ်သူနဲ့ နေရာချထားပေးမှာလဲ”

“နွဲ့မွန်နဲ့”

“အာ...မဟုတ်တာ မေမေရာ။ နွဲ့မွန်နဲ့ သားက သူငယ်ချင်းပါ။ သိပ်ခင်ကြတဲ့သူတွေပါ။ လုံးဝ မဖြစ်နိုင်ပါဘူး မေမေ”

သူတုန်လှုပ်စွာ ငြင်းဆန်သည်။

“လူကြီးချင်း စကားညှိပြီးပြီ၊ မင်း ဘာမှ အတွန့်တက်မနေနဲ့။ ခု မင်း မေမေနဲ့ တစ်ခါတည်း ပြန်လိုက်ခဲ့ရမယ်”

မေမေတို့ စကားကို တင်းကြပ်လာပြီကို စိတ်က သိလိုက် သည်။ သူ၏ အတွေးဝယ် အေးသက်မျက်နှာက ရုတ်ချည်း အုပ်မိုး သာ၏။

သူ့ကို မေတ္တာတွေ ပေးခဲ့သော အေးသက်။

ယုယမှုတွေနှင့် နွေးထွေးစေခဲ့သော အေးသက်။

တင်းချည်ထားသော မေတ္တာနှောင်ကြိုးများကို သူ မလေး စားပြုခဲ့လျှင် အေးသက်သည် သူမ၏ အချစ်များအတွက် မည်မျှ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းပန်းတနည်း ဖြစ်သွားရှာပါလိမ့်မည်နည်း။ နှုတ်မဆက်ဘဲ ရုတ်တရက် ခွဲခွာသွားသူအတွက် အေးသက်၏ ရင်သည် မည်မျှ ပူပန်လောင်ကျွမ်းရှာမည်နည်း။

"မေမေ"

သူ ဆုံးဖြတ်ချက်နှင့် ခေါ်သော မေမေက သူ့မျက်နှာကို စူးစူးရဲရဲကြည့်၏။

"သား...ပြန်မလိုက်ဘူး မေမေ။ သား နွဲ့မွှန်ကို သူငယ်ချင်းလိုပဲ ချစ်လို့ရတယ်။ ချစ်သူအိမ်သူလို ချစ်လို့မရဘူး မေမေ။ ပြီးတော့ သားမှာ ချစ်သူရှိနေပါပြီ"

"ဘာလဲ...အကြော်သည်မလေးကို ပြောနေတာလား"

"ဟုတ်ပါတယ် မေမေ၊ သားတို့ လမ်းထိပ်မှာ အကြော် ရောင်းခဲ့ဖူးတဲ့ အေးသက်ပါ။ အေးသက်ကို ခွဲပြီး မေမေတို့ဆီ ပြန်မလိုက်နိုင်ဘူး မေမေ။ မွေးကျေးဖူးကို စော်ကားတာလဲ မဟုတ်ပါဘူး။ အေးသက်အတွက် သားရဲ့ ဆုံးဖြတ်ချက်ပါ"

"သြော်...ဆုံးဖြတ်ချက်၊ ဟုတ်လား ကျော်စိုးပိုင်။ ငါ သဘောမတူတဲ့သူနဲ့ ယူလို့ကတော့ အမွေပြတ်ပဲဆိုတာ မင်း နားလည်။ နောက်မှ မေမေ့ကို ရက်စက်တယ် မပြောနဲ့။ မင်း စကားကို ပြန်ပြင်ပြောစမ်းပါဦး"

မပြင်တော့ဘူးမေမေ။ သားကို ရက်စက်ရင်လဲ ရက်စက်နိုင် ပါတယ်။ မိဘတွေရဲ့ ရက်စက်သမျှကို သားသမီးတွေက ခံရစမြဲ မေမေ။ သားကို ရက်စက်လို့လဲ မေမေနဲ့ဖေဖေကို သား အချစ်





မပျက်ပါဘူး"

"အံမာ...စကားတွေ သိပ်တတ်နေလိုက်တာ

"မဟုတ်ဘူး...မဟုတ်ဘူး။ နင် ငါတို့သား မဟုတ်ဘူး။ မိဘကို အာခံတဲ့ကောင်။ နေ့ရောညရော ထမင်းကြမ်းမှာ အကြော်မှုပ်စားပြီးနေခဲ့တော့။ နင့်ကို အမွေ ဖြတ်မယ်"

ဒေါသရိပ်များတလိပ်လိပ်တက်နေသည့်မျက်နှာ။

စိတ်ဆိုးမာန်ဆိုးဖြင့် ခြေဆောင့်ထွက်ခွာသွားသော မေမေ့ကို အငေးသား ကြည့်နေမိသည်။ မေမေက ကားပေါ် တက်သည်ထိ တစ်စက်လေးမျှပင် စောင်းငဲ့မကြည့်ချေ။

သြော်...အေးသက်ရယ်...။

အေးသက်နားက တစ်ဖဝါး မခွာပါဘူး။ အေးသက် ရင်ထဲက ပုံထွက်မပြေးပါဘူးဆိုတဲ့ကတိကို တို့ ပေးခဲ့ပါတယ်။

တို့ကတိဟာ...

ကမ္ဘာတည်သ၍ တည်မဲ့ကတိပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲဗျာ၊ ဖော်လတ်နဲ့ ကျော်မြတ်လို ဆေးအပ်နဲ့ မသေဘဲ ဆေးပြတ်ပြီး ကြွရင်တော့ ဆွေးမယ်"

ကျော်ကြီးက မဲ့ပြုံးပြုံးသည်။ ရန်ပိုင်အောင်၏ အတွေးဝယ် ဖော်လတ်နှင့်ကျော်မြတ်က ဝဲလည်လှည့်လာ၏။ ဆေးအပ်တန်လန်းနှင့် မသေဆုံးခင် ညနေက သူ့ထံရောက်လာသေးသည်။ ဆေးကြောင်ကြောင်ဖြင့် ဂီတာ ခေါက်သည်။ သည့်နောက် နှစ်ယောက်သား ပြန်သွားကြ၏။

နောက်တစ်နေ့နံနက်တွင် သတင်းက ရောက်လာသည်။ ညက နှစ်ယောက်စလုံး ကိစ္စချောသွားသည် ဆိုသည့်သတင်း။ ရဲက စုံစမ်းစစ်ဆေးသင့်သူများကို စစ်ဆေးမည် ဆိုသည့်သတင်း။ ဒီတုန်းက ရန်ပိုင်အောင်တို့အုပ်စု ယောင်တောင်ပေါင်တောင်နှင့် ရှောင်ရတိမ်းရသေးသည်။ ကိုကျော်ကြီးဆိုသည့် ပုဂ္ဂိုလ်ကြီးကတော့ ဆယ်ရက် ဆယ့်ငါးရက်တိုင် ဘယ်ကမ္ဘာရောက်နေသည် မသိခဲ့။

"ရန်ပိုင်အောင်"

ကျော်ကြီး၏ အသံကြောင့် အတွေးက တန့်သွားသည်။

"ဘာလဲဗျ ကိုကြီးကျော်"

"အားလုံးတော့ ချွတ်ခြုံကျကုန်ပြီကွ"

"သိတယ်လေ၊ ကျုပ်တို့ ဝတ်ထားရတာတောင် မလုံမခြုံ။ ◌ဝတ်ထားတဲ့ ဂျင်းဘောင်းဘီကို သွားဖျောလို့လဲ အဖာဗရပွနဲ့ ◌ြောက်ပြားတောင် ပေးမှာ မဟုတ်ဘူး။ အာကာ့ ဂျက်ကက်လဲ ◌နေ့က ကျွတ်သွားပြီ"



(၂၆)

လူရုပ်ပင် မပေါ်တော့သည့် ဘဝကို သိကြသည်။ သေးကွေးကြုံလှီသော လက်ချောင်းကလေးများကို ကွေးချည်ဆန့်ချည်လုပ်ပြီး ရန်ပိုင်အောင်က အာကာနှင့် သူရ မျက်နှာကို တစ်လှည့်စီ ကြည့်သည်။

မျက်တွင်းက ဟောက်ပက်။

ငေါထွက်နေသော ပါးရိုး။

မျက်နှာကို လက်ဝါးနှင့် ပွတ်ပြီး သူရက ပင့်သက်ကို ချသည်။ အာကာက မျှော်လင့်ချက်လေးဖြင့် ကျော်ကြီး၏ မျက်နှာကို လှမ်းကြည့်၏။ အာကာနည်းတူ သူရနှင့် ရန်ပိုင်အောင်ကလည်း ကျော်ကြီး၏ မျက်နှာကို တောင့်တမှုကြီးစွာ လှမ်းကြည့်သည်။

"ငါ့ကို အားကိုးတကြီး ကြည့်မနေကြနဲ့။ မင်းတို့ အူတော့ ငါလဲ အူနေပြီ။ ထုခွဲရောင်းချမယ်ဆိုတာ ပစ္စည်းရှိမှကွ။ ခုဟာက ရွှေနဲ့တူတာ ကြေးဝါတောင် မရှိဘူး။ ငွေနဲ့တူတဲ့ စက္ကူစုတ်တောင် မရှိဘူး"

www.burmeseclassic.com



"တော်စမ်းပါကွာ။ အသေးအဖွဲ့ ကိစ္စလေးတွေ ပြောမနေစမ်းပါနဲ့"

"ဒါဖြင့်ရင် ကြီးကြီးမားမား ပြောဗျာ"

နံရံကို ကျောမှီပြီး မျက်စိကို အသာမှိန်းထားလိုက်၏။ ကျော်ကြီးက ရန်ပိုင်အောင်ကို စူးစူးစိုက်စိုက် ကြည့်ပြီး အကြောင်းတစ်စုံတရာ စဉ်းစားသည်။ အတန်ကြာမှ…

"ငါ တစ်ခု စဉ်းစားလို့ ရတယ် ရန်ပိုင်အောင်။ စဉ်းစားလို့ရတဲ့ အကြံဉာဏ်ကလဲ မင်းနဲ့ ဆက်နွယ်နေတယ်။ အောင်မြင်ရင် တို့တွေ ပွဲတော်ကြီး ဆိုက်မယ့် ကိန်းပဲကွ"

ပွဲတော်ကြီး ဆိုသည်နှင့် မှေးမှိန်နေသော မျက်လုံးများ ပြူးကျယ်လာသည်။

"အိုဗျာ…ဆေးသာ ရမယ်ဆိုရင် စကြဝဠာကို ခေါင်းနဲ့ ဆောင့်ရမလား။ ပစိဖိတ်သမုဒ္ဒရာကို ဖြတ်ကူးရမလား"

"အား…ဟား…ကျော်ကြီးပေမဲ့ အကြံဉာဏ်က အဲ သလောက်ကြီး ခက်ခဲပင်ပန်းတဲ့ အကြံဉာဏ် မဟုတ်ပါဘူး ရန်ပိုင်အောင်ရာ၊ ဒီလိုကွ …"

စကားကို မဆက်ဘဲ ကျော်ကြီးက ချောင်းတစ်ချက် ဟန့်၏။ အာကာနှင့် သူရက ကျော်ကြီး အနား ကပ်လာသည်။ ရန်ပိုင်အောင်က ဆေးပေါ့လိပ်အတိုကို ပါးစပ်မှာ တေ့ဖွာရင်း နားကို စွင့်ထား၏။

"တခြားတော့ မဟုတ်ဘူး။ မင်း မိထွေးဘက်က ပါလာတဲ့





ခင်ညီမ နွဲ့မွန်ဆိုတဲ့ ကောင်မလေးကို ပြန်ပေးဆွဲပါလား ရန်ပိုင်အောင်"

"ဘယ်…ဘယ်လို နွဲ့မွန်ကို ဟုတ်လား"

မေ့ပျောက်နေသောအကြောင်းတစ်ရပ် ခေါင်းထဲ ဖျတ်ခနဲ ဝင်လာသည်။ ဆေးပေါ့လိပ်တိုကို နံရံသို့ ပစ်ပေါက်ပြီး…

"နွဲ့မွန်ကို ကိုကြီးကျော် သိလို့လား။ ကျုပ်အဖေမယားဘက်က ပါလာတဲ့ ငတိမမွန်းလဲ ခင်ဗျား သိတယ် ဟုတ်လား"

"ဟား…ဟား…သိပ်ပြီး အံ့သြမနေစမ်းပါနဲ့ ရန်ပိုင်အောင်ရာ။ ကိုကြီးကျော်က ရန်ကုန်မြို့ကြီးမှာ အပ် ကျတာကအစ သိတယ်ကွ။ ကိုကြီးကျော် မသိတာ ဘာမှ မရှိဘူး"

"ဖင်ခေါင်းကြီးက ကျယ်ပြန်ပြီ၊ နေပါဦး ခင်ဗျားပြောသလို နွဲ့မွန်ကို ပြန်ပေးဆွဲပြီး ဘာလုပ်ရမှာလဲ"

"အာ…ဒီကောင် တော်တော်ထူတဲ့ကောင်ကွာ။ နွဲ့မွန်ကို သူ့အဘွားကြီးက အသည်း မဟုတ်လားကွ။ နွဲ့မွန်ကို ပြန်ပေးဆွဲပြီး ငွေတစ်သိန်း လာပေးပါ။ မပေးရင် ခင်ဗျားသမီး အိမ်ထောင်လေးဆက် ကျသွားမယ်လို့ ခြိမ်းခြောက်လိုက်ရင် အဘွားကြီး ဘာ ခံနိုင်မှာလဲကွ"

"အာ…ကိုကြီးကျော်၊ ခင်ဗျား ဦးနှောက် ကောင်းလှချည်လားဗျာ"

"ကိုကြီးကျော်လေကွ၊ ကိုကြီးကျော် မ,ရင် အားလုံး ကြွမယ်"

ရန်ပိုင်အောင်၏ အတွေးတွင် ငွေစများ ပြေးဝင်လာသည်။ ကျော်ကြီး ပြောသလို နွဲ့မွန်သည် သူ့အမေ ဒေါ်ခင်လှဲ့မွန်၏ အသက်။ သည်ဆည်းလည်း သည်းညှာကို ကိုင်ထားလိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ငွေတစ်သိန်းဆိုသည့် ပိုက်ဆံလောက်တော့ ဒေါ်ခင်လှဲ့သမွန်က မျက်စိမှိတ်ပြီးတောင် ပေးပစ်လိုက်ဦးမည်။

"နေဦး ကိုကြီးကျော်"

"ဘာများလဲကွ"

"သူ့ကို ဘယ်မှာသွားပြီး ပြန်ပေးဆွဲရမှာလဲဗျ။ အဲဒါက အဓိက ပြဿနာပဲဟာ"

"ရန်ပိုင်အောင်ရာ... ကိုကြီးကျော်က မပိုင်လို့ကတော့ ဖွက်အိုင်ကိုတောင် မခုန်ဘူး။ နွဲ့မွန် နံနက်ဘက် ဘယ်အချိန် ကျောင်းကို လာတယ်ဆိုတာ ကိုကြီးကျော် လေ့လာသုံးသပ်ပြီးသား ကွ။ နက်ဖြန်မနက် (၇)နာရီကို အင်းလျားကန်ဘောင် လေ့ကားထိပ်နားက စောင့်ပြီး ဆွဲရုံပဲ။ အဲဒီနေရာက လူရှင်းတယ်"

"တစ်ခုတော့ ရှိတယ် ကိုကြီးကျော်။ နွဲ့မွန် ကျောင်းလာရင် ကားကို ဦးလှုပုက မောင်းတာဗျ။ ဘယ့်နှယ့်လုပ်မလဲ"

"နေပစေလေ။ လှုပုကို မြောက်သွားအောင် ကိုကြီးကျော် ဆော်ပြမယ်။ မင်းကသာ ကားကို ကျင်ကျင်လည်လည် မောင်းပြေး။ ကောင်မလေး မအော်နိုင်အောင် အာကာနဲ့ သူရက တာဝန်ယူ ဘယ့်နှယ့်လဲ"

"လုပ်လိုက်လေ ကြာသလားလို့။ စိတ်ချ၊ ကောင်မလေး လွတ်မထွက်အောင် ဟောဒီလက်ကြီးနဲ့ တအားကို ဖျစ်ညှစ်ထား လိုက်မယ် ဟား...ဟား...ဟား"

ပြောပြီး သူရက အားရပါးရ အော်ရယ်သည်။ အာကာ





သူရကို စွေစောင်းကြည့်ပြီး

"ဟော့ကောင်... သူရ။ ရန်ပိုင်အောင့်ကိုလဲ အားနာပါဦးကွ"

"အိုး... အားမနာနဲ့ အပေါင်းအသင်းတို့ လုပ်ပစ်။ ငါ့နှမ အရင်းကြီးလဲ မဟုတ်ဘူး။ တစ်ဝမ်းကွဲလဲ မဟုတ်ဘူး။ သွေးဆိုလို့ တစ်စက်လေးတောင် မတော်စပ်ဘူးကွ၊ သဘောသဘော ကိုယ်တော်တို့သဘော"

"ဟား...ဟား...ဟား"

ရယ်သံများ အခန်းကျဉ်းကလေးထဲဝယ် လှိုင်းထသွားသည်။

ကျော်ကြီးက ငနဲသားသုံးကောင်ကို ကြည့်ပြီး မြိန့်မြိန့်ကြီး ပြုံးလိုက်၏။

ကျော်ကြီးတဲ့ကွ မှတ်ထား။

အားလုံး အော်ပြီး သွားရမယ်။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

ညနေဘက်တွင် လဆီးခါး ရောက်လာသည်။ အပြုံးများ လျှံနေသော မျက်နှာကို ကြည့်ပြီး အေးသက်က သူ့ကို တီးတိုး ပြောသည်။

"လဆီးခါး ခုတလော မြူးနေတယ် ကိုပိုင် သိလား"

"ဘူးကျရလို့ နေမှာပေါ့"

"ဟယ်…ကိုပိုင် သိပ်ယုတ်တာပဲ"

အေးသက် ရယ်သည်ကို လဆီးခါးက လျှောက်လာနေရာမှ မလုံမလဲဖြင့်

"ဘာတွေ သဘောကျနေကြတာလဲ"

"မင်းကို"

"ငါ့ကို ဟုတ်လား။ အဟဲ…ရုပ်က ခုတလော သိပ်ဖြောင့် လာလို့လား"

"မဟုတ်ဘူး၊ ဘူးကျကျလာလို့"

"ဟာကွာ…မင်းက မဟုတ်တာ"





ရယ်ရင်း ကွပ်ပျစ်ပေါ် ဝင်ထိုင်သည်။

"အေးအေးဆေးဆေးနော် လဆီးခါး၊ ငါ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ် လုပ်လာခဲ့မယ်"

"ဟာ…လုပ်မနေနဲ့ အေးသက်၊ ငါ ကျော်စိုးပိုင်ကို ခေါ်ပြီး လက်ဖက်ရည်ဆိုင် သွားမလို့"

"ဘာလုပ်မလို့လဲ"

"ဟ…လက်ဖက်ရည်ဆိုင်သွားတာ လက်ဖက်ရည် သောက် မလို့ပေါ့ဟ၊ ဘာလုပ်ရမှာလဲ"

"ဒါဖြင့် ဒီမှာပဲ သောက်။ အေးသက် သွားဝယ်ပေးမယ်။ ဟိုလမ်းချိုးက ဆိုင်လေ၊ မလိုင်တွေ စပါယ်ရှယ်ထည့်ပေးတာ"

လဆီးခါးက သူ့ကို လှမ်းကြည့်သည်။ ပြောစရာ စကား ပါလာပြီကို သူ သိလိုက်၏။

"ကဲ…အေးသက်ရာ ၊ ဒီကောင်က သူ့နှလုံးသားကိစ္စကို ကိုယ့်ကို သိပ်ရင်ဖွင့်ချင်နေတာ။ လမ်းလေးဘာလေးလျှောက်ရင်း ကိုယ် လိုက်သွားလိုက်ဦးမယ်"

"မိုးသိပ်ချုပ်မှာလား"

"မချုပ်ပါဘူး"

"စောင့်နေမှာနော်"

သူ ခေါင်းအညိတ်မှာ လဆီးခါးက –

"နင့်ဟာက လွန်လွန်းပါတယ်။ ငါ ကျော်စိုးပိုင်ကို ရောင်းမစားပါဘူးဟ။ သူ့အိမ်လဲ ပြန်မပို့ပါဘူး။ ပြန်ပို့ရင် နင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုပိုင်က ပြန်မှာ မဟုတ်ဘူး။ ပဲကပ်ကြော်ကို သိပ်ကြိုက်နေတာ"

အေးသက် မျက်နှာ ရှက်ရဲရဲကို ကြည့်ပြီး လဆီးခါးက သဘောကျစွာ ရယ်၏။

"ဟေ့ကောင် အူတူတူစကားတွေ ပြောမနေနဲ့"

လက်ကို ဆောင့်ဆွဲပြီး အပြင်ခေါ်ခဲ့ရ၏။

"အေးသက်က မင်းကို သိပ်ချစ်တယ်နော်၊ ကျော်စိုးပိုင်"

"အင်း"

"အချစ်မှာ သူချစ်ရတာ သိပ်ကောင်းတယ်ကွ။ တော်တန်ရုံ အပြစ်ဆို သူတို့က ခွင့်လွှတ်ပြီးသား"

"ငါကလဲ အေးသက်ကို ချစ်ပါတယ်"

"နောက်မှ ချစ်တာပါ။ သနားချစ်မို့လား"

"အချစ်မှာ သနားချစ်ချစ်တာက ပိုခိုင်မြဲတာပေါ့ကွ"

စိုင်သရက်ပင်ကြီးအလွန်တွင် 'သူငယ်ချင်း' လက်ဖက်ရည်ဆိုင်ကို လှမ်းမြင်နေရ၏။

* * *

ထောင့်ဆုံးကျသော စားပွဲမှာ ဝင်ထိုင်သည်။ လဆီးခါး လက်ဖက်ရည်နှစ်ခွက် လှမ်းမှာပြီး သူ့မျက်နှာကို ခပ်စိုက်စိုက်ကလေး ကြည့်၏။

"မနေ့က အန်တီမေက ငါ့ကို လိုက်ရှာပြီး အိမ်ကို ခေါ်သွားတယ် ကျော်စိုးပိုင်"





"ဟင်"

အံ့ဩစိတ်နှင့်အတူ နှုတ်ခမ်းနှစ်ခုအကြားတွင် တပ်ထားသော စီးကရက်ပင် ဆတ်ခနဲ ပြုတ်ကျသွားသည်။

"မေမေ မင်းကို ဘာပြောလဲဟင်။ ဖေဖေ့ကို ကော တွေ့ခဲ့တယ် မဟုတ်လား"

လဆီးခါး အမူအရာက အေးတိအေးစက်။ လာချပေးသော လက်ဖက်ရည်ခွက်ကို သူ့ရှေ့ အသာတွန်းရွှေ့ပေးသည်။

"မေးတယ် ကျော်စိုးပိုင်၊ မင်းအကြောင်းထက် အေးသက် အကြောင်းကို မေးတယ်"

"အေးသက်အကြောင်း ဟုတ်လား"

"မင်း အရမ်း စိတ်ဝင်စားသွားပြီလား"

လဆီးခါး မျက်နှာ ပြုံးသွားသဖြင့် ကြားရမည့် သတင်းသည် မိမိအတွက် မင်္ဂလာသတင်းဖြစ်မည်ဟု သူ တွေးသည်။

"စိတ်ဝင်စားတာပေါ့ လဆီးခါးရာ၊ အေးသက်အကြောင်းကို အမေနဲ့ဖေဖေက ဘာမေးလဲဟင်။ ပြောစမ်းပါကွာ၊ အရေးဆိုခင်းက သိပ်အိုက်တင်ခံတယ်"

"ဟ ... ပြောမှာပေါ့၊ လက်ဖက်ရည်လေး တစ်ကျိုက်လောက် သောက်ပါရစေဦး"

သူစိတ်ရှည်ရှည်နှင့် စောင့်ရသည်။ လက်ဖက်ရည်တစ်ကျိုက် သောက်သောက်ပြီးမှ လဆီးခါးက –

"အေးသက် ဆိုတဲ့ ကောင်မလေးက ရိုးရိုးသားသားတဲ့ကွ



www.burmeseclassic.com

www.burmeseclassic.com



လားတဲ့။ အဝေးသင် နောက်ဆုံးနှစ် တက်နေတယ်ဆိုတာကော ဟုတ်သလားတဲ့။ ဆင်းရဲတာ ချမ်းသာတာ အကြောင်းမဟုတ်ဘူးတဲ့ မျိုးရိုးသန့်ဖို့က သိပ်အရေးကြီးတယ်တဲ့"

"မင်း မပြောလိုက်ဘူးလား လဆီးခါးရာ၊ အေးသက်တို့ သားအမိက ဘဝပေး အကြောင်းမလှလို့ အကြော်ရောင်းရပေမဲ့ အေးသက်ဖေဖေက အေးသက်မမွေးခင် တော်လှန်ရေးကာလမှာ တိုင်းပြည်အတွက် အသက်ပေးသွားတဲ့ တော်လှန်ရေး ရဲဘော်ကြီး ဆိုတာကို မပြောပြလိုက်ဘူးလားကွာ။ အေးသက်ဘဝကို မင်း သိပါတယ်"

"မပြောဘဲနေမလား ကျော်စိုးပိုင်ရာ။ ငါက အာလုံးကို ပြည့်ပြည့်စုံစုံ ပြောပြလိုက်တာ။ မင်းအဘိုးကြီးဆိုတာ ခေါင်း တညိတ်ညိတ်နဲ့ကွ။ အင်း...ငါ စုံစမ်းထားတာတွေ အားလုံး မှန်တယ်ဆိုပြီး ကျေနပ်တဲ့ အမူအရာတွေ ပြတယ်ကွ"

"တကယ်နော် လဆီးခါး၊ မင်းပြောတာတွေ အားလုံး အမှန်ချည်းပဲနော်"

"ငါ ဘယ်တုန်းက လိမ်ပြောဖူးလို့လဲ ကျော်စိုးပိုင်။ ဘိုး ကချင်လူမျိုးတွေက ပိုလဲ မပြောတတ်ဘူး၊ လိုလဲ မပြောတတ်ဘူး"

"အေးပါကွာ၊ ငါ သိပါတယ်"

"ပြီးတော့ မင်းအဘိုးကြီးက ငါ့ကို မေးတယ်။ မင်းသူငယ်ချင်း လူသားတစ်ယောက်ရဲ့ တာဝန်ပိုင်းတွေကို နားလည်နေပြီ မဟုတ် လားတဲ့။ ငါကတော့ ပြောလိုက်တယ်။ ဒီကောင် ခု ခြောက်





ပေါက်နေတယ်လို့။ ငါ့စကားကို သဘောကျပြီး မင်း အဘိုးကြီး ရယ်လိုက်တာကွာ တဟားဟားနဲ့"

စိတ်မှာ အရမ်းပျော်သွားသည်။

"ပြောသေးတယ်ကွ၊ ဒီကောင် လူသားတစ်ယောက်ရဲ့ တာဝန်ပိုင်းကို လေးလေးနက်နက် သိပါစေဦးတဲ့။ ဘဝဆိုတာကို ဒီကောင်က မီးခံသေတ္တာထဲက ရွှေတွေ ငွေတွေလို့ ထင်နေတာတဲ့။ ကလေးမလေးက ဒီကောင့်ကို ကောင်းကောင်း ပညာပေးနေပြီတဲ့။ ပြီးတော့ အန်တီမေကိုလဲ လှမ်းပြောသေးတယ်"

"ဘယ်လိုများ ပြောလဲကွာ၊ မြန်မြန်ပြောစမ်းပါ"

"ဟော့ မေတဲ့၊ မင်း သားအတွက် တစ်သက်တာ စိတ်ချဖို့ ချွေးမလောင်းကို မင်း ရပြီကွလို့ ပြောတယ်ကွ။ အန်တီမေကတော့ ပြုံးနေတာပဲ"

"ဝမ်းသာလိုက်တာ လဆီးခါးရာ။ ငါ သိပ်ပျော်သွားပြီ သူငယ်ချင်းရာ"

လဆီးခါးက ပြုံးရင်း–

"ကဲ...တို့ သွားကြစို့ ကျော်စိုးပိုင်၊ ခုဆို အေးသက်က မင်းကို မျှော်နေပြီ။ ငါလဲနက်ဖြန်အတွက် အိပ်မက်လှလှလေးတွေ ကြိုမက်ဖို့ အိမ်ပြန်အိပ်တော့မယ်"

"ဘာလဲကွ နက်ဖြန်အတွက်ဆိုတာ"

"ဟ...နွဲ့မွန်က ငါ့ရဲ့အချစ်ကို သုံးသပ်ဆုံးဖြတ်ပြီး နက်ဖြန်မနက်မှာ အဖြေပေးမှာကွ။ ခြောက်နာရီနဲ့ ခုနစ်နာရီကြား

www.burmeseclassic.com



အင်းလျားက ကန်ဘောင်မှာ စောင့်ခိုင်းထားတယ်”

“ဟာ…ဝမ်းသာလိုက်တာ လဆီးခါးရာ။ နက်ဖြန်ရဲ့ နံနက်ခင်းဟာ မင်းအတွက် မင်္ဂလာနံနက်ခင်း ဖြစ်မှာပါကွာ၊ နွဲ့မွန်က မင်းအချစ်နဲ့ မင်းဘဝကို စာနာညှာတာမှာပါ”

လဆီးခါး၏ တောက်ပသောအပြုံးကို ဒီတစ်ခါသာလျှင် ပြက်ပြက်ထင်ထင် သူ မြင်တွေ့ဖူးတော့၏။

* * *

(၂၈)

အစောဆုံးရောက်နှင့်နေသည်။

အင်းလျား၏ နံနက်ခင်းလေပြည်အေးနှင့် ချိုကြည်သော ငှက်ကလေးတို့၏ တေးသံ။ ပတ်ဝန်းကျင်၏ သက်ရှိသက်မဲ့ အားလုံးသည် လဆီးခါးအတွက် သာယာကြည်နူးဖွယ်အတိ ဖြစ်နေ၏။

အင်းလျား၏ လတ်ဆတ်သော လေပြည်ကို အားရပါးရ ရှူရှိုက်ရင်း ဤဘောင်ပေါ်တွင် ဖြည်းညှင်းစွာလျှောက်နေမိသည်။ လမ်းလျှောက်ရင်း လမ်းမကြီးဘက်သို့လည်း မကြာမကြာ မျှော်ကြည့်သည်။ နွဲ့မွန်သည် ကန်ဘောင်ကြီးရှေ့ ကားလမ်းမှ ကားနှင့် လာမည်။ ကျောင်းကို အလျင် သွားမည်။ ပြီး ကန်ဘောင်ဘက် လျှောက်ခဲ့မည်ဟု ဆိုထားခဲ့သည်။

နွဲ့မွန်နှင့် ပတ်သက်သော အတွေးများကို တွေးရင်း ကန်ဘောင်ကြီး၏ တောင်ဘက်သို့ လျှောက်ခဲ့သည်။ စိတ်မှာ အုပ်ရှားနေသည်ကိုလည်း လဆီးခါး ကိုယ့်ကိုယ်ကို သိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းသုံးဆယ်မြောက် လျှောက်အပြီးတွင် လက်မှ နာရီကို ငုံ့ကြည့်လိုက်သည်။

"ဟာ…ခြောက်နာရီခွဲပြီးသွားပြီ"

ရင်ဓာဖို၌ တထိတ်ထိတ် ခုန်လာ၏။ ခြေလှမ်းကို ဆက်မလှမ်းတော့ဘဲ ရပ်လိုက်သည်။ သည်မှာ လေးညို့မှ လွှတ်လာသော မြားလေးသဖွယ် ပြေးလွှားနေသည့် ကားလေးတစ်စီး မြောက်ဘက်မှ ဦးတည်၍ မောင်းနှင်လာသည်။ အရောင်အသွေးကို မြင်ကတည်းက နွဲ့မွှန်၏ကားမှန်း သူ သိ၏။ မင်သက်စွာ ရပ်ကြည့်နေဆဲဝယ် ရှေ့မှ လူတစ်ယောက် ပိတ်ရပ်ထားမှုကြောင့် ကားလေးသည် တုံ့ခနဲ ရပ်တန့်သွားပါ၏။

လဆီးခါး မျက်မှောင်ကြုတ်လိုက်သည်။

သစ်ပင်ကွယ်မှ ပြေးထွက်လာသည့် လူသုံးဦး၏ လှုပ်ရှားမှု ကားတံခါးကို ခပ်ကြမ်းကြမ်းဆွဲဖွင့်ဟန်များ၊ အရပ် ဂင်တိုတိုနှင့် လူတစ်ယောက်က ကားဒရိုင်ဘာ ဦးလုပုကို ကားထဲမှ ဆွဲထုတ်ပြီး ပုံလျက်လဲသည်အထိ ရိုက်ပုတ်ပြီး ကားပေါ်မှ ဝုန်းခနဲဆင်းလာသည့် နွဲ့မွှန်ကို လူသုံးယောက်က လျှပ်တပြက် ဝင်ချုပ်သည့်သဏ္ဌာန်။

အံ့အားတသင့်ဖြစ်နေရာမှ လဆီးခါးသည် လေ၏ လျင်မြန်ခြင်းမျိုးနှင့် အုတ်လှေကားမှ အပြေးဆင်းသည်။ ကားနား ရောက်သည်နှင့် လေတွင် မြောက်ခနဲဖြစ်သွားသော လှုပ်ရှားမှုနှင့် အတူ ခြေထောက်က အရပ်ဂင်တိုတိုလူ၏ မျက်နှာသို့ ဖြတ်ရှ သွားသည်။





"အား"

တိုက်ကွက်က လျှပ်တပြက်။

လဆီးခါး၏ သွက်လက်သော လက်သီးလုံးများ။

နွဲ့မွှန်၏ "လဆီးခါး သတိထား၊ သတိထား" ဆိုသည့် အော်ဟစ်သံက နားသို့ ဝေဝေဝါးဝါး ဝင်လာ၏။

"ဒီကောင် ဘာကောင်လဲကွ ရန်ပိုင်အောင်"

"မသိဘူး၊ အချိန်ကုန်ခံမေးမနေနဲ့ သူရ။ ချ ချ အသေကို ဆော်ပစ်"

ပူးဝင်လာသည်။

လဆီးခါးက မိုက်မိုက်ကန်းကန်း အတင်းဝင်လာသည့် သူရ၏ မေးများကို ဒူးပျံနှင့် ထိတွေ့ပေးလိုက်၏။ သူရ နောက်သို့ လန်ကျသွားသည်။

ကိုယ့်လူ ခံရပြီ ဆိုသောအခါ အာကာတွန့်ဆုတ်သွားသည်။ သည်မှာ ရန်ပိုင်အောင် က နောက်မှ အလစ်ဝင်ရိုက်ရန် ပြေးဝင် လာသည်။ သို့သော်လည်း နွဲ့မွှန်၏ သစ်ကိုင်းခြောက်နှင့် ဖြတ်ရိုက်လိုက်သည့် ရိုက်ချက်က မျက်နှာကို ကန့်လန့်ဖြတ်သွားသည်။

နှာနုမှ သွေးများ ယိုစီးကျလာသည်နှင့် ရန်ပိုင်အောင်၏ ဒေါသက အထွတ်အထိပ်သို့ ရောက်သွားသည်။ လိုအပ်မှ အသုံးပြုမည်ဟု ယူဆောင်လာခဲ့သော ဓားမြှောင်ကို ခါးကြားမှ ဆွဲထုတ်လိုက်သည်။

နင်သေမှ အေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မြောက်တက်သွားသော ဓား။

အားနှင့် ဖိစိုက်လိုက်ချိန်ဝယ်

"နွဲ့မွန်"

အော်သံနှင့်အတူ လဆီးခါး ပြေးဝင်သည်။

နွဲ့မွန်ကို ဘေးတစ်ဘက်သို့ တွန်းဖယ်လိုက်နိုင်သော်လည်း ဓားချက်က

"အား"

အော်သံနှင့်အတူ လဆီးခါး ခွေညွတ်ကျသွား၏။ နွဲ့မွန်က လဲရာမှ လူးလဲထပြီး လဆီးခါးကို ပြေးပွေ့သည်။ သွေးစီးများက အဆက်မပြတ် စီးထွက်နေ၏။

"လဆီးခါးရယ်"

ရန်ပိုင်အောင်တို့ အုပ်စု လှုပ်လှုပ်ရှားရှား။

"ဟေ့ကောင်တွေ ကားပေါ် မြန်မြန်တက်၊ နောက်မှာ လူတွေ ပြေးလာနေကြပြီ"

ကျော်ကြီး၏အသံ။

ရပ်ထားသည့် ဝီလီဂျစ်ကားပေါ်သို့ ဒယီးဒယိုင်နှင့် ပြေးတက်ကြသည်။ ကားစက်နှိုးသံ၊ ဂီယာချိန်းသံ၊ စက်ကုန်ဖွင့် မောင်းနှင်သွားသော ကား၏ အရှိန်။

ထိုစဉ် အရှေ့ဘက်မှ မောင်းနှင်လာသော ကွန်တင်နာ ကုန်တင်ကားကြီးတစ်စီး။

အရှိန်ကို မထိန်းနိုင်ဘဲ ရန်ပိုင်အောင် မောင်းနှင်လာ





သောကားက ခေါင်းချင်း ဝင်တိုက်ပစ်တော့၏။ ကားကလေး ဘေးသို့ လွင့်စင်သွားကာ ဂျွမ်းသုံးပတ် လည်၍ တိမ်းမှောက်သွားတော့၏။

ပြိုဆင်းလာသောလူအုပ်ကြီး၏ ပါးစပ်များမှ

"ဓားထိုးမှု ဖြစ်တယ်ဟေ့"

"ကားပေါ်က ကောင်တွေတော့ ချောပြီ ထင်တယ်"

အသံများကို နွဲ့မွန် မကြားနိုင်တော့။ နွဲ့မွန်သည် သွေးတို့ဖြင့် လိမ်းကျံနေသော လဆီးခါး၏ ခန္ဓာကိုယ်ကို တင်းကြပ်စွာ ပွေ့ဖက်ထားလိုက်သည်။

"တို့ကြောင့်ပါ လဆီးခါးရယ်"

မျက်ဝန်းမှ မျက်ရည်များ အတောမသတ်တော့။

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၂၉)

"ကြာတယ် အေးသက်ရာ"

"အို...မိန်းကလေးပဲ ကြာမှာပေါ့ ကိုပိုင်။ ကိုပိုင်တို့ ယောကျ်ားတွေလို အင်္ကျီကောက်စွပ်၊ လုံချည်ကောက်ဝတ်ပြီး ဆင်းသွားလို့ ရတာမှ မဟုတ်ဘဲ"

"စောင့်ရတာ မိနစ်နှစ်ဆယ်ရှိပြီ"

"မလောနဲ့ ကိုပိုင်ရာ။ သနပ်ခါ လိမ်းရတာ အချိုးကို မကျတော့ဘူး"

"ဟင်...ခုမှ သနပ်ခါး လိမ်းရတယ်"

အခန်းထဲမှ အေးသက် အသံ ထွက်မလာတော့။

အမေသုန်က စပါးလုံး ရွေးရင်းမှ ပြုံးသည်။

ကွပ်ပျစ်ပေါ်မှာ ခပ်ငူငူထိုင်ရင်း ထွက်အလာကို စောင့်သည်။ နာရီ ကြည့်လိုက်တော့ ညနေ သုံးနာရီခွဲတိတိ။

"သုံးနာရီ ခွဲသွားပြီ အေးသက်ရဲ့"





"ဟယ်...ကိုပိုင်ရယ်၊ ဘယ်လို ဖြစ်နေတာလဲ။ မြီးပါပြီ၊ ဆာဘီ ဝတ်နေတာ"

အခန်းထဲမှ ထွက်မလာမီ သနပ်ခါးနံ့က ဝေ့ခနဲ သင်းလာ၏။ အပြင်ထွက်လျှင် အေးသက်က နှုတ်ခမ်းနီ၊ မိတ်ကပ် မခြယ်တတ်။ အေးသက် ထွက်လာတော့ အမေသုန်က မျက်လုံး ဝေ့ကြည့်၏။

"ထွက်လာတော့လဲ ဒီအတိုင်းပဲ"

"ဘာလဲကိုပိုင်က ဆန်းဆန်းပြားပြား ထွက်လာစေချင်လို့လား"

"မဟုတ်ပါဘူး"

ခြံမှအထွက်တွင် အမေသုန်က

"မိုးသိပ်မချုပ်ကြနဲ့နော် "

ဟု လှမ်းမှာသည်။

မြေနီလမ်းကလေးအတိုင်း လျှောက်ပြီး ကားလမ်းရောက်ဖို့ အတွက် သရက်ပင်ကြီးအောက် ဖြတ်လျှောက်ရမည်။ ကားတစ်စီးစာသာ ဝင်သာထွက်သာရှိသည့် တောလမ်းကလေး ကျော်ဖြတ်ရမည်။

လူရှင်းသော လမ်းချိုးကလေး အရောက်တွင် အေးသက်က ထုံးစံအတိုင်း လက်မောင်းကို ဖက်တွယ်သည်။

"ကိုပိုင်"

"ဟင်"

"အရင်ကလို ချစ်သေးရဲ့လား"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"အရင်ကလို ချစ်သေးရဲ့လားလို့"

"မေးဖို့ လိုသေးလို့လား"

"လိုတာပေါ့ ကိုပိုင်၊ ခါတိုင်း လမ်းထွက်ရင် ကိုပိုင်ကစပြီး အေးသက်ရဲ့ ပုခုံးကို ကြင်ကြင်နာနာ ဖက်ထားတာ။ ခုတော့ ဒီက ကိုင်မှ ဟင်း"

ကျော်စိုးပိုင်က ရယ်ရင်း အေးသက်၏ ပခုံးစွန်းကို သိုင်းဖက်လိုက်၏။

"သွားဝါ...ပြောမှ ချစ်တာကြင်နာတာ ကို မလိုချင်ဘူး"

ကားလမ်းမပေါ် ရောက်သည်အထိ အေးသက်က ဖက်တွယ်ထားသည့် လက်ကို မလွှတ်။

"ဆေးရုံက လေးနာရီမှ ဖွင့်တာမို့လား"

"ဟုတ်တယ်လေ"

"အယ်...လဆီးခါးအတွက် ရွှေငှက်ပျောဖီးကြီး ကျန်ခဲ့ပြီ ကိုပိုင်၊ အေးသက် ပြေးယူလိုက်မယ်"

"ဝယ်ထားလို့လား"

"နေ့ခင်းက တစ်ဖက်ခြံထဲက အမေ ဝယ်ထားတာ။ ကိုပိုင် အော်နေတာနဲ့ မေ့ကျန်ခဲ့တာ သိလား"

"ပြန်ယူမနေပါနဲ့တော့ကွာ။ ဒီနေ့ ဒီကောင် ဆေးရုံကဆင်းမှာ။ ဆေးရုံက ဆင်းတဲ့နေ့မှာ ဒီကောင်က ဘာအစားမှ မက်မှာ မဟုတ်ဘူး။ သူငယ်ချင်းတွေကို အနားမှာ ရှိစေချင်တာ"

"အင်းလေ ဒါဖြင့် လဲ့ ပြန်မယူတော့ဘူး။ နောက်နေ့ သူ





လာမှ ကျွေးမယ်"

အငှားကားတစ်စီး လာနေသည်ကို တွေ့သဖြင့် ကျော်စိုးပိုင်က လက်ပြ တားသည်။ ကားက အနားမှာ ရပ်လာ၏။ ဈေးစကား ပြောပြီး သူနှင့် အေးသက် ကားပေါ် တက်သည်။ နာရီကို ကြည့်လိုက်တော့ လေးနာရီပင် ထွန်းနေပြီ။

"လဆီးခါးတော့ ကိုယ်တို့ကို မျှော်နေမှာ"

"လဆီးခါး အဖြစ်ကလဲ သနားစရာ ကောင်းတယ်နော်။ ဒဏ်ရာက မသေကောင်း မပျောက်ကောင်းကြီး"

"ဒီကောင်က မားထိုးခံရတာကို တွေးပြီး ကျေနပ်နေမှာ"

အေးသက်က မျက်လုံးဝိုင်းကလေးနှင့် ကြည့်ပြီး

"ဘာဖြစ်လို့လဲ ကိုပိုင်"

"နွဲ့မွန်က သူ့ကြောင့် ခုလို ဖြစ်ရတယ်ဆိုပြီး သနားသွားတယ်လေ။ ဟိုတစ်နေ့က ကိုယ် ဆေးရုံသွားတော့ ကြက်ဥပြုတ်တွေကို နွဲ့မွန်ကိုယ်တိုင် ခွံ့ကျွေးနေတာ"

"အလဲ့ တယ်ဟုတ်ပါလား"

"ကိုယ်ကလဲ သူ့အစား အရမ်းဝမ်းသာနေရတာ အေးသက်ရဲ့။ ဒီကောင်ကြီးက နွဲ့မွန်ကို သိပ်ချစ်တာ။ နွဲ့မွန် အချစ်ကိုသာ မရရင် ဒီကောင် ကိုယ့်ကိုယ်ကိုတောင် သတ်သေမလား မသိဘူး"

"ဒီလောက်တောင်ပဲလား ကိုပိုင်"

"ကိုယ့်လောက်တော့ မဟုတ်ဘူးပေါ့ကွာ"

အေးသက်က မျက်စောင်းကြီး ဝင့်သည်။ သို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားအပေါ်မှာ အေးသက် အရမ်းကျေနပ်နေ၏။

ကားက ဦးဝိစာရလမ်းပေါ် ရောက်ရှိနေပြီ။

* * *

ဆေးရုံပေါ်သို့ အပြေးကလေး တက်ခဲ့ကြ၏။

လဆီးခါးတော့ အရမ်းမျှော်နေမည်ဟု စိတ်က တွေးပ လိုက်သည်။ လူနာဆောင်သို့ သွက်လက်သော ခြေလှမ်းဖြင့် လှမ်းဝင်ပြီး ကုတင်ဆီသို့ မပြေးရုံလေးတမည် လာခဲ့၏။

"ဟိုက် ဘာမှ မရှိတော့ပါလား"

"အဆောင် မှားနေပြီလား ကိုပိုင်"

"မမှားပါဘူး အေးသက်ရာ။ ဒီအဆောင် ဒီကုတင်ပဲ ကိုယ် မှတ်မိပါတယ်"

မျက်လုံးကို ဝေ့ဝဲကြည့်သည်။ လဆီးခါး၏ အရိပ်အရောင်ပင် မတွေ့။ ဘေးကုတင်မှ အဘိုးကြီးက အိပ်ရာမှ လူးလဲထပြီး

"လူကလေးရဲ့ သူငယ်ချင်းလားကွယ့်"

"ဟုတ်ပါတယ်အဘ၊ ဘယ်သွားလဲ မသိဘူး"

"နေ့လည်က ဆင်းသွားပြီလေကွယ်၊ သူ့နှမဆိုလား သူ့ညီမဆိုလား၊ ကလေးမ ချောချောလေးက လာခေါ်သွားတာ"

"ဟင်"

စိတ်ထဲက ပက်ပက်စက်စက်ကြီး ဆဲပစ်လိုက်၏။

အေးသက်က သူ့မျက်နှာကို ကြည့်ပြီး၊ ရယ်သည်။





"မတွေ့ဘူးပေါ့ ကိုပိုင်ရယ်"

စကားကို ဘာဆက်ဆိုရမှန်း မသိ။ လွင့်တက်လာသော မကျေမနပ်စိတ်ကို မျိုသိပ်ပြီး ဆေးရုံပေါ်မှ ပြန်ဆင်းခဲ့ကြသည်။

"တကယ်တော်တဲ့ကောင်၊ သူငယ်ချင်းတွေ အလာတောင် မစောင့်နိုင်ဘူး"

"ဒါတော့ ခွင့်လွှတ်ရမှာပေါ့ ကိုပိုင်ရာ၊ ငါးရာနှစ်ဆယ့်ရှစ် ဆိုတဲ့ဂဏန်းက ဂဏန်းသေးသေးလေးပဲဟာ၊ ထောင်ဂဏန်းမှ မကျော်ဘဲ"

"ဘာပဲဖြစ်ဖြစ် တွေ့ရင်တော့ ဒီကောင်ကို ဆဲကိုဆဲပစ်မယ်။ နောက်ပြီး ဒဏ်ရာကြီးနဲ့တောင် ဆေးရုံပေါ်မှာ နှာခေါင်းမီးတောက်နေမှာ"

"ကိုပိုင်ကလဲလေ"

ဆေးရုံအပြင်ဘက်ရောက်သည်ထိ စိတ်က မပြေချင်သေး။

"ကဲ...အချိန်တွေ အများကြီးရှိသေးတယ်။ သူငယ်ချင်း အပေါ် ဒေါသပြေသွားအောင် ဘုရားသွားကြမယ်"

"ဘုရားပေါ်ရောက်လဲ ဒေါသက ပြေမှာ မဟုတ်ဘူး"

"ကလေးလိုပါပဲလားကွာ။ ဘုရားရှင်ရဲ့ မျက်နှာတော် အောက်ရောက်ရင် ကိုပိုင့်ဒေါသတွေ ပြေကိုပြေသွားမှာပါ"

လေပြည်က ခပ်နွဲ့နွဲ့ကလေး တိုက်ခတ်သည်။ အေးသက် သက်ကို ဆုတ်ကိုင်ပြီး ဘုရားလမ်းကို ဖြတ်မည်အပြုတွင် အဖြူရောင် ဆလွန်းကားကြီးတစ်စီးက ရှေ့မှာတုံ့ခနဲ ထိုးရပ်လာ၏။ ကျော်စိုးပိုင် အားထဲသို့ ဖျတ်ခနဲ လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဖေဖေနဲ့မေမေ"

ရင်မှာ ထိတ်ခနဲဖြစ်သွားသည်။

တည်ငြိမ်သောမျက်နှာပေါ်မှ မေမေ၏ မျက်လုံးအကြည့်က စူးစူး၊ ဖေဖေ့မျက်နှာကမူ အေးအေးချမ်းချမ်း။ အေးသက်ကို လှမ်းကြည့်နေမှန်းလည်း သူ သိသည်။

"ဖေ..ဖေဖေ သားကို အရမ်းစိတ်ဆိုးနေတုန်းပဲလားဟင်။ မေမေကော သားကို စိတ်နာတုန်းပဲလား"

ဖေဖေက ခေါင်းကို ညင်သာစွာ ခါရမ်းသည်။

မေမေက

"စကားတွေ ရှည်လျားမနေနဲ့သား၊ ကားပေါ်ကို တက်"

ကျော်စိုးပိုင်က အေးသက်ကို လှည့်ကြည့်သည်။ အေးသက်ကို ဆုပ်ကိုင်ထားသည့်လက်ကို သူမလွှတ်။ အေးသက်ကို ထားရစ်ခဲ့ပြီး ခွဲထွက်ဖို့ ဆိုသည်ကို သူ တစ်သက် မစဉ်းစား။

"သား...သားလေး"

"ဪ...ခက်လိုက်တဲ့ ကလေးနှစ်ယောက်၊ တက်ကြလေ။ နှစ်ယောက်စလုံး ပြူးတိပြူးကြောင်နဲ့ ဘာဖြစ်နေကြတာလဲ"

"မေမေရယ် သား ဝမ်းသာလိုက်တာ"

ရင်မှာ တသိမ့်သိမ့် ခါသွားရသည်။

သူ့ မျက်ဝန်းမှာ မျက်ရည်ကြည်တွေ ဝဲရစ်နေချိန် မေမေက ရှေ့ခန်းတံခါးကို ဖွင့်ပြီး ဆင်းသည်။ နောက်ခန်း ကားတံခါးကို ဆွဲဖွင့်ရင်း –





"သမီးလာ မေမေ့ဘေးမှာထိုင်"

အေးချမ်းနေသော မေမေ့မျက်နှာ။

မာနရိပ်များ ကင်းစင်နေသည့် မေမေ့မျက်နှာ။

အေးသက်က မေမေ့ဘေးမှာ ရို့ရို့ကလေး ဝင်ထိုင်သည်။

သူက ကားရှေ့တံခါးကို ဆွဲဖွင့်လိုက်ပြီး ဖေဖေ့နံဘေးတွင် ယုန်သူငယ်လေးလို ဝင်ထိုင်သည်။ ဖေဖေက ပြုံးသည်။

ကားဘီးအလိမ့်တွင် ရှေ့ခန်း မှန်ကလေးမှတစ်ဆင့် နောက်သို့ သူ ကြည့်သည်။ မေမေ၏ လက်ချောင်းကလေးများသည် အေးသက်၏ ခုံးသားအိအိကို ဆုပ်ဖက်ထားပါ၏။

ဪ...မေမေရယ်။

သားကို ချစ်သလို အေးသက်ကို မေမေ ချစ်မှာကတော့ အမှန်ပါပဲဗျာ။

ရှင်လန်းချမ်းမြေ့ပါစေ။

မောင်သာပြည့်

www.burmeseclassic.com